www.burmeseclassic.com

တက္ကသိုလ်

# ငွေလမင်းဒေါင်

ချစ်သွေးဝက်ပါ



စဆုံးလုံးချင်း

www.burmeseclassic.com

www.burmeseclassic.com

# တက္ကသိုလ်နေလင်းအောင်

## ချစ်သွေးဝက်ပါ

(လုံးချင်း)

စာမူခွင့်ပြုချက်အမှတ် - ၅၀၁၅၁၁၀၆၁၁
အဖုံးခွင့်ပြုချက်အမှတ် - ၅၀၀၀၃၀၀၁၀၈

ပထမအကြိမ်
၂၀၀၈ခုနှစ်၊ ဇန်နဝါရီလ
အုပ်ရေ-၅၀၀၊ တန်ဖိုး -၂၅၀ကျပ်

ထုတ်ဝေသူ
ဦးကျော်မိုး(၀၃၇၆၅)၊ရွှေပဒုမ္မာစာပေ
၁၅၈/က၊၃၇လမ်း၊ကျောက်တံတားမြို့နယ်၊ရန်ကုန်မြို့။

မျက်နှာဖုံးနှင့်အတွင်းပုံနှိပ်
ဒေါ်တင်တင်ဌေး(၀၄၆၈၁)၊ပန်းကြာခိုင်ပုံနှိပ်တိုက်
၁၅၈/က၊၃၇လမ်း၊ကျောက်တံတားမြို့နယ်၊ရန်ကုန်မြို့။

ဖြန့်ချိရေး — ရွှေပဒုမ္မာစာပေ

www.burmeseclassic.com

www.burmeseclassic.com

**ဒို့တာဝန်အရေးသုံးပါး**

| | |
|---|---|
| ပြည်ထောင်စုမပြိုကွဲရေး | ဒို့အရေး |
| တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး | ဒို့အရေး |
| အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး | ဒို့အရေး |

**ပြည်သူ့သဘောထား**

- ★ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ★ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ★ ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

**နိုင်ငံရေး ဦးတည်ချက် (၄) ရပ်**

- ★ နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- ★ အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
- ★ ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ★ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

**စီးပွားရေး ဦးတည်ချက် (၄) ရပ်**

- ★ စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ★ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ★ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ★ နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

**လူမှုရေး ဦးတည်ချက် (၄) ရပ်**

- ★ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- ★ အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- ★ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- ★ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး



## အခန်း(၁)

### နှလုံးသွေးလော၊ မျက်ရည်လော

ချမ်းချမ်း ပြေးနေသည်။

ရှည်လျားသော မြက်ပင်များသည် လေအဝှေ့၌ ယိမ်းသမများနှယ် လှပစွာ ယိမ်းထိုးနေကြသည်။ တရွှီးရွှီးမြည်နေသော လေတိုးသံများက ဆိုင်းချက်များနှယ်။

တကယ်တော့ ချမ်းချမ်းသည် ကောင်းကင်၌ ပျံဝဲနေသည့် မိုးစွေငှက်ကလေးများနှင့် အလွန်တူသော၊ ငှက်ကလေးများကဲ့သို့ မည်သူ့ကိုမျှ မမှုသလို ချမ်းချမ်းကလည်း မည်သူ့ကိုမျှ မမှုပါ။

မြက်ရိုင်းရှည်များ ယိမ်းနွဲ့နေသည့် ကွင်းပြင်ကို ဖြတ်ကျော်ပြေးလွှားနေသည်။

ကွင်းပြင်လွန်သောအခါ လှပစွာ ရစ်ခွေစီးဆင်းနေသည့် ချောင်းရိုးကလေးကို တွေ့ရ၏။ ချောင်းဆိုသော်လည်း ကျယ်ဝန်းလှသည် မဟုတ်၊ နက်ရှိုင်းလှသည် မဟုတ်။ စမ်းချောင်းကြီး သာသာမျှသာ ရှိသည်။ ထိုချောင်းကလေး၏ အစပ်၌ အထက်အောက်ပန်းရောင်ဝတ်စုံ ဝတ်ဆင်ထားသည့် လူငယ်တစ်ဦး ရပ်နေ၏။ အသက်နှစ်ဆယ်မျှသာ ရှိဟန်တူ၏။

သူ၏မျက်နှာသည် ချောမွေ့သော်လည်း တည်ကြည်သဖြင့် ရုပ်ရည်ရင့်ဟန် ပေါ်ပေါက်နေသည်။

www.burmeseclassic.com



ထူထဲသော မျက်ခုံးများက သူ့အား အသက်အစိတ်ခန့် ရှိသည်ဟု အခြားသူများအား ထင်မှတ်မှားစေနိုင်သည်။

ရဲရင့်ဟန်ရှိသော မျက်လုံးများသည် ထူးထူးခြားခြား ညို့မှိုင်းနေ၏။ ပြေးလာသည့် ချမ်းချမ်းကို မှုန်မှိုင်းစွာ ကြည့်နေသည်။

ချမ်းချမ်းသည်လည်း အသက်ဆယ့်ရှစ်နှစ်မျှသာ။ နုပျိုရွှန်းသစ်သော ချမ်းချမ်းသည် ချောမွေ့တည်ကြည်သော လူငယ်နှင့် လွန်စွာ လိုက်ဖက်တင့်တယ်လှ၏။

သူနှင့် သူမတို့သည် ချစ်သူနှစ်ဦးပေလော။ မှန်ပါ၏။

ချမ်းချမ်းသည် သူမအား ရပ်ကြည့်နေသည် လူငယ်အား ပြေးဖက်လေ၏။ တင်းကျပ်စွာ ပွေ့ဖက်သည်။

သူမ၏ ခြေထောက်မှ ဖိနပ်များကို ခါထုတ်ပစ်သည်။သူမ၏ လက်တွင်းမှ လူငယ်လွတ်ထွက် သွားမည်ကို စိုးရိမ်လှသည့်နှယ် တင်းကျပ်စွာ ဖက်ထားသည်။

"ရှောင်လွှေ. . ရှောင်လွှေ. ."

သို့သော်. . ချမ်းချမ်းခမျာ အထိတ်တလန့် ဖြစ်သွားရှာသည်။ သူမသည် သစ်တုံးကြီးတစ်တုံးကို ဖက်ရသည့်အလား ဖြစ်နေသဖြင့် အထိတ်တလန့် ဖြစ်သွားရှာသည်။ ယခင်ကဆိုလျှင် သူတို့နှစ်ဦး ပွေ့ဖက်မိသည်နှင့် ဖယောင်း အရည်ပျော်သလို နှစ်ဦးသား ပျော်ကြရသည်သာ။

ယခု သူသည် အဘယ်ကြောင့် သစ်တုံးကြီး တစ်တုံးကဲ့သို့ ဖြစ်နေရသနည်း။ ယနေ့သည် ရှောင်လွှေဖခင်၏ အသက် ခြောက်ဆယ်ပြည့် မွေးနေ့ဖြစ်ကြောင်း ချမ်းချမ်း သိထားသည်။

သူမသည် သူမဖခင်ကြီး၏ မွေးနေ့ပွဲမှ လစ်ထွက်လာပြီး သူ့ကို တွေ့သလို သူသည်လည်း သူ့ဖခင်၏ မွေးနေ့ပွဲမှ လစ်ထွက်



လာပြီး သူသည် မိမိကိုချစ်၍သာဟု သူမ ကောက်ချက်ဆွဲ၍ရသည်။ သို့ဆိုလျှင် အဘယ်ကြောင့် ထင်းတုံးကြီးပမာ သစ်သားရုပ်တုတစ်ခုနှယ် ဖြစ်နေရသနည်း။

သူ၏ အသွေးအသားများသည် အဘယ်ကြောင့် အေးစက်စက် ဖြစ်နေရသနည်း။ အဘယ်ကြောင့် သူမကို လာစောင့်နေရသနည်း။ သူမ၏ အချစ်မီးတောက်သည် တညီးညီး ပြန်လည်ထွန်းတောက်လာပြန်၏။ သူသည် မိမိ၏ ချစ်၍သာ လာစောင့်နေခြင်း ဖြစ်မည်။

"ရှောင်ဓလွှရယ်. . သိပ်ချစ်တယ်ကွယ်. ."

သူမ၏ တီးတိုးသံ၌ မေတ္တာတရားနှင့် အကြင်နာတရားများ အပြည့်အဝ ရှိနေပါသည်။

"သွားစမ်း. ."

လူငယ်က သူမအား တွန်းထုတ်လိုက်၏။

သူမခမျာ မျက်နှာကို ကျာပွတ်နှင့် အရိုက်ခံလိုက်ရသလို ဖြစ်သွား၏။ သူမ နားကြားမှားသွားလေသလားဟု တွေဝေသွားသည်။ မျက်နှာ၌ ဖြူလိုက်၊ နီလိုက် ဖြစ်သွား၏။ သူမ ထိတ်လန့်သွားသည်။ ဤလောကကြီးသည် အဘယ့်ကြောင့် ဤသို့ အလျင်အမြန် ပြောင်းလဲသွားရသနည်းဟု သူမတွေး၏။ ထိုတစ်ဒင်္ဂအတွင်း၌ စိတ်အလျဉ်းသည် အံ့ဖွယ်ကောင်းလောက်အောင် အလုပ်များသွားရှာသည်။

"ရှင်. . ရှင်. ."

သူမမှာ စကားကို ဆက်လက်မပြောနိုင်ရှာပေ။ ထိုနှင့်လိုးနှင့် ရပ်သွားသည်။

"ငါ. . . ဘာဖြစ်သလဲ. ."

BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



လှုငယ်၏အသံ အေးစက်စက် ထွက်ပေါ်လာ၏။

"ရှင်. . ရှင်. တခြား မိန်းကလေးတစ်ယောက်ယောက်နဲ့"

သူမက ဆုံးအောင်မပြောနိုင်ဘဲ လမ်းခုလတ်၌ ရပ်တန့်ထားလိုက်သည်။ ရှောင်လွှေ အေးစက်စွာ ပြော၏။

"ငါက တခြားမိန်းကလေးနဲ့ မဖြစ်ရတော့ဘူးတဲ့လား. . အဲဒီလို မဖြစ်စေရပါဘူးလို့ ငါက မင်းဆီမှာ ကတိစာချုပ် ချုပ်ထားလို့လား. ."

သူမ နားကြား မမှားတော့ပါ။ သူမ၏ တစ်ကိုယ်လုံး တဆတ်ဆတ် တုန်လာသည်။ မျက်ရည်များ ဖြိုင်ဖြိုင် စီးကျလာသည်။ အတန်ကြာမှ. .

"ကျွန်မ ဝမ်းထဲမှာ ရှင့်ကလေး ရှိနေတယ်ဆိုတာ ရှင်မေ့သွားပြီလား ဟင်. ."

ရှောင်လွှေ မဲ့ပြုံးပြုံးလိုက်၏။ ထိုအပြုံးသည် သူမ၏ပါးကို လက်ဝါးနှင့် ရိုက်လိုက်သကဲ့သို့သော အပြုံးမျိုး ဖြစ်လေ၏။

"ဘယ်သူ့ကလေးဆိုတာ ငါ ဘယ်သိမလဲ. . တခြားသူတစ်ယောက်ယောက်ရဲ့ ကလေးကော မဖြစ်နိုင်ဘူးလား. . ငါ သိတာကတော့ မင်းဟာ အိမ်ဖော်တစ်ယောက်ဆိုတာပဲ. ."

သူသည် ခါးထောက်လျက် တဟားဟား အော်ဟစ်ရယ်မောနေတော့သည်။ သူ့စကားလုံးများသည် ချမ်းချမ်း၏နားထဲသို့ ခါးသီးစွာ စီးဝင်သွားသည်။ သူမခမျာ နားနှစ်ဖက်ကို စုံပိတ်မိရှာသည်။

သူမ အလန့်တကြား နောက်ဆုတ်သွားမိသည်။

ထိုအခိုက်ဒဂ် အတွင်းမှာပင် သူမ၏ ရှေ့မှလူသည် လူစိမ်းတစ်ယောက်ဖြစ်သွား၏။ အသက်ပုံအပ်ထားသော ချစ်သူ ရှောင်



လွှေသည် ပျောက်ကွယ်သွားသည်။

ထိုလူစိမ်းသည် ကျားကဲ့သို့ ရက်စက်သော၊ မြွေခွေးကဲ့သို့ ကောက်ကျစ်သော၊ မြွေကဲ့သို့ ယုတ်မာသော တိရစ္ဆာန်များထက် အောက်တန်းကျသော လူစိမ်းတစ်ယောက် ဖြစ်နေသည်။

သူမ၏ မျက်ရည်များသည် အံ့ဩဖွယ်ရာ ခန်းခြောက်သွားသည်။ သူမ၏ ခန္ဓာကိုယ် တည်ရှိနေသလား၊ မတည်ရှိဘဲ ပျောက်ကွယ်သွားသလား ဆိုသည်ကိုပင်၊ သူမ မခံစားတတ်တော့ပေ။ ရှောင်လွှေသည် ခပ်အေးအေး နောက်ဆုတ်သွားပြီး မက်မန်းပင်တစ်ပင်အောက်၌ ထိုင်လိုက်သည်။

"မင်း အမြန်ဆုံး ပြန်ထွက်သွားရင်ကောင်းမယ် ချမ်းချမ်း ငါ စကားအပို မပြောဘူးဆိုတာ မင်း အသိပဲ. ."

ရှောင်လွှေက သူမအား လေးလေးနက်နက်ကြည့်ပြီး မာမာအော်ပြောလိုက်ပြန်သည်။

"ချမ်းချမ်း. . ငါပြောနေတာ ကြားတယ် မဟုတ်လား၊ မင်း အမြန်ဆုံး ထွက်သွားစမ်းပါ. . ငါ ဒီကိုလာနေတာ မင်းအတွက် လာနေတာမဟုတ်ဘူး. . တခြားမိန်းကလေးတစ်ယောက်နဲ့ ချိန်းထားလို့ လာနေတာ. . အဲ့ဒီမိန်းကလေးသာ မင်းနဲ့ငါ့ကို တွေ့သွားရင် ဘယ့်နှယ်လုပ်မလဲ. . . ငါ ဘယ့်နှယ် မျက်နှာပြရတော့မလဲ"

ချမ်းချမ်းသည် လက်သီးကို တင်းကျပ်စွာ ဆုပ်လိုက်၏။ လက်သည်းများသည် လက်ဖဝါးထဲသို့ စိုက်နစ်ဝင်သွားကာ နီရဲသော သွေးများစို့လာသည်။

သူမသည် နှုတ်ခမ်းကို ဖိကိုက်လိုက်သည်။ ငန်ကျိကျိသော ပေါ်လာသည်။ နှုတ်ခမ်းပေါက်ပြီး သွေးများ ယိုစိမ့်ထွက်လာသည်။

တကယ်တော့ သူမ မနာကျင်တော့ပါ။ သူမ တစ်ကိုယ်လုံး

www.burmeseclassic.com

www.burmeseclassic.com



တုန်နေပါသည်။ ဦးနှောက်ရော၊ အသည်းနှလုံးရော၊ ခန္ဓာကိုယ်တစ်ခုလုံးရော ထုံကျဉ်နေပါသည်။ သူမသည် ရှောင်လွှေကို အေးစက်စွာ စိုက်ကြည့်လိုက်သည်။

ထို့နောက် စကားကို တစ်လုံးချင်း ပြောလိုက်သည်။ သူမ၏ စကားသံများသည် နှင်းတောင်ထိပ်မှ စီးကျလာသော ရေခဲမြစ်၏ အသံများနှယ် အေးစက်မာကျောနေချေသည်။

"ကျွန်မ သွားပါ့မယ်. . ရှင် စိတ်ချပါ. . . နောက်ကိုလည်း ရှင့်ကို ကျွန်မ ဘယ်တော့မှ မတွေ့တော့ပါဘူး. . ကျွန်မ ကျိန်ပြောလိုက်မယ်. . ရှင် တစ်နေ့ကျရင် နောင်တရစေရမယ်"

သူမသည် ချာခနဲ လှည့်၍ ပြေးထွက်သွားတော့သည်။

ရှောင်လွှေသည် ချမ်းချမ်း ပြေးထွက်သွားရာသို့ လိုက်မကြည့်ပါ။ သူ၏မျက်ဝန်းများဆီမှ မျက်ရည်စီးကြောင်း နှစ်ကြောင်း စီးကျလာသည်။ နှလုံးသွေးလော၊ မျက်ရည်လော။

* * *



## အခန်း(၂)
## အလဲအလှယ်

ခန်းမကြီးထဲ၌ မီးအိမ်များ၊ ဖယောင်းတိုင်များ ပြည့်နေသည်။ ထို့ကြောင့် အလင်းရောင်များ ထိန်ထိန်ညီးနေသည်။

မက်မန်းပင်များကြားမှ ဖြတ်လျှောက်လာသည့် ရှောင်လွှေသည် တညီးညီးနေသော ဂေဟာကြီးကို လှမ်းကြည့်လိုက်၏။ အနောက်ဘက် ခြံတံခါးကို အသာအယာ တွန်းဖွင့်ပြီး ဝင်လိုက်သည်။ ဧည့်ခန်းမကြီးထဲသို့ ရောက်အောင် အဆင့်ဆင့် ဖြတ်သန်းဝင်ရောက်လာသည်။

"သခင်လေး ပြန်လာပြီဟေ့၊ သူ့ အရက်သောက်ပါစေ . အားလုံးအတွက် သောက်ပါစေ. ."

အော်သံများ ထွက်လာ၏။

ထိုအော်သံများကြောင့် ဧည့်ခန်းထဲရှိ လူအားလုံးက ရှောင်လွှေကို လှမ်းကြည့်ကြသည်။ အချို့ အသက်ကြီးသော ဂုဏ်သရေရှိသူများပင် အရက်ခွက်ကို ကိုင်မြှောက်ပြီး သူ့ထံသို့ တိုးတိုးဝင်လာကြသည်။ ရှောင်လွှေက ထိုလူများကို အေးတိအေးစက် ကြည့်လိုက်ပြီး. . .

"ခင်ဗျားတို့ သောက်လို့ မပြီးကြသေးဘူးလား. . ကျုပ်တို့ မိသားစုရဲ့ စည်းစိမ်တွေ ပြုတ်တော့မှ ခင်ဗျားတို့ အရက်သောက်လို့

www.burmeseclassic.com

www.burmeseclassic.com



ပြီးတော့မှာလား၊ အလကားရတိုင်း ရမ်းသောက်နေကြတဲ့လူတွေ"

ဧည့်သည်အားလုံး ကြောင်အမ်းအမ်း ဖြစ်သွားသည်။ ဂုဏ်သရေရှိသော အဘိုးကြီးများမှာ ပါးအရိုက်ခံလိုက်ရသကဲ့သို့ ဖြစ်သွားပြီး ရှောင်လွှေကို ကြောင်ကြောင်ကြီး ကြည့်နေမိကြသည်။ သူတို့လက်ထဲမှ အရက်ခွက်များလည်း လွှတ်ကြကုန်၏။

"ချလွမ်. . ချလွမ်. . ချလွမ်. .

ထို့နောက် တစ်ယောက်ပြီး တစ်ယောက် ထွက်ခွာသွားကြတော့သည်။ အချို့ကား ဒေါင်ဒိုင်နေဆဲ. . ရှောင်လွှေ ဘာပြောလိုက်သနည်းဟု စဉ်းစားနေကြသည်။ သူတို့ နားကြားမှားလေသလားဟု ပြန်လည်စိစစ်နေကြသည်။

"တိန်ရှောင်. . ခြံတံခါးကို လိုက်ဖွင့်ပေးလိုက်. . ဧည့်သည်တွေကို ပြန်ပါစေ. . ."

ထိုအခါမှ လူအားလုံးသည် သူတို့ နားကြားမမှားတော့ကြောင်း သိကြတော့သည်။ အခန်းဝသို့ စုပြုံထွက်ကြတော့သည်။

ထိုသတင်းသည် အနောက်ဘက် အဆောင်၌ ခေတ္တအနားယူနေသည့် ရှောင်လွှေ၏ဖခင် လွှေချိုဖုံးဆီသို့ တောမီးပမာ ကူးစက်သွားသည်။ လွှေချိုဖုံးသည် ဧည့်ခန်းမဆီသို့ တစ်ဟုန်ထိုး ပြေးထွက်လာသည်။ သူ့မျက်နှာ တစ်ပြင်လုံး မည်းမှောင်နေသည်။

လွှေချိုဖုံးသည် ရှောင်လွှေ၏ လည်ဂုတ်ကိုဆွဲ၍ သူ့ဘက်လှည့်လိုက်သည်။ သူ့လက်များ တဆတ်ဆတ် တုန်နေသည်။

ဒေါသလောင်မီးသည် သူ့တစ်ကိုယ်လုံးအား လောင်မြိုက်နေချေပြီ။ သူက ခြေဆောင့်၍ မေးလိုက်၏။

"ရှောင်လွှေ. . . မင်း တော်တော်မိုက်ရိုင်းပါလား. . . ငါ့အရက်ကိုခွဲဖို့ မင်းကို ငါမွေးမိသလားကွ၊ ဟေး. . . ပြောစမ်းပါဦး"



ရှောင်လွှေ၏ မျက်နှာ၌ အေးစက်ခြင်း မရှိတော့ပါ။

ကြေကွဲခြင်းသာ လွှမ်းမိုးနေပါတော့သည်။ သူက တွင်တွင်ခေါင်းခါသည်။

"မဟုတ်ပါဘူး. . မဟုတ်ပါဘူး ဖေဖေ. ."

လွှေချိုဖုံး ပို၍ဒေါသထွက်လာသည်။ ရှောင်လွှေ ကြောင်လိမ်နေသည် မဟုတ်ပါလား။

"မင်း ရူးနေသလားကွ ဟေ. . ."

ရှောင်လွှေ ခေါင်းခါပြန်၏။

"ကျွန်တော် မရူးပါဘူး ဖေဖေ. . ."

လွှေချိုဖုံးက ရှောင်လွှေ၏ အင်္ကျီစကို ကြမ်းတမ်းစွာ ဆွဲခါပစ်လိုက်၏။

"မင်း ဘယ်လိုလုပ်လိုက်တာလဲ. . ငါ့မျက်နှာ လှီးပစ်ရမယ့်အလုပ်မျိုးကို မင်း ဘာကြောင့် လုပ်လိုက်ရတာလဲ. . ငါ ကျွေးမွေးစောင့်ရှောက်လာတဲ့ ကျေးဇူးကို ဒီလိုဆပ်ရင် ကျေပြီထင်လို့များ လုပ်လိုက်တာလား ဟင်. ."

ဧည့်ခန်းထဲ၌ ဧည့်သည်ဆို၍ တစ်ဦးတစ်ယောက်မျှ မရှိတော့ချေ၊ ရှောင်လွှေက တစ်လုံးချင်း ပြောသည်။

"အကြောင်းကတော့. . ဒီနေ့ည ဒီမှာဘယ်သူမှရှိလို့ မဖြစ်ဘူး. . ဧည့်သည်တစ်ယောက်မှ ရှိလို့ မဖြစ်ဘူး. . သူတို့ သွားကြမှ ဖြစ်မယ်. ."

"ဘာဖြစ်လို့လဲ. ."

လွှေချိုဖုံး အော်ဟစ်၍ မေးလိုက်သည်။

သူ့အော်သံသည် ဧည့်ခန်းတစ်ခုလုံး ဟိန်းထွက်သွားသည်။

ရှောင်လွှေက တိုးညင်းစွာ ပြန်ဖြေ၏။

www.burmeseclassic.com

www.burmeseclassic.com



"သူတို့လာနေလို့ပါ ဖေဖေ. ."

လေချိုဖုံး မျက်နှာပျက်သွား၏။ သူ့လက်ထဲမှာ ရှောင်လွှ၏အကျီစကိုလည်း လွှတ်ချပေး လိုက်မိ၏။

"မင်းက ဘယ်သူ့ကို ပြောနေတာလဲ. ."

ရှောင်လွှ ထပ်မပြောတော့ပါ။

သူ့အကျီအိတ်ထဲမှ အရာတစ်ခုကို ဆွဲထုတ်ပြီး ဖြန့်ပြလိုက်သည်။ လက်တစ်ချောင်း။ လက်ကောက်ဝတ်မှ ပြတ်နေသည့် လက်ဖဝါးတစ်ခုဖြစ်သည်။ သွေးများ ခြောက်ကပ်နေသည်။

လက်ခုံပေါ်၌ လူမျက်နှာပုံ ပါရှိသော ပိတုန်းတစ်ကောင် ဆေးမင်ကြောင်နှင့် ထိုးထားကြောင်း ရေးရေးတွေ့ရ၏။

လက်ခုံအရေပြား ရှုံ့တွနေသဖြင့် လူ့မျက်နှာနှင့် မျက်လုံးလည်း ရှုံ့တွနေသည်။ သရဲတစ္ဆေ မျက်နှာမျိုး ဖြစ်နေသည်။

ရှောင်လွှ ထုတ်ပြသည့် လျှို့ဝှက်ချက်ကား ထိရောက်လှသည်။ သူ့ဖခင်၏ မျက်နှာသည် စက္ကူဖြူတစ်ရွက်နှယ် ဆွတ်ဆွတ်ဖြူသွားလေတော့သည်။ လေ့ချိုဖုံး ယိမ်းထိုးသွား၏။

လဲပြိုကျတော့မည့်ဆဲဆဲ၌ ရှောင်လွှက ဖမ်း၍ ထိန်းထားလိုက်ရသည်။ သို့သော် လေ့ချိုဖုံးသည် အံ့ဩဖွယ် ကောင်းလောက်အောင် တစ်ဒင်္ဂအတွင်း တည်ငြိမ်သွား၏။ ရှောင်လွှပင် သူ့ဖခင်၏ တည်ငြိမ်မှုကို ကြည့်ပြီး အံ့ဩသွားသည်။

"လာမယ့်ကိစ္စဟာ အနှေးနဲ့ အမြန်လာတာပါပဲလား"

"ဆယ့်သုံးနှစ်တောင် ရှိသွားပြီ. . ဒီတစ်ကြိမ် အကြောင်းကြားပြီဆိုတော့ သူတို့ တကယ်လာတော့မှာမို့လို့ ဖြစ်မှာပေါ့. ."

"ဟုတ်ပါတယ်ဖေဖေ၊ ဒါကြောင့် အခုအချိန်မှာ ကျွန်တော်တို့ ဆွေမျိုးနွယ်တွေကလွဲပြီး ဘယ်သူမှ ဒီမှာ မနေသင့်ဘူး မဟုတ်လား.



သူတို့ ရောက်လာတဲ့နေရာတိုင်းမှာ ဘယ်အသက်တစ်ချောင်းကိုမှ ရှင်သန်နေခွင့်ပြုတာ မဟုတ်ဘူးဆိုတာ သိုင်းလောကတစ်ခုလုံး သိထားကြတယ် မဟုတ်လား ဖေဖေ၊ သား မှားသွားသလား ဖေဖေ. ."

"သား မမှားပါဘူး. . ."

သူသည် သားဖြစ်သူအား တွန်းလွှတ်ပြီး ဆက်ပြောသည်။

"သား. . မင်းသွားတော့. . အမြန်ဆုံး ထွက်သွားတော့ သူတို့က ငါ့ကို တွေ့ချင်တာကွ. . မင်းကို မဟုတ်ဘူး. ."

ရှောင်လွှက ဖခင်ဖြစ်သူကို ကြည့်၍ပြုံးလိုက်၏။

ထိုအပြုံး၌ ဖခင်အား ကြည်ညိုခြင်း၊ လေးစားခြင်း၊ မိမိကိုယ်ကို ယုံကြည်ခြင်း၊ အားမာန်ရှိခြင်းစသည့် အချက်အလက်အားလုံး စုပြုံပါဝင်နေသည်။ ကောင်းကင်ကြီး ပြိုကျလာပါစေ၊ ထိုကောင်းကင်ကြီးကို လက်ဖြင့် မတင်ထားမည်ဟူသော အပြုံးမျိုးလည်း ဖြစ်ပါသည်။ ဖခင်ဖြစ်သူသည် သား၏အပြုံးကို ချက်ချင်း ခံစားသိရှိသည်။ နားလည် သဘောပေါက်သည်။ ပခုံးကို တင်းကျပ်စွာ ဆုပ်ကိုင်ပြီး တိုးညှင်းသော လေသံဖြင့် ပြော၏။

"သား. . ဘာဖြစ်လို့ ခေါင်းမာရမှာလဲ. . မင်းတို့ငါတို့ လွှမျိုးတွေအတွက် အမွေခံ သွေးမျိုးဆက်ကိုတော့ ပြန့်ပွားစေရဦးမှာပေါ့. ."

ရှောင်လွှက ထပ်မံပြုံးသည်။

"ဖေဖေ. . ဒီအတွက် မပူပါနဲ့. . လွှမျိုးတွေ အတွက် အမွေဆက်ခံမယ့် သွေးမျိုးဆက် ရှိနေပါပြီ. ."

လွှချိုဖုံး၏ မျက်လုံးများ ဝင်းဝင်းတောက်သွားသည်။ အားရဝမ်းသာဖြစ်စွာ မေးမြန်းသည်။

"ဘယ်မှာလဲ သား. ."

www.burmeseclassic.com

www.burmeseclassic.com



"ချမ်းချမ်းဆိုတဲ့ မိန်းကလေးဆီမှာပါ. ."

"အခု. . သူ. . သူ ဘယ်မှာလဲ. ."

"ကျွန်တော် သူ့ကို ရှောင်ခိုင်းလိုက်ပြီ. ."

"သူ ရှောင်ရဲ့လား. . သူ သဘောပေါက်ရဲ့လား. ."

ရှောင်လွှေ နှုတ်မှ မဖြေပါ။ ခေါင်းသာ ညိတ်ပြလိုက်သည်။ အဖြစ်မှန်သာ ပြောပြလိုက်ပါက ချမ်းချမ်းသည် သူ့အနီးမှ တစ်ဖဝါးမျှ ခွာလိမ့်မည်မဟုတ်ကြောင်း ရှောင်လွှေ သိပါသည်။

ထို့ကြောင့် သူမက သူ့ကို စွန့်ခွာသွားနိုင်စေရန်အတွက် အရက်စက်ဆုံးသော အောက်လမ်းနည်းကို သုံးလိုက်ရ၏။ သို့အတွက် သူမသည် အသည်းများ ကွဲကြေလျက် သူ့အား စွန့်ခွာသွားခဲ့သည်။ သူ့အသည်းနှလုံးများလည်း ကွဲကြေခဲ့ရသည်။

မိမိ ခံစားရသည့် ဝေဒနာ မသက်သာကြောင်း ရှောင်လွှေ သိသည်။ ချမ်းချမ်း ခံစားရမည့် ဝေဒနာကိုလည်း ရှောင်လွှေ ကိုယ်ချင်းစာ နားလည်သည်။ ထို့အတွက် ချမ်းချမ်းကို သနားသည်။

သူက ယောကျ်ားသား၊ ချမ်းချမ်းက မိန်းမသား။

မည်သို့ပင် ဖြစ်စေ လွှေမျိုးနွယ်၏ သွေးကတော့ ကျန်ကို ကျန်မှ ဖြစ်မယ်။ ချမ်းချမ်းက သူ့အား မုန်းတီးမှ လွှေမျိုးနွယ်သည် တရုတ်ပြည်၌ ဆက်လက် ကျန်ရှိလိမ့်မည်။

ဩော်. . မျိုးနွယ်တစ်ခု ဆက်လက် တည်တံ့ရန်အတွက် ပေးလိုက်ရသည့် တန်ဖိုးကား အလွန်ကြီးမားလှချေတကား။

* * *



## အခန်း(၃)
## မေတ္တာနှင့် သစ္စာ

အသက်အရွယ် ကြီးရင့်ခြင်းသည် အတွေ့အကြုံများခြင်း၏ လက္ခဏာ တစ်ရပ်ပင်ဖြစ်သည်။ အသက်အရွယ် ကြီးရင့်သူများသည် လူ့လောက၏ သုခ ဒုက္ခမျိုးစုံကို အဖုံဖုံ ကြုံရသည်။

ထို့ကြောင့် လူ့သဘော၊ လူ့မနော၊ လူ့စရိုက်အကြိုက်တို့ကို သိနားလည်၏။ ရှောင်လွှေသည် သူ့အား စကားမပြောနိုင်ရှာသည့် ဖခင်ဖြစ်သူ၏ မျက်လုံးကိုကြည့်ကာ အဖြေကို ရှာတွေ့သွားသည်။

"သား သူ့ကို တစ်ယောက်တည်း သွားခိုင်းလိုက်သလား ဟင်. . . သူ. . . သူ ဘေးဒုက္ခရောက်ရင် ဘယ့်နှယ်လုပ်မလဲ. . ."

ရှောင်လွှေက ခြောက်ကပ်သော လေသံဖြင့် ပြော၏။

"ကျွန်တော် ကျင်းချန်းကို တိတ်တိတ်ကလေး လိုက်ပြီး စောင့်ရှောက်ပါလို့ မှာထားပြီးပါပြီ. . ."

ကျင်းချန်းသည် သူ့မိတ်ဆွေ ဖြစ်၏။ ကျင်းချန်းကို သူယုံကြည်သည်။ ကျင်းချန်းသည် ၎င်း၏ဆိုးကောင်း နှစ်တွေစလုံးကို သူ့အား ပြောပြဖူးသည်။ ထို့ကြောင့် ကျင်းချန်းကို ယုံသည်။

ထို့ကြောင့် သူ့အသက်နှင့်ထပ်တူ မြတ်နိုးရသော ချမ်းချမ်းကို စောင့်ရှောက်ရန် ကြိုတင် စောင်းပန်ထားခဲ့ခြင်း ဖြစ်သည်။

အတယ်၍ သူသာ ရန်သူများ၏ လက်ချက်ဖြင့် မသေသေးလျှင် ချမ်းချမ်းနှင့် သူ မုချပြန်တွေ့ဆုံရပေမည်။

www.burmeseclassic.com

www.burmeseclassic.com



ကျင်းချန်းသည် ချမ်းချမ်းအား မုချ စောင့်ရှောက်ထားပေလိမ့်မည်။ လွေချိုဖုံးသည် စိတ်အေးသွားဟန်ဖြင့် သက်ပြင်းချလိုက်လေ၏။ သူသည် သားဖြစ်သူ၏ သမာဓိစိတ်ဓါတ်ကို သိနားလည်ထားသူဖြစ်၏။ သားသည် သူ့အားစွန့်ခွာ၍ အသက်ချမ်းသာမှုရအောင် ကြိုးစားလိမ့်မည် မဟုတ်ချေ။ အသက်ကို ဖက်ရှက်ပမာ သဘောထားတတ်သည်။

ခြင်္သေ့စိတ်ဓါတ် ပိုင်ရှင်ဖြစ်၏။ သား၏စိတ်ဓါတ်သည် သူ့စိတ်ဓါတ်ပင်ဖြစ်သည်။ သူသည်လည်း သိုင်းလောက၌ ခေါင်းမာသော လွေချိုဖုံးဟု ကျော်ကြားခဲ့သူ ဖြစ်သည်မဟုတ်ပါလော။

ယခုအခါ မုန်တိုင်းကျအံ့သော အခြေအနေကို သဘောပေါက်နားလည်သွားပြီဖြစ်၍ အိမ်စေအားလုံးကို ခေါ်ယူစုရုံးလိုက်၏။ လွေချိုဖုံးသည် သူ့ဂေဟာ၌ အမှုထမ်းသူ အိမ်စေအားလုံးကို ထိုက်သင့်သည့် တစ်နှစ်စာငွေကြေးများ အပြည့်အဝ ပေးပြီးခဲ့လေပြီ။

"မင်းတို့ အားလုံး ဒီဂေဟာက ထွက်သွားကြ. . မင်းတို့ မိသားစုတွေ တခြားသင့်တော်တဲ့ အလုပ်လုပ်စားကြ. . မင်းတို့ထဲက တစ်ယောက်မှ ဒီဂေဟာမှာ ကျန်နေဖို့တော့ စိတ်မကူးကြနဲ့ ဘယ်သူမှ မနေခဲ့ရဘူး. . . လွေချိုဖုံးရဲ့ အမိန့်. . ."

လွေချိုဖုံး ပြောသည့် စကားက ရှင်းလင်းပြတ်သားလှသည်။ သို့သော် အကြောင်းရင်းကိုတော့ သူ ရှင်းမပြချေ။

မည်သူပင်ဖြစ်စေ၊ အိမ်စေအားလုံး တစ်ချက်တော့ သိသည်။ လွေမိသားစု၌ သေရေးရှင်ရေး ပြဿနာ ဘေးဒုက္ခကြီးကြုံနေရပြီဟု။ သူတို့သည် လွေမိသားစုကို လွန်စွာ ရိုသေလေးစားကြသည်။ လွေမိသားစုသည် သူတို့အပေါ် တခြားသော တရုတ်ကြေးရတက်များနှင့်မတူ လွန်စွာ ကောင်းခဲ့သောကြောင့်တည်း။



ယခင်က အလွန်တရာ နူးညံ့ပျော့ပျောင်းခဲ့သည့် လွေ
တော်ကြီးသည် သိုင်းဝတ်စုံကို ဝတ်ဆင်ထားပြီး လက်ထဲ၌ ဓါးရှည်
စ်စင်းကို ကိုင်ထားသည်။ လွေကတော်ကြီးသည် ဤ ဆယ်နှစ်
ယ်သုံးနှစ်ကာလအတွင်း၌ သိုင်းဝတ်စုံ ဝတ်ဆင်သည်ကို အစေခံ
း မမြင်ခဲ့ရဖူး။ နူးညံ့သော ပိုးဖဲကတ္တီပါ ဝတ်ရုံရှည်ကြီးများကိုသာ
တ်ဆင်လျက် သိမ်မွေ့စွာ နေထိုင်သည်ကိုသာ တွေ့ဖူးကြသည်။

သခင်မကြီးသည် ဓါးကိုင်ထားသော်လည်း မျက်ရည်ဝဲသော
က်လုံးများဖြင့် အစေခံများကို ကြည့်နေသည်။ သူမ၏ မျက်လုံးများ
သံယောဇဉ်ကြီးမှုကို ဖော်ပြနေသည်။

အတန်ကြာမှ ပြတ်သားသော အသံ တိကျသော စကားတို့
တစ်လုံးချင်း တစ်ခွန်းချင်း ပြော၏။

"မင်းတို့ ခုချက်ချင်း ထွက်သွားကြ. . မင်းတို့ မသွားဘူးဆို
င် မင်းတို့ရှေ့မှာ ငါ သတ်သေပြလိုက်မယ်. ."

တိကျပြတ်သားလှသော စကားသံကြောင့် မည်သူမျှ လွေ
ဂေဟာ၌ ချန်နေ၍ မဖြစ်တော့ကြောင်း အားလုံးသိသွားကြ၏။

လွေစိန်သည် အလွန်တစ်ရာ သစ္စာရှိသော အစေခံဖြစ်
၏။ သူသည် ကျလုလု မျက်ရည်ကို မကျစေရန် ကြိုးစား ထိန်းသိမ်း
လိုက်သည်။ ထို့နောက် လွေချိုဖုံး၊ လွေသခင်မကြီးနှင့် သခင်ကလေး
ှောင်လွေတို့ကို ဒူးတုပ်ဦးချ ဂါရဝပြုသည်။ ထို့နောက် စကားတစ်
ွန်းမှ မပြောတော့ဘဲ ခြေလှမ်းကျဲကျဲ လှမ်းလိုက်သည်။

မှောင်စပျိုးနေပြီ ဖြစ်သော ဂေဟာအပြင်ဘက်သို့ ထွက်ခွာ
သွားလေတော့သည်။ လွေမိသားစုကို ကျောခိုင်းပြီးသည့် အခါတွင်
မျက်ရည် မထိန်းနိုင်တော့ပေ။ မျက်ရည်များ ပိုးပိုးပေါက်ပေါက် ကျ
သာတော့သည်။ သူသည် လွေမိသားစုကို အချစ်ဆုံး၊ သစ္စာအရှိဆုံး

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်၏၊ လေ့သခင်များက စကားတစ်ခွန်း ပြောလိုက်လျှင် ထိုစကား အတိုင်း ဖြစ်အောင် လုပ်တတ်သည်။

ဤသည်ကို ကျန်အစေခံအားလုံး သိရှိကြ၏၊ သစ္စာအရှိဆုံး သော လှေ့စိန် ထွက်ခွာသွားပြီဆိုလျှင် သူတို့ ထွက်ခွာသွားဖို့ မခက် တော့ပေ။ သူတို့သည် မှောင်ထဲသို့ တိုးဝင် ပျောက်ကွယ်သွားသော လှေ့စိန်ကို လှမ်းကြည့်နေကြ၏။ လေ့သခင်များကို ဂါရဝ ပြုကြသည်၊ လှေ့စိန်နောက်သို့ သူတို့ လိုက်ကြတော့မည်။ ထိုစဉ်. .

ထိုလူသည် လူအများရှေ့၌ ဝုန်းခနဲ ပစ်ကျသွား၏။

"ဟာ. . ."

တစ်ယောက်စီ တစ်ယောက်စီ ဟာခနဲ ရေရွတ်လိုက်သည်၊ အာမေဋိတ်သံသည် စုပေါင်းပြီး ကျယ်လောင် ဟိန်းထွက်သွား၏၊ သွေးသံရဲရဲ ကျလာသူကား လေ့ဂေဟာ၏ သစ္စာအရှိဆုံးသော လှေ့စိန် ပင်တည်း၊ လှေ့စိန်၏ တစ်ကိုယ်လုံး၌ ဓါးဒဏ်ရာများ ပွနေ၏၊ အဝတ်အစားများ အပိုင်းပိုင်း ပြတ်နေသည်၊ လှေ့စိန်ဟု သိစေရန် မျက်နှာတစ်ခုကိုသာ ဒဏ်ရာမရှိစေဘဲ ချမ်းသာခွင့် ပေးလိုက်ကြ၏၊ လေ့ချိုဖူး၏ မျက်နှာပြင်မှာ မည်းမှောင်သွားသည်၊ လှေ့ကတော်ကြီး ကား အံကြိတ်နေ၏။ ရှောင်လှေ့၏မျက်နှာမှာ ဆေးနီဖျန်းလိုက်သကဲ့ သို့ တွတ်တွတ်နီရဲလာ၏။

အစေခံအားလုံး၏ မျက်နှာကား စက္ကူဖြူရွက်များနှယ် ဖြူဖပ်ဖြူရော် ဖြစ်လျက်. . .။

* * *



## အခန်း(၄)
## သွေး၊ ညှို့စိမ်း၊ အလောင်း

နီရဲသော သွေးများသည် ကျောက်ပြားကြမ်းခင်းပေါ်ယို စီးကျလာ၏၊ သွေးစီးကြောင်းသည် အစေခံတစ်ယောက်၏ ခြေ ထောက်အနီးသို့ စီးသွားသည်၊ ထိုအစေခံသည် အဆိပ်ရည် ထိ တော့မည့်အလား အလန့်တကြား ထခုန်လိုက်သည်၊ ထို့နောက် ဝူးဝါးဝါး အော်လျက် ကမူးရှူးထိုး ပြေးထွက်သွားတော့သည်။ ထိုလူသည် ဒဏ်ရာဗလပွရလျက် သေဆုံးသွားသော လှေ့စိန်ကို ကြည့်လျက် ကယောင်ချောက်ချား ဖြစ်သွားခြင်းသာတည်း။

"ဟာ. . ."

မကြာပါ၊ မကြာဆိုသည်မှာ ထိုတဒင်္ဂလေးသာ ဖြစ်ပါ သည်။ ထိုလူသည်လည်း သွေးသံရဲရဲ ဒယီးဒယိုင်ဖြင့် ဂေဟာခန်းမ ကြီးထဲ ပြန်ရောက်လာ၏။ အမှောင်ထဲ ဝင်သွားပြီးသည့် ချက်ချင်း ဒီလို နောက်ကြောင်း ပြန်ရောက်လာခြင်းပင်။

"ဝုန်း. ."

ထိုလူသည်လည်း ကြည့်မကောင်း၊ မြင်မကောင်းသော ဒဏ်ရာများဖြင့် လဲကျ သေဆုံးသွားရှာတော့သည်။ ထိုစဉ် အမှောင် ထဲမှ အေးစက်စက် ရယ်သံထွက်ပေါ်လာတော့၏။

"ပိတုန်းသုံးကောင် ရောက်တဲ့နေရာမှာ မြက်ပင်တောင် အပိုင်းပိုင်းပြတ်ရတယ်. . လူဆိုတာ မပြောနဲ့တော့. . .ဟား. . .

www.burmeseclassic.com

www.burmeseclassic.com



ဟား...ဟား..."

ရယ်မောသံသည် နိမ့်ချည်မြင့်ချည် ဖြစ်နေသဖြင့် သ
တန္တေများ ရယ်သည့်အသံနှယ် စိုးရွံ့ဖွယ်ကောင်းလှ၏။ မကြာ
ရယ်သံနှင့်အတူ တံခါးဝကြီးအဝ၌ လူတစ်ယောက် ပေါ်လာ၏။ ထို
၏မျက်နှာမှာ ကြောက်စရာ လန့်စရာ ပွယ်ရာတည်း။

အသေအချာ ကြည့်လိုက်သောအခါမှ ထိုလူ၏မျက်နှာ
ကြေးမျက်နှာဖုံးစွပ် တပ်ဆင်ထားကြောင်း တွေ့ရသည်။ ကြေးမျ
နှာဖုံး၏ မျက်လုံးပေါက်များမှ မျက်လုံးများကား ရှူးရှူးရဲရဲ ရှိလှသည်
ထိုလူသည် အညိုရောင် ဝတ်စုံကို ဝတ်ဆင်ထား၏။ သူ၏ လက်တ
ဖက်သည် လက်ကောက်ဝတ်မှနေ၍ ပြတ်နေ၏။ သူ လက်ပြတ်
ကြောင်း သိသာထင်ရှားအောင် လက်ကို ထုတ်ထားသည်။ ကြေးမျ
နှာဖုံးနောက်မှ မျက်လုံးအစုံသည် လွှေချိုဖုံးကို မုန်းတီးစွာကြည့်နေ
ရန်လိုစွာ ကြည့်နေ၏။ သူ၏ လက်ဖဝါးမရှိသည့် လက်ပြတ်ကို မြှော
ပြပြီး မေးလိုက်သည်။

"မင်း ရတယ်မဟုတ်လား..."

ရှောင်လွှေက ခေါင်းသာ ညိတ်ပြသည်။

"ကောင်းတယ်...ငါ့လက်ပြန်ပေး..."

သူ့အသံက အေးစက်သည်။ ကြားရသူတိုင်း ကျောရိုးစိ
လောက်သည့် အသံဖြစ်သည်။ ရှောင်လွှေကမူ ထိုလူကို ကြောက်
ဟန်မပြ။ ပခုံးတွန့်လိုက်ပြီး ခပ်ဥအေးအေးပင် ပြန်ပြော၏။

"ဒါက ခင်ဗျား လက်ကိုး...ဒီလက်က ဘယ်မှာ လူသ
နိုင်တော့မှာလဲ...ခင်ဗျားလိုချင်ရင် ပြန်ယူပေါ့...ရပါတယ်

ရှောင်လွှေက လက်ပြတ်ကြီးကို ပစ်ပေးလိုက်၏။

ကြေးမျက်နှာဖုံးစွပ်လူသည် ညာဘက်လက်ဖြင့် ဖမ်းယူ



သို့ဂလက်ကို သေချာစွာ ပြန်ကြည့်နေသည်။ မမြင်ဖူးသေးသည့်
ပစ္စည်းတစ်ခုအလား ပြန်ကြည့်နေသည်။ တကယ်တော့ သူ၏အမြိုး
မီးကို တည်းညီး တောက်လောင်နေစေရန် အသစ်တစ်ဖန် နှိုးဆွနေ
ခြင်းသာ ဖြစ်တော့သည်။ ဧည့်ခန်းထဲရှိ လူအားလုံးသည် မဖိတ်
ခေါ်ဘဲ ရောက်ရှိလာသည့် ဧည့်စိမ်းကို အသက်မရှူနိုင်ဘဲ ငေးကြည့်
နေကြသည်။ ထိုသူက သူ့ဘာသာ တိုးတိုးပြောသည်။

"ကောင်းတယ်...ဒီလက်တစ်ဖက်ဟာ ငါ့လက်ပဲ...ငါ
ဆီက ဘယ်သူမှ ယူလို့မရပါဘူး..."

ရှောင်လွှေက ဤခန်းမထဲ၌ အခြားသူများ ရှိသေးကြောင်း
သိစေလိုသည့် သဘောဖြင့် ချောင်းတစ်ချက် ဟန့်ပြီး ဝင်၍ထောက်
ခံလိုက်၏။

"ဟုတ်တယ်..ခင်ဗျားလက်က ခင်ဗျားပဲ ပိုင်သင့်တာပေါ့.
ဘယ်သူက ယူလို့ရမှာလဲ..."

ထိုလူသည် ရှောင်လွှေကို ရွံရှာမုန်းတီးသော အကြည့်ဖြင့်
ကြည့်၏။

"ထွီ..."

သူသည် တံတွေးတစ်ချက် ထွေးကာ ချာခနဲ ပြန်လှည့်
သွား၏။ မှောင်ထဲသို့ ပြန်ပျောက်သွားသည်။

သူ့ကို မည်သူမျှ မတားကြ။ တားနိုင်စွမ်းလည်း မရှိကြ။

လွှေချိုဖုံးသည် ထိုလူကို ဟန့်တားခြင်း မပြုပါ။ သူသည်
ထိုလူကို ဆယ့်သုံးနှစ်တိတိ စောင့်မျှော်ခဲ့ရသဖြင့် မောပန်းခဲ့လှပေပြီ။
ယခု ထိုလူလာပြီ။ သူနှင့်ရင်ဆိုင် တွေ့ပြီ။ ယိုလူကို ခင်ဗျားပြန်သွား
ပါတော့ဟု နှင်ထုတ်၍ မရကြောင်း သူသိသည်။ ဒူးထောက်တောင်း
ပန်၍ မရကြောင်း သူသိသည်။

www.burmeseclassic.com

www.burmeseclassic.com



ယခု အဆိပ်ရှိသောမြွေကို သူတွေ့နေရပြီ။ အဆိပ်ရှိခြင်းနှင့် အငြိုးကြီးခြင်းအား ပေါင်းစပ်လိုက်သောအခါ ဤမြွေသည် အလွန်တရာ ကြောက်မက်ဖွယ်ကောင်းသော မဟာရန်သူမြွေကြီး ဖြစ်သွားတော့သည်။

"ဖေဖေ. . ."

ရှောင်လေ့က လှမ်းခေါ်၏။

လေ့ချိဖုံးက စကားမပြောရန် လက်ဖြင့် အချက်ပြပြီး မှောင်ထဲသို့ စိုက်ကြည့်နေသည်။ မှောင်ထဲမှာ လှုပ်ရှားမှု တစ်ချို့ကို မြင်လိုက်ရသောကြောင့် ဖြစ်သည်။

တံခါးဝ၌ လူရိပ်များ ရိပ်ခနဲ ရိပ်ခနဲ လှုပ်ရှားသွားသည်။

"ဝုန်း. . ."

"ဝုန်း. . ."

ကြီးမားသော အရာဝတ္ထုလေးခု တဝုန်းဝုန်းဖြင့် အခန်းထဲသို့ ကျရောက်လာသည်။

လူအားလုံး သတိဝီရိယဖြင့် စောင့်ကြည့်ကြ၏။

ဝင်လာသည့် အရာများကား လူလေးယောက်ဖြစ်သည်။ မှားသည်။ လူလေးယောက်ဟု မဆိုနိုင်ပေ။ ထိုလေးယောက်မှာ အသက်ရှိမနေသဖြင့် အလောင်းလေးလောင်းဟုသာ ခေါ်ဆိုလိုက်သည်။ မှန်သည်။ အလောင်းလေးလောင်းသည် သွေးနီများ စွန်းထင်းနေသည့် အစေခံလေးယောက်၏အလောင်းများနှင့်အတူ မနီးသောအိပ်ခြင်းနှင့် အိပ်ပျော်နေပေပြီ။

* * *



## အခန်း(၅)
## မျက်မန်းပွင့် ပိတုန်းဘုရင်မ

အလောင်းများကို စတင်စစ်ဆေးရန် သတိဝင်လာသူ လေ့ချိဖုံးသာ ဖြစ်သည်။ အလောင်းများကား လတ်လတ်ဆတ်ဆတ် အလောင်းများ မဟုတ်ပေ။ ဆေးစိမ်ထားသောကြောင့် ခြောက်သွေ့နေသည့် အလောင်းများသာ ဖြစ်သည်။

ထူးခြားချက်မှာ အလောင်းများ၌ ကြေးမျက်နှာဖုံးများ တပ်ဆင်ထားခြင်းပေတည်း။ ထို့ကြောင့် ဤ အလောင်းများသည် စောစောက လာရောက်ခြိမ်းခြောက်သည့် လက်တစ်ဖက် ပြတ်သူ၏ ပိတုန်းဂိုဏ်းသားများ ဖြစ်ကြောင်း ပိုမိုသေချာသွားခဲ့ရပေသည်။

ဤအလောင်းများ မဖြစ်ခင် လွန်ခဲ့သည့် ဆယ့်သုံးနှစ်က ဤလူလေးယောက်သည် လူ့လောက၌ ကောင်းစွာ လှုပ်ရှားခဲ့ကြပေသည်။ လေ့ချိဖုံးသည် ဤလေးယောက်၏ မျက်နှာဖုံးများကို ချွတ်ကြည့်ခဲ့ဖူးသည်။

လွန်ခဲ့သည့် ဆယ့်သုံးနှစ်က ဖြစ်သည်။ သေချာစွာ ကြည့်ခဲ့သည်။ လွန်ခဲ့သည့် ဆယ့်သုံးနှစ်က ဤလူလေးယောက် သူ့လက်ချက်ဖြင့် သေဆုံးသွားပြီးသည့်နောက် မျက်နှာဖုံးများကို ချွတ်ကြည့်ခြင်းဖြစ်သည်။ ထို့ပြင် ကြေးမျက်နှာဖုံးများ၌ ထူးခြားသော အမှတ်အသားကလေးများ ရှိနေခြင်းကပင် ဤလူလေးယောက်ကို သူ

www.burmeseclassic.com

www.burmeseclassic.com



ကောင်းစွာ မှတ်မိနေခြင်း ဖြစ်တော့သည်။

ထိုလေးယောက်အနက် တစ်ဦးသည် ပိတုန်းဘုရင်မ ဖြစ်သည်။ ထိုပိတုန်းဘုရင်၏ ကြေးမျက်နှာဖုံးပေါ်တွင် မက်မန်းပွင့်ပုံ ကလေးတစ်ပုံ ပါရှိပေသည်။

မက်မန်းပွင့် ပိတုန်းဘုရင်မကို သူသတ်ပစ်ကြောင်း သိုင်းလောကသားများက သိရှိကြ၏။ လွန်ခဲ့သည့် ဆယ့်သုံးနှစ်က သိုင်းလောကသားများသည် ထိုအတွက် သူ့အားကောင်းချီးပေးခဲ့ကြသည်။ သို့သော် နောက်ပိုင်းကာလ ဆယ့်သုံးနှစ်အတွင်း သူ မည်မျှ စိုးတထိတ်ထိတ် ဖြစ်ခဲ့ရခြင်းကိုမူ မည်သူမျှ မသိကြတော့ပေ။

လွန်ခဲ့သည့် ဆယ့်သုံးနှစ်။

ထိုဆယ့်သုံးနှစ်က သူတို့သည် ပိတုန်းကိုးကောင်ကိုဏ်းသို့ သွားရောက် ဝိုင်းဝန်းခဲ့ကြ၏။ သူအပါအဝင် သိုင်းသမား ဆယ့်တစ်ယောက်သည် ပိတုန်းလူသတ်သမားများနှင့် အပြင်းအထန်ဆုံး တိုက်ခိုက်ခဲ့ကြ၏။

သူတို့သည် မက်မန်းပွင့် ပိတုန်းဘုရင်မ အပါအဝင် လူသတ်ကောင် လေးယောက်ကို သတ်နိုင်ခဲ့ကြ၏။ သူတို့ဘက်၌ အသက်ရှင်သန် ကျန်ရစ်ခဲ့သူမှာ သူတစ်ယောက်တည်းသာ ဖြစ်သည်။

ထိုတိုက်ပွဲ၌ မည်မျှ ရေကုန်ရေခန်း တိုက်ခိုက်ခဲ့ရသည်ကို သူ ပြန်လည် မစဉ်းစားလိုတော့ပေ။ လွှေချိုဖုံးသည် မက်မန်းပွင့် ပိတုန်းဘုရင်မ၏မျက်နှာကို ငေးကြည့်နေမိသည်။

ဘုရင်မ၏ ကြေးမျက်နှာဖုံးမှာ ပြောင်လက်နေသည်။ မီးအိမ်များမှ မီးရောင်များကြောင့် ကြောက်မက်ဖွယ်ရာ ဖြစ်နေသည်။

ထိုစဉ် ချိုလွင်သော မိန်းမသံကို ကြားလိုက်ရလေသည်။ ထိုလူအားလုံး ထိတ်လန့်သွားကြ၏။ အငယ်တလန့်ဆုံးလူကား လွှေချိုဖုံး



တည်း။ အဘယ်ကြောင့်ဆိုသော် ဤသို့သော ရယ်သံမျိုးဖြင့် ပိတုန်းဘုရင်မ ရယ်သွမ်းသွေးခဲ့သည် မဟုတ်ပါလော။ ဆေးစိမ်ထားသဖြင့် ခြောက်ကပ်ပိန်လှီနေသော ပိတုန်းဘုရင်မကတော့ ရယ်နိုင်မည် မဟုတ်ပါ။ ဤသို့ဆိုလျှင် မည်သူရယ်လေသနည်း။

"မင်း ဘယ်သူလဲဟေ့. . ."

လွှေချိုဖုံး၏အသံက ဟိန်း၍ထွက်လာသည်။

ချိုလွင်သော အသံက အဆက်မပြတ် ထွက်ပေါ်နေဆဲ။

"ငါမေးနေတယ်ဟေ့. . ရယ်နေတာ ဘယ်သူလဲ. ."

လွှေချိုဖုံးက အော်ဟစ်၍ ထပ်မံမေးမြန်း လိုက်ပြန်၏။

"ကျွန်မ ဘယ်သူဆိုတာ ရှင်မသိဘူးလား. . ."

"မင်း ဘယ်သူလဲ. ."

"ကျွန်မ မက်မန်းပွင့် ပိတုန်းဘုရင်မပဲ. ."

လွှေချိုဖုံးက ခက်ထန်စွာ အော်လိုက်၏။

"မညာနဲ့. . မင်းဟာ သူ မဖြစ်နိုင်ဘူး၊ ငါ့ကို ညာလို့မရဘူး၊ သူဟာ လွန်ခဲ့တဲ့ ဆယ့်သုံးနှစ်ကတည်းက သေသွားခဲ့ပြီ"

"သူသေသွားခဲ့ပြီလို့ ရှင့်ကို ဘယ်သူကပြောသလဲ. ."

"လွန်ခဲ့တဲ့ ဆယ့်သုံးနှစ်က အကြိတ်အနယ် တိုက်ခဲ့တာ ငါပဲကွ. ."

"ဟုတ်တယ်. . လွန်ခဲ့တဲ့ ဆယ့်သုံးနှစ်က ကျွန်မ သေဆုံးခဲ့တာမှန်တယ်. . . ဒါပေမယ့် သေဆုံးခြင်းဆိုတာ ထာဝရ မရှိဘူး သေခြင်းနဲ့ ရှင်ခြင်းဟာ တစ်လှည့်စီပဲ. . ရှင်ပြီးရင် သေမယ်၊ သေပြီးရင် ရှင်မယ်. . အခု ကျွန်မ ပြန်လာခဲ့ပြီ၊ ကျွန်မအသက်ကို ရှင့်ဆီ လာတောင်းတာပဲ. . ."

စကားဆုံးသည်နှင့် ချိုလွင်သော ရယ်သံပေါ်လာသည်။

www.burmeseclassic.com

www.burmeseclassic.com



အသံသည် ဂေဟာအပြင်မှ လာခြင်းဖြစ်သည်။

သို့သော် တံခါးဝ၌ မည်သည့်လူရိပ်မျှ မတွေ့ရသေးပေ။

ထိုစဉ် ငိုကြွေးသံများ ထပ်မံကြားလာပြန်လေ၏။

"ဘာသံတွေလဲ. . ."

လွှေချိုဖုံးက ခပ်တိုးတိုး မေးသည်။ သူ့မေး‌ခွန်း လွှေကတော်ကြီးကို မေးသလိုလို၊ ရှောင်လွှေကို မေးသလိုလို၊ သူတစ်ကိုယ်တည်းပြောသလိုမျိုးဖြစ်သည်။ သို့သော် ထိုအသံကို အပြင်မှ ကြားဟန်တူသည်။

"ဒါက ရှင်သတ်လိုက်တဲ့ ကျွန်မ တပည့်သုံးယောက် ငိုသံပဲ"

"အရှုးလား. . ."

လွှေချိုဖုံးက အော်လိုက်၏။

"ငါ့ကို အကြောင်းရှိုက်လို့ရမယ် ထင်သလား. . . သေပြီးလူက ပြန်ရှင်မတဲ့လား. . ."

အပြင်မှ အသံများ တိတ်သွား၏။ လေပြည်လေညှင်း တိုက်ခတ်သံများ ကြားနေရသည်။

"ငါ့အသက်ပြန်ပေး. . ."

"ငါတို့အသက်တွေ ပြန်ပေး. . ."

ညည်းညူသံလိုလို အသံများကို မတိုးမကျယ် ကြားရသည်။

တစ္ဆေခြောက်သလို ဖြစ်နေသည့် အဖြစ်အပျက်များကြောင့် အနီးသော အစေခံများမှာ သွေးပျက်မတတ် ကြောက်ရွံ့နေကြရှာပေသည်။

"ဒါ. . ဇာတ်ပွဲမဟုတ်ဘူး. . ."

လွှေချိုဖုံး အော်လိုက်သည်။ ရှောင်လွှေသည် သူ့ဖခင်ရှေ့သို့ တိုးသွားပြီး ရှေ့မှကာရပ်လိုက်၏။ ထိုစဉ် လွှေတတော်ကြီးက ရှေ့သို့ လှမ်းတက်လာပြီး မှောင်ထဲသို့ မေးလိုက်၏။



"လွန်ခဲ့တဲ့ ဆယ့်သုံးနှစ်က ရှင်တို့ ဘယ်မှာတိုက်ပွဲ ဖြစ်ခဲ့သလဲ. . ."

ချိုလွင်သော အသံပေါ်လာ၏။

"စိန်ပန်းမြိုင် တောအုပ်ထဲမှာပါ. . ."

"အဲဒီထဲမှာ တိုက်ပွဲပဲ ဖြစ်သလား. . တခြား ဘာတွေဖြစ်သေးသလဲ. . ."

အပြင်မှ ချိုလွင်သော ရယ်မောသံ ထွက်ပေါ်လာပြန်သည်။

"လူမြင်မကောင်းတဲ့ ဖြစ်ရပ်တွေ ဖြစ်ခဲ့တာလား. . . ဘာဖြစ်လို့ ခုမှ ဒါတွေမေးနေရတာလဲ. . ."

လွှေကတော်ကြီး (သို့မဟုတ်) သခင်မကြီးသည် သူ့ခင်ပွန်းဘက်သို့ ချာခနဲ လှည့်လိုက်၏။

ခင်ပွန်းသည်နှင့် မျက်နှာချင်းဆိုင်လိုက်သည်။ သူမ၏ မျက်နှာသည် စက္ကူကဲ့သို့ ဖြူဖွေးနေ၏။

"ရှင်က ကျွန်မကို တောက်လျှောက် လိမ်ခဲ့တာကိုး. . . ရှင်က သူ့ကို မသတ်ဘဲနဲ့ သတ်တယ်ပြောခဲ့တယ်. . ."

"ဟာ. မင်း ဘယ်လိုဖြစ်တာလဲ. . သူသေနေပါပြီကွ၊ ဟို. အလောင်းဟာ မက်မန်းပွင့် ပိတုန်းဘုရင်မရဲ့ အလောင်းပါ၊ ငါ့ကို မယုံမကြည် မဖြစ်ပါနဲ့. . ."

"ကျွန်မက ဘယ်လို ယုံရမှာလဲ၊ ဒီရှုတ်တွနေတဲ့ အလောင်းဟာ တခြားမိန်းမတစ်ယောက်ရဲ့အလောင်း ဖြစ်ချင် ဖြစ်နေမှာပေါ့"

"ငါ မလိမ်ပါဘူး၊ သူ့စကားက ဘာမှယုံစရာ မရှိပါဘူး. သူတို့ မျက်လှည့်လာပြနေတာပါ. . ."

"ဟင်း. . ကျွန်မကို ရှင်က လူနုံလူအ အောက်မေ့နေသလား"

www.burmeseclassic.com

www.burmeseclassic.com



"ဟော့. အရေးထဲ လာပြီး အရာလာပေါ်မနေနဲ့. . ငါ့ကို ယုံသလား. . သူ့ကို ယုံသလား. . ."

"ကျွန်မကတော့ မှန်တဲ့စကားပဲ နားထောင်ချင်တယ်. ."

"မင်း ရူးနေပြီလား. . ."

"ကျွန်မ မရူးဘူး. . . ရှင် ညာပြောနေတာ. . ."

"မိန်းမရယ်. . မင်းဘာတွေ စိတ်ဖောက်လာတာလဲ. . ငါတို့လင်မယား ပေါင်းလာတာ နှစ်ပေါင်းသုံးဆယ်ကျော်နေပြီပဲကွာ။ မင်း သဝန်ကြောင်တာ အဓိပ္ပာယ်မရှိပါဘူး. . ."

လွှေချိုဖုံး သက်ပြင်းချလိုက်၏။

"ကောင်းပါပြီ ငါ ပြောပြပါတော့မယ်၊ အဲဒီ ညတုန်းက. ."

လွှေချိုဖုံးသည် ဇနီးသည်အား မျက်စိမှိတ်ပြလိုက်သည်။

လွှေကတော်ကြီး မသိမသာ ခေါင်းညိတ်ပြပြီးနောက် သုံးလေးလှမ်း ဆုတ်သွား၏။ တံခါးဝနှင့် နီးသွားသည်။

"မင်း. . ဘာလို့နောက်ဆုတ်သွားတာလဲ. . . ငါပြောတာ နားမထောင်တော့ဘူးလား. . ."

"မရှည်နဲ့. . ရှင်ပြောချင်တာပြော. . . ကျွန်မ မှန်မမှန် ဆုံးဖြတ်မယ်. . . ဒီက နားထောင်လို့လည်း ရတယ်. . ."

"ကောင်းပြီ. . ငါပြောမယ်. . ."

အေးတူပူအမျှ သေတူရှင်မကွာ၊ သစ္စာနှံထားကြသည့် ဇနီးမောင်နှံ နှစ်ဦးတို့သည် ဓါးများကို လျှပ်တစ်ပြက် ဆွဲထုတ်ပြီး တံခါးဝသို့ ခုန်ထွက်သွားကြလေ၏။

* * *



အခန်း(၆)

လှည့်ပြားသောတိုက်ပွဲ

"ဝိုး. . . ဝိုး. . . ဝိုး. . ."

"ရွှမ်း. . . ရွှမ်း. . . ရွှမ်း. . ."

လွှေကတော်ကြီး၏ ကြိုးကြာဓါးနှင့် လွှေချိုဖုံး၏ မိုးကြိုးဓါးတို့သည် အမှောင်ထဲ၌ တက်ညီလက်ညီ ခုတ်ကြသည်။

သူတို့၏ ဓါးများက ကောင်းမွန်ထက်မြက်လှသကဲ့သို့ သူတို့၏ အတွင်းအားများကလည်း ထက်မြက်လှသည်။

မှောင်ထဲမှ လူရိပ်များကို မမြင်ရသော်လည်း လေတိုးသံကို မှန်းဆ၍ ခုခံကြသဖြင့် ဂေဟာအပြင်ဘက်၌ မှောင်ထဲ၌ အကြိတ်အနယ် တိုက်ပွဲဆင်မိကြတော့သည်။

ရှောင်လွှေမှာ မိဘနှစ်ပါး၏ လှုပ်ရှားမှုကို ကျောက်ရုပ်ကြီးသဖွယ် စိုက်ကြည့်နေ၏။

"မေမေ. . မေမေ. ."

"သား"

"အခြေအနေ. ."

လွှေချိုဖုံး ခေါင်းခါ၏။

"မြွေနှာသီးဖျားရဲ့ ခုနစ်လက်မ အကွာကို ဖမ်းကိုင်နိုင်မှ ဖေဖေတို့ အသက်ရှင်မှာ. ထထထထ."

www.burmeseclassic.com

www.burmeseclassic.com



"အခု. . ဘယ်လိုလဲ. . ."

"ခုနှစ်လက်မအကွာ ဘယ်ဆီမှာမှန်း မသိရသေးဘူး"

"ခုနှစ်လက်မအကွာ ဘယ်ဆီမှာမှန်း မသိသေးဘူး"

ရှောင်လွေ သက်ပြင်းမချပါ။

ဤညဉ့် ကံကောင်းပါမှ အသက်ရှင်မည်ဖြစ်ကြောင်း သူ သိပြီး ဖြစ်ပါသည်။

"ဖေဖေ. . ကျွန်တော်တို့ အားလုံး ထွက်တိုက်ရင် ဘယ်လို နေမလဲ. ."

"တို့ ရှုံးမှာပေ့ါ. . သူတို့က အမှောင်ထဲမှာ၊ ငါတို့က အလင်း ထဲမှာ. . ငါတို့ နှစ်ယောက်ကို ဘာကြောင့်အများကြီး ဝိုင်း မတိုက် သလဲဆိုတာ စဉ်းစားစရာ ဖြစ်နေတယ်၊ ကြောင်က ကြွက်ကို ကစား သလိုများ ကစားနေသလားတော့ မသိဘူး. ."

ထိုစဉ် ဂေဟာအပြင် အမှောင်ရိပ်ထဲမှ တိုးညင်းသော ရယ်သံများကို ကြားရပြန်လေ၏။ လွေချိုဖုံးက ဇနီးနှင့် သားဖြစ်သူ၏ မျက်နှာများကို လှမ်းကြည့်၏။ ထို့နောက် အစေခံများရှိရာ အခန်း ထောင့်သို့ လှမ်းကြည့် ပြန်သည်။

အစေခံများ၏ မျက်နှာကား ဖိုးရွက်ခန့်သာ ရှိတော့သည်။

ရှောင်လွေသည် ဖခင်၏ စီမံခန့်ခွဲမှုကို လုံးဝ ဝင်မစွက်ပေ။ ဖခင်က သူ့အား မည်သို့ ညွှန်ကြားမည်ကို စောင့်နေ၏။ သို့မဟုတ် တိုက်ပွဲပြင်းထန်လာလျှင် ဖခင်၏ ညွှန်ကြားချက်ကို မစောင့်ဘဲ ဝင် တိုက်ရန် အသင့်ပြင်ထား၏။

သူတို့အားလုံး ကိုယ့်လူများကို ကိုယ်ပြန်လည် စစ်ဆေးနေစဉ် ခန်းမတံခါးဝ၌ လူသုံးယောက် ရပ်နေကြောင်း တွေ့ရ၏။

နှစ်ယောက်ကား ငြိမ်သက်နေ၏။ တစ်ယောက်သာ ခပ်



ိုးတိုး ရယ်နေသည်။ သုံးယောက်စလုံး ကြေးမျက်နှာဖုံးများ စွပ် ထားကြသည်။

လွေချိုဖုံးနှင့် လွေကတော်ကြီးသည် လျှပ်ထစ်ပြက် ခုန် ွက်လာပြီး ကျူးကျော် ဝင်ရောက်လာသူတို့အား အပြင်းအထန် ိုးနှက်တိုက်ခိုက်ကြ၏။

ရယ်နေသူနှင့် လက်ဝဲဘက် အစွန်းမှလူသော လှုပ်ရှားမှု ပြည့်နှင့် ကြိုးကြာဓါးနှင့် မိုးကြိုးဓါးကို ယှဉ်ပြိုင်တိုက်ခိုက်သည်။ ိတုန်းကိုးကောင်ဂိုဏ်းသားများ၏ ဓါးရေးကား အလွန်ကောင်း၏။

လွေမောင်နှံ နှစ်ဦးစလုံး အပြင်းအထန် တိုက်ခိုက်ကြရ သည်။ မီးအလင်းရောင်ကြောင့် ခုတ်ထစ်နေသော ဓါးသွားများ ၏ ရောင်ပြန်ဟပ်မှုသည် လျှပ်ပြက် ကဲ့သို့ တဝင်းဝင်း တလက်လက် ဖြစ်နေ၏။

"ရှိ. . ."

လေချွန်သံနှင့်အတူ ဝိတုန်းနှစ်ကောင် လျှပ်တစ်ပြက် ခုန် ဆုတ်သွားသည်။ တစ်ကောင်သာ မတုန်မလှုပ် ရပ်ကျန်ရစ်သည်။

လွေကတော်ကြီးသည် အခွင့်အရေးကို လက်လွှတ်မခံပေ။ ါးမထုတ် လက်မလှုပ်သည့် ဝိတုန်းတစ်ကောင်၏ လည်ပင်းကို ါးဖြင့် စလွယ်ဝိုင်းချလိုက်၏။

"ရှပ်. . ."

"ရှူး. . ."

ဝိတုန်းကောင်၏ လည်ပင်းသည် တိခနဲ ပြတ်သွားသည်။ ခနဲ မြည်သံနှင့်အတူ ပန်းရောင်အငွေ့များ ပတ်ဝန်းကျင်ကို လွှမ် သွားသည်။

"နောက်ဆုတ်. . . နောက်ဆုတ်. . ."

www.burmeseclassic.com

www.burmeseclassic.com



လွှေချိုဖုံးသည် လျှင်မြန်စွာ နောက်ဆုတ်သွားနိုင်ခဲ့သည်။ လွှေကတော်ကြီးမှာမူ စိတ်ဇောထက်နေ၍လည်းကောင်း၊ ထို ပိတုန်းကောင်အား ချက်ချင်း ခုန်မဆုတ်နိုင်ခဲ့ချေ။ လွှေကတော်ကြီးခမျာ ပန်းရောင်အငွေ့များအကြား၌ တုံးခနဲ လဲကျသွားရှာလေတော့သည်။

ခေါင်းပြတ်နေသော ပိတုန်းကိုက်သားကား ခေါင်းပြတ်ကြီးနှင့် မားမားမတ်မတ် ရပ်နေဆဲ။ လူအားလုံး ကြက်သေသေ သွားကြသည်။ လွှေကတော်ကြီးကိုလည်း မည်သူမျှ သွားမကာပ်ဝံ့ပေ။

ပန်းရောင်အငွေ့များကား လွှေကတော်ကြီး ပတ်ဝန်းကျင်၌ လွှမ်းခြုံနေဆဲ ရှိသေးသည် မဟုတ်ပါလား။

သူတို့ အလိမ်ခံလိုက်ကြရလေပြီ။

တံခါးဝ၌ မားမားကြီး ရပ်ကျန်နေသည့် ခေါင်းပြတ်လူကား လူအစစ် မဟုတ်ချေ။ ဖယောင်းရုပ်တုကြီးသာ ဖြစ်ပေသည်။ ဖယောင်းရုပ်တုကြီး၏ လည်ပင်းမှ ထွက်လာသော အငွေ့များမှာ အဆိပ်ငွေ့များမှလွဲ၍ တခြား မဖြစ်နိုင်ပါချေ။

တိုက်ပွဲသည် ချက်ချင်း ရပ်ဆိုင်းသွား၏။

ပိတုန်းကိုးကောင် ဂိုဏ်းသားများသည် လွှေချိုဖုံးတို့ မိသားစုအား တဖြည်းဖြည်းချင်း အမှည့်ခြွေရန် ဆုံးဖြတ်ထားပုံရသည်။

ယခု လွှေကတော်ကြီး တစ်ယောက် လျော့ပါးသွားလေပြီ။

လွှေချိုဖုံးနှင့် ရှောင်လွှေတို့သည် တစ်ယောက် မျက်နှာ တစ်ယောက်ကြည့်ပြီး ဓါးလက်ကိုင်ရိုးများကို တင်းကျပ်စွာ ဆုပ်ကိုင်လိုက်ကြ၏။

"ဖေဖေ. . . အဆိပ်ငွေ့တွေ ပြယ်သွားပြီ. . ."

"အေး. . ."



နှစ်ယောက်လုံး ခုန်ဝင်သွား၏။ ရှောင်လွှေသည် ဒေါပွပွ ဖယောင်းရုပ်တုကြီးကို ကန်ထုတ်ပစ်လိုက်သည်။ ဖယောင်း တုသည် အမှောင်ထုထဲသို့ လွင့်စဉ်သွားလေသည်။

"ငါ့အသက်ပြန်ပေး. . ."

"ငါ့အသက်ပြန်ပေး. . ."

မှောင်ထဲမှ ညည်းညူသလိုလို အသံများ ထွက်ပေါ်လာ ၏။ ရှောင်လွှေက ဒေါသတကြီး အော်လိုက်သည်။

"မျက်လှည့်ဆရာတွေ. . . သတ္တိရှိရင် ဝင်ခဲ့ကြပါလား. . . ဖြစ်လို့ အရူးလိုလို အနမ်းလိုလို အော်နေကြတာလဲ. . ."

ထိုစဉ် လူရိပ်များ တစ်ရိပ်ပြီး တစ်ရိပ် ခုန်ပျံရောက်ရှိ ၏။ ဓါးရောင်များ ဝင်းလက်နေသဖြင့် ဖယောင်းရုပ်တုများ ဟုတ် အလောင်းများ မဟုတ်သည့်ကတော့ သေချာနေပေပြီ။

လွှေချိုဖုံးသည် အပြင်မှ ရန်သူများကို ဂရုစိုက်နေသည် တ်ပေ။

အဆိပ်ငွေ့ မိသွားသော သူ့ဇနီးသည်ကို ဒူးထောက်ထိုင် မှု့ချိခိုက်ဖြစ်ရာ ဝင်လာသော ပိတုန်းဂိုဏ်းသား တစ်ဦးက ကို ဆုပ်ကိုင်ပြီး အကြောပိတ်နိုင်သွားသည်။

ရှောင်လွှေမှာ ဝင်လာသူများကို တရကြမ်း ခုခံနေရသဖြင့် င်ကို မကာယ်နိုင်ချေ။

ထိုအချိန်၌ အခန်းထောင့်တွင် ကြောက်ကြောက်ရွံ့ရွံ့နှင့် ကြသည့် အစေခံများထဲမှ အစိမ်းရောင်ဝတ်စုံ ဝတ်ဆင်ထား အစေခံသုံးယောက်ထံမှ လျှပ်တစ်ပြက်လှုပ်ရှားမှုကို တွေ့ ကြရသည်။

အလင်းတန်းကလေးများ လင်းလက်သွားသည်နှင့်အတူ

www.burmeseclassic.com

www.burmeseclassic.com



လွှေချိုဖုံးအား ဖမ်းခေါ်သွားမည့် ပိတုန်းဂိုဏ်းသားမှာ အော်ပင် မအော်နိုင်ဘဲ ထိုနေရာ၌ပင် လဲကျသေဆုံးသွားသည်။

ရှောင်လွှေအား ဝိုင်းဝန်းတိုက်ခိုက်နေသည့် ပိတုန်းဂိုဏ်း သား သုံးယောက်အနက် နှစ်ယောက်မှာလည်း တုံးခနဲ လဲကျသေ ဆုံးသွားသည်။

ရှောင်လွှေသည် ဖခင်ဆီသို့ ခုန်ဝင်လာကာ အကြောဖွင့် ပေးလိုက်သည်။ လွှေချိုဖုံးမှာ ဟင်းခနဲ သက်ပြင်းချပြီး မျက်ရည် တတွေတွေ ကျဆင်းလျက် ချစ်လှစွာသော ဇနီးဖြစ်သူအား ထပ်မံ ပွေ့ချီလိုက်လေ၏။

ရှောင်လွှေသည်လည်း သူ့ဖခင်ဘေး၌ ထိုင်ကာ မိခင်ဖြစ် သူ၏လက်ကို ဆုပ်ကိုင်ထားသည်။ ဤအချိန်၌ သူတို့ အကာအကွယ် မဲ့နေချိန်ဖြစ်သည်။ လွှေကတော်ကြီးကိုသာ အာရုံစိုက်နေသဖြင့် ပိတုန်းဂိုဏ်းသားများ အင်နှင့်အားနှင့် ဝင်လာပါက သူတို့ ခုခံနိုင် မည် မဟုတ်ချေ။

သို့သော် စောစောက လှုပ်တစ်ပြက် လှုပ်ရှားလိုက်သည့် အစိမ်းရောင် တူညီဝတ်စုံ ဝတ်ဆင်ထားသော အစေခံ သုံးယောက် သည် ကြောက်ရွံ့နေသည့် အစေခံများအကြားမှ ရုတ်တရက် ထရပ် ကာ သခင်ကြီးလွှေချိုဖုံးနှင့် ရှောင်လွှေတို့၏ နောက်ပါး၌ ရပ်လိုက် ကြလေသည်။

* * *



## အခန်း(၇)
## ကျဆုံးသွားသော လွှေကတော်

"ငါ့အသက်ပြန်ပေး. . ."

"ငါ့အသက်ပြန်ပေး. . ."

အပြင်မှ ညည်းညူသံများ ထွက်ပေါ်လာ ပြန်သည်။

လွှေချိုဖုံးနှင့် ရှောင်လွှေတို့သည် အပြင်မှ အသံများကို ဂရုမစိုက်နိုင်ပါ။ လွှေကတော်ကြီး၏ မျက်နှာမှာ လုံးဝဖွေးဖွေးဖြူ နေလေပြီ။ သို့သော် အသက်တော့ ရှိနေသေးသည်။

လွှေချိုဖုံးက မချိတင်ကဲ မေးလိုက်၏။

"ဘယ့်နှယ်နေသေးလဲဟင်. . ."

ရှောင်လွှေမှာ အံသာကြိတ်သည်။ သူ့အား အလွန်ချစ်သော မိခင်ကြီးသည် သေအံ့မူးမူး ဖြစ်နေပြီ မဟုတ်ပါလား။

သူတို့နောက်၌ ရပ်နေသည့် အစိမ်းရောင်ဝတ်စုံ ဝတ်ဆင် ထားသည့် အစေခံ သုံးယောက်သည် သခင်မကြီးအတွက် ဆွေး မြည့် ကြေကွဲကြရသော်လည်း သခင်မကြီးကို လုံးဝမကြည့်ကြချေ။ အခန်းတံခါးဝသို့သာ မျက်တောင်မခတ် ကြည့်နေကြသည်။

သူတို့ လက်များသည် တစ်စုံတစ်ခုကို ပစ်လွှတ်ရန် အသင့် ဖြစ်နေကြ၏။ သေးသွယ်ရှည်လျားလှသော သူတို့၏ လက်ချောင်း များသည် လက်နက်ပုန်းများကို တိတိကျကျ မှန်မှန်ကန်ကန် ထိမှန်

www.burmeseclassic.com

www.burmeseclassic.com



အောင် ပစ်လွှတ်နိုင်သည့် လက်များ ဖြစ်ကြောင်း ယုံမှားသံသယ
ရှိရန် မလိုပါချေ။ အမှောင်ထုထဲမှ ရယ်သံ ထွက်ပေါ်လာပြန်သည်
"လွှချိုဖုံး . . ရှင်ဟာ တကယ့်ကို မြေခွေးအိုကြီးပါလား
မြေခွေးတွေဟာ အသက်ကြီးလာလေလေ ဉာဏ်များလေလေ
ဘယ်သူမှ မရိပ်မိအောင် 'ပင်ကျား' ညီအစ်ကိုသုံးယောက်ကို အ
ခံတွေထဲ ရောနှောထားနိုင်တဲ့ ရှင့်အစွမ်းကတော့ ချီးကျူးစရာပါပဲ"
လွှချိုဖုံးသည် သူမ၏စကားသံကို ဂရုမစိုက်တော့ပါ။ ဤ
လောကကြီး၌ သူ့ဇနီး၏ အသက်ရှည်သောက် မည်သည့် အသက
အရေးမကြီးတော့ပါ။ သူ့အသက်သည်ပင် သူ့ဇနီးသည်၏ အသ
ရှည်သောက် အရေးမကြီးတော့ပါ။ သူတို့သည် ကြိုးကြာဖိုမ ဖြ
သည်။ တစ်ဦးကိုတစ်ဦး လွန်စွာ ချစ်ခင်ကြင်နာကြသည်။
လူ့လောက၌ တစ်ဦးတည်း အသက်ရှင် ကျန်ရစ်ရမည်
အရေးမှာ သူ့အတွက် လွန်စွာ ခက်ခဲလှပါသည်။
လွှချိုဖုံးက တိုးတိုးပြော၏။
"မက်မန်းပွင့် ဝိတုန်းဘုရင်မဟာ လွန်ခဲ့တဲ့ ဆယ့်သုံးနှ
ကတည်းက သေသွားပါပြီ . . . သူတို့ဟာ တို့မိသားစုကို ချောက်ချ
အောင် လာလုပ်တာပါ . . ."
လွှကတော်ကြီး၏ မျက်ခွံများ လှုပ်ရှားလာ၏။ အတ
ကြာမှ ခပ်ဖြည်းဖြည်း ပွင့်လာသည်။
"ကျွန်မ သိပါတယ် . . ."
သူမ၏ အသံက လွန်စွာတိုးညင်းလှ၏။ အဆိပ်ဒဏ်
ဤမျှ အထိခံနိုင်ခြင်းမှာ သူမ၏ အတွင်းအား ကောင်းလှသော
ကြောင့်ဖြစ်သည်။ လွှချိုဖုံးနှင့် ရှောင်လွှသည် လွှကတော်ကြီး
ပါးစပ်နားကပ်၍ နားထောင်ကြရသည်။



လွှကတော်ကြီးသည် သူ့ခင်ပွန်းကို ရီဝေစွာ ကြည့်နေ၏။
သူ့ခင်ပွန်းသည် ချစ်ကြင်နာလှသော ခင်ပွန်းသာမကပါ။ မိတ်ဆွေနှင့်
လည်းကောင်း၊ အစ်ကိုနှင့်လည်းကောင်း၊ မောင်နှင့်လည်းကောင်း
တူသောခင်ပွန်းဖြစ်ပါသည်။ ယခု သူ့အား သူမ ခွဲခွာရပါတော့မည်။
လွှကတော်ကြီးသည် သူမ၏အကြည့်ကို သားဖြစ်သူ
ရှောင်လွှထံသို့ လှည့်လိုက်၏။ ရှောင်လွှက မိခင်၏လက်ကို
အသာအယာ ဖျစ်ညှစ်လိုက်သည်။
"မေမေ . . မေမေ တစ်ယောက်တည်း သားတို့ကို ခွဲသွားရ
မှာ မဟုတ်ပါဘူး . . . ရန်သူ အားလုံးကို ရှင်းလင်းပြီး သားတို့ပါ
မေမေ့နောက်ကို လိုက်ကြရမှာပါ . ."
သူမ၏ ငယ်မူငယ်သွေး မာန်ရုပ်သွင်သည် ငြိမ်းခါနီး ထ
ကောက်လာသော ဖယောင်းတိုင်မီးနှယ် ထင်ရှားစွာ ဖြစ်ပေါ်လာ
သည်။
"မင်း . ဘာဖြစ်လို့ သေရမှာလဲ . ."
လွှကတော်ကြီး၏ အသံသည် ပီပီသသ ထွက်လာ၏။
လေသံကလေးမျှ မဟုတ်တော့ပေ။
"မင်း မသေရဘူး . . . ချမ်းချမ်းကို တွေ့အောင်ရှာရမယ်
သူက သိပ်လိမ္မာတယ်၊ တို့ မိသားစုအတွက် မျိုးဆက်သွေး မြေး
ကလေးတစ်ယောက်တော့ ရနိုင်လိမ့်မယ် . . ."
ရှောင်လွှက မျက်ရည်လည်ရွဲဖြင့် ခေါင်းညိတ်၏။
"စိတ်ချပါ မေမေ၊ ကျွန်တော် သူ့ကို တွေ့အောင်ရှာမယ်၊
မေမေ့အတွက် မြေးယောက်ျားလေး တစ်ယောက်လည်း ရပါစေမယ်"
"အေး . အဲဒါမှ ငါ့သား . . မင်း လက်ထက်မှာ ငါ့ရန်သူတွေ
ရဲ့ ရန်ကြွေးတို့ ဆပ်နိုင်ကောင်းမှ ဆပ်နိုင်မယ် . . . ဒါပေမယ့်

www.burmeseclassic.com

www.burmeseclassic.com



ငါ့မြေးလက်ထက်မှာတော့ ဒီပိတုန်းတွေကို ယင်ကောင်ဖြစ်အောင် လုပ်ပစ်နိုင်လိမ့်မယ်. . . တို့အဖြစ်အပျက်ကို ချမ်းချမ်းရော မင်းရဲ့ ရင်သွေးပါ ရင်ထဲက သိပါစေ. . ."

သခင်မကြီး၏ ဖြူဖွေးသော မျက်နှာ၌ ပြုံးယောင်သမ်းလာ၏။ သူမ၏ လက်ကိုမြှောက်နိုင်ရန် ကြိုးစားသည်။ မြေးကလေးကို သူချီမည်ဟု ပြလေသည်ကား မဆိုနိုင်။ သို့သော် သူမ လက်မမြှောက်နိုင်ပါ။ ပန်းရောင်အဆိပ်ငွေ့သည် သူမကို အပြီးအပိုင် အနိုင်ယူသွားလေပြီ။ ထို့ကြောင့်. . .

သူမသည် မည်သည့်အခါမျှ လက်မြှောက်နိုင်တော့မည် မဟုတ်ပါ။ လွှကတော်ကြီး တကယ်သေသွားပါပြီ။

လွှချိုဖူးနှင့် ရှောင်လွှတို့သည် ကျောက်ရုပ်ကြီးများပမာ ငိုင်သွားကြသည်။ မည်သူမျှ အာသံထွက်၍ မငိုပါ။

ဤလေးယောက်သည် ပိတုန်းကိုးကောင်ဂိုဏ်း၏ ထိပ်သီး အဆင့်မြင့် သိုင်းသမားများ ဖြစ်ဟန်ရှိသည်။ ဟန်မူရာက ဝင့်ကြွားလှသည်။ ရှောင်လွှသည် သူ့မိခင်ဘေး၌ ကျနေသည့် ကြိုးကြာခါးကို ဆတ်ခနဲ ကောက်ယူလိုက်ကာ ထိုလူလေးယောက်ဆီသို့ ခုန်ထွက်သွား၏။ လေးယောက်တစ်ယောက် ခုတ်သတ်သော တိုက်ပွဲကြီးသည် မုန်တိုင်းကြီးတိုက်သည့်နှယ် အပြင်းအထန် ဖြစ်ပွားလေတော့သည်။ ရှောင်လွှ၏ သွေးများအား ပွက်ပွက်ဆူသွားလေပြီ။ သူ့မိခင်အား ပေးခဲ့သည့်ကတိဆိုလည်း မေ့လျော့ခဲ့ချေပြီ။

သူ့မျက်စိထဲ၌ သွေးများသာ မြင်နေတော့သည်။

* * *



## အခန်း(၈)

## အသက်ပြင်းသော သံဇကာလူသား

ရှုတ်ရှုတ်သဲသဲ တိုက်ပွဲကြီး၌ ရှောင်လွှမှာ အကြီးအကျယ် ဒဏ်ရာရလေသည်။ လက်မောင်း၊ ပခုံး၊ ခါး၊ ကျော၊ ခြေထောက် စသည့်နေရာတိုင်း၌ ဒဏ်ရာများ ရှိနေသည်။

သူ၏ သေအံမူးမူး ကမူးရှူးတိုး တိုက်ကုက်ကြောင့်သာ ရန်သူများ အနည်းငယ်ရှိန်ပြီး နောက်ဆုတ်သွားကြသဖြင့် အသက်ဆုံးရှုံးရခြင်းမှ သီသီကလေး လွတ်သွားရခြင်း ဖြစ်သည်။

ထိုစဉ် လက်တစ်ဖက်ပြတ် ကြေးမျက်နှာဖုံးစွပ်သည့် မီးအိမ်ဝါကြီးကို ကိုင်၍ ဝင်လာသည်။ သူသည် ရှောင်လွှတို့ တိုက်ပွဲကို လုံးဝ စိတ်မဝင်စားချေ။ လွှချိုဖူးထံသို့သာ ဦးတည်သွားသည်။

ပင်ကျားညီနောင် သုံးယောက်တို့သည် သူတို့၏ လက်နက်ပုန်းများကို လျှပ်တစ်ပြက် လွှပ်ရှားလိုက်ကြသည်။ အလင်းတန်းကလေးများ ဖြာထွက်သွားသည်။

သို့သော် ထိုအလင်းတန်းများမှာ လက်တစ်ဖက်ပြတ် ကြေးမျက်နှာဖုံးစွပ်ထံသို့ လုံးဝ မရောက်ပါ။ လမ်းခုလတ်၌ ရပ်တန့်ကုန်သည်။ အကြောင်းကား လက်တစ်ဖက်ပြတ် ကြေးမျက်နှာဖုံးစွပ်၏ မီးအိမ်ဝေ့ယမ်းမှုကြောင့်တည်း။ ထိုမီးအိမ်ကား သာမန်မီးအိမ် မဟုတ်ချေ။ ထိုအချက်ကို ပိုင်ရှင်ဖြစ်သူသာ သိသည်။

www.burmeseclassic.com

www.burmeseclassic.com



မီးအိမ်၏ လက်ကိုင်၌ တွန်းကန်သော ပြောင်းကလေးများရှိရာ ထိုအထဲမှ အဆိပ်အပ်များ ထွက်လာသည်။ သက်ဖြင့်နှိပ်ရုံဖြင့် ရာချီသော အဆိပ်အပ်များ ထွက်လာရာ လက်ဖြင့် ပစ်သူများထက် အဆပေါင်းများစွာ အဆိပ်အပ်များ ထွက်ပေသည်။

ပင်ကျားညီနောင် သုံးယောက်၏ မျက်နှာ၌ အံ့အားသင့်သည့် အရိပ်အယောင်များ ပေါ်လာ၏။ သို့သော် လက်လှုပ်ရန် ဟန်ပြင်ကြသည်။ သို့သော် မလှုပ်နိုင်တော့ပါ။ အံ့အားသင့်သော အမူအရာများနှင့်သာ ရန်သူကို လှည့်ကြည့်လိုက်ရင်း တဝုန်းဝုန်း ပြိုလဲကျ သွားကြလေ၏။ လွှေချိုဖုံးသည် ဖြည်းဖြည်းထ၍ မတ်တပ်ရပ်လိုက်၏။ သူသည် ရန်သူ့တော်ဟောင်းကို ရဲဝံ့စွာ ရင်ဆိုင်လိုက်သည်။ သို့သော် သူ့လက်၌ ဓါးမပါချေ။ မိုးကြိုးဓါးသည် ဖနီးသည်၏ဘေး၌ ကျနေ၏။ သူတို့နှစ်ယောက်သည် တစ်ယောက်ကို တစ်ယောက် မုန်းတီးစွာ စိုက်ကြည့်နေကြ၏။

လက်တစ်ဖက်ပြတ် ကြေးမျက်နှာဖုံးစွပ်၏ ဖနီးဖြစ်သော မက်မန်းပွင့် ပိတုန်းဘုရင်မသည် လွန်ခဲ့သော ဆယ့်သုံးနှစ်က လွှေချိုဖုံး၏ လက်ချက်ဖြင့် သေဆုံးခဲ့ရ၏။

သို့သော် သူတို့ အငြိုးမပြေကြသေးပေ။ ကြေးမျက်နှာဖုံးစွပ်သည် သူ၏ မီးအိမ်ကို စည့်ခန်း၏ အတွင်းပိုင်းသို့ ပိုးခနဲ လွှင့်ပစ်လိုက်ပြီး ခါး၌ချိတ်ထားသော ဓါးရှည်ကို ထုတ်ကိုင်လေ၏။

"လွှေချိုဖုံး. . . ခင်ဗျားဓါးကို ကောက်ကိုင်. . ."

လွှေချိုဖုံးက ပြုံးမဲ့မဲ့ဖြင့် ကြည့်လေ၏။

ကြေးမျက်နှာဖုံးစွပ်က. .

"ကျုပ် ပြောနေတာကို ကြားသလား. . ဓါးကို ကောက်ကိုင်စမ်း. . . ကျုပ်တို့ နှစ်ယောက် အသေအကြေ ပြိုင်မယ်. . ."



လွှေချိုဖုံး ခပ်အေးအေး ပြော၏။

"ကျုပ် ဓါးမကိုင်ဘဲ ခင်ဗျားကို အနိုင်ယူနိုင်တယ်. . . ခင်ဗျားလို လူမျိုးကို ဓါးကိုင်စရာ မလိုပါဘူး. . ."

"ဘာ. . ."

ရန်သူ၏ အော်သံသည် ဟိန်းထွက်သွားသည်။

"ကောင်းပြီ. . . ကြည့်ကြသေးတာပေါ့. . ."

"ရှိုး. . ."

သူ့လက်က ဓါးသည် မြွေတစ်ကောင် ပေါက်လိုက်သည့် အလား လွှေချိုဖုံး၏ ရင်ညွန့်ဆီသို့ တိုးဝင်သွားလေ၏။

"ရှိုး. . ."

သူသည် အကြီးအကျယ် အံ့သြသွားသည်။ သူ့ဓါးသည် လွှေချိုဖုံး၏ ရင်ညွန့်ဆီသို့ တည့်တည့်မတ်မတ်ကြီး တိုးဝင်သွားသည်။ လွှေချိုဖုံးသည် လုံးဝခုခံခြင်း မရှိဘဲ အသေခံခြင်းသာ ဖြစ်လေသည် တကား။

"ခင်ဗျား. . . ခင်ဗျား. . ."

လွှေချိုဖုံး ဒူးထောက်ကျသွား၏။ သူ့ဖနီးသည်၏ အလောင်းဘေး၌ ထိုင်ကျသွားခြင်းသာ ဖြစ်သည်။ သူသည် ရင်ဝမှ စီးကျလာသော သွေးများကို ဂရုစိုက်ခြင်း မပြုပေ။

"ငါ. . . ငါ. . . မင်းနောက် လိုက်. . . လိုက်. . ."

လွှေချိုဖုံးသည် စကားကို ဆုံးအောင် မပြောနိုင်တော့ဘဲ ဖနီးသည်၏ အလောင်းဘေး၌ လဲကျသေဆုံး သွားလေတော့သည်။

ထိုအချိန်၌ ရှောင်လွှေ၏ တိုက်ပွဲလည်း ပြီးဆုံးနေပြီ။ တစ်ခန်းလုံး သွေးများ ဖုံးလွှမ်းနေခဲ့ချေပြီ။

လက်တစ်ဖက်ပြတ် ကြေးမျက်နှာဖုံးစွပ်သည် လဲကျသေ

www.burmeseclassic.com

www.burmeseclassic.com



ဆုံးနေသော လှေချိုဖုံးအား တစ်ချက်မျှ ကြည့်ကာ ချာခနဲ လှည့်ထွက်သွား၏။ တစ်ခန်းလုံး ငြိမ်သက်သွားပြီဟု ထင်မှတ်နေခိုက်မှာပင် တစ်လှမ်းချင်း နင်းဝင်လာသော ခြေသံကို ကြားလာရလေသည်။

"ဖျပ် . . . ဖျပ် . . . ဖျပ် . . ."

ဝင်လာသူကား ကြေးမျက်နှာဖုံးစွပ် မိန်းကလေးတစ်ယောက်ဖြစ်၏။ သူမ၏ ခန္ဓာကိုယ်ကား ကျော့ရှင်း လှပလှသည်။

မျက်နှာအလှကား မမြင်တွေ့ရချေ။ ကြေးမျက်နှာဖုံးက ကာကွယ်ထား၏။ ကြေးမျက်နှာဖုံး၏ နဖူးနေရာ၌မူ မက်မန်းပွင့်တစ်ပွင့်ကို တွေ့ရသည်။ သူမသည် အခန်းထဲ၌ ပြန့်ကြဲနေသော အလောင်းများကို အေးစက်စွာကြည့်သည်။ အလောင်းများသည် သူမအဖို့ ကြောက်ရွံ့ဖွယ်ရာ ဟုတ်ဟန်မတူချေ။ အလောင်းများကို ဖြတ်ကျော်လျှောက်လာသဖြင့် သူ့ဖိနပ်များသည် လူ့သွေးများဖြင့် ရွှဲနစ်နေသည်။ သူမ၏ လက်ထဲမှဓါးကလည်း ပြောင်လက်တောက်ပနေသည်။

နောက်ဆုံး၌ သူသည် လှေချိုဖုံး၏ အလောင်းအနီး၌ ရပ်တန့်သွား၏။ သူမသည် မျက်တောင်မခတ်ဘဲ လှေချိုဖုံးကို စူးစိုက် ကြည့်နေ၏။ ယင်းလူသည် သူမတို့မိသားစု၏ အကြီးအကျယ်ဆုံးသော ရန်သူကြီးဖြစ်၏။ သူမ၏ အသည်းနှလုံး၌ အမုန်းမီးတောက်ကြီး တညီးညီး အလျှံလျှံထနေသည်။ သူမသည် လှုပ်ရှားသံလိုလိုကြားမှ လူတစ်ယောက်ထလာခြင်းကို သတိပြုဖြစ်၏။ ထိုသူ၏ အရုပ်ဆင်းသွင်ပြင်ကို မည်သူမျှ မသိမြင်နိုင်ပါ။ သူတစ်ကိုယ်လုံး သွေးများ ဖုံးလွှမ်းနေသောကြောင့်ဖြစ်၏။ ဆံဖျားမှ ခြေဖျားအထိ သွေးများ တစ်ကိုယ်လုံး နီရဲနေသည်။

ထိုသူသည် ဒယီးဒယိုင်ဖြင့် ထရပ်ပြီး နောက်ဆုံး ရန်သူကို ကြည့်နေ၏။ သူ့အားသေပြီအထင်နှင့် ပစ်ထားခဲ့ရာမှ ကံကောင်းထောက်မစွာ အသက်ရှင် ကျန်နေခဲ့ခြင်းသာ ဖြစ်တော့သည်။



ကြေးမျက်နှာဖုံးစွပ် မိန်းကလေးသည် ချိုလွင်စွာ ရယ်မောလိုက်သည်။ လှေမိသားစုအား ချိုလွင်သော အသံ၊ ချိုလွင်သော ရယ်သံ၊ ချိုလွင်သော စကားသံဖြင့် စကားစစ်ထိုးခဲ့သည့် မိန်းကလေးသည် ဤမိန်းကလေးပါလားဟု သွေးစွန်းသူ နားလည်သဘောပေါက်သွားလေ၏။

"ရှင်က မသေသေးဘဲကိုး . . ."

ထိုသူက ခေါင်းညိတ်ပြ၏။ သူသေ၍ မဖြစ်သေးကြောင်း ဝန်ခံလိုက်ခြင်း ဖြစ်ပါသည်။

"ရှင့်အဖေလည်း သေပြီ၊ ရှင့်အမေလည်း သေပြီ၊ ပင်ကျားညီနောင်သုံးယောက်လည်း သေပြီ၊ ရှင်တို့ရဲ့ သစ္စာရှိ အစေခံတွေလည်း သေကုန်ပြီ၊ ရှင် အသက်ရှင်နေလို့ကော ဘာအဓိပ္ပာယ်ရှိတော့မှာလဲ၊ သေသွားတာက ရှင့်အတွက် အကောင်းဆုံးပဲ၊ သေခြင်းဟာ တစ်ခါတလေ ချိုမြိန်ပါတယ်ရှင့်"

သူမသည် မည်သူမည်ဝါ ဖြစ်သည်ကို သိသည်။ သွေးစွန်းသူသည် လှေမိသားစုမှ လက်ကျန်သားကောင် ရှောင်လှေမှလွဲ၍ မည်သူ ဖြစ်နိုင်ပါအံ့နည်း။ ရှောင်လှေသည် မိန်းကလေးကို မုန်းတီးစွာ စိုက်ကြည့်နေ ၏။ သူ ရပ်တည်နေခြင်းမှာ ထိုအမုန်းတရားကို အမာခံအထောက် အထားပြု၍ ရပ်နေခြင်းဖြစ်သည်။ ဧည့်ခန်း၏ နောက်၌ မီးများ တောက်လောင်နေလေပြီ။ လက်တစ်ဖက်ပြတ် ကြေးမျက်နှာဖုံးစွပ် လွှင့်ပစ်လိုက်သည့် မီးအိမ်မှ မီးများထတောက်ပြီး အိမ်ကို စွဲလောင်နေခြင်းဖြစ်သည်။

* * *

www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၉)
## အမုန်းရန်ငြိုး၊ သွေးရန်ငြိုး

"ရှင်. . . ထွက်သွားရင် ကောင်းမယ်. . . ရှင့်ကို ကျွန်မ မသတ်ချင်တော့ဘူး. . ."

မိန်းကလေးက ခါးဖြင့် ဂေဟာအပြင်ဘက်သို့ ထိုးညွှန်ပြပြီး ထွက်ခွာခွင့်ပေးသည်။ ရှောင်လွှကသူ့လက်ကို မြှောက်၍ လက်သီးဆုပ် ပြ၏။

"ရှင် ထွက်မသွားသေးဘူးလား. . ."

"မင်းကို သတ်မယ်. . ."

တကယ်တော့ အသံထွက်မလာပါ။ သို့သော် သူ့နှုတ်ခမ်းလှုပ်ပုံကို ကြည့်၍ မိန်းကလေးက သိလိုက်ခြင်း ဖြစ်ပါ၏။

"ဘာ. . ရှင်က ကျွန်မကို သတ်မယ်. . ဟုတ်လား. . ရယ်စရာ ကောင်းလိုက်တာ. ."

မိန်းကလေး၏ ချိုလွင်သော ရယ်သံသည် အခန်းထဲ၌ ပဲ့တင်ထပ် ဘောင်ခတ်သွား၏။

"ဒီမှာ ရှင်သိထားစမ်းပါ. . ရှင်က ရှင့်မိဘတွေအတွက် လက်စားချေချင်လို့ပေါ့ ဟုတ်လား၊ ရှင်က ရှင့်မိဘတွေအတွက် လက်စားချေတာ တရားတယ်ဆိုရင် ကျွန်မ လက်စားချေတာကလည်း တရားတာ ပေါ့ရှင်၊ ကျွန်မ အမေသေတယ်၊ ကျွန်မ အဖေ လက်ပြတ်တယ်၊ ဒီရန်



ကြွေးဟာ ဆယ့်သုံးနှစ်တောင်ကြာခဲ့ပြီ"

မိန်းကလေးသည် မရယ်တော့ပေ။ ခါးသီးစွာ ဆက်ပြောသည်။

"ကျွန်မ လုပ်ရပ် မှားတယ်ဆိုရင် ရှင့်လုပ်ရပ်လည်း မှားမှာပဲ၊ ဒါကို စွဲစွဲမြဲမြဲ မှတ်ထား၊ ဘယ်တော့မှ တစ်ဖက်သတ်မတွေးနဲ့"

သူမ၏ စကားများသည် ခါးပမာထက်မြက်လှ၏။ ရှောင်လွှ ဆွံ့အ ငိုင်နေသည်။ တကယ်တော့ သူ ဘာမျှမတတ်နိုင်ပါ။ ဘာမျှ မလှုပ်နိုင်ပါ။

"ကျွန်မ အမေကို ရှင့်အဖေသတ်တုန်းက ကျွန်မကိုယ်တိုင် မြင်ခဲ့တာပဲ. ."

"မင်း. . မင်း ကိုယ်တိုင် မြင်ခဲ့တယ်. . ဟုတ်လား"

ရှောင်လွှ၏ အသံထွက်လာသည်။ မိန်းကလေးက ခေါင်း ညိတ်ပြသည်။

"အဲဒီတုန်းက ကျွန်မဟာ ငယ်ငယ်လေးရှိသေးတယ်. . ဘာ သိုင်းပညာမှ မတတ်သေးဘူး. ."

သူမ၏ အသံများ တုန်ယင်လာ၏။

"ကျွန်မရဲ့မျက်နှာကို ရှင် မကြည့်ချင်ဘူးလား. ."

သူမသည် ပြောပြောဆိုဆို ကြေးမျက်နှာဖုံးကို ချွတ်လိုက်၏။ သူမ၏ ပကတိ မျက်နှာ ပေါ်လာသည်။ သူမ၏ မျက်နှာသည် အလွန် တရာလှပသော မျက်နှာ ဖြစ်သည်။ မည်သည့် ယောကျာ်းမဆို စွဲမက် ကြရမည့် မျက်နှာဖြစ်သည်။ တုလွတ်ကင်းသော အလှပိုင်ရှင်ဖြစ်သည်။ သို့သော် အလွန်တရာ လှပသော မျက်နှာပေါ်၌ အလွန် ရုပ်ဆိုးသော ဓါးဒဏ်ရာကြီး တစ်ခုရှိနေသည်။ ဓါးဒဏ်ရာသည် မျက်လုံးထောင့်မှ နှုတ်ခမ်းထောင့်စွန်းအထိ ရှည်လျားလေသည်။

အလွန်တရာ လှပ၍ လက်ရာမြောက်လှသော ပန်းချီကား တစ်ချပ်ပေါ်၌ အရူးတစ်ယောက် (သို့မဟုတ်) ကလေးတစ်ယောက်က

www.burmeseclassic.com

www.burmeseclassic.com



မီးသွေးခဲဖြင့် ထောင့်ဖြတ်ရေးခြစ်ထားသကဲ့သို့ အရုပ်ဆိုး အကျည်းတန်လှသည်။ သူမ၏ ယခုမျက်နှာသည် မြင်တွေ့ရသည့် မည်သူမဆို ထိုခါးဒဏ်ရာကြီးအတွက် လွန်စွာ နှမြောတသမည်မှာ သေချာလှသည်။

ထိုခါးဒဏ်ရာသည် သူမ၏အလှကို ဖျက်စီးရုံသာမက သူမ၏ဘဝကိုပါ ဖျက်စီးပစ်မှာ သေချာလှသည်။မိန်းကလေးသည် သူမ၏မျက်နှာပေါ်မှဒဏ်ရာကို လက်ညှိုးထိုးပြပြီး အံကြိတ်ကာ ပြောသည်။

“ဒီဒဏ်ရာကို ဘယ်သူ လက်ဆောင်ပေးခဲ့သလဲဆိုတာ ရှင်သိရဲ့လား. .”

ရှောင်လွေ့သည် မည်သည့် စကားမျှ မပြောနိုင်ပါ။

မိန်းကလေးက နာကြည်းစွာ ဆက်ပြောသည်။

“ရှင့်အဖေလေ၊ ရှင့်အဖေ တကယ့်သူရဲကောင်းကြီးပေါ့။ အဲ့ဒီတုန်းက ကျွန်မဟာ ငါးနှစ်သမီးပဲ ရှိသေးတယ်၊ ရှင့်အဖေလို ခါးဝိုင်ကြီးတစ်ယောက်က အသက်ငါးနှစ် အရွယ်သာရှိသေးတဲ့ ကလေးလေးကို အဲ့ဒီလို ရက်စက်နိုင်ခဲ့တယ်၊ ဒါတွေကို ရှင်သိရဲ့လား”

မိန်းကလေးက သူမ၏ မျက်နှာဖုံးကို ပြန်စွပ်လိုက်သည်။

“ဘာလဲ. . ရှင် ကျွန်မကို သတ်ချင်သေးသလား. . ရှင့်မိဘအတွက် ကျွန်မကို လက်စားချေချင်သေးသလား. .”

ရှောင်လွေ့မှာ ဘာကိုဆုံးဖြတ်ရမှန်း မသိအောင် ဖြစ်နေ၏။ ဤမိန်းကလေးဘက်က စာနာရမည်လား၊ သူ့မိဘအတွက် နာကြည်းရမည်လား။ သူ့ခန္ဓာကိုယ်သည် ပို၍ ဒယီးဒယိုင် ဖြစ်လာသည်။ မိန်းကလေးက အေးတိအေးစက် ပြော၏။

“ကျွန်မ ပြောချင်တာက ရှင့်အဖေ လွေ့ချုံးဆိုတာ နတ်သိကြား မဟုတ်ဘူး. . ခြောက်ပြစ်ကင်း သဲလဲစင်တဲ့ သူရဲကောင်းကြီး မဟုတ်ဘူး. . မင်းသားလို ကြည်ညိုစရာကောင်းတဲ့ ဧရာမ ပုဂ္ဂိုလ်ကြီး မဟုတ်ဘူးဆိုတာပဲ. .”



ရှောင်လွေ့က သူ့နားနှစ်ဖက်ကိုပိတ်ကာ အော်သည်။

“ထွက်သွား၊ မင်း ထွက်သွား၊ မင်း အမြန်ဆုံး ထွက်သွားပါတော့”

မိန်းကလေးက လှောင်ပြုံးပြုံးလိုက်သည်။

“ရှင် နားမထောင်ဝံ့တော့ဘူး ဆိုတော့လည်း ကျွန်မဆက်ပြောလို့ ဘယ်ဖြစ်တော့မလဲ. . ဆက်ပြောရင် ကျွန်မ ဒေါသထွက်လာရင် ရှင့်ကို သတ်ချင်စိတ်ပေါ်လာမယ်. .”

သူမသည် ချာခနဲ လှည့်ထွက်သွား၏။ ရှောင်လွေ့ကို တစ်ချက်မျှ လှည့်ကြည့်ခြင်း မရှိတော့ပါချေ။ နောက်ဘက်မှ မီးတောက်သည် တဖြည်းဖြည်း အရှိန်ပြင်း လာ၏။ ထုတ်တန်းနှင့် ခေါင်မိုးများကိုပင် မီးစွဲစပြုလာသည်။

ရှောင်လွေ့မှာ သူ့မိခင်နှင့် ဖခင် အလောင်းများကို သယ်ထုတ်သွားချင်သော်လည်း သူကိုယ်သူမှ အနိုင်နိုင်ဖြစ်နေသဖြင့် နောက်ဆုံး၌ လက်လျှော့ပြီး ခြေဒရွတ်ဆွဲဖြင့် အံကြိတ်၍ ထွက်ခွာရတော့သည်။ ဂေဟာနှင့် အတော်ဝေးသည့် နေရာရောက်မှ သူပုံလဲကျသွားသည်။ သူ၏ ခံနိုင်ရည်ရှိခြင်းက သူ့အား မီးဝါးမျိုမည့်ဘေးမှ ကာယ်တင်သွားခြင်း ဖြစ်သည်။ မိန်းကလေးသည် အမှောင်ထဲ၌ ပျောက်ကွယ်သွားသည်။ ရှောင်လွေ့လည်း ပြင်းထန်သော ဒဏ်ရာများဖြင့် ဂေဟာနှင့် မလှမ်း မကမ်း သစ်ပင်များအောက်၌ လဲကျနေ၏။ သူတို့ ပြန်မတွေ့ပါဟု မည်သူက အာမခံ ပြောကြားနိုင်ပါသနည်း။ ဆန်းကြယ်မှုဆိုသည်မှာ လူ့လောက၌ ဖြစ်တတ် သည့် သဘာဝတစ်ခု ဖြစ်ပါသည်။

* * *

www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၁၁)

## အချစ်နှင့် အမုန်း

ချမ်းချမ်းသည် ဆက်မပြေးနိုင်တော့ချေ။ သူမ၏ ခြေထောက်များကို ငုံ့ကြည့်မိသည်။

ဖိနပ်မပါဘဲ တရကြမ်း ပြေးခဲ့သဖြင့် သူမ၏ ခြေထောက်များ ပေါက်ပြဲနေခဲ့ချေပြီ။ သွေးစို့နေခဲ့ချေပြီ။

သွေးပုပ်နေစဉ် နာရမှန်း မသိသော်လည်း သွေးအေးသွားသည့် အခါတွင်မူ ခြေဖဝါးများ နာကျင်ကျိန်းစပ်လာသည်။

ဤသို့ ပြေးလွှားလာရာ၌ သူသည် ရှောင်လွှမှတစ်ပါး အရာရာကို မေ့လျော့ထားခဲ့၏။ ရှောင်လွှကိုတော့ သူမ လုံးဝမမေ့၍ မရပါ။ သူမ၏ အသည်းနှလုံးသည် အစိတ်အပိုင်းပေါင်းများစွာ ကွဲကြေသွားခဲ့လေပြီ။ သို့သော် ထိုအစိတ်အပိုင်း ကလေးများပေါ်၌ ရှောင်လွှ၏ အရိပ်များ ရှိနေသေး၏။

ထိုအရိပ်သည် အလွန်တရာ မုန်းစရာကောင်းသော အရိပ် ဖြစ်သည်။ အလွန်တရာ နာကြည်းစရာကောင်းသော အရိပ်ဖြစ်သည်။

"သူက ငါ့ကို ဘာကြောင့် အခုလို သစ်စိမ်းချိုး ချိုးလိုက်ရတာလဲ. . "

သူမသည် ထိုမေးခွန်းကို ရှောင်လွှအား မေးကြည့်ချင်၏။ ရှောင်လွှ၏ အသည်းနှလုံးကို စစ်ဆေးကြည့်ပါက ရှောင်လွှက



သူမကို တကယ်မုန်း မမုန်းသိနိုင်မည်ဟု သူမထင်သည်။

သို့သော် အခြေအနေက မပေးခဲ့ချေ။ ရှောင်လွှက သူမကို အဘယ်ကြောင့် ဤသို့ ခါးသီးရက်စက်စွာ အဆက်ဖြတ်လိုက်ကြောင်း သူမ သိခွင့်မရဘဲ ရှိခဲ့ပါသည်။

ယခင်က ချိုလွင်စွာ ပြောခဲ့သည့် စကား၊ ချိုမြိန်သော အနမ်းများစွာနှင့် ပွေ့ရှိန်းမြသော အတွေ့အထိများသည် ယခုအခါ ဆိုးဝါးသော ဝေဒနာ တစ်ရပ်ဖြစ်နေခဲ့သည်။

ချမ်းချမ်း၏ ဦးနှောက်က ရှောင်လွှအား မုန်းတီးရမည်ဟု အကြိမ်ကြိမ် တိုက်တွန်း လှုံ့ဆော်၏။ သို့သော် သူမ၏ နှလုံးသားကမူ သတိရ တမ်းတနေပေသည်။

သူမ၏ ဦးနှောက်များက အတိတ်မှ ကြည်နူးစရာများကို အမုန်းဖြင့် ဖုံးကွယ်ထားရန် အမိန့်ပေးနေသည်။

သို့သော် သူမ၏ နှလုံးသားကမူ အတိတ်ကိုပြန်လှန်တူးဖော်ရန် တိုက်တွန်း အားပေး၏။

ချမ်းချမ်း၏ ဝေဒနာကား ရှုံသွပ်သွားမလား ထင်ရအောင် ပြင်းထန်လှချေသည်တကား။

သူမသည် ပါးလွှာသော ဝတ်စုံကို ဝတ်ဆင်ထားရုံမျှမက ခြေကလည်း ဗလာဖြစ်နေသေးသည်။ သူမသည် သူမ တာဝန်ထမ်းဆောင်ခဲ့သည့် ဂေဟာကြီးဆီသို့လည်း မပြန်လိုတော့ပေ။

သူမသည် သူ့ကို သူသတ်သေရန် စဉ်းစားသေး၏။

သို့သော်. . .

"တစ်နေ့ကျရင် ရှင် နောင်တရစေရမယ်" ဟု သူမ ပြောခဲ့သေးသည် မဟုတ်ပါလော။

ချမ်းချမ်းသည် ရှောင်လွှနှင့် ခွဲခွာရခြင်းအတွက် မျက်

www.burmeseclassic.com

www.burmeseclassic.com



ရည်မကျလိုပေ။ သို့သော် မျက်ရည်များလည်း တားမရဆီးမနိုင်
တဖြိုင်ဖြိုင် ကျလာမိသည်။

"ချမ်းချမ်း. . ."

"ချမ်းချမ်း. . ."

ချမ်းချမ်းသည် သူမ၏ နာမည်ကို ခေါ်သံကြားလိုက်သ
ဖြင့် ထိတ်ခနဲ ဖြစ်သွားသည်။ ရှောင်လွှသည် စိတ်ပြေပြီး သူမ
လိုက်ချော့လေခြင်းလားဟု အထင်ရောက်ပြီး ရင်ခုန်လာသည်

"သူ. . သူ ငါ့ကို တကယ်ချစ်တာပါ. . အကြောင်းတစ်ခု
ရှိလို့ ငါ့ကို စိတ်နာအောင် သူ ပြောလိုက်တာပါ. . ."

ချမ်းချမ်းသည် တစ်ကိုယ်တည်း ပြောလိုက်မိသည်။

သူမသည် ရှောင်လွှ၏ အပြုအမူ အပြောအဆို အားလုံ
အတွက် ခွင့်လွှတ်ရန် အသင့်ဖြစ်နေသည်။ နာကြည်းစေခဲ့သည
စကားအားလုံးကို သင်ပုန်းချေမစ်ရန် သူမ အဆင်သင့် ဖြစ်နေခဲ့
ပြီ။ လှုရိပ်တစ်ရိပ် ပြေးလာနေသည်။

ချမ်းချမ်း စိတ်ပျက်သွား၏။ ထိုသူကား ရှောင်လွှ မဟုတ်ပ
ထိုသူသည် ရှောင်လွှ၏ သူငယ်ချင်းဖြစ်သူ ကျင်းချန်းသာ ဖြစ်ပါ
သည်။ ကျင်းချန်းသည် ရှောင်လွှကဲ့သို့ သိုင်းပညာတတ်သည်မှာမှန်၏
သို့သော် ရှောင်လွှကဲ့သို့ ခပ်တည်တည် ခပ်ထန်ထန် နေတတ်
မဟုတ်ပေ။ စာပေသမားတစ်ယောက်လို ယဉ်ကျေးသိမ်မွေ့သူ ဖြ
သည်။

သူတို့သည် အဖြူနှင့် အမည်းကဲ့သို့ လွန်စွာ ခြားနားသော
လူနှစ်ယောက် ဖြစ်သည်။ သို့သော် သူတို့သည် အလွန်တရာ ခင်မ
ရင်းနှီးသော သူငယ်ချင်းများ ဖြစ်နေသည်။

သူမနှင့် ရှောင်လွှ ချစ်နေကြသည်ကို ကျင်းချန်း တ



ယောက်တည်းသာ သိသည်။

"ကျင်းချန်း. ရှောင်လွှက ရှင့်ကို ခေါ်ခိုင်းလိုက်တာလား"

ချမ်းချမ်းက မျှော်လင့်ခြင်း ကြီးစွာဖြင့် မေးလိုက်မိလေ
၏။ ထိုသို့ မေးခွန်းမေးစဉ် သူမ၏ရင်သည် တဒိန်းဒိန်း ခုန်နေ
သည်။

"ဟင့်အင်း. ."

ချမ်းချမ်း၏ မျှော်လင့်ချက်တောင်ကြီးသည် သဲအိတ်ပြိုကျ
သကဲ့သို့ ပြိုကျပျက်စီးသွား၏။

"ဒါဖြင့် ရှင်က ဘာလာလုပ်တာလဲ. ."

"နှင့်ဆီလာတာပဲ. . ."

"ကျွန်မဆီကို ဟုတ်လား. အံ့သြစရာပဲ. . ကျွန်မ ဒီကို
ရောက်နေမယ် ဆိုတာ ရှင်က ဘယ်လိုလုပ် သိနေတာလဲ"

"ငါသိတာပေါ့။နင့်ကို ကာကွယ်ပေးဖို့ ငါ့မှာ တာဝန်ရှိနေတာ
. . ."

ချမ်းချမ်း အူကြောင်ကြောင် ဖြစ်သွားသည်။ သို့သော်
ချက်ချင်း သဘောပေါက်သွားသည်။ သူ သူငယ်ချင်း၏ ချစ်သူဖြစ်၍
ကာကွယ်ပေးခြင်းသာ ဖြစ်သည်ဟု သဘောပေါက်သွားသည်။

ချမ်းချမ်းက ရှောင်လွှနှင့် သူမ၏ နောက်ဆုံး အခြေအနေ
ကျင်းချန်း မသိသေးဟု ယူဆသဖြင့် မေးခွန်းတစ်ခု မေးလိုက်
သည်။

"ရှင် သူကိုတွေ့ပြီးပြီလား. . ."

"ဟင့်အင်း. . မတွေ့သေးဘူး. . ."

ကျင်းချန်းသည် ယခုနောက်ပိုင်း၌ ရှောင်လွှနှင့် မတွေ့
သေးသည်မှာ မှန်သော်လည်း ရှောင်လွှနှင့် ချမ်းချမ်းတို့ တစ်စုံ

www.burmeseclassic.com

www.burmeseclassic.com



တစ်ခု ပြဿနာ အကြီးအကျယ် ဖြစ်တော့မည် ဆိုသည့်အချက်ကို ရောင်လွှ၏ အမှာစကားအရ သိရှိနေ၏။

"ကျွန်မတို့ နှစ်ယောက် လမ်းခွဲလိုက်ပြီ. . ရှင် မသိသေးဘူးလား. .

ကျင်းချန်းက ခေါင်းကို ယမ်းပြသည်။ ချမ်းချမ်းမှာ ထိုစကားပြောမိမှ ပြန်၍ မျက်ရည်လည်လာပြန်သည်။

ကျင်းချန်းကမူ ချမ်းချမ်း၏ ခြေထောက်များကို ကြည့်နေ၏။ ခြေထောက်၌ သွေးစွန်းနေသည် မဟုတ်ပါလော။

ကျင်းချန်းက. .

"ချမ်းချမ်း. . နင် အိမ်မပြန်ဘူးလား. ."

ချမ်းချမ်းခမျာ မျက်ရည်ပေါက်ပေါက် ကျလာ၏။

"ကျွန်မမှာ အိမ်မရှိတော့ဘူး. . အိမ်က ထွက်ပြေးလာခဲ့ပြီ. ကျွန်မ. . ကျွန်မ သေပစ်လိုက်ချင်တော့တယ်. ."

ကျင်းချန်းသည် သူမအား တပ်မက်စွာ ကြည့်သည်။ သူသည် သူ့သူငယ်ချင်းဖြစ်သူ၏ အမှာစကားကို မေ့လျော့သွားခဲ့ပြီ။ တကယ်တော့ မေ့ခြင်းမဟုတ်ပါ။ မေ့ပစ်ရန် ကြိုးစားခြင်းသာ ဖြစ်ပါသည်။ သူသည် သူငယ်ချင်း၏မျက်နှာကို မထောက်ထားသူသာ ဖြစ်ပါသည်။

"ချမ်းချမ်း. . နင် ဒီလိုလျှောက်သွားနေလို့ ဘယ်ဖြစ်မလဲ. နင့်အတွက် ငါ့မှာ တာဝန်ရှိတယ်၊ လာ. . ငါနဲ့ လိုက် ခဲ့ပါ. . နင့်ကို အဝတ်အစား ဝယ်ပေးမယ်၊ တည်းခိုခန်း တစ်ခုခုမှာ ခဏဝင်တည်းကြမယ်. . နောက်မှ စီးစဉ်ကြည့်ကတာပေါ့"

ကျင်းချန်းသည် သူမ၌ နေစရာအိမ် မရှိတော့ပြီဟု သိလိုက်ရသည့်အခါ လွန်စွာ ကျေနပ်သွား၏။ သူ့အကြံအောင်ရန် သေချာ



သွားပြီဟု ယူဆလိုက်၏။ ချက်ချင်းပင် အစီအစဉ် ရေးဆွဲလိုက်တော့သည်။ ပြေးစရာမြေမရှိရှာတော့သည့် ချမ်းချမ်းအဖို့ကား ပင်လယ်တွင်းမှ ကောက်ရိုးတစ်မျှင်ကိုသာ ဖမ်းဆုပ်ရရှာတော့သည်။

"ကျွန်မ. . . ကျွန်မ. . ."

သူမသည် စကားဆက်ပြောရန် မတတ်နိုင်ရှာတော့ပါ။

"ဘာတွေ ညာတွေ ပြောမနေပါနဲ့. . ငါ့ကိုဘာမှ အားနာစရာ မရှိပါဘူး၊တည်းခိုခန်းရောက်မှ ထပ်ပြီး တိုင်ပင်ကြတာပေါ့"

သူမသည် မျက်ရည်များကို သိမ်းလိုက်၏။ ရောင်လွှအား လွန်စွာ သတိရသည်။ သို့သော် တစ်ဖက်ကလည်း လွန်စွာမုန်းသည်။ သူမသည် ကျင်းချန်းနောက်မှ တိတ်ဆိတ်စွာ လိုက်သွားတော့သည်။

* * *

www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၁၁)
## စိတ်ထားဆန်းကြယ်သော မက်မန်းပွင့်

နေရောင်ခြည်သည် တောက်ပနေသည်။ ရှောင်လွေ၏ မျက်လုံးဖွင့်လိုက်သည့်အခါ မက်မန်းပင်ပေါ်မှ နီရဲသောပန်းများကို တွေ့လိုက်ရသည်။ သူသည် သူ့ကိုယ်သူ မသေနိုင်ဟု အမြဲထင်မှတ်ခဲ့၏။ ထင်မှတ်သည့်အတိုင်း သူ မသေသေးကြောင်း တွေ့ရ၏။

သူ့မျက်လုံးများသည် ပဘ်ဝန်းကျင် တစ်ခုလုံးသည် လှည့်ပတ်ကြည့်ရှုလိုက်ရာ ကြီးစွာ အံ့အားသင့်သွားရသည်။ မက်မန်းပင်အောက်၌ အဖြူရောင်ဝတ်စုံကို ဝတ်ဆင်လျက် အဖြူရောင်ဇာပုဝါကို မျက်နှာ၌ လွှမ်းခြုံထားသည့် မိန်းကလေးတစ်ဦးကို တွေ့လိုက်ရသောကြောင့် ဖြစ်သည်။ ရှောင်လွေ ထထိုင်ရန် ကြိုးစား၏။ သူ့ တစ်ကိုယ်လုံး နှင်းရည်များ စိုရွှဲနေသဖြင့် တစ်ညလုံး ဤနေရာ၌ 'သတိမေ့နေကြောင်း သူသိလိုက်ရသည်။ ခန္ဓာကိုယ် ပူခြစ်ခြစ်ဖြစ်နေကြောင်း၊ အဖျားရောဂါရနေပြီကို သူသိလိုက်ရပြန်သည်။ မသေသေးဘဲ ဤမျှသာ ရှိနေခြင်းကို သူကျေးဇူးတင်ရသေး၏။

ရှောင်လွေမှာ လွယ်လွယ်နှင့် ထထိုင်နိုင်သည် မဟုတ်ပါ။ ခက်ခဲစွာ ထထိုင်ရခြင်း ဖြစ်ပါသည်။ အဖြူရောင်ဝတ်စုံရှင် မိန်းကလေးက သူ့ဇာပုဝါကို ဖယ်ရှားခြင်းမပြုဘဲ လှမ်းမေးသည်။

"ရှင် ဘာဖြစ်လို့ လှုပ်လှုပ်ရှားရှား လုပ်နေရတာလဲ၊ ရှင့်



ဒဏ်ရာ သိပ်ပြင်းတယ်၊ ငြိမ်ငြိမ်ကလေး အိပ်နေ၊ မလှုပ်ပါနဲ့"

သူမ အသံချိုလွင်နေ၏။ ရှောင်လွေမှာ မျက်လုံးပိတ်လိုက်ရသည်။ သူ့ဦးခေါင်း တစ်ခေါင်းလုံး ချာချာလည်နေသည် မဟုတ်ပါလော။ ထိုမှု မူးနေသည့်ကြားထဲမှ ခါးရိုပ်များ၊ လူရိပ်များ၊ သွေးများ၊ မီးတောက် မီးလျှံများကို သတိရလိုက်သေးသည်။ သူသည် နောက်ဆုံးအဖြစ်အပျက်များကို သတိရလိုက်ချေ၏။

သူ့မိဘများ မသေဆုံးပုံကို သတိရလိုက်သောအခါ သူ့ တစ်ကိုယ်လုံး မီးထဲကျသွားသလို ခံစားလိုက်ရသည်။ လွေဂေဟာ မီးလောင်သည့် အထဲ၌ သူ့မိဘနှစ်ပါး၏ အလောင်းများ ပါဝင်သွားသည် မဟုတ်ပါလော။ နံနက်ခင်း၏ လေပြည်လေညင်းသည် ရှောင်လွေ၏ အနိဋ္ဌာရုံကိုမသိဘဲ တသုန်သုန် တဖြူးဖြူး တိုက်ခတ်လာသည်။ သူ့တာဝန်ကို သူ ထမ်းဆောင်မြဲ ထမ်းဆောင်သည်။

လွန်စွာ ကြည်နူးလန်းဆန်းဖွယ်ရာ ကောင်းလှသော လေနုအေးသည် ရှောင်လွေအား အေးမြလန်းဆန်းသွားအောင် မတတ်နိုင်ဘဲရှိသည်။ ရှောင်လွေသည် မျက်လုံးဖွင့်ကြည့်လိုက်၏။ မိန်းကလေး ရှိမြဲရှိနေပေသေးသည်။

"ငါက ဘယ်လိုလုပ် ဒီကို ရောက်လာတာလဲ. . မင်း ကယ်လိုက်တာ. . . ဟုတ်လား. . ."

"ဟင့်အင်း. . ဒီနေရာကိုတော့ ရှင့်ဘာသာ ကြိုးစားပြီး ထွက်လာတာပဲ. . . ကျွန်မကတော့ ရှင့်ကို စောင့်ကြည့်နေပေးတာပဲ ရှိပါတယ်. . . ဆေးဝါးနဲ့ ကယ်တင်တာတော့ မဟုတ်ပါဘူး. . ."

ရှောင်လွေ အံ့ဩသွားသည်။

"ဒါဖြင့် မင်းက ဘယ်သူလဲ. . ."

မိန်းကလေးက မက်မန်းပွင့် တစ်ပွင့်ကို ခူး၍ သူမ၏ ဆံကေသာ၌ ထိုးလိုက်သည်။ ရှောင်လွေ ချက်ချင်း အံ့သြသွားသည်။

www.burmeseclassic.com

www.burmeseclassic.com



"ဒါ. . ဒါကြေးမျက်နှာဖုံး စွပ်ထားတဲ့ မက်မန်းပွင့်ပါလား"

ရှောင်လွှေ လွှတ်ခနဲ ပြောသည့်စကားကို မက်မန်းပွင့်က ကြား၏။

"ရှင် ကျွန်မကို မှတ်မိလိမ့်မယ်ဆိုတာ သံသယမရှိပါဘူးရှင် မှတ်ဉာဏ်ကောင်းလိမ့်မယ်လို့ မျှော်လင့်ထားတာပဲ ဥစ္စာ"

မိန်းကလေးသည် ရှောင်လွှေကို အတန်ကြာ စိုက်ကြည့်ပြီး ထူးဆန်းစွာ မေး၏။

"ရှင်က လွှေချိုဖုံးရဲ့သား အစစ်လား. ."

ရှောင်လွှေက ဝန်ခံ၏။

"ဟုတ်တယ်. ."

"ရှင့်အဖေ သေသွားပြီဆိုတာ ရှင်သိရဲ့လား. ."

"သိတယ်. ."

"ရှင့်အိမ် မီးလောင်သွားတာကို မှတ်မိရဲ့လား. . . တစ်အိမ်လုံးကို လောင်ကျွမ်းသွားတာပဲ. ."

"သိတယ်. ."

မိန်းကလေးက သက်ပြင်းချလိုက်၏။

"အင်း. . အံ့ဩစရာပဲ. ."

"ဘာဖြစ်လို့ အံ့ဩရတာလဲ. ."

"ရှင့်ကြည့်ရတာ နည်းနည်းကလေးတောင်မှ တုန်လှုပ်ပုံ မရလို့ပါ. ."

"အပျက်တရားကို ကျုပ်မှ မတားဆီးနိုင်ဘဲ. . ဒီအတွက် ကျုပ် ဝိုနေလို့ အလကားပဲ. ."

"အခု ရှင့်မှာ ဘာမှမရှိတော့ဘူး. . အသက်တစ်ချောင်းပဲ ရှိတော့တယ်. . ရှင့် အသက်တစ်ချောင်းပဲ ကျန်တော့တယ် အဲဒါကို တော့ သိရဲ့လား. ."



ရှောင်လွှေက မျက်လုံးများကို ပြန်ပိတ်ရင်း ခပ်မာမာပင် ပြောသည်။

"သိတယ်. ."

မိန်းကလေးက သက်ပြင်းချသည်။

"ရှင်က သိတယ်. . သိတယ်လို့ချည်းပဲ ပြောနေတယ်. . ဒါပေမယ့် ရှင် ဘာမှမသိသလိုပါပဲ. ."

ရှောင်လွှေက မျက်လုံးများ ပြန်ဖွင့်ပြီး ရှင်းပြ၏။

"ကျုပ်က နဂိုကတည်းက ဒီလိုပဲ ပြောတတ်လို့ပါ. . ရှည်ရှည်ဝေးဝေး ပြောပြရင်တော့ ကျုပ် သိတယ်ဆိုတာ. ."

"ဘာပဲဖြစ်နေဖြစ်နေ. . ရှင်က ဒီအတိုင်းပဲလား"

ရှောင်လွှေက နာကြည်းစွာ ပြုံးလိုက်၏။

"အဲ့ဒီမေးခွန်းကို ကျုပ်ဖြေရတာ သိပ်ခက်ခဲတာပါပဲ. . . မင်းကြိုက်သလို ဆုံးဖြတ်ပါ. . . ကျုပ်ကို သတ်ချင်ရင်လည်း သတ်သွားပါ. . . မကြည့်ချင်ဘူးဆိုရင်လည်း ထွက်သွားပါ. . ."

"ရှင်ဟာ လူအသွေးအသား. . . လူအသည်းနှလုံးနဲ့ လူသားမှ ဟုတ်ရဲ့လားလို့ ကျွန်မ စဉ်းစားနေမိတယ်. . ."

"ကျုပ် လူတစ်ယောက်ပါ. ."

မိန်းကလေးသည် သက်ပြင်းချပြီး လှည့်ထွက်သွားသည်။

ရှောင်လွှေက လှမ်းပြောသည်။ သူ မအော်နိုင်ပါ။ အို့သော် သူ့အသံက ခပ်တိုးတိုးသာ ရှိပါသည်။

"ခဏကလေး စောင့်ပါ. . ."

မိန်းကလေး၏ ခြေလှမ်းများ ရပ်သွား၏။

"ဘာလုပ်မလို့လဲ. . . ရှင့်ကို ခေါ်သွားစေချင်လို့လား. ."

"မဟုတ်ပါဘူး. . မင်းနဲ့ကျုပ်က အကြွေးရှိနေတယ်. . . မင်းရဲ့အကြွေး ပြေသွားရအောင် ကျုပ်ကို သတ်သွားပေါ့. ."

www.burmeseclassic.com

www.burmeseclassic.com



မက်မန်းပွင့်က ပြုံးလိုက်၏။

"အစကတော့ ကျွန်မက ရှင့်ကို သတ်မလို့ပဲ. . . နောက်တော့ သတ်သင့် မသတ်သင့် စဉ်းစားနေမိတယ်. . . အခုစကားပြောပြီးတော့မှ ရှင့်ကို သတ်လို့ အပိုပဲဆိုတာ သိတော့တယ်. . ."

"ဘာ. . ."

ရှောင်လွှကအာမေဋိတ်သံ ပြုမိသည်။

ထို့နောက် ထပ်မေး၏။

"ဘာဖြစ်လို့ အပိုလို့ ထင်ရတာလဲ. . ."

"ရှင်က ကိုယ့်အသက်ကိုတောင် တန်ဖိုးမထားတဲ့လူပဲ. . ဒီတော့ ရှင်တောင်မှ တန်ဖိုးမထားတဲ့ အသက်ကို ကျွန်မက ဘာလုပ်ရမှာလဲ. . ."

ရှောင်လွှ ငြိမ်နေသည်။ သူ့အနေဖြင့် ပြောရန် စကားမရှိတော့ပါ။ မက်မန်းပွင့် ဆက်ပြောသည်။

"ဒါပေမယ့် ရှင် စိတ်မပူပါနဲ့၊ ကျွန်မ အလိုရှိတဲ့အခါမှာ ရှင့်ဆီမှာ အကြွေးလာတောင်းပါ့မယ်၊ ရှင်သာ ပေးနိုင်အောင် အသင့်ရှိပါစေ. . ."

သူမသည် သည်တစ်ကြိမ်တွင်တော့ နောက်သို့ လုံးဝပြန်မလှည့်တော့ဘဲ မက်မန်းပွင့်တောထဲသို့ ဝင်သွားလေတော့၏။ ရှောင်လွှသည် မက်မန်းပွင့်၏ ကြော့ရှင်းလှပသော ခန္ဓာကိုယ်ကလေးကို ငေးကြည့်နေမိ၏။ မိန်းကလေး ပျောက်ကွယ်သွားသောအခါမှ သူသည် ပြန်လှဲချလိုက်သည်။ အသေကောင်တစ်ကောင်လို ငြိမ်နေလိုက်သည်။

"ကိုယ့်အသက်တောင် ကိုယ်တန်ဖိုး မထားတဲ့ လူရဲ့အသက်ကို ကျွန်မ ဘာလုပ်ရမှာလဲ. . ."

မက်မန်းပွင့်၏ စကားများကို သူ ပြန်လည် ကြားယောင်



နေမိသည်။ သူ့ကိုယ်တိုင်ကကော သူ့အသက်ကို တန်ဖိုးထားပါရဲ့လား မသိခဲ့ပါ။ သူ့အသက်လည်း သူ တန်ဖိုးမထားချင်တော့ပါ။ သူသည် ယခင်က သူ့ဖခင်ကြီးကို လွန်စွာ ကြည်ညိုလေးစားခဲ့၏။ ဓါးဝိဇ္ဇာကြီး လွှချိုဖုံးသည် လွန်စွာ ကျော်ကြားသော သိုင်းသမားကြီး ဖြစ်၏။ သို့သော် မက်မန်းပွင့်က လွန်ခဲ့သည့် ဆယ့်သုံးနှစ်မှ အဖြစ်အပျက်များကို သက်သေသာဓကနှင့် ပြောပြလိုက် သောအခါ သူ့အကြည်ညိုဆုံးသော ဖခင်ကြီး၏ ရုပ်ပုံလွှာသည် လုံးဝပျက်စီးသွားခဲ့လေသည်။ ထိုအချိန်က သူသေလိုက်လျှင် ကောင်းလေစွဟုပင် မှတ်ယူမိသည်။ ယခုအချိန်၌မူ သူ့စိတ်ဓါတ်များသည် အံ့သြဖွယ်ကောင်းလောက်အောင် တည်ငြိမ်အေးဆေးနေခဲ့ပေပြီ။ ထိုစဉ် သူ့မိခင်၏ စကားများကို ပြန်လည် ကြားယောင် လာမိသည်။

"မင်း မသေရဘူး. . . ချမ်းချမ်းကို တွေ့အောင်ရှာရမယ် သူက သိပ်လိမ္မာတယ်. . . တို့မိသားစုအတွက် မျိုးဆက်သွေးမြေးမကလေး တစ်ယောက်ကတော့ ရနိုင်လိမ့်မယ်. . ."

ထိုအခါကျမှ ချမ်းချမ်းကို သူသည် သတိရမိတော့သည်။

"ချမ်းချမ်း. . . ချမ်းချမ်း. . ."

သူ့အသည်းနှလုံးထဲ၌ ချမ်းချမ်း၏အသံသည် မြည်ဟိန်းနေသည်။ သူ့ဘဝသည် သူ့အသက်သည် အဓိပ္ပာယ်မရှိတော့ဟု စောစောက သူယူဆခဲ့သည်။ ယခုတော့ ပြောင်းလဲသွားသည်။ သူ့၌ မျှော်လင့်ချက် ရောင်ခြည်ပေါ် လာသည်။

"ချမ်းချမ်း. . . ချမ်းချမ်း. . ."

ချမ်းချမ်းသည် သူ၏ အလုံးစုံသော မျှော်လင့်ချက်ဟုလည်း ခေါ်ဆိုနိုင်ပါ၏။

* * *

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၂)
## မျှော်လင့်ချက်မဲ့သော ခရီးသည်

ရှောင်လွှသည် ခက်ခဲစွာ ထရပ်လိုက်၏။ မီးလောင်မြေကို လှမ်းကြည့်သည်။ ထို့နောက် ဖြည်းညင်းစွာ လှည့်ထွက်ခဲ့၏။

တည့်တည့်မတ်မတ် လျှောက်နိုင်သည်တော့ မဟုတ်ပါ။ ဒယီးဒယိုင်ဖြင့် လျှောက်ရခြင်းသာ ဖြစ်ပါသည်။

သူ ဦးတည်သွားသောနေရာမှာ တောင်ခြေရှိ ရွာကလေး တစ်ရွာဆီသို့သာ ဖြစ်ပါသည်။ ထိုရွာအစွန်း၌ သေးငယ်သော်လည်း သပ်ရပ်သော အရက်ဆိုင်တစ်ဆိုင်ရှိ၏။ ထိုဆိုင်၌ အလွန် အရသာရှိသော အရက်ရရှိသည်။ သူနှင့် ချမ်းချမ်းသည် ထိုဆိုင်သို့ မကြာခဏ သွားတတ်၏။ ချိန်းဆိုထားသော ကျောင်းချန်းလည်း ရောက်လာတတ်၏။ သူတို့သုံးယောက်သည် ပျော်ပျော်ပါးပါးဖြင့် အရက်ကောင်းသောက်ပြီး ပျော်ရွှင်ခဲ့ကြသည်။ ထိုအချိန်များသည် ရှောင်လွှအတွက် အလွန်တရာ ပျော်ခဲ့ရသည့်-များရှည်ကာလများဖြစ်၏။ အဘယ်မှာလျှင် မပျော်ဘဲ ရှိပါအံ့နည်း။ အသက်နှင့်ထပ်တူချစ်ရသော အချစ်၊ အလွန်တရာ ခင်မင်ရင်းနှီးလှသော ချစ်မိတ်ဆွေ၊ မွှေးကြိုင်ချိုလွင်လှသော အရက်တို့နှင့် အတူရှိနေသော သူ့အဖို့ ပျော်ဖို့ချည်း မဟုတ်ပါလော။

သူ့ဘဝသည် မည်မျှ ပျော်စရာ ကောင်းလိုက်ပါသနည်း။

"ချမ်းချမ်းကို ခေါ်ခဲ့ပြီး အဲ့ဒီအရက်ဆိုင်မှာ စောင့်ပါ. . . နေရာလိုရင် အဲဒီဆိုင်ရှင် အဘိုးကြီးဆီမှာ အကူအညီတောင်းပါ ဘယ်



လောက်ကြာကြာ ငါလာတဲ့အထိစောင့်ပါ. . သူထွက်သွား မယ်လို့ပြော လိမ့်မယ်. . . မင်းက တစ်နည်းနည်းနဲ့ ဆွဲထားပါ. . ."

ဤစကားသည် ယမန်နေ့က ချမ်းချမ်းနှင့် မတွေ့မီက ကျောင်းချန်းအား သူက ပြောကြားခဲ့သည့် စကားများ ဖြစ်ပါသည်။

လူတိုင်း ကိုယ့်ကိုယ်ကိုယုံကြည်သကဲ့သို့ ရှောင်လွှက ကျောင်းချန်းအား ကိုယ်နှင့်ထပ်တူ ယုံကြည်ခဲ့ပေသည်။ တောင်ခြေရှိ ရွာကလေးသည် ဝေးလှသည်တော့မဟုတ်။ သို့သော် ကျန်းမာပကတိ ချမ်းသာခြင်း မရှိသော ရှောင်လွှ အတွက်မူ လွန်စွာဝေးလံပါသည်။ သူ့အတွက် မြင်းတစ်စီးရရန် လိုအပ်နေပါသည်။ သူသည် ဒဏ်ရာရထားသူ ဖြစ်ပါသည်။ သူ့တစ်ကိုယ်လုံး နီရွှဲနေသည်။

သူ့ကိုမြင်သည်နှင့် လူအများ ထိတ်လန့်သွားနိုင်သည်ကို ရိပ်မိသဖြင့် သူသည် လမ်းဘေး၌ တွေ့ရသော စမ်းချောင်းတစ်ခု၌ ဆေးကြော သန့်စင်ရသေးသည်။ ပြီးစလွယ် လုပ်ရခြင်းသာ။

ရှောင်လွှသည် ခက်ခဲစွာ သွားသည်။ ပင်ပန်းစွာ သွားသည်။ ဇွဲရှိသော ရှောင်လွှသည် နောက်ဆုံး၌ အောက်ခြေရွာကလေးသို့ ဆိုက်ရောက်လာလေ၏။ ဖြစ်ကတတ်ဆန်း ပြုလုပ်ထားသည့် အရက်ဆိုင်မှ ဆိုင်းဘုတ်ကလေးသည် ရှောင်လွှအား တက်ကြွလန်းဆန်း လာစေသည်။ ရှောင်လွှ၏ ဒရွတ်ဆွဲသော ခြေလှမ်းများသည် ယခင်ကထက် ပို၍ သွက်လာ၏။ ဆိုင်အနီးသို့ ရောက်ရှိလာသည်။ ကလားတံခါးမှလှမ်း ကြည့်လိုက်ရာ ဆိုင်ထဲ၌ လူသိပ်မများလှကြောင်း တွေ့လိုက်ရသည်။

ဆိုင်ရှင်အဘိုးအိုသည် တစ်ခေါင်းလုံး ဆံပင်များ ဖွေးဖွေးနေသဖြင့် အရက်သောက်သူများက ခေါင်းဖြူကြီးဟု ချစ်စနိုးခေါ်ကြ၏။ အဘိုးအိုသည် မြင်းမြီးတုတ်ဖြင့် ယင်ကောင်များကို ခြောက်လှန့်နေသည်။ သူ့စားပွဲပေါ်၌ အရက်သောက်သူများကို ရောင်းချရန် အသင့် ချက်ပြုတ်ပြီးသော ဟင်းလျာများ ရှိသည်။ အဖိုးတန်ဟင်းလျာများ

www.burmeseclassic.com

www.burmeseclassic.com



မဟုတ်သော်လည်း အရက်နှင့် မြည်းရန်အတွက်မှု သိပ် မဆိုးလှပါ။

ရှောင်လွှေ ဆိုင်ထဲသို့ ဝင်လာ၏။ ဆိုင်ထဲမှ အရက်သောက်သူများသည် ရှောင်လွှေကို တွေ့လိုက်သည်နှင့် အကြီးအကျယ်ထိတ်လန့်ကုန်သည်။ သူမည်မျှ ဆေးကြောခဲ့၊ ဆေးကြောခဲ့ သာမန် အရုပ်သားအတွက် သူသည် ထိတ်လန့်တုန်လှုပ်စဖွယ် ဖြစ်နေသေးကြောင်း ရှောင်လွှေ ဂရုမပြုပါ။ သူသည် ဆိုင်ရှင်အဘိုးအိုထံသို့သာ အမြန်ဆုံး ချဉ်းကပ်သွားသည်။ အဘိုးအိုမှာလည်း အခြားသူများနည်းတူ ထိတ်လန့်တုန် လှုပ်သွားသည်။ ရှောင်လွှေက အရေးတကြီး မေး၏။

"ကျင်းချန်းနဲ့ ချမ်းချမ်းတို့ ဘယ်မှာလဲ. . . သူတို့ မလာကြဘူးလား. . . သူတို့ ဘယ်သွားကြသလဲ. . ."

အဘိုးအိုသည် ရှောင်လွှေကို ဖေးမရန်-ဟန်ပြင်လိုက်၏။ ရှောင်လွှေက အဘိုးအို၏ လက်ကို ပုတ်ထုတ်လိုက်လေသည်။

"ကျင်းချန်းနဲ့ ချမ်းချမ်းတို့ ဘယ်မှာလဲ. ဒါပဲ ပြောစမ်းပါ. ."

"မင်း ဘယ်လိုဖြစ်လာတာလဲ. . မင်းကိုယ်မင်း ပြန်ကြည့်စမ်းပါဦး. . . မင်းကိုယ်ထက် ဘယ်သူကများ ပိုအရေးကြီးဦးမှာလဲ"

"ဒါတွေ အရေးမကြီးပါဘူး. . . ကျွန်တော် မေးတာကိုသာ မြန်မြန်ဖြေစမ်းပါ. . ."

"သူတို့ မလာကြဘူးလား. . ."

"မနက်တုန်းက ရောက်လာကြပါတယ်. . ."

ရှောင်လွှေသည် အဘိုးအိုကြီး၏ လက်မောင်းကို ကိုင်၍ လှုပ်ခါလေ၏။

"အခု. . . အခု. . . သူတို့ကော. . ."

ရှောင်လွှေမှာ ဦးခေါင်းထက်သို့ မိုးကြိုးရှစ်စင်း ဝစ်ချခံလိုက်ရသလို ခံစားလိုက်ရသည်။ သူက ရင်တုန်စွာ မေးလိုက်လေ၏။

"ထစ်ယောက်ယောက်က သူတို့ကို လာခေါ်သွားလို့လား"



"ဘယ်သူမှလာခေါ်တာ မတွေ့ပါဘူး, သူတို့ဘာသာသူတို့ ထွက်သွားကြတာပါ. . . သူတို့ ဆန်ပြုတ် နှစ်ခွက်သောက်သွားတယ်. အရက်တောင် သောက်မသွားကြဘူး. . မင်းပါမလာလို့ ငါတောင် အံ့သြသေးတယ်. . ."

"သူတို့က ဘာဖြစ်လို့ ထွက်သွားကြရတာလဲ. . . ဘာဖြစ်လို့ ကျွန်တော့်ကို မစောင့်ရတာလဲ. . ."

ရှောင်လွှေသည် ကမ္ဘာ့ရှုးတိုးဖြင့် မေးခွန်းများကို ထုတ်နေသည်။ အဘယ်ကြောင့် ဤသို့ဖြစ်နေရသည်က အဘိုးအို သဘောပေါက်ပါ၊ ထူးတော့ ထူးသည်ဟုသာ တွေးနေသည်။

"သူတို့မပြောဘဲ ငါက ဘယ်သိမှာလဲကွာ. . ."

ရှောင်လွှေသည် သူ့ဆန္ဒာစောနေသည်ကို နားလည်သွားပြီး အဘိုးအိုအား ဆုပ်ကိုင်ထားသည့် သူ့လက်များကို ဖြေလွှတ်လိုက်သည်။ နောက်သို့ ခြေတစ်လှမ်းပင် ဆုတ်သွားသည်။

"သူတို့ ဘယ်တုန်းက ထွက်သွားကြတာလဲ. . ."

"အတော်ကြာသွားပြီ. . ဆန်ပြုတ်သောက်ပြီးတာနဲ့ ထွက်သွားကြတာပဲ. . ."

"ဘယ်လမ်းက သွားတာလဲ. ဘယ်ဘက်ထွက်သွားတာလဲ"

အဘိုးအိုက ခေါင်းကို ခါယမ်းပြလေ၏။ ရှောင်လွှေက. .

"သူတို့ ဘာတွေမှာခဲ့သေးလဲ. . ."

"ဘာမှမမှာခဲ့ဘူး. . ."

အဘိုးအို၏ ပြတ်သားစွာ ပြောလိုက်သည့် စကားသံက ရှောင်လွှေအား အရုပ်ကြိုးပြတ် ဖြစ်သွားစေတော့သည်။

* * *

www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၁၃)
## စောင့်ဆိုင်းရသော ဝေဒနာ

ကဲလားတံခါးမှနေ၍ အပြင်သို့ ကြည့်လျှင် တောင်စောင်
ပေါက်နေသည့် ဝါးပင်များ လေတိုးသဖြင့် ယိမ်းထိုးနေပုံကို
မြင်ရသည်။ တောင်ခြေအောက်ဘက်ရှိ ရွာတန်းရှည်ကလေးကိုလည်
တွေ့မြင်နိုင်သည်။

ငှက်ပေါင်သံသဲ့သဲ့နှင့် အော်ခေါ်သံ သဲ့သဲ့ကိုလည်း ကြ
နိုင်သည်။ ဤနေရသည် အလွန်ကာရာ ဆိတ်ငြိမ်သော နေရာဖြစ်သည်
သို့သော် ရှောင်လွှ၏ ရင်ထဲ၌မူ အေးချမ်းမှုမရှိဘဲ ဖြစ်နေသည်

သူသည် အဘိုးအိုရှေ့ရှိ ဝါးကုလားထိုင် တစ်လုံးပေါ်
ခြေပစ်လက်ပစ် ထိုင်နေသည်။ သူ့လက်ထဲရှိ အရက်ခွက်ကလ
ပြောင်သလင်းခါနေချေပြီ။

အဘိုးအိုသည် နောက်ထပ် အရက်တစ်အိုး ထပ်ချပေးသ
မည်သည့် အခြေအနေအရ ဖြစ်စေ ရှောင်လွှ အနေဖြင့် အရက်
များ သောက်သင့်နေကြောင်း အဘိုးအိုသိရှိသည်။ အမြည်းအ
ဟင်းလျာပန်းကန်ကိုလည်း ရှေ့သို့ ချပေးသည်။

"မောင်ရင်. . အရက်လည်းသောက် အစားလည်း
မင်းအနေနဲ့ အခုအချိန်မှာ အရက်ကော၊ အစားကော လိုနေ

ရှောင်လွှသည် အဘိုးအို ပြောနေသည့် စကားမ



မကြားပါ။ သူ့ရင်ထဲက မေးနေသည့် မေးခွန်းများကိုသာ ကြားနေ
ပါသည်။

"သူတို့က ဘာကြောင့်ငါ့ကို မစောင့်တာလဲ၊ ကျင်းချန်းက
လည်း ငါ ပြောထားသလို သူ့ကို ဘာဖြစ်လို့ ဆွဲမထားတာလဲ. . သူပဲ
စောင့်ရှောက်ပါ့မယ်လို့ ငါ့ကို ကတိပေးထားတာပဲ မဟုတ်လား"

သူသည် ကျင်းချန်းအား လုံးဝ ယုံကြည်သည်။ ကျင်းချန်း
သည် သူ့ကို တစ်ကြိမ်တစ်ခါမှ မလိမ်ခဲ့ချေ။ သို့စဉ်လျက် အဘယ်
ကြောင့် သူမှာကြားထားသည့် အတိုင်း ဖြစ်မလာပါသနည်း။

သူသည် အရက်ခွက်ထဲသို့ အရက်များ ထပ်ဖြည့်ပြီးမော
မြန်သည်။ ရှောင်လွှသည် ကျင်းချန်းနှင့် ချမ်းချမ်းတို့ ပြန်လာနိုး
နိုး ထိုင်စောင့်နေခြင်းဖြစ်သည်။ စောင့်ဆိုင်းရသော ဝေဒနာ၏
ခါးသီးမှုကို စောင့်ဆိုင်းဖူးမှသာ သိရှိနိုင်ပေသည်။

နေဝင်ဆည်းဆာ၏ အလှသည် တောင်ခြေ၌ သာယာလှ
သည်။ သို့သော် ရှောင်လွှ စိတ်မဝင်စားပါ။ မကြာမီ နေလုံး
ပျောက်ကွယ်သွား၏။ အမှောင်သည် ချက်ချင်းကြီးစိုးလာ၏။ ပိုး
ရွစ်ကလေးများ၏ စီစီကျာကျာ အော်သံကိုပင် ကြားလာရသည်။

ထိုအချိန်၌ ရှောင်လွှ၏ ခန္ဓာကိုယ်ပေါ်မှ များစွာသော
ဒဏ်ရာများကို အဘိုးအိုက အရက်ဖြင့် လောင်းချပေးထားပြီး ဖြစ်
သည်။ ထို့ကြောင့် သူ့တစ်ကိုယ်လုံး အရက်နံ့ နံ့နေပေသည်။ ဤသို့
လုပ်လျှင်လည်း မရပေ။ အဘိုးအိုက ဆေးထည့်ပေးမည် ပြော
သော်လည်း ရှောင်လွှက လက်မခံခဲ့ချေ။ ထို့ကြောင့် အလွယ်ဆုံး
သော ကုသနည်းဖြင့် ကုသပေးထားရခြင်း ဖြစ်ပေသည်။

ညမိုးချုပ်သွားသည့်တိုင် ကျင်းချန်းနှင့် ချမ်းချမ်းတို့ ပြန်
မလာကြပါ။ ရှောင်လွှလည်း လူမှန်းသူမှန်း မသိအောင် မူးနေလေ

www.burmeseclassic.com

www.burmeseclassic.com



ပြီ။ သို့သော်. . .

လူမှန်းသူမှန်း မသိအောင် မှုးခြင်းသည် အကြောင်းအ
ရာမှန်း အဖြစ်မှန် မသိအောင် မှုးခြင်းတော့ မဟုတ်ပါချေ။ သတိ
စရာရှိသည့် အရာများကိုတော့ မမေ့နိုင်ပါချေ။

ဆိုင်ရှင်အဘိုးအိုသည် စားပွဲပေါ်၌ ခေါင်းစိုက်ကျနေသည့်
ရှောင်လွှကို ကြင်နာစွာ ငုံ့ကြည့်နေလေ၏။

"ဪ. . မိန်းမ. . မိန်းမ. . မိန်းမဆိုတာ မီးနဲ့အတူတူ
ပဲလား. . . ဒီသူငယ်ခမျာ မီးလောင်ခံရရှာတာပါပဲလား. . "

သူသည် ထိုင်ခုံတစ်လုံးကို ဆွဲယူလိုက်ပြီး ရှောင်လွှ
ဘေး၌ ထိုင်လိုက်၏။ ရှောင်လွှ၏ မျက်နှာကို မေရအေးအေးပြ
ပက်လိုက်သည်။ ရှောင်လွှ ခေါင်းထောင်လာ၏။

"သူငယ်လေး. . "

"ကျင်းချန်းဆိုတာ မင်းရဲ့ မိတ်ဆွေလား. . . "

ရှောင်လွှက ခေါင်းညိတ်ပြ၏။

"ဒီသူငယ် နယ်ခြားကလာတာလို့ ကြားတယ်. . သူက ဒီ
သိုင်းပညာလာသင်တယ်. . . ကဗျာလင်္ကာလာသင်တယ်၊ မယ်တော်
ဘုရားကျောင်းရဲ့ နောက်ဘက်က ပန်းခြံထဲမှာ အဲ့ဒီ သူငယ်နေတာ
မဟုတ်လား. .

ရှောင်လွှက ထပ်မံ ခေါင်းညိတ်ပြပြန်၏။ ဤအဘိုး
ကြီးသည် လွန်စွာ အေးဆေး၏။ ကျင်းချန်း အကြောင်း သူမည်
စုံစမ်း သိရှိထားသနည်းဟု ရှောင်လွှ တွေးနေသည်။

"ဒီမှာ မောင်ရင်. . သူတို့ကို မင်း ဒီကစောင့်နေတာထ
အဲဒီ မယ်တော်ဘုရားကျောင်းရဲ့ အနောက်ဘက်က ပန်းခြံထဲ
သွားစုံစမ်းတာက ပိုကောင်းပါတယ်. . . "



အဘိုးအို၏ အကြံပေးစကားသည် လွန်စွာ ဆီလျော်သင့်
မြတ်ပါ၏။ ရှောင်လွှသည် ဒယီးဒယိုင်ဖြင့် ထကာ အဘိုးအိုအား
ဂါရဝပြုလိုက်၏။

"ကျေးဇူးတင်ပါတယ် အဘိုး၊ကျွန်တော့်ကို ခွင့်ပြုပါဦး "

သူသည် ချက်ချင်းပင် အရက်ဆိုင်ထဲမှ ထွက်လိုက်၏။
ဤမျှ အရက်သောက်ပြီး ဤသို့ လမ်းလျှောက်နိုင်သည့် ရှောင်လွှ
ကို အဘိုးအိုက အံ့ဩစွာ ကြည့်သည်။

ရှောင်လွှသည် လဲပြိုမလို ဖြစ်သွားသော်လည်း လုံးဝ
လဲချေ။ ဒယီးဒယိုင်ဖြင့်သာ ထွက်သွားသည်။

အဘိုးအိုက သက်ပြင်းချ၍ ပြောလေ၏။

"ယောကျာ်းလေးက နှစ်ယောက်. . မိန်းမလှလေးက တစ်
ယောက်. . အင်း. . သူဟို့မှ ဒုက္ခမရောက်ရင် ဘယ်သူ ဒုက္ခရောက်
တော့မှာလဲ. . "

* * *

www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၁၄)
## သစ္စာဖောက်သော မိဘ်ဖွေ

ရှောင်လွှသည် မယ်တော်ဘုရားကျောင်း၏ အနောက်ဘက်၌ရှိသော ပန်းခြံရှိရာသို့ ရောက်လာ၏။ စင်စစ် မယ်တော်ဘုရားကျောင်းက သပ်သပ်၊ ပန်းခြံကသပ်သပ် တသီးတခြားစီ တည်ရှိနေခြင်း ဖြစ်သည်။ ကျင်းချန်း နေထိုင်သည့် အိမ်ကလေးသည် ပန်းခြံ၏အနောက်ဘက်ဆုံး၌ တည်ရှိသဖြင့် မယ်တော်ဘုရားကျောင်းနှင့် ပို၍ဝေးသေးသည်။ ရှောင်လွှသည် ပန်းခြံကြီးထဲမှ ပန်းခြံကလေးဖြစ်သည့် ကျင်းချန်း၏ ခြံဝင်းထဲသို့ ဝင်လာ၏။ ခြံဝင်းထဲ၌ လှပသောပန်းမျိုးစုံ စိုက်ထားသည်။

ရှောင်လွှသည် ခြံထဲမှဖြတ်၍ အိမ်ဆီသို့ လျှောက်လာ၏။ တံခါးသော့ ခတ်ထားသည်။ အိမ်ထဲ၌ လူမရှိသည်မှာ ထင်ရှားနေပြီ။ ကျင်းချန်းနှင့် ချမ်းချမ်းတို့ ဤအိမ်၌ မရှိသည်မှာ သေချာနေပြီ။ သို့သော် ရှောင်လွှ စစ်ဆေးလိုသေးသည်။ ထို့ကြောင့် ကျောက်တုံးတစ်တုံးကို ရှာဖွေပြီး ထုရိုက်ဖျက်ဆီးဝစ်လိုက်သည်။ အခန်းတံခါးကို တွန်းဖွင့်ဝင်လိုက်သည်။ ဤအိမ်သည် သူ့အတွက် စိမ်းသောနေရာ မဟုတ်ပေ။ ဤအိမ်သို့ နှစ်ကြိမ်သုံးကြိမ် ရောက်ဖူးသည်။ သူဝင်သွားသော အခန်းသည် သန့်ရှင်း သပ်ရပ်နေသည်။ ကျင်းချန်း၏ ဝတ်စားဆင်ယင်မှု သန့်ရှင်းသပ်ရပ်ပုံနှင့် ဤအခန်း၏ သန့်ရှင်းသပ်ရပ်မှုသည် ထပ်တူထပ်မျှပင် ဖြစ်သည်။



အခန်းထောင့်၌ ကျင်းချန်း အိပ်စက်သည့် ခုတင်တစ်လုံးရှိ၏။ စားပွဲပေါ်၌ တရုတ်ဗျပ်စောင်း တစ်လက်ရှိ၏။ လှပသောကြွေပန်းအိုးနှင့် ဆယ့်နှစ်ရာသီခံ ပန်းပင်တစ်မျိုးရှိ၏။

နံရံ၌ သဘာဝရှုခင်း ပန်းချီကားချပ်များ ရှိ၏။ စာအုပ်စင်၌ စာအုပ်စာတမ်းများ ရှိ၏၊ ထိုအရာများမှာ ရှောင်လွှ မှတ်မိထားသည့် ယခင်ကရှိထားသော ပစ္စည်းများ ဖြစ်သည်။ ယခုအခါ၌ ခုတင်တစ်လုံးမှအပ အခြား မည်သည့်ပစ္စည်းမျှ မရှိတော့ပေ။ ဗျပ်စောင်းလည်း မရှိ၊ ပန်းအိုးလည်း မရှိ၊ ပန်းချီကားများလည်း မရှိ၊ စာအုပ်စာတမ်း များလည်း မရှိတော့ပေ။ ထို့ကြောင့် ရှောင်လွှ၏ မျက်စိထဲ၌ ကျင်းချန်း၏ အခန်းသည် ဟာလာဟင်းလင်းကြီး ဖြစ်နေသည်၊ သူမှတ်မိသော အရာတစ်ခုခု လိုနေသေးသည်ဟု ထင်သဖြင့် အသေအချာ စဉ်းစားကြည့်သောအခါ နံရံ၌ ချိတ်ထားသည့် ဓါးတစ်လက်လည်း လက်စ ပျောက်နေပြီဖြစ်ကြောင်း သတိရလာသည်။ ထိုဓါးသည် ကျင်းချန်း သိုင်းလေ့ကျင့်သော ဓါးဖြစ်သည်။

ရှောင်လွှ၏ ရင်ထဲ၌ ဟာသွား၏။ သူသည် စိတ်ပျက်လက်ပျက်ဖြင့် သစ်သားခုတင်ပေါ်၌ ဝင်ထိုင်ပြီး အခန်းတစ်ခန်းလုံးကို ကြည့်ရှုနေမိသည်။ သူသည် တံခါးမကြီးကို ကျော်၍ ငေးကြည့်နေမိသည်၊ သူ့မျက်လုံးများသည် ရှေ့မှအရာဝတ္ထုများကို မမြင်တော့ပါ။ သူ့ မျက်လုံးများ ရီဝေနေပါသည်။

ရှောင်လွှ တီးတိုး ရေရွတ်နေမိသည်။

“ကျင်းချန်း၊ ကျင်းချန်း မင်း ချမ်းချမ်းကို ခေါ်သွားပြီကိုး”

သူသည် ဤအဖြစ်ကို မယုံကြည်ချင်ဘဲ ရှိနေပါသည်။ သို့သော် လက်တွေ့အရ မယုံ၍မဖြစ်ဘဲ ရှိနေပြန်သည်။

သူ့မျက်ဝန်း၌ မျက်ရည်များ ရစ်ဝိုင်းလာ၏။ သို့သော် မျက်ရည်ပေါက်များ ကျဆင်းလာခြင်းတော့ မရှိပါ။ တကယ်တော့ ရှောင်လွှ၌ မျက်ရည်ကုန် နေပါပြီ။ သည်တစ်ကြိမ်ကျခြင်း ကျလျှင်

www.burmeseclassic.com

www.burmeseclassic.com



နှလုံးသွေးက ကျပေလိမ့်မည်။ ရှောင်လွှေသည် ကံကို ယိုးမယ်ဖွဲ့တတ်သူ မဟုတ်ပါ။ သို့သော် သူ၏ကံဆိုးမှုကိုမူ အပြန်ပြန် စဉ်းစားကြည့်နေမိသည်။ သူ၌ ဘာကျန်တော့သနည်း။ မက်မန်းပွင့် မိန်းကလေး ပြောသလို သူ့၌ အသက်တစ်ချောင်းသာ ကျန်ရစ်ပါတော့သည်။ တကယ်တော့ ဤအခြေအနေမျိုး၌ သူ့အသက် ရှင်သန်ခြင်း မပြုလိုတော့ပါ။ သို့သော် သူ့၌ ရည်ရွယ်ချက် တစ်ခုပေါ်လာသဖြင့် အသက်ရှင်သန်စိတ် ဖြစ်ပေါ်လာပြီး ငါအသက်ရှင်သန်ရမည်ဟု သန္နိဋ္ဌာန်ချမိသည်။ ထွက်ပြေးသွားသော မိတ်ဆွေတုမိတ်ဆွေယောင်အား မည်သည့်အရပ်သို့ လိုက်ရှာရမည်နည်း။ သူ၏အိမ်သို့ လာရှာသည်။ မိတ်ဆွေတုလည်း မရှိတော့။ သုခမိန်ကြီး ကွန်ဖြူးရှပ် ပြောခဲ့သည်။

'ဒေါသဖြစ်သူသည် အဆိပ်နှင့် ပြည့်လျှံနေတတ်သည်တဲ့. . .'

ရှောင်လွှေ၏ စိတ်နှလုံးထဲ၌ အဆိပ်များ ပြည့်လျှံနေပါသလား။ ရှောင်လွှေ၏ စိတ်နှလုံး၊ စိတ်ထားကား လွန်စွာထူးခြား၏။ ကျင်းချွန်းကို ဒေါသမဖြစ်ပါ။ ထို့ကြောင့် သူ့စိတ်နှလုံး၌ အဆိပ်များ ပြည့်လျှံမနေပါ။ သို့သော် သူသည် သူတော်စင်တစ်ယောက် မဟုတ်ပါ။ သူတော်စင်တစ်ယောက် မဟုတ်သည့် လူတစ်ယောက်ထံ၌ ဤသို့သော စိတ်ထားမျိုးရှိနေခြင်းကြောင့် ထူးခြားသည်ဟုဆိုရခြင်း ဖြစ်သည်။ ရှောင်လွှေသည် သစ္စာမဲ့သော မိတ်ဆွေ၏ ခုတင်ပေါ်၌ ကျောခင်းလိုက်၏။ လေပြည်လေညင်းသည် တံခါးမကြီးကို ဖြတ်၍ တသုန်သုန် တိုက်ခတ်လာ၏။ ရှောင်လွှေ၏ ရင်ကိုတော့ မအေးစေပါ။ မည်ကဲ့သို့သော လေနည်း။ မည်ကဲ့သို့သော မိတ်ဆွေနည်း။

မည်ကဲ့သို့သော လောကနည်း။

* * *



## အခန်း(၁၅)
## တန်ဖိုးမရှိသော အသက်

တံခါးဝ၌ လူတစ်ယောက်အရိပ် ပေါ်လာ၏။

ယောက်ျားတစ်ယောက် မဟုတ်ပေ။ ကိုယ်လုံးကိုယ်ထည် ကြော့ရှင်းလှပလှသော မိန်းကလေး တစ်ယောက်သာ ဖြစ်သည်။ အဖြူရောင်ဝတ်စုံကို ဝတ်ဆင်ထားသည်။ ရှောင်လွှေသည် တံခါးဝ၌ သူမ လာရပ်သည်ကို သိသည်။ ထမထိုင်ပါ။ ထ၍ မကြိုဆိုပါ။

မိန်းကလေးသည် ဇာပုဝါအုပ်ထားသည့် မျက်နှာဖြင့် ရှောင်လွှေကို ငုံ့ကြည့်သည်။ သူမ၏ မျက်လုံးများသည် ကြယ်ပွင့်ကလေးများကဲ့သို့ ဝင်းလက် တောက်ပနေသည်။

"ချမ်းချမ်း. . ချမ်းချမ်း. . . မင်း ဘယ်မှာလဲကွယ်. . မင်း ဘယ်များ ပုန်းရှောင်သွားသလဲကွယ်. ."

ထိုစကားများသည် ရှောင်လွှေ ထုတ်ဖော် မြည်တမ်းနေခြင်း မဟုတ်ပါ။ ရင်ထဲမှ မြည်တမ်းနေခြင်းသာ ဖြစ်ပါသည်။

သူသည် ချမ်းချမ်းကို လုံးဝ အပြစ်မတင်ပါ။ ချမ်းချမ်း နာကြည်းသွားအောင် ပြုလုပ်သည့် အမိက တရားခံမှာ သူသာပင် မဟုတ်ပါလား။ သူမ နာကြည်းသွားခြင်းအတွက် သူ့မှာ၌ အပြစ်မရှိပါချေ။ သူသည် ကျင်းချွန်းကိုတော့ ထည့်မတွက်ချေ။ သစ္စာဖောက်တတ်သော မိတ်ဆွေတစ်ဦးကို ရရှိခဲ့ခြင်းမှာ သူ့ကံဆိုးမှု တစ်ရပ်ပင် ဖြစ်သည်။ မက်မန်းပွင့်သည် ရှောင်လွှေ အိပ်နေသည့် ခုတင်စောင်း

www.burmeseclassic.com

www.burmeseclassic.com



၌ တင်ပါးလွှဲ ဝင်ထိုင်လိုက်၏။ သူမ၏ လက်ထဲ၌ မက်မန်းပွင့်ကလေး တစ်ပွင့် ပါလာသည်။ သူမသည် မက်မန်းပွင့်ကလေးကို လှည့်ပတ်ဆော့ကစားရင်း ရှောင်လွှေအား မေးလိုက်၏။

"ရှင့်လိုလူမျိုးမှာ ချစ်သူရည်းစားတော့ရှိမှာ. . . ရှင့်ချစ်သူ ဘယ်သူလဲ. . ."

သူမ၏စကားသံက စမ်းရေသံနှယ် သာယာလှပသည်။ ချိုလွင်လှသည်။ ရှောင်လွှေက သူမကို မကြည့်ချေ။ မျက်လုံးများကိုသာ စုံမှိတ်ထားသည်။ မက်မန်းပွင့်က ပြုံးလေ၏။

"သူ ဘယ်သူလဲဆိုတာတော့ ကျွန်မ မသိပါဘူး။ ဒါပေမယ့် သူနဲ့ အရက်ဆိုင်မှာ ချိန်းထားတယ် ဆိုတာတော့ ကျွန်မ သိတယ်"

ရှောင်လွှေက မျက်လုံး ဖွင့်မကြည့်ဘဲ ပြောလိုက်သည်။

"မင်းမသိတာ ဘာများရှိသေးသလဲ၊ ကျုပ်နဲ့ ပတ်သက်သမျှ ကျုပ်တို့မိသားစုနဲ့ ပတ်သက်သမျှ အရာအားလုံးကို မင်း သိနေတာပဲ. . ."

မက်မန်းပွင့်က တခစ်ခစ် ရယ်၏။

"ဟုတ်တယ်၊ရှင်နဲ့ပတ်သက်သမျှကို ကျွန်မသိထားအောင် ကြိုးစားရတာပေါ့ရှင်၊ ရှင့်အကူအညီ ကျွန်မယူဖို့ ရှိသေးတယ် မဟုတ်လား"

"ကောင်းပါတယ်. . မင်း ကြိုက်သလို လုပ်ပါ၊ နောက်ထပ် မင်း ဘာသိသေးလဲ. . ."

"ကျွန်မ အများကြီး သိတယ်လေ. . . ရှင့်ချစ်သူက ရှင့်ကို မစောင့်ဘဲ ထွက်သွားတယ်. . . နောက်ပြီး ရှင့်မှာ သစ္စာရှိ မိတ်ဆွေကောင်းကြီးတစ်ယောက် ရှိသေးတယ်. . ."

ရှောင်လွှေသည် ဤမိန်းကလေးက အရာရာကို သိနေကြောင်း တကယ်ယုံကြည်သွား၏။ သူမက ဆက်ပြောနေ၏။



"ရှင့်ရဲ့ အသက်နဲ့ထပ်တူ မြတ်နိုးအပ်သော ချစ်အပ်သော ချစ်သူနဲ့ ရှင့်ရဲ့ အလွန်တရာ သစ္စာရှိလှစွာသော မိတ်ဆွေကောင်းကြီးတို့ နှစ်ယောက် ပူးပေါင်းထွက်သွားကြပြီ. . . သူတို့ ဘယ်သွားတယ်ဆိုတာ ရှင် ဘယ်တော့မှ မသိနိုင်တော့ဘူး. . ."

ရှောင်လွှေ၏ ရင်ထဲနင့်၍ စူးစူးရှရှ နာကျင်သွား၏။

"ရှင်နဲ့ပတ်သက်တာတွေ ကျွန်မ တော်တော်ကလေး သိတယ်ဆိုတာ ရှင် လက်ခံပြီလား. . ."

"အစကတည်းက သံသယ မရှိပါဘူး. . လက်ခံပြီးသားပါ. မင်း သူတို့ ဘယ်မှာရှိတယ်ဆိုတာ ကျုပ်ကို ပြောပြပါလား. . ."

ဤကား ရှောင်လွှေက သူမာနကို တစ်ထစ်လျှော့လိုက် ခြင်းဖြစ်ပါသည်။ အချစ်အတွက် သူမာနကို လျှော့ချခြင်းဖြစ်ပါ၏။ မက်မန်းပွင့်က ရယ်သည်။

"ကျွန်မ တကယ်မသိဘူး. . . သိရင်လည်း ရှင့်ကိုပြောမပြဘူး. . ."

ရှောင်လွှေက ဖြည်းညင်းစွာ ခေါင်းညိတ်လိုက်သည်။

"ဒီလိုပဲ ဖြစ်ရမယ်. . . မင်းသိရင်လည်း ကျုပ်ကို ပြောပြမှာ မဟုတ်ဘူးဆိုတာ ကျုပ် သိထားဖို့ ကောင်းတယ်. . ."

မက်မန်းပွင့်က ရယ်၍ မေး၏။

"ကဲ. . . ရှင့်မှာ အခု ဘာကျန်သေးသလဲ"

"အသက်တစ်ချောင်း. . ."

"ခစ်. . ခစ်. . ခစ်. . အဲဒီအသက်တစ်ချောင်းကို ကျွန်မ ပိုင်တယ်ဆိုတာ ရှင် မမေ့ပါနဲ့. . ."

"မင်းက ကျုပ်ကို သတ်ချင်လို့လား. . ."

"ကျွန်မ သတ်ချင်ရင် ရှင်သေတာ ကြာပြီ. . ကျွန်မ မသတ်ချင်လို့ ဒီလောက်ထိ အသက်ရှင်ခွင့် ရနေတာပေါ့. . ကျွန်မ မေးတာ

www.burmeseclassic.com

www.burmeseclassic.com



ကိုသာ ဖြေစမ်းပါ. . ."

"ဘာလဲ. . ."

"ရှင့်မှာ အသက်ရှင်ချင်စိတ် ရှိသေးသလား ဆိုတာလေ"

"ကျုပ် မဖြေချင်ဘူး. . ."

"ကျွန်မ သိတယ်. . . ရှင် အသက်ရှင်လိုစိတ် ပြင်းထန်လာပြီဆိုတာ. . ."

"ဘာကြောင့်လဲ. . ."

"ရှင် ဒဏ်ရာတွေ သေသေချာချာ ဆေးမကုဘဲနဲ့ ဘာဖြစ်လို့ ဒီနေရာအထိ ရှင် ရောက်လာရတာလဲ. . ဟိုမိန်းကလေးကို ရှင် လိုက်ရှာနေတာ မဟုတ်လား. . ."

"မင်းနဲ့ မဆိုင်တဲ့ကိစ္စကို မပြောပါနဲ့. . ."

"ဘာဖြစ်လို့ မဆိုင်ရမှာလဲ. . ရှင့်အသက်ကိုတောင် ကျွန်မ ယူခွင့်ရှိနေတာပဲ ဥစ္စာ. . ရှင့်မိဘတွေက ကျွန်မ မိသားစု အပေါ်မှာ အများကြီး ဆိုးယုတ်ကြမ်းကြုတ်ခဲ့တယ်၊ အဲ့ဒီ အကြွေး မကြေသေးဘူး တကယ်တော့ ရှင့်အသက်ဟာ တိရစ္ဆာန် တစ်ကောင်လောက်ပဲ တန်ဖိုးရှိတော့တယ်. ."

ရှောင်လွေ ဒေါသထွက်သွားသည်။

"မင်း. . မင်း. . ကျုပ်ကို အဲဒီလိုပဲ ပြောရသလား"

သူသည် မက်မန်းပွင့်၏ လက်မောင်းကို လှမ်းဆွဲလိုက်သည်။ ဒဏ်ရာရနေသော လူတစ်ယောက်က ဤသို့ ပြုလိမ့်မည်ဟုလည်း မထင်။ ရှောင်လွေကိုလည်း ပေ့ါပေ့ါဆဆ သဘောထားမိသဖြင့် မက်မန်းပွင့်မှာ ရှောင်လွေ ဆွဲငင်ရာပါသွားပြီး ရှောင်လွေ၏ ရင်ခွင်ထဲသို့ ကျရောက်သွားလေတော့သည်။

* * *



## အခန်း(၁၆)
## အမိန့်ပေးလာသူများ

နွေးထွေးသော သူမ၏ခန္ဓာကိုယ်သည် ရှောင်လွေ၏ ခန္ဓာကိုယ်နှင့် ပူးကပ်သွား၏။ ရှောင်လွေသည် ရုတ်တရက် သူမကို တွန်းဖယ်ထုတ်ပြီး သစ်သားခုတင်ပေါ်မှ ထသည်။

ထို့နောက် အပြင်သို့ ထွက်ရန်ဟန်ပြင်လိုက်၏။

မက်မန်းပွင့်၏ မျက်နှာမှာ ရဲရဲနီသွားတော့သည်။ သို့သော် ဇာပုဝါအုပ်ထားသဖြင့် ရှောင်လွေသည် သူမ၏မျက်နှာကို သေချာစွာ မမြင်ရချေ။ သူမအား နူနာရောဂါသည်သဖွယ် တွန်းထုတ်ခြင်းသည် သူမအား စော်ကားခြင်းပင် မဟုတ်ပါလား။

"ရှင်. . . ရှင် လူမဟုတ်ဘူး၊ တိရစ္ဆာန်. . တိရစ္ဆာန်"

"ဟုတ်တယ်. . ကျုပ်ကို တိရစ္ဆာန်လိုပဲ သဘောထားလိုက်ပါတော့. ."

ရှောင်လွေသည် စကားဆုံးသည်နှင့် မက်မန်းပွင့်ကို ကျောခိုင်းကာ ထွက်ခွာလာခဲ့၏။

သူသည် မယ်တော်ဘုရားကျောင်းသို့ ဦးတည်လျှောက်လာ၏။ မယ်တော်ဘုရားကျောင်းသို့ သူဦးတည် လျှောက်လာရခြင်း အတွက် သူ့၌ ရည်ရွယ်ချက် ရှိသည်။ သူသည် ရုပ်ခန္ဓာပင်ပန်းမှုကို ခံနိုင်၏။ ခံနိုင်ရည် ရှိ၏။

သို့သော် စိတ်ပင်ပန်းမှုအတွက်တော့ မခံနိုင်ပေ၊ ခံနိုင်ရည်

www.burmeseclassic.com

www.burmeseclassic.com



မရှိချင်တော့ပါ။ သူ ကိုးကွယ်ရာ လိုအပ်လာသည်။

ထို့ကြောင့် မယ်တော်ဘုရားကျောင်းသို့ ဦးတည်လျှောက်လာခြင်း ဖြစ်ပေသည်။ မယ်တော်ဘုရားရုပ်တုသည် သူ၏ မိဘရား၊ အားထားရာ၊ လဲလျောင်းရာ မဖြစ်နိုင်တော့လျှင် ရှောင်လွေ ပြိုလဲကျရပေတော့မည်။ သူသည် ကျင်းချန်၏ အိမ်ရှေ့ရှိ ပန်းခြံကို ဖြတ်ကျော်၍ လျှောက်လှမ်းလာ၏။

မယ်တော်ဘုရား ရုပ်တုရှိသည့် ကျောင်းအဆောက်အဦး၏ နောက်သို့ ရောက်ရှိသွားရာ လက်ဝဲဘက်မှကွေ့၍ ကျောင်းတော်သို့ ဝင်သည်။ သူသည် ဝါးရုံတောကို ဖြတ်ကျော်လျှောက်လာ၏။ မြင့်မားရှည်လျားသော လှေကားထစ်များကို တစ်ထစ်ချင်း နင်းတက်လာသည်။ ခန်းမထက် ခြေချမိသောအခါ မယ်တော်နတ်ဘုရား၏ ခန့်ညားရဲရင့်သော ရုပ်တုတော်ကို တွေ့မြင်ရတော့သည်။

သူသည် မယ်တော်ဘုရား ရုပ်တုတော်ရှေ့တွင် ဒူးထောက်ထိုင်ချလိုက်သည်။ မယ်တော်ဘုရား၏ ကရုဏာတော်သည် သူ့အား ငြိမ်သက်မှုကို ပေး၏။ မယ်တော်ဘုရား၏ ခန့်ညားသော အမူအရာသည် လောကဓံကို ရဲဝံ့စွာ ရင်ဆိုင်ရန်အားပေး၏။ မယ်တော်ဘုရား၏ ရဲရင့်သော မျက်နှာတော်သည် သူ့အား သတ္တိကို ပေးလေ၏။

ခန်းမဆောင်ကြီးသည် ငြိမ်သက်နေ၏။ ရှောင်လွေသည် မယ်တော်ဘုရားနတ်ရုပ်၏ မျက်နှာတော်ကို မော့ကြည့်လိုက်၏။

မယ်တော်ဘုရား၏ မျက်လုံးအစုံသည် သူ့အား စိုက်ကြည့်နေသလို မဟုတ်ဘဲ သူ့နောက်ကျောရှိ တစ်စုံတစ်ဦးကို စိုက်ကြည့်နေသလို ထင်မှတ်လာ၏။ ထိုစဉ် သူ့ကျောရိုးတစ်လျှောက် အေးစိမ့်သွားပြီး ခံစားမှုကို ခံစားလိုက်ရသည်။ ဤကဲ့သို့ ကျောရိုးစိမ့်ခြင်း ခံစားမှုကိုယခုမှ ခံစားဖူးခြင်း မဟုတ်ပေ။ သူကလေးဘဝ ခုနှစ်နှစ် အရွယ်တုန်း



ကတည်းက ခံစားဖူးသည်။

ထိုအချိန် သူသည် အိမ်ခြံဝင်းထဲသို့ ဆော့ကစားနေချိန် ဖြစ်သည်။ သူ့နောက်ကျောမှ အဆိပ်ပြင်းသော မြွေတစ်ကောင်သည် သူ့ထံသို့ တဖြည်းဖြည်း တရွေ့ရွေ့ ဦးတည်လာသည်။

သူသည် မြွေကိုမတွေ့ပါ။ သူ ကစားခြင်း အမှုကို ချက်ချင်း ရပ်ဆိုင်းပစ်လိုက်မိသည်။

အဘယ်ကြောင့်ဆိုသော် ကျောရိုးထဲမှ စိမ့်၍ကြောက်သော ဝေဒနာတစ်ရပ်ကို ခံစားလိုက်ရသောကြောင့်တည်း။

ထိုအချိန်မှာပင် မြွေသည် ဘူ့ကိုယ်ပေါ်သို့ စတင်တက်နေပြီဖြစ်သည်။ သူသည် အလွန်တရာ ကြောက်ရွံ့မိ၏။

သို့သော် သူ အနည်းငယ် လှုပ်သည်နှင့် မြွေသည် သူ့အား ကိုက်တော့မည်ကို အရွယ်နှင့်မလိုက်အောင် နားလည်သိရှိခဲ့ပေသည်။ ထို့နောက် သူသည် မတုန်မလှုပ် ငြိမ်သက်စွာ ရပ်နေမိသည်။ မြွေဦးခေါင်း၏ နှစ်လက်မအကွာကို ဖမ်းဆုပ်နိုင်သည့်အချိန်တွင် သူသည် ထိုမြွေကို လျှပ်တစ်ပြက် ဖတ်ခနဲဖမ်းဆုပ်လျက် ခြံအပြင်ဘက်သို့ လွှင့်ပစ်ခဲ့သည်။

ထူးခြား တိုက်ဆိုင်မှုဟု ခေါ်ရမည်လား မသိ။ ရှောင်လွေ လွှင့်ပစ်လိုက်သည့် မြွေသည် သူတို့ ဂေဟာခြံဝင်းအနီး နံ့ကြောင်နံ့ဝှက် ကပ်လာကြသော အောက်လမ်းသိုင်းသမားတစ်ဦး၏ လည်ပင်းပေါ် ကျရောက်သွားပြီ ထိုလူမှာ မြွေကိုက်ခံရပြီး သေဆုံးသွား၏။

ထိုလူ၏ အဖော်နှစ်ဦးလည်း ကြောက်လန့်တကြား ပြေးထွက်သွားသည်။ သူ့အရွယ်ရောက်၍ သူ့ဖခင် ပြောပြသောအခါမှ ထိုလူသုံးယောက်သည် မိဘများအလစ်၌ ရှောင်လွေကို ပြန်ပေးဆွဲရန် လာခဲ့ကြသည့် လူဆိုးသိုင်းသမားများ ဖြစ်ကြောင်း သိခဲ့ရသည်။ သူ

www.burmeseclassic.com

www.burmeseclassic.com



သည် ထိုအချိန်မှစ၍ အန္တရာယ် ကျရောက်တော့မည့် အချိန်တိုင်း၌ ထိုသို့ခံစားရပြီး အန္တရာယ်၏ အငွေ့အသက်ကို ကြိုသိလေ့ရှိ ခဲ့သည်။ ဆဋ္ဌမအာရုံ ရှိသည်ဟုပင် ခေါ်ဆိုနိုင်ပေသည်။

ယခုလည်း သူ့နောက်ကျော၌ အန္တရာယ် ရောက်နေပြီဖြစ်ကြောင်း သူသိရှိလိုက်ပေပြီ။ သို့သော် ယခု ရောက်ရှိနေသည့် အန္တရာယ်ကား မြွေမဟုတ်ပေ၊ လူသုံးယောက် ဖြစ်သည်။

ထိုလူသုံးယောက်အနက် မီးခိုးရောင်ဝတ်ထားသည့် လူကား မြွေထက် ကြောက်စရာ ကောင်းသော လူဖြစ်၏။ အဆိပ်ဆိုသည်မှာ မြွေ၌သာ ရှိသည် မဟုတ်၊ လူ၌လည်း ရှိသည်။ လူဆိုးလူမိုက်ကို မြွေနှင့် ထပ်တူ ဥပမာ ပြုကြသည် မဟုတ်ပါလား။

ထိုလူသုံးယောက်သည် မည်သို့သော လူစားမျိုး ဖြစ်သနည်း။ ထိုသုံးယောက်ကား ကြေးစားလူသတ်သမားများ ဖြစ်ကြ၏။ သူတို့သည် အဘယ်ကြောင့် မယ်တော်ဘုရားကျောင်းသို့ ရောက် မှိုလာကြသနည်း။

မျက်လုံးသုံးစုံသည် ရှောင်လွှေကို အေးစက်စွာ ကြည့်နေ၏။ သူကို လူသေတစ်ယောက်အလား ထင်မှတ်ထားကြသည်လား မသိနိုင်ပေ။ ရှောင်လွှေသည် သူ့နောက်ကျော၌ လူရောက်နေပြီကို သိသည်နှင့် အသာအယာ နောက်သို့ ပြန်လှည့်လိုက်၏။

"ခင်ဗျားတို့ သုံးယောက်က ကျုပ်ကို သတ်မလို့လာကြတာလား"

မီးခိုးရောင်ဝတ်စုံ ဝတ်ဆင်ထားသည့် ထိုသုံးယောက်ထဲ၌ ခေါင်းဆောင်ဖြစ်ဟန်တူ၏။ သူ အေးစက်စက် ပြော၏။

"မသေချာသေးဘူး. . ."

ရှောင်လွှေ အံ့ဩသွားသည်။ ဤလူများသည် မည်သို့သော လူစားမျိုး ဖြစ်သနည်း။ ထို့ကြောင့် ပြန်လှန်မေးမိသည်။

"မသေချာသေးဘူး ဟုတ်လား. ."



မီးခိုးရောင်နှင့် လူက ခေါင်းညိတ်ပြသည်။

"ဟုတ်တယ်. . ဒီကိစ္စက ဒီတစ်ကြိမ်မှာ တို့အတွက် အထူးအဆန်း ဖြစ်နေတယ်. . တို့ သဘောကတော့ မင်းကို ပြန်သွားစေချင်တာပဲ. . ."

"ဗျာ. ပြန်သွားရမယ် ဟုတ်လား၊ ဘယ်ကိုပြန်သွားရမှာလဲ"

"ခုနက မင်းထွက်လာတဲ့ အိမ်ကိုလေ. . ဒီအိမ် ဘယ်သူ့အိမ်ဆိုတာတော့ တို့ မသိဘူး. . တကယ်တော့ ဒါဟာ တို့အလုပ် ဟုတ်ဘူး. ."

"ဘာသွားလုပ်ရမလဲ. ."

"လူတစ်ယောက်ကို သွားစောင့်ပါ. ."

"ဘယ်သူ့ကို သွားစောင့်ရမှာလဲ. ."

"ငါတို့ကို ငွေချေမယ့် လူကိုပဲ. ."

"ဗျာ. . ခင်ဗျားတို့ကို ငွေချေမယ့်လူ ဟုတ်လား. ."

"အင်း. ."

"ကျုပ် ဘာမှနားမလည်ဘူး. . ဘာ့ဖြစ်လို့ သူ့ကိုစောင့်ရမှာလဲ. . ခင်ဗျားတို့ကိုလည်း ကျုပ် မသိဘူး. . အဲ့ဒီလူကိုလည်း ကျုပ်သိမှာ မဟုတ်ဘူး. ."

"မင်းအနေနဲ့ ကျုပ်တို့ကို မသိနိုင်ပါဘူး. . ဒါ မဆန်းပါဘူး. . ဟိုလူကိုတော့ မင်းသိမှာပါ. ."

"ဘာဖြစ်လို့ ဟိုလူကို သိရမှာလဲ. . ."

ရှောင်လွှေ အံ့ဩရပြန်သည်။

"အဲ့ဒီလူကိုယ်တိုင်က ကျုပ်ကို သတ်မှာလား. . ."

မီးခိုးရောင်နှင့်လူက အေးစက်စက်ကြည့်ပြီး ခေါင်းညိတ်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ်၊ နို့မဟုတ်ရင် မင်းဟာ တို့နဲ့တွေ့ကတည်း
သေလူဖြစ်နေပြီ. . ."

"ခင်ဗျားတို့က အတော်ကြီးကျယ်တဲ့ လူတွေပဲ. . လော
မှာ ကိုယ့်ကိုကိုယ် အထင်ကြီးတဲ့လူလောက် အသုံးမကျတဲ့လူ
သူမှ မရှိဘူးဗျ. ."

ရှောင်လွေ၏ ရင့်သီးသော စကားကြောင့် မီးခိုးရေ
ဝတ်ဆင်ထားသော လူ၏ မျက်လုံးများ၌ လူသတ်ချင်သည့်
အယောင်များ ယှက်သန်းလာသည်။

"ဘယ်သူက မင်းကို လာတွေ့မယ်ဆိုတာကို မင်း နား
ရောပေါ့. ."

ရှောင်လွေ နားမလည်ပါ၊ ထိုသူပြောနေသည့် အခ
များကို လုံးဝနားမလည်ပါ၊ ထို့ကြောင့် ခေါင်းယမ်းပြလိုက်
"မင်း မသွားဘူးလား. . သွားမလား. . ."

မီးခိုးရောင်ဝတ်စုံ ဝတ်ဆင်ထားသူ၏ အသံသည် မိုးခြိ
ကဲ့သို့ ကျယ်လောင်စွာ မြည်ဟိန်းသွား၏။ သူသည် ရောက်လ
တည်းက အေးစက်စက် တိုးညှင်းညင်သာ ပြောသည်။

ယခုမူ သူ စိတ်မထိန်းနိုင်တော့ပေ။ သူ့အသံသည်
တော်ဘုရားကျောင်း တစ်ခုလုံး တုန်ခါသွားလောက်အောင် ပြင်
လှပေသည်။

* * *



အခန်း(၁၇)
ခေါင်းမာသော လူငယ်

မီးခိုးရောင်ဝတ်စုံနှင့်လူ၏ ဒေါသမပြီးဆုံးသေးမီ လူရိပ်
ည် ငိုးခနဲ ပြေးဝင်လာ၏။ မီးခိုးရောင်ဝတ်စုံ ဝတ်ဆင်ထားသည့်
သည် ရှောင်လွေအား ကျင်းချွန်း၏ အိမ်ကလေးဆီသို့ ပြန်ခိုင်းနေ
ည်။ ရှောင်လွေ ငြင်းဆန်သဖြင့် လွန်စွာ ဒေါသထွက်မိသည်။ ထို
ချိန်မှာပင် ရှောင်လွေသည် ရှိရှိသမျှ အင်အားများကို ညှစ်ထုတ်
ျက် ထိုသူ့ထံသို့ ပြေးဝင်သွား၏။

မီးခိုးရောင်ဝတ်စုံနှင့်လူ၏ လက်ထဲတွင် ဓါးရှည်တစ်ခု
ချောင်းကို ကိုင်ထားသည်။ သို့သော် ဓါးထက် စကားကို ပိုသုံးနေသဖြင့်
ါးသည် ရန်လူအား တိုက်ခိုက်ရန် အသင့်မဖြစ်ဘဲ ရှိနေသည်။

ရန်သူ သူ့ထံဝင်လာသည့်အခါ ဓါးကို မြောက်လိုက်သော်
ည်း သိသိကလေး နောက်ကျသွားခဲ့ပေပြီ။ ရန်သူသည် သူ့ရင်ဝသို့
ရောက်ရှိနေခဲ့လေပြီ။ အာဂလူသား. . .

ဒဏ်ရာအနာတရနှင့် အာဂလူသား. . .

ရှောင်လွေသည် လမ်းလျှောက်ရာ၌ပင် အားတင်း၍
လျှောက်နေရသူဖြစ်သည်။ ရန်သူအား လက်ဝါး၊ လက်သီး၊ ခြေ
ထောက်များဖြင့် မတိုက်ခိုက်နိုင်ပါ။

သို့သော် ရန်သူအား အပြင်းထန်ဆုံး ထိုးနှက် ကိုက်ခိုက်နိုင်

www.burmeseclassic.com

www.burmeseclassic.com



သည့် မာကျောသော အရာဆို၍ ဦးခေါင်းသာ ရှိသည်။

ထို့ကြောင့် ရှောင်လွှေသည် ရှိသမျှ ခွန်အားများကို ည…
ထုတ်လျက် ရန်သူ၏ ရင်ဝကို ခေါင်းနှင့် ပစ်တိုက်ခြင်း ဖြစ်သည…

"အုး. . ."

ဦးခေါင်းနှင့် ရင်ဝတိုက်မိသည့် အသံသည် ဤမျှပြင်းထ…
သည်။ သံတူတစ်လက်ဖြင့် ရင်ဝသို့ ရိုက်ချလိုက်သည့်အလား ဖြ…
ထန်သည်။

"ချွမ်း. . ချလွမ်း."

မီးခိုးရောင်ဝတ်စုံနှင့်လူ၏ လက်ထဲမှ ဓါးသည် ဘု…
ကျောင်း ကြမ်းပြင်ပေါ်သို့ ကျသွား၏။ ခန္ဓာကိုယ်သည်လည်း လွင့်…
သွားသည်။ လေထဲလွင့်သွားသည့် အချိန်မှာပင် သူသည် သွေးမျာ…
ထိုးအန်ပြီး ဖြစ်နေသည်။

ရှောင်လွှေ၏ ဦးခေါင်းမှလည်း သွေးများ ဖြာကျလာ…
သူရပ်နိုင်သေးသည်။ သို့သော် သူ မလှုပ်နိုင်တော့ပါ။

အခြားသော ရန်သူနှစ်ယောက်၏ ဓါးနှစ်လက်သည်
လည်ပင်းပေါ်သို့ ကတ်ကြေးကိုက် တင်ထားကြပြီဖြစ်သော…ကြ…
တည်း။ မီးခိုးရောင်ဝတ်စုံနှင့်လူကား အသက်ရှု ရပ်တန့်သွ…
ဖြစ်သည်။ သားကောင်မသေဘဲ မုဆိုးသေခဲ့လေပြီ။

ကျန်နှစ်ယောက်အနက်မှ တစ်ယောက်က စိတ်ကိုအ…
အမင်း ချုပ်တီးထားရသည့် လေသံဖြင့် အမိန့်ပေးလေ၏။

"မင်း အေးအေးဆေးဆေး ပြန်သွားမလား၊ ပြန်မသွား…
လား၊ ငါ တစ်ခွန်းပဲပြောမယ်၊ မင်း အခုချက်ချင်း ပြန်သွားစ…

ရှောင်လွှေခေါင်းကို ခါယမ်းရန် မသင့်တော့ပါ။ သူ့ ဦးခေ…
ကို ခါယမ်း၍လည်း မရပါ။ ကတ်ကြေးကိုက် ညှပ်ထားသ…



…းနှစ်လက်အကြား၌ အလွန်တရာ မိုက်မဲသော သူသာ သူ့ဦးခေါင်း
…ကို ခါယမ်းပါလိမ့်မည်။ ခေါင်းယမ်းလိုက်သည်နှင့် လည်ပင်းပြတ်သွား
…ည်မှာ သေချာလှတော့သည်။

"မင်း ပြန်မလား. . မပြန်ဘူးလား. ."

ရှောင်လွှေက မာကျောစွာ ပြော၏။ သူ့အဖြေက တိကျလှ
…သည်။

"မပြန်ဘူး. ."

ရန်သူ နှစ်ယောက်သည် သူတို့ အတော်ထိန်းသိမ်းနေကြရ
…သည်။ ရှောင်လွှေ၏ လည်ပင်းကို လှီးချလိုက်ချင်သည်မှာ လက်ယား
…နေပြီ။ တစ်ယောက်က အံကြိတ်၍ ကြိမ်းလိုက်၏။

"မင်း သေတော့မယ်. . ငါလှုပ်လိုက်ရင်. ."

ကျန်တစ်ယောက်က အရေးတကြီး ဝင်တား၏။

"မင်း မှားလိမ့်မယ်. . သူ့ကို အရှင်ပဲ လိုချင်တယ်ဆိုတာ
…း မမေ့ပါနဲ့. ."

ကျန်တစ်ယောက်သည် သူ့ဒေါသကို အနိုင်နိုင် မျိုသိပ်
…ိန်းသိမ်းနေရသည်။

"ဒီပုံအတိုင်းဆိုရင် သူ့ကို ငါတို့က အကြောပိတ်ပြီး ထမ်း
…ခေါ်သွားရမယ့်ပုံစံပဲ. . အဲဒီလိုတော့ ခေါ်မသွားနိုင်ဘူး. . သူ့ကို တစ်
…ိမ့်ချင်း လှီးမှကန်သွားမယ်. ."

"မလုပ်နဲ့. . ဒီကောင့်ကို သုံးချက်လောက် ကန်ပြီးတာနဲ့
…သွားလိမ့်မယ်. ."

သူတို့ အချီအချ စကားပြောနေစဉ် မြင်းခွာသံသဲ့သဲ့ ထွက်
…ပေါ်လာသဖြင့် စကားစဖြတ်ပြီး နားစွင့်လိုက်ကြလေသည်။

မြင်းခွာသံများသည် မယ်တော်ဘုရားကျောင်း၏ အနောက်

www.burmeseclassic.com

www.burmeseclassic.com



ဘက်မှ လာခြင်းဖြစ်သည်။ ခေတ္တ ရပ်တန့်သွားသည်။ ခန့်မှန်းရသည်မှာ ကျောင်းချန်း၏အိမ်လေးကို ဝင်ကြည့်ခြင်း ဖြစ်ဟန်ရှိသည်။ မကြာမီ မြင်းခွာသံ တဖြောင်းဖြောင်း ကြားရပြီး မြင်းများသည် ဘုရားကျောင်းဝင်းရှေ့မှ ဝါးရုံတောကို ဖြတ်ကျော်လာကြသည်။

တစ်ကောင်သော မြင်းမှာ မဟူရာရောင် တဖိတ်ဖိတ်တောက်နေ၏။ ကြဲ့ခိုင်တောင့်တင်း လှပပုံမှာလည်း မျက်စိစွဲစရာရှိသည်။ လွှားခနဲ လွှားခနဲ ပြေးလာပုံမှာ လေထဲ၌ တောင်ပံခတ်ပျံသန်းနေသလား ထင်မှတ်ရသည်။ သူ့နောက်မှ မြင်းသည် မည်သည့်နည်းလမ်းနှင့်မျှ ထိုမဟူရာရောင် မြင်းကြီးကို အမီလိုက်နိုင်မည် မဟုတ်ပါ။

မဟူရာရောင် မြင်းကြီးပေါ်၌ လူကြီးတစ်ယောက်ပါသည်။ သူ့နောက်ကျော၌ တပ်ဆင်ထားသော လှံတံ၏ အနီရောင်ပန်းပွားသည် မီးညွန့်မီးလျှံများနှင့် တူသည်။ ထို့ပြင် နောက်မှပါလာသည့် မြင်းပေါ်ရှိ လူကလည်း ရဲရင့်တည်ကြည်ပုံရသည်။

မြင်းနှစ်စီးသည် မယ်တော်ဘုရားကျောင်းရှေ့ လှေကားရင်း၌ မတ်တပ်ရပ်ပြီးမှ ရပ်တန့်သွားကြ၏။ မြင်းပေါ်မှ လူနှစ်ယောက်သည် မြေပြင်သို့ မဆင်းကြပေ။ မြင်းပေါ်မှပင် ဘုရားကျောင်း၏ လှေကားထစ်များပေါ်သို့ လှမ်း ခုန်တက်လိုက်ကြ၏။

သူတို့ မည်မျှမြင်းစီး ကျွမ်းကျင်ကြောင်း၊ မည်မျှကိုယ်ဖော့ပညာ ကောင်းကြောင်း သက်သေပြလိုက်သည့် အလားရှိသည်။ စစ်သူကြီးအလား ရဲရင့်လှသည့် လှံတံပိုင်ရှင်သည် ရှောင်လွှေအား ဖမ်းဆီးထားသူများနှင့် ရင်ဆိုင်လိုက်လေသည်။

* * *



## အခန်း(၁၈)

## မှားယွင်းသော တန်ဖိုး

လှံတံရှင်သည် ရှောင်လွှေအား လှမ်းကြည့်၏။ သွေးခြင်း
င်း နီရဲနေသည့် ရှောင်လွှေမှာ လူရုပ်မပေါ်သဖြင့် သူသည် ဓါး
သမား နှစ်ယောက်ကို ကြည့်ပြီးမေးသည်။

"သူ ဘယ်သူလဲ. ."

တစ်ယောက်က ဖြေ၏။

"ခင်ဗျား လိုချင်တဲ့ လူပဲ. ."

"သူ့ကို ငါတို့ အသေမလိုချင်ဘူး. . အခုကြည့်ရတာ လူရုပ်
ပေါ်ဘူး. ."

"မသေပါဘူး၊ ခင်ဗျားတို့ အရှင်လိုချင်ရင် အရှင်ပဲ ပေးမယ်"

သူတို့၏ ဓါးများကို ရုပ်သိမ်းလိုက်ပြီး ရှောင်လွှေကို ကန်
တ်လိုက်၏။ ရှောင်လွှေသည် လှံတံရှင် အနီးသို့ ဒလိမ့်ခေါက်
ွား ကျဆင်းလာ၏။ လှံတံရှင်နောက်မှ ပါလာသူမှာ အလွန်တရာ
ျင်မြန် ဖျတ်လတ်လှ၏။ လျှပ်တစ်ပြက် ရှေ့သို့ ရောက်ရှိလာပြီး
ှောင်လွှေကို ပွေ့ယူလိုက်သည်။

ထိုသူကား လှပ်ရှားမှု လျင်မြန်ပြီး စိတ်လိုက်မာန်ပါ လူ
တ်သည်ဟု ကျော်ကြားသော ဓါးသမား အိုယန်ကို ဖြစ်လေသည်။

သူသည် ရှောင်လွှေကို ပြေးပွေ့ယူပြီး မျက်နှာမှ သွေးများ

www.burmeseclassic.com

www.burmeseclassic.com



ကို သုတ်လိုက်၏။ သူ့မျက်နှာ ပျက်သွားသည်။

"ဒုက္ခပဲ . . မှားသွားပြီ . ."

လုံ့တံရှင်က မေးလေ၏။

"ဘာတွေ မှားနေသလဲ . ."

"လူမှားနေပြီ . ."

ရှောင်လွေအား စတင်ဖမ်းဆီးကြသည့် ဓါးသမားနှစ်ဦး အနက်မှ တစ်ဦးကဝင်ဖြေ၏။

"မမှားဘူး . . ဒီကောင်က ဘုရားကျောင်း နောက်ဘက်က အိမ်ထဲက ထွက်လာတာပဲ . . အဲဒီအိမ်ထဲမှာ တခြားယောကျာ်း မရှိဘူး . . သူတစ်ယောက်ပဲ ယောကျာ်းရှိတယ် . , ဘယ်လိုလုပ် လူမှားနိုင်မှာလဲ . ."

အိုယန်ကျိသည် ရှောင်လွေအား ဆွဲထူလိုက်သည်။ ရှောင်လွေကလည်း ဒယီးဒယိုင်ဖြင့် ကြိုးစားထရပ်သည်။ အိုယန်ကျိက ရှောင်လွေ၏အကျီစကို ကိုင်လှုပ်ကာမေး သည်။

"ဟေ့ . . မင်း ဘယ်သူလဲ . . ဘာဖြစ်လို့ ကျင်းချန်းရဲ့ အိမ်ထဲရောက်နေတာလဲ . . ကျင်းချန်း ဘယ်ရောက်သွားသလဲ"

အိုယန်ကျိ၏ မေးခွန်းများက များလှသည်။ ရှောင်လွေကမူ သူ့မျက်နှာမှ သွေးများကို အကျီစဖြင့် သုတ်သည်။

အိုယန်ကျိ ပို၍ စိတ်လှုပ်ရှားလာ၏။

"ငါမေးတာကို ဖြေစမ်းပါ . . ဘာဖြစ်လို့ အေးတိအေးစက် လုပ်နေရတာလဲ . . ."

ရှောင်လွေ အိုယန်ကျိကို အေးစက်စက် စိုက်ကြည့်လိုက်သည်။

"ခင်ဗျားတို့ လူမှားသလား . . ကျုပ်က လူမှားသလား"

ရှောင်လွေကပင် ပြန်လှန် မေးခွန်းထုတ်နေသဖြင့် အိုယန်



ကျိမှာ ကြောင်အမ်းအမ်း ဖြစ်သွားသည်။ ရုတ်တရက်ဖြစ်၍ ရှောင်လွေ၏ မေးခွန်းကို အိုယန်ကျိ မဖြေနိုင်ပါ။

ရှောင်လွေခမျာ မီးခိုးရောင်ဝတ်စုံနှင့်လူကို ခေါင်းနှင့် တိုက်လိုက်သဖြင့် အနိုင်ရရှိခဲ့သည်မှာ မှန်ပါသည်။ သို့သော် သူ့ အတွက် လုံးဝ မသက်သာလှပါ၊ ဦးခေါင်းမှ လည်းကောင်း၊ နှုတ်ခမ်းမှ လည်းကောင်း သွေးများ အဆက်မပြတ် ထွက်နေဆဲသာ ဖြစ်သည်။ သို့သော် သူ့ မျက်နှာတစ်ချက်မမဲ့ပါ။ ရှောင်လွေ ဆက်ပြော၏။

"ခင်ဗျားတို့ မှားတယ်ဆိုရင် ကျုပ်ကို ယဉ်ယဉ်ကျေးကျေး ဆက်ဆံသင့်တယ် . . ဘာဖြစ်လို့ ကျုပ်ကို ရိုင်းရိုင်းစိုင်းစိုင်း ဆက်ဆံနေရတာလဲ . ."

အိုယန်ကျိသည် ရှောင်လွေ၏ အကျီစကို လွှတ်ပေးလိုက်မိသည်။ နောက်သို့လည်း ခြေတစ်လှမ်း ဆုတ်သွား၏။ အိုယန်ကျိ၏ လေသံသည် အတော်ကလေး ပျော့ပျောင်းသွားသည်။

"မင်းဟာ ကျင်းချန်းရဲ့ မိတ်ဆွေ မဟုတ်လား . ."

ရှောင်လွေက အိုယန်ကျိကို ပမာခန့် ကြည့်လိုက်ပြီး . .

"ဟုတ်ပါတယ် . . ကျုပ်ဟာ ကျင်းချန်းရဲ့ မိတ်ဆွေပါ"

အခြေအနေကို အားလုံး လိပ်ပတ်လည်အောင် ရှင်းသွားကြပေပြီ။ ရှောင်လွေသည် လုံ့တံရှင်နှင့် အိုယန်ကျိတို့ အလိုရှိသည့် လူ မဟုတ်။ သူတို့ အလိုရှိသည်က ကျင်းချန်းသာ ဖြစ်သည်။

ထိုစဉ် ဓါးသမား နှစ်ယောက်အနက်မှ တစ်ယောက်က အိုယန်ကျိ၏ရှေ့၌ လက်ဝါးဖြန့်လိုက်၏။

"ပေးပါ . ."

အိုယန်ကျိ၏ မျက်ခုံးများ မြင့်တက်သွား၏။

"ဘာကိုပေးရမှာလဲ . . ."

www.burmeseclassic.com

www.burmeseclassic.com



"ငွေတစ်သောင်း. . ."

"ငွေတစ်သောင်း. . ."

အိုယန်ကျိုက ပုံတင်ထပ် ရေရွတ်လိုက်ပြီးမှ အေးစက်မာကျောစွာ ပြောသည်။

"လူများနေတာတောင် ငွေတစ်သောင်း တောင်းရသေးသလား. . ."

ဓါးသမားက မဲ့ပြုံးပြုံးလိုက်၏။

"ခင်ဗျားတို့ များတာဗျ. . . ကျုပ်တို့များတာ မဟုတ်ဘူး"

အိုယန်ကျို ဒေါသထွက်သွား၏။

"ဒီလောက် အတိအလင်း များနေတာတောင် မင်းတို့က ငြင်းရဲသေးလား. ."

ဓါးသမားကလည်း ဒေါသသံဖြင့် ပြန်အော်၏။

"မယ်တော်ဘုရားကျောင်း နောက်ဘက် ပန်းခြံထဲမှာရှိတဲ့ အိမ်ကလူကို လိုချင်တယ်ဆိုလို့ အဲ့ဒီလူကို ဖမ်းပေးတယ်. . အသက်ရှင်ရက် လိုချင်တယ်ဆိုလို့ အသက်ရှင်ရက် ဖမ်းပေးတယ်. ကျုပ်တို့ ဘာများများနေသလဲ၊ခင်ဗျား ထောက်ပြ စမ်းပါဦး. ."

"ဒါပေမယ့်. ."

အိုယန်ကျို တုံ့ဆိုင်းဆိုင်း ပြောသည်။ လုံ့တံရှင်က အိုယန်ကျို၏ စကားကို ကြားဖြတ်၍ အမိန့်ပေးလိုက်သည်။

"သူတောင်းတဲ့ ငွေကို ပေးလိုက်ပါ. . ."

အိုယန်ကျို၏မျက်နှာ နီရဲသွားသည်။

"ကျင်းချန်းကို ရှာလို့မှ မတွေ့သေးတာပဲ. . ဒီငွေတစ်သောင်းကို ဘယ်လိုလုပ်ပေးသင့်မှာလဲ၊ အခုဟာက လူလွဲနေတယ်"

လုံ့တံရှင်က တည်ငြိမ်စွာ ပြောသည်။



"ပေးသာပေးလိုက်ပါ. ."

အိုယန်ကျိုသည် မကျေမနပ်ဖြင့် ခြေတစ်ချက် ဆောင့်လိုက်သည်။ ထို့နောက် ခါး၌ပတ်ထားသည့် အထုပ်တစ်ထုပ်ကို ဆွဲဖြုတ်လိုက်ပြီး ဓါးသမားဆီသို့ ပစ်ပေးလိုက်၏။

ဓါးသမားသည် ငွေအိတ်ကိုရပြီးသည်နှင့် ရှောင်ဇီလွှကို တစ်ချက် စောင်းကြည့်လိုက်သည်။

"ဒီကောင်ဟာ ခင်ဗျားတို့ အလိုရှိတဲ့လူ မဟုတ်ဘူးနော်"

လုံ့တံရှင်က ခေါင်းညိတ်လိုက်၏။

"မဟုတ်ဘူး. ."

ဓါးသမားက ငွေထုပ်ကို ခါး၌ပတ်ပြီး အေးစက်စက်လှမ်းပြော၏။

"ခင်ဗျားတို့ လိုချင်တဲ့လူ မဟုတ်ရင် ဒီကောင့်ကို ကျုပ်တို့ ခေါ်သွားရပါလိမ့်မယ်. . ."

"ဘာဖြစ်လို့လဲ. . ."

ဓါးသမားက မဲ့ပြုံးပြုံးလိုက်၏။ ထို့နောက် လဲကျသေဆုံးနေသော မီးခိုးရောင်ဝတ်စုံ ဝတ်ဆင်ထားသည့် လူကို လက်ညှိုးညွှန်ပြလိုက်သည်။

"အဲဒီမှာ တွေ့လား. . ဒီကောင်က ကျုပ်တို့ လူတစ်ယောက်ကို သတ်ပစ်လိုက်ပြီ. . အဲ့ဒီအတွက် ဒီကောင် အသေစားသေစေရမယ်. ."

လုံ့တံရှင်က ခေါင်းခါပစ်၏။

"သူ မသေစေရဘူး. . သူ အသက်ရှင်နေရဦးမယ်. "

"ဘာပြောတယ်. . ."

"သူ မသေစေရဘူး. . သူ အသက်ရှင်နေစေရမယ်လို့ ကျုပ်

www.burmeseclassic.com

www.burmeseclassic.com



ပြောတယ်. ."

ခါးသမားက ပမာမခန့် ရယ်လိုက်၏။

"မင်းတို့ ရသင့်တဲ့ ငွေတစ်သောင်း ပေးပြီးသွားပြီ. . မင်းတို့ သွားသင့်ပြီ. . ."

"ဒီစကားကို လောင်ရယ် ရှေ့မှာ ပြောလို့မရဘူး. . လောင်ရယ် ရှေ့ကို ဒီကောင့်ကို ခေါ်သွားရမယ်. . ဒီကောင်ပါမလာရင် လောင်ရယ်က လက်ခံမှာ မဟုတ်ဘူး. . ကျုပ်တို့လူတစ်ယောက် အသက်သေဆုံးသွားတဲ့ ကိစ္စအတွက် လောင်ရယ် သိပ်စိတ်ဆိုးလိမ့်မယ်. ."

လုံ့တံရှင်က ခက်ထန်စွာ ပြောလေ၏။

"မင်း ပြန်သွား. . ငါနောက်ထပ် မပြောတော့ဘူး. ."

အခြေအနေက ရုတ်ခြည်း တင်းမာသွား၏၊ ခါးသမားသည် သူ့ခါးကို ရှမ်းခနဲ ဆွဲထုတ်ကာ လုံ့တံရှင်ထံသို့ လျှပ်တစ်ပြက် ခုန်ဝင်လာ၏။

လုံ့တံ၏ ပန်းပွားအနီရောင်သည် အနီရောင် စက်ဝိုင်းတစ်ခု ဖြစ်ပေါ်စေပြီး ခါးသမား၏ ခါးကို ရိုက်ထုတ်ပစ်လိုက်လေ၏။

* * *



## အခန်း(၁၉)
## အမှောင်ထုဝဲသြယ

ခါးသမား ဒေါသထွက်သွားသည်။ လုံးဆုရယ်ကို တရကြမ်း တိုက်ခိုက်တော့သည်။ လုံဆုရယ်သည် ပထမ၌ ခပ်ပေါ့ပေါ့ပင် တိုက်ခိုက်သည်။ သို့သော် တစ်ဖက်ရန်သူက တရကြမ်း တိုက်ခိုက်လာသည့် အခါတွင်မူ မပေါ့ဆရဲတော့ချေ။

ခါးသမား တိုက်ခိုက်သည့် ဒုံစံအတိုင်း ပြင်းထန်စွာ တိုက်ခိုက်တော့၏။ ခါးရောင်နှင့် လုံ့တံ၏ ပန်းပွားရောင်တို့သည် မယ်တော်ဘုရားရှေ့၌ တရှိုးရှိုး တဝှစ်ဝှစ်ဖြင့် ရှုပ်ထွေးနေတော့သည်။

"ထန်း. . ချလွမ်း. ."

ခါးသမား၏ခါးသည် ရင်ပြင်တော်ပေါ်သို့ လွတ်ကျသွား၏။ လုံဆုရယ်၏ ပုတ်ခြေတစ်ချက်ကလည်း ခါးသမားကို လွင့်စဉ်သွားစေ၏။

"ကဲ. အခု. . မင်းပြန်သွားပြီး လောင်ရယ်ကို ရှင်းပြလို့ရပြီ မဟုတ်လား. ."

လုံဆုရယ်သည် လုံ့တံကို သူ့ကိုယ်နှင့် ကပ်ထားလိုက်ပြီး ကြမ်းပြင်ပေါ်၌ ကျနေသည့် ခါးကို ခြေထောက်ဖြင့် မြှောက်တော်ပေးလိုက်သည်။ ခါးသမားသည် သူ့ခါးကို လျင်မြန် သွက်လက်စွာ ဖမ်းယူလိုက်၏။ ထိုတစ်ဒင်္ဂ အတွင်းမှာပင် သူသည် သူ့ခါးကို လျှပ်တစ်ပြက်

www.burmeseclassic.com

www.burmeseclassic.com



ပစ်သွင်းလိုက်သည်။ သူ့ဓါးသည် လုံဆုရဖ်ထံသို့ မသွားပေ။ ရှောင်လွှေထံသို့ ရှိပ်ခနဲ ပြေးဝင်သွားခြင်း ဖြစ်၏။

"လူမိုက်. ."

လုံဆုရယ်၏ လျင်မြန် ဖျတ်လတ်မှုမှာ လွန်စွာ ရင်သပ်ရှုမော ဖွယ်ကြီလောက်ပေသည်။

ဓါးသမား၏အကြံကို ကြိုသိထားသည့်အလား ဓါးကိုကော်ပေးပြီးသည်နှင့် ရှောင်လွှေထံသို့ ခုန်ဝင်ပြီး တွန်းလွှတ်လိုက်သည်။ ဓါးသည် သူ့နားရွက်အနီးမှ ဖြတ်သန်းသွား၏။

ကံကောင်း၍ နားရွက်မပြတ်ခြင်း ဖြစ်သည်။

"ဗိုး. . . ."

ချက်ချင်းလိုလိုပင် သူ့လက်တွင်းမှ လှံတံသည် လေထုကိုခွဲသွားပြီး ဓါးသမား၏ ရင်ဝသို့ စိုက်သွား၏။

"အင်း. . ."

နီစွေးသော သွေးများ ဖြာခနဲ ကျလာသည်။ ဓါးသမားလည်း ဝုန်းခနဲ လဲကျသွားတော့သည်။ ထိုလှံတံ တစ်ချက်တည်းဖြင့် ဓါးသမား သေဆုံးသွား၏။ သူသည် ကျန်သည့် ဓါးသမားတစ်ဦးကို လုံးဝမကြည့်ဘဲ လှမ်းပြောလိုက်၏။

"ကဲ. . မင်းဘာဖြစ်လို့ ရပ်ကြည့်နေတာလဲ. . မင်းဆရာဆီပြန်ပြီး လုံလောက်တဲ့ အကြောင်းပြချက်တစ်ရပ် ပြောပြလို့ရပြီ မဟုတ်လား. . ."

ဓါးသမား၏ မျက်နှာမှာ ညှိုးမည်းနေအည်။ သူသည် လုံဆုရယ်တို့ကို မကြောက်ချေ။ သို့သော် အသေခံတိုက်ခိုက်ပြီး သူသေဆုံးသွားပါက သူ့ဆရာထံသို့ သတင်းပို့မည့်သူမရှိဘဲ ဖြစ်သွားနိုင်သည်ကို သူ တွေးမိသည်။ ထို့ကြောင့် အံကြိတ်၍ပြောလိုက်သည်။



"ကောင်းပြီ. . , ကျုပ် သွားမယ်. . ."

သူသည် ချာခနဲ လှည့်ထွက်ကာ ပြေးထွက်သွားတော့၏။

ရှောင်လွှေသည် လုံဆုရယ်၏ အသက်ကယ်မှုကြောင့် အသက်ရှင်သန်ခွင့် ရရှိသော်လည်း မယ်တော်ဘုရားကျောင်း၏ အခန်းထောင့်၌ ခွေခွေကလေး လဲကျနေ၏။

သူ့နားထဲ၌ လုံဆုရယ်နှင့် ဒိုယန်ကျိတို့ စကားပြောသံများကို ကြားနေရသော်လည်း အလွန်တစ်ရာ ဝေးကွာသောအရပ်မှ ပြောသောအသံများပမာ ကြားနေရသည်။

ထိုစဉ် လုံဆုရယ်၏ စကားသံကို ထပ်ကြားရပြန်လေသည်။

"ဟိုမှာလဲကျနေတဲ့ မိတ်ဆွေလေးကို ခေါ်ခဲ့ပါ. . သူ မမှားဘူး. . တို့ပဲမှားတယ်. . ဒီတော့ သူ့ကိုသေစေဖို့ မသင့်ဘူး"

ထိုစကားသံ ကြားရပြီးနောက် တစ်စုံတစ်ယောက်က သူ့အား လာရှောက် ဖေးကူမသည်ဟု ခံစားလိုက်ရလေသည်။

သူသည် ထိုလူ၏ အကူအညီ မပါဘဲ ကိုယ့်ဘာသာရပ်လိုက်ချင်သည်။ သူ့ဆန္ဒ သူ့သဘောထားကို သူ့အားဖေးမ လာသူအား အော်ပြောလိုက်ချင်သည်။

"ကျုပ် ဘဝတစ်လျှောက်လုံး ဘယ်သူ့အဖေးမကိုမှ မခံခဲ့ဘူးဗျ၊ ခင်ဗျားဘာသာ ခင်ဗျား သွားစမ်းပါ၊ ကျုပ်ဘာသာ ကျုပ် ရပ်စမ်းမယ်၊ ကျုပ်အသားကို လာမထိနဲ့. . . ကျုပ်ဘယ်လောက် မာကျောတယ်ဆိုတာ ကျုပ်ဘာသာ ကျုပ်သိတယ်. . ."

သူသည် ထိုသို့ပြောချင်သော်လည်း အော်ပြော၍မရဘဲ ရှိနေသည်။ စိတ်အလို ကိုယ်မလိုက်နိုင်သော ဘဝသို့ ရောက်နေရချေပြီ။ သူ့မျက်လုံးများမှလည်း မည်သည့်အရာကိုမျှ သဲသဲကွဲကွဲ မမြင်ရတော့ချေ။ ကြည့်လေရာရာ အမှောင်ထုကြီးကိုသာ မြင်နေရလေသည်။

www.burmeseclassic.com

www.burmeseclassic.com



သို့သော် သူ သတိမလစ်သေးပေ။ သတိရှိနေသေးသည်။

စိတ်သွားတိုင်း ကိုယ်ပါ မလုပ်နိုင်သော်လည်း သူ့အား တွဲခေါ်နေသည့် အထိအတွေ့ကိုမူ သူ ခံစားသိရှိနေသည်။ ထိုစဉ် ဝေးလံသော အရပ်မှ အသံကို ကြားရပြန်လေသည်။

"ဒီလောက် ဒဏ်ရာဒဏ်ချက်တွေ ရထားလျက်နဲ့ မသေတာကတော့ ထကယ်ကို အံ့ဩစရာ ကောင်းတာပဲဗျာ. ."

"အေး. . ဒါကြောင့်မို့လည်း ငါက သူ့ကို ကယ်တင်ချင်တာပေါ့၊ သူဟာ ခံနိုင်ရည် အကောင်းဆုံး လူသားကွယ့် ညီလေးရဲ့"

ထိုအသံများသည် တဖြည်းဖြည်း တိုးညင်းသွားသည်။

သူသည် အမှောင်ထုကိုသာ မြင်နေရသည်။ အမှောင်ထုကြီးကို စိုက်ကြည့်လိုက်သည်။ ထိုအမှောင်ထုထဲ၌ အလင်းတန်းကလေးကို တွေ့ရလေသည်။ ထိုအလင်းတန်းကလေးသည် လူပုံသဏ္ဌာန် အဖြစ်ပြောင်းလဲလာသည်။

"ချမ်းချမ်း. . ချမ်းချမ်း. . ."

သူက အော်ဟစ်ခေါ်လိုက်၏။

ချမ်းချမ်းသည် သူ့ကို စိမ်းကားစွာကြည့်ပြီး လှည့်ပြေးသွား၏။

"ချမ်းချမ်း. . ချမ်းချမ်း မပြေးပါနဲ့. ."

သူသည် အသံကုန်အော်၏။ သို့သော် တကယ်ကား အသံမထွက်ပါ။ ချမ်းချမ်း ပုံသဏ္ဌာန်သည် တဖြည်းဖြည်း ပျောက်ကွယ်သွားပြီး အလင်းတန်းကလေး ပြန်ဖြစ်သွားသည်။

ထိုအလင်းတန်းကလေးသည် တဖြည်းဖြည်း သေးငယ်သွားပြီး နောက်ဆုံး၌ အဆုံးအစမရှိသော အမှောင်ထုကြီး ဖုံးလွှမ်းသွားတော့သည်။

* * *



**အခန်း(၂၀)**

**ယံချစ် အနှစ်တစ်ရာ**

ချမ်းချမ်းသည် ခေါင်းငုံ့၍ ဟင်းထေး ချုပ်လုပ်နေလေသည်။

ကျင်းချန်းသည် သူမနှင့် ခပ်စောင်းစောင်း နေရာ၌ စာဖတ်နေသည်။ သူတို့သည် အလွန်ချောင်ကျသော တည်းခိုခန်းငယ်တစ်ခုသို့ ရောက်ရှိနေကြ၏။

ထိုတည်းခိုခန်းငယ်သည် သေးငယ်သော်လည်း သန့်ရှင်းသပ်ရပ်သည်။ ပြတင်းပေါက်များမှ ကြည့်လျှင် အဝေးမှ တောင်တန်းကြီးများကို တွေ့မြင်နိုင်သည်။ အေးမြလတ်ဆတ်သော လေနအေးကိုလည်း တရှိုက်မတ်မတ် ရှူသွားခဲ့ရ၏။

ပတ်ဝန်းကျင် အလှအပကို ခံစားနိုင်သည့် တည်းခိုခန်းငယ်၌ ချမ်းချမ်းနှင့် ကျင်းချန်းတို့ ရောက်ရှိနေကြပေပြီ။

"ဒီနေရာဟာ သိပ်အေးချမ်းတယ်. . မင်း ကောင်းကောင်းအနားယူနိုင်တယ်. . ငါလည်း မင်းကို အမြဲတမ်း စောင့်ရှောက်နိုင်မယ့် နေရာကို ရွေးထားတာပဲ. ."

ကျင်းချန်းသည် ချမ်းချမ်းကို အမြဲတမ်း ယုယကြင်နာစွာဆက်ဆံ၏။ ချမ်းချမ်းသည် ကျင်းချန်း၏ စကားများကို ငြိမ်သက်စွာနားထောင်သည်။ ကျင်းချန်းကို ကျေးဇူးတင်ချင်သော်လည်း သူမစိတ်စေတနာသည် သာမန် ကျေးဇူးတင်ခြင်းထက် မပိုပေ။

www.burmeseclassic.com

www.burmeseclassic.com



မီးထွန်းချိန်ရောက်လာသည့်တိုင် ကျော်ချန်း သူမ၏ အခန်းထဲမှ ထွက်ခွာမသွားသေးပေ။

ကျော်ချန်း၏ စိတ်ထဲ၌ ဘာရှိနေသည်ကို ချမ်းချမ်း သိပါသည်။ သို့သော် သူမ ဘာလုပ်ရမည်နည်း။ သူမသာ ခိုကိုးရာမဲ့ ဖြစ်နေသည်။ ကျော်ချန်း စာအုပ်ဖတ်နေသော်လည်း ထိုစာအုပ်ထဲ၌ သူ့ စိတ်အာရုံ ရှိမနေကြောင်း ချမ်းချမ်း သိရှိပါသည်။

ယခု သူမ ချုပ်ပေးနေသည့် အင်္ကျီသည် ကျော်ချန်း၏အင်္ကျီ ဖြစ်၏။ ကျော်ချန်းသည် စာအုပ်ဖတ်နေရာမှ ချမ်းချမ်းကို လှမ်းကြည့်၏။ ချမ်းချမ်းသည် ထိုအကြည့်ကို အလိုလိုသိ၏။ ထို့ကြောင့် သူမ၏မျက်နှာသည် တဖြည်းဖြည်း နီရဲလာသည်။ စိတ်ထဲ၌လည်း ခေါက်တည်ရာမရ ဖြစ်လာသည်။ ထို့ကြောင့် သူမ၏ လက်ထိပ်ဖျား၌ အပ်စူးသွားလေတော့သည်။

"အလား . . . လား . . ."

ချမ်းချမ်း လန့်အော်မိသည်။

အခွင့်အရေးကို စောင့်နေသော ကျော်ချန်းသည် ချက်ချင်း ရောက်ရှိလာ၏။ သူသည် စိတ်မပါဘဲ ဖတ်နေသည့် စာအုပ်ကို လွှင့်ပစ်ခဲ့သည်။ သူမ၏ သွေးစို့နေသော လက်ကလေးကို ဖမ်းဆုပ်လိုက်သည်။

"ကြည့်စမ်း၊ သွေးတောင်စို့သွားပြီ ဘာဖြစ်လို့ ဒီအဝတ်ကြီးကို ချုပ်နေရတာလဲကွယ်၊ အလကားဟာကြီးပါ၊ လွှင့်ပစ်လိုက်စမ်းပါ"

ချမ်းချမ်း၏ မျက်နှာတစ်ပြင်လုံး ရှက်သွေးတက်၍ နီရဲနေသည်။

"ကျွန်မ မနာပါဘူး . . ."

"မနာဘဲ ရှိပါ့မလား . . . သွေးထွက်နေတဲ့ ဥစ္စာ . . ."

သူမသည် အသာရုန်းလိုက်၏။ သို့သော် ကျော်ချန်းက လွှတ်



ပါ။ ကျော်ချန်းသည် ချမ်းချမ်း၏ လက်ညှိုးကို ပါးစပ်ထဲထည့်၍ ...ိုက်သည်။ ထိုစဉ် ချမ်းချမ်းသည် မျက်ရည်ပေါက်ပေါက် ကျလာ...၏။

"မင်း . . ငိုနေတယ် . . ဘာဖြစ်လို့လဲဟင် . . "

ချမ်းချမ်း ခေါင်းငုံ့သွားသည်။

"ကျွန်မ တစ်ခုစဉ်းစားမိလို့ပါ . . သူ . . သူဟာ သူ့ အတွက် ... လက်တစ်ဖက်ပြတ်တယ်ဆိုရင်တောင် သူ ကျွန်မကို ဂရုစိုက်မှာ ...တ်ဘူး . . "

ကျော်ချန်း သက်ပြင်းချလိုက်သည်။ ချမ်းချမ်းက ရှောင် ...ကို သတိရနေသည်ကိုး။

ကျော်ချန်းသည် တိုးညှင်းသော အသံဖြင့် ပြောသည်။

"မင်း သိရဲ့လား ဟင် . . မင်းသာ သူ့အပေါ် ကြင်နာတဲ့ ...ြင်နာရဲ့ တစ်ဝက်သာ ငါ့အပေါ်ထားရင် မင်းအတွက် ငါ ...တယ်ဆိုတာကို . . "

ကျော်ချန်းသည် စကားဆုံးသည်နှင့် ချမ်းချမ်းရှေ့၌ ဒူး ...က်တိုင်ချလိုက်သည်။ ချမ်းချမ်း၏ ဒူးခေါင်းကို ဖက်သည်။

ချမ်းချမ်း ထိတ်လန့်သွား၏။

"ဒီလို မလုပ်ပါနဲ့၊ ကျွန်မ တောင်းပန်ပါတယ် . . ထပါ"

ကျော်ချန်း သူမ၏ဒူးနှစ်ဖက်ကို တင်းကျပ်စွာ ဖက်သည်။

"ဘာဖြစ်လို့ မင်းက ခုချိန်ထိ သတိရနေသေးတာလဲ . . ...ဖြစ်လို့ သူ့ကို မင်းမမေ့နိုင် ဖြစ်နေရတာလဲ . . ဒီလိုနဲ့ သူ့အတွက် ...သက်လုံး စိတ်ဆင်းရဲခံနေတော့မှာလား . . ဟင်"

သူမက ကျော်ချန်း၏လက်ကို တွန်းဖယ်ရန် ကြိုးစား... ...ချန်းက အတွန်းဖယ်မခံပါချေ။

www.burmeseclassic.com

www.burmeseclassic.com



"မင်းကသာ လက်ခံမယ်ဆိုရင် ငါတို့ ပျော်ပျော်ရွှ
နေသွားနိုင်ပါတယ်.. မင်းကို တစ်သက်လုံး စိတ်ချမ်းသာ
အောင် ငါထားပေးနိုင်ပါတယ်.."

ချမ်းချမ်း မျက်လုံးများ မှိတ်ထားမိသည်။

အတန်ကြာမှ...

"ကျွန်မ လက်ခံမယ်... လက်ခံမယ်... ကျွန်မတို့
ဘဝတစ်လျှောက် စိတ်ချမ်းသာ ကိုယ်ချမ်းသာ နေသွားကြတာ

ထိုစကားကို ကြားရသောအခါ ကျင်းချွန်းသည် ရုတ်
ထ၍ ချမ်းချမ်းကို ပွေ့ဖက်တော့သည်။

"ငါ.. ငါ ကျိန်ပြောပါတယ်.. ဒီတစ်သက်မှာ မင်း
ချမ်းသာ ကိုယ်ချမ်းသာ နေရပါစေ့မယ်.. အဲဒီလို ငါလည်းထ
တဲ့ အခြေအနေမျိုး ရှိပါတယ်.."

သူမသည် ကျင်းချွန်းကို မှီခိုရတော့မည်ကို သိသည်
သော် ကျင်းချွန်းကို ဤမျှထိ လက်မခံနိုင်သေးပါ။ သူ့အချစ်
လည်းကောင်း၊ သူမ၏ခန္ဓာကိုယ်ပါသည်လည်းကောင်း သူမ၏
ရှောင်လွှဲအတွက်သာ ဖြစ်ပါသည်။ သူမ ရုန်းကန်လိုက်၏

ကျင်းချွန်း အံ့သြသွားသည်။

"မင်း စိတ်ပြောင်းသွားပြန်ပြီလား.."

ချမ်းချမ်းသည် ရုန်းထွက်လိုက်ပြီးမှ ခေါင်းငုံ့ပြော

"မ.. မဟုတ်ပါဘူး.. ကျွန်မကို ခွင့်လွှတ်ပါ..
ကျွန်မ ရှင့်နဲ့ရှေ့ဘဝလမ်းကို လက်တွဲသွားမှာပါ... ဒါပေ
ကျွန်မကို အချိန်ပေးပါဦး..."

ကျင်းချွန်း ငြိမ်သွားသည်။ သို့သော် သူ့စိတ်ထဲ၌ လှု
နေသည်။ သူမက ထပ်ပြော၏။

"ကျွန်မတို့ တစ်သက်လုံး နေသွားကြမှာပါ.. ဒါပေမယ့်
ကျွန်မကို လွယ်လွယ်နဲ့ရတဲ့ မိန်းကလေးလို့တော့ မထင်စေချင်ဘူး"
သူမ မျက်ရည်ကျလာပြန်သည်။

"ရှင်ဟာ.. ကျွန်မကို တကယ်မြတ်နိုးတယ်ဆိုရင် ကျွန်မ
ဘောကို နားလည်မှာပေါ့..."

ကျင်းချွန်းသည် သူမကို အတန်ကြာ စိုက်ကြည့်ပြီးမှ ခေါင်း
ညိတ်ပြသည်။ ချမ်းချမ်းက တိုးညင်းသော လေသံဖြင့် ပြော၏။

"ကျွန်မ အိပ်တော့မယ်.. ကျွန်မတို့ မနက်ဖြန်ကျမှ ထပ်
တွေ့တာပေါ့..."

ကျင်းချွန်း ခေါင်းညိတ်ပြန်သည်။ သူသည် တိတ်ဆိတ်စွာ
ထွက်သွားပြီး တံခါးကို အသာအယာ ပြန်စေ့သွားပေး၏။ သူသည်
သူမကို အတင်းအကျပ် မလုပ်ပါ။ မိန်းကလေး တစ်ယောက်အား
ချစ်လျှင် စိတ်ရှည်ရှည် ထားရမည်ကို ကျင်းချွန်း သိသောကြောင့်
ဖြစ်ပါသည်။

သူသာ အတင်းအကျပ် ပြုလုပ်လိုက်ပါက သူ၏ ခန္ဓာကိုယ်
အား ရရှိမည် ဖြစ်သော်လည်း နှလုံးသားကိုတော့ ရရှိမည် မဟုတ်
ယနေ့ရရှိသော အမြတ်အစွန်းမှာ များလှသည် မဟုတ်သော်
လည်း လုံလောက်သည်ဟု ဆိုနိုင်ပါသည်။ ထို့ကြောင့် သူသည်
ချမ်းချမ်း၏ အခန်းမှ ကျေနပ်စွာ ထွက်ခွာသွားခြင်း ဖြစ်ပါသည်။

သူမသည် နက်ဖြန်သို့မဟုတ် နောက်နက်ဖြန် တစ်ခုခု၌
ရင်ခွင်ထဲသို့ ရောက်ရှိတော့မည် မဟုတ်ပါလား။

❋ ❋ ❋

www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၂၁)
## မိတ်ဆွေတု၊ မိတ်ဆွေစစ်

"ဒီလူ အတော်ကို သတ္တိရှိတယ်"

အိုယန်ကျို မှတ်ချက်ချသည်။

သတ္တိရှိသည်ဟု သတ်မှတ်ရန်အတွက် လူတစ်ယော သည် မည်သို့သော အဖိုးအခ ပေးရသည်ကို လူတိုင်းမသိကြ သိသူအချို့လည်း သတ္တိရှိသည် ဟူသော အဆင့်အတန်း၌ သ မှတ်မခံကြပါ။ အမှောင်ထုသည် လွန်မြောက်သွားခဲ့ပါပြီ။ လုံဆု ၏ ဖြူဖွေးသောဆံပင်များသည် နေရောင်အောက်၌ အရော တောက်ပနေ၏။ ဖြူဖွေးသော မုတ်ဆိတ်များက သူ့ရုပ်ရည်ကို ကျက်စေသည်။ သူ့မျက်လုံးထောင့်များ၌ အနည်းငယ် အရေတွ ပြုနေပြီ ဖြစ်သော်လည်း ကျန်ခန္ဓာကိုယ် တစ်ခုလုံးကား ကျစ် သန်မာလျက် တတ်တတ်ကြွကြွပင် ရှိနေသည်။ သူသည် ရှောင်ေ အား ကြင်နာစွာကြည့်ပြီး မေးခွန်း ထုတ်လိုက်လေ၏။

"အခု မင်း စကားပြောနိုင်ပြီလား. . ."

ရှောင်လွေသည် သူ့ထက်များစွာ အသက်ငယ်သူဖြ သူ့အနေဖြင့် ဤသို့ပင် ဆက်ဆံနိုင်ပါသည်။ ရှောင်လွေက ေ ညိတ်၏။

"ပြောနိုင်ပါတယ်. . ."



"မင်းက ဘာအမျိုးအနွယ်လဲ. ."

"လွေမျိုးနွယ်ပါ. . ကျွန်တော့် နာမည်ရှောင်လွေ. ."

"ကျင်းချန်းရဲ့ နာမည်ရင်းကို မင်းသိလား. ."

"မသိဘူး. ."

"မင်း သူ့မိတ်ဆွေ မဟုတ်ဘူးလား. ."

"ဟုတ်တယ်. ."

"ဘယ်လိုလူစားမျိုးမှန်း မသိတဲ့ လူတစ်ယောက်ကို မင်းက မိတ်ဆွေအဖြစ် လက်ခံရသလား. ."

"ကျွန်တော်နဲ့ ပေါင်းနေစဉ်ကတော့ သူဟာ အင်မတန်ရိုး တာပဲ. ."

"သူ့အတိတ်ကို မင်းက ထည့်မစဉ်းစားတော့ဘူးလား. ."

"အတိတ်ဟာ အတိတ်မဲ. . . ပစ္စုပ္ပန်မှာလာပြီး မပတ် သက်ရင် ပြီးတာပဲ. ."

"အခု သူ့ကို မိတ်ဆွေအဖြစ် သတ်မှတ်ထားတုန်းပဲလား"

"ထားပါတယ်. ."

လုံဆုရယ် အံ့ဩသွားသည်။ သူက ဆက်မေး၏။

"သူ မင်းကို သစ္စာဖောက်သွားပြီပဲ. . မင်းက သူ့ကို မိတ်ဆွေအဖြစ် အသိအမှတ်ပြုတုန်းပဲလား. ."

"အခုထိ သစ္စာဖောက် မဖောက် မသေချာသေးဝါဘူး. ."

"မင်းဟာ အရွယ်နဲ့မလိုက်အောင် စိတ်ရှည်တာပဲ. . သူ မင်းကို ရှောင်နေကတည်းက သစ္စာဖောက်ပြီလို့ သတ်မှတ်လို့ တာပဲ. ."

"သူ့မှာ အကြောင်းတစ်ခုခု ရှိချင်ရှိနေမှာပေါ့. လူတွေ ဟာ တစ်ခါတစ်ရံ မရှုနိုင် မကယ်နိုင်တဲ့ အကြောင်းတစ်ခုခုနဲ့ ဆုံ

www.burmeseclassic.com

www.burmeseclassic.com



စည်းရတတ်ကြတယ်. . ."

ဤစကားကို ရှောင်လွှကကိုယ်ချင်းစာ၍ ပြောခြင်းဖြစ်သည်။ သူသည် မရှုနိုင်မကယ်နိုင်သည့် အကြောင်းကြောင့် ချစ်သူချမ်းချမ်းအား သူ့အား စိတ်နာသွားအောင် ပြောခဲ့ရသည့် မဟုတ်ပါလား။ လုံဆုရယ်သည် ရှောင်လွှကို လေးစားလာသည်။ ရှောင်လွှ၏ စိတ်ရင်းကို သိရှိနိုင်အောင် ပွင့်လင်းစွာပင် ပြောပြလိုက်သည်။

"ကျင်းချန်းဟာ သစ္စာဖောက်ပဲ၊ မင်းအသက်နဲ့ ထပ်တူ ချစ်ရတဲ့ မိန်းကလေးကို ခေါ်ပြေးသွားတယ်၊ မင်းက ခွင့်လွှတ်နေတုန်းပဲလား"

ထိုစကားက သူ၏လှုံ့တံကွဲသို့ ထက်မြက်စူးရှသည်။

ရှောင်လွှ ရင့်နစ်သွား၏။ မျက်လုံးများလည်း အရောင်မှိန်သွားသည်။ သူ့အသည်းနှလုံးက ချမ်းချမ်း ချမ်းချမ်းဟု မြည်တမ်းနေလေပြီ။ သူသည် အတန်ကြာမျှ စကားမပြောနိုင်ဘဲ ဖြစ်သွားသည်။ လုံဆုရယ်သည် သူ့စကား မည်မျှတာသွားသည်ကို ရိပ်မိလိုက်သဖြင့် ဆက်မမေးဘဲ ငြိမ်နေလိုက်သည်။

"တော်လောက်ပါပြီဗျာ. . ခင်ဗျားမေးတဲ့ မေးခွန်းတွေ အတော်များနေပြီ. ."

"ငါက ဘာဖြစ်လို့ ဒီလောက် မေးခွန်းတွေ ထုတ်နေတယ်ဆိုတာ မင်း သိရဲ့လား. ."

ရှောင်လွှ ခေါင်းခါ၏။

"မသိဘူး. ."

လုံဆုရယ်က သက်ပြင်းချလိုက်သည်။ ပြီးမှ. .

"ငါလည်း မင်းလိုပဲသစ္စာဖောက်ခံခဲ့ရလို့ပါပဲ ညီလေးရယ်"

ရှောင်လွှ စိတ်ဝင်စားသွားသည်။

"သစ္စာဖောက်မယ်လို့ ထင်ထားတဲ့ လူတစ်ယောက်က



သစ္စာဖောက်ရင် ဘာထူးဆန်းမလဲ၊ သစ္စာဖောက်နိုင်တယ်လို့ ထင်ထားရတဲ့လူ သစ္စာဖောက်သွားရင်လည်း ဘာထူးဆန်းမှာလဲ အဲ. . ကိုယ်နဲ့ထပ်တူ ယုံမှတ်ရတဲ့လူက သစ္စာဖောက်သွားတဲ့ အခါကျတော့ သိပ်ထူးဆန်းသွားတာပေါ့၊ အဲဒီလိုအခါမျိုးမှာ ဘယ်လို ဝေဒနာမျိုး ခံစားရတယ်ဆိုတာ ငါကိုယ်ချင်းစာတယ်၊ နားလည်နိုင်ခဲ့ပါတယ်၊ ငါလည်း အင်မတန်ယုံတဲ့လူက သစ္စာဖောက်တာကို ခံခဲ့ရတဲ့သူ ဖြစ်နေတာကိုး. . ."

ရှောင်လွှ ငြိမ်နေမိသည်။ လုံဆုရယ်အပေါ် တနာကြင်နာစိတ် ဝင်လာမိသည်။

လုံဆုရယ် သက်ပြင်းရှည်ကြီးချပြီး ဆက်ပြောလေ၏။

"ဪ. . ကျင်းချန်း. . ကျင်းချန်း၊ မင်းလို မိတ်ဆွေမျိုးကို ကြုံကြုံဖန်ဖန် သူရခဲ့တာကိုး၊ တကယ် ကံကောင်းတဲ့ ကောင်ပါပဲကွာ"

နေအတော်မြင့်သွားပြီဖြစ်၍ ပြတင်းပေါက်မှ ဝင်လာသော နေရောင်ခြည်သည်လည်း ပြောင်းရွှေ့သွားသည်။ လုံဆုရယ်၏ဆံပင်များပေါ်သို့ နေရောင် မကျရောက်တော့သဖြင့် ဆံပင်ဖြူများ တောက်ပခြင်း မရှိတော့ပေ။ လုံဆုရယ်သည် စားပွဲပေါ်မှ အရက်ခွက်ကိုယူ၍ မော့ချလိုက်သည်။

"အင်း. . ငါကိုယ်ငါ သဘောထား ပြည့်ဝလှချည်ရဲ့လို့ မှတ်နေတာ. . မင်းကို တွေ့မှပဲ ငါ့သဘောထား မပြည့်ဝသေးဘူးဆိုတာ သိရတော့တယ်. ."

ရှောင်လွှ တိုးညင်းစွာ ပြော၏။

"မိတ်ဆွေရဲ့ သစ္စာဖောက်ခြင်း ခံရတဲ့ကိစ္စဟာ ဒေါက်ကျောက ခါးနဲ့အတူတူပါပဲဗျာ၊ အဲဒီလို အချိန်မျိုးမှာ ခံစားရတဲ့ စိတ်ဆင်းရဲမှု ဝေဒနာဟာ ဘယ်ဝေဒနာနဲ့မှ မတူပါဘူး ဒါပေမယ့်

www.burmeseclassic.com

www.burmeseclassic.com



တစ်ချို့က ဟုတ်မပြောတော့ဘဲနဲ့ ရင်ထဲမှာပဲ သိမ်းထားလိုက်ကြပါတယ်"

လုံဆုရယ်သည် ရှောင်လွှေကို အံ့ဩစွာ စိုက်ကြည့်မိသည်။ ဤလူငယ်သည် အရွယ်နှင့်မမျှအောင် ရင့်ကျက်နေပါပကော။ ရှောင်လွှေက သူ့စကားကို ဆက်သည်။

"လူတစ်ယောက်ဟာ တခြား လူတစ်ယောက်ရဲ့ ရှေ့မှာ အမှားဝန်ခံဖို့ဆိုတာ မလွယ်ပါဘူး. . အမှားကို ဝန်ခံတာထက် အမှားကို လူမသိအောင် ဆက်လိမ်ဖို့ ကြိုးစားတတ်ကြပါတယ်. . တချို့ကတော့ လူဆိုးလူသရမ်းလို့ အထင်ခံသွားရပြီး တချို့ကျတော့ စိတ်သဘောထား ပြည့်ဝတဲ့လူ. . အင်မတန် သတ္တိရှိတဲ့လူလို့ ထင်မှတ်သွားတတ်ကြပါတယ်. . "

လုံဆုရယ်က. . .

"မင်းကိုတော့ ငါ. . သံသယမရှိ ယုံကြည်ပါတယ်၊ မင်းဟာ အင်မတန် စိတ်သဘောထားပြည့်ဝတဲ့ လူငယ်တစ် ယောက်ဖြစ်ပါတယ်. . "

ရှောင်လွှေက ခေါင်းခါ၏။

"အဲဒါ ခင်ဗျား အထင်မှားနေတာပါ. . "

"မမှားပါဘူး၊ မင်းသာ ငါ့ကို မိတ်ဆွေအဖြစ် သတ်မှတ်ရင် ငါ့လောက် ပျော်မယ့်လူ ဒီလောကမှာရှိမှာ မဟုတ်တော့ပါဘူး"

"အေးဗျာ. . ခက်တာပဲ. . ခင်ဗျားနဲ့ ကျွန်တော်ဟာ ဘယ်တုန်းကမှ မိတ်ဆွေမဖြစ်ခဲ့တာပဲ. . "

"အခုမဖြစ်သေးပေမယ့် နောက်တော့ ဖြစ်လာနိုင်သေးတယ် မဟုတ်လား. . ငါ့ညီရဲ့. . . "

"နောက်ဆိုတာ မရှိနိုင်တော့ပါဘူးဗျာ. . "

"ဘာဖြစ်လို့ မင်းဒီလို ပြောရတာလဲ. . "



"ကျွန်တော် သေသွားနိုင်တယ်လေ. . "

"မင်းမသေနိုင်သေးပါဘူး. . ဆေးမကုဘဲနဲ့တောင် မင်းဟာ ဒဏ်ရာဗရပွနဲ့ လျှောက်သွားနေသေးတာပဲ. . အခုငါက မင်းကို ဆေးကုပေးထားတယ်. . "

"ဒါဖြင့် ကျွန်တော့်ကို ခွင့်ပြုပါတော့. . ကျွန်တော် သွားပါရစေတော့. . "

လုံဆုရယ်က လှုံးလဲထလာသော ရှောင်လွှေ၏ ပခုံးကို အသာပြန်ဖိကိုင်လိုက်သည်။

ရှောင်လွှေ မသက်မသာ ပြောသည်။

"ကျွန်တော် သွားချင်နေတဲ့ဥစ္စာ. . ဘာဖြစ်လို့ ကျွန်တော့်ကို ဆွဲထားရတာလဲ. . "

"ငါ့မှာ ပြောစရာတွေ ရှိပါသေးတယ်. . ဒါကြောင့်မို့ပါ"

ရှောင်လွှေ ခုတင်ပေါ် အသာပြန်လှဲချလိုက်၏။

"ကောင်းပြီလေ. . . ပြောပါ. . ကျွန်တော် နားထောင်ပါ့မယ်. . "

လုံဆုရယ်သည် စကားလုံး ရွေးနေဟန်ဖြင့် အတန်ကြာ စဉ်းစားသည်။

"မင်း. . မိတ်ဆွေလို့ ထင်ထားတဲ့ ကျင်းချွန်းဆိုတာ သူ့ရဲ့ နာမည်ရင်း မဟုတ်ပါဘူး. . ကျင်းယိုဝူးလို့ ခေါ်ပါတယ်. . . အစ်ကိုကြီး ကျင်းခန်းရဲ့သားပါ၊ ငါ့တူပေါ့. . သူက ငါ့အစ်ကိုကြီးရဲ့ တစ်ဦးတည်းသော သားပါ. . အစ်ကိုကြီး ကွယ်လွန်ပြီး နောက်"

ရှောင်လွှေ ကြားဖြတ်၍ ပြောလိုက်၏။

"အဲ့ဒီအကြောင်းတွေ ကျွန်တော် သိပြီးပါပြီဗျာ. "

လုံဆုရယ် အံ့ဩသွား၏။

www.burmeseclassic.com

www.burmeseclassic.com



"တကယ်လား"

ရှောင်လွေက ဆက်ပြော၏။

"ခင်ဗျားဟာ ကျန်ဝမ်းနယ်က အာမခံဌာနကြီး လေးခုရဲ့ အကြီးအကဲဖြစ်တယ်. . . ကျင်းယိုဝူးနဲ့ အိုယန်ကျိတို့ဟာ ခင်ဗျား အင်မတန် အားထားယုံကြည်ရတဲ့ လက်ထောက်ဖြစ်တယ်. . . တစ်ကြိမ်မှာ ငွေရှစ်သိန်းတန်တဲ့ ပစ္စည်းတွေကို နေပြည်တော်ကနေ ကုစောမြို့ကို ပို့ဖို့ ကျင်းယိုဝူးကို တာဝန်ပေးခဲ့တယ်. . . ခရီးတစ်ဝက်မှာ ကျင်းယိုဝူးနဲ့အတူ ပါသွားတဲ့ အာမခံ သိုင်းဆရာတွေ အားလုံးသေကုန်တယ်. . . ငွေရှစ်သိန်းနဲ့ ကျင်းယိုဝူးလည်း ပျောက်ဆုံးသွားတယ်. . ."

လုံဆုရယ်က ငြိမ်သက်စွာ နားထောင်နေသည်။

ရှောင်လွေက ဆက်ပြောသည်။

"ခင်ဗျားက ဒီငွေရှစ်သိန်းကို ကျင်းယိုဝူး အပိုင်စီးသွားပြီလို့ သတ်မှတ်ခဲ့တယ်. . သူကို မတွေ့တွေ့အောင် လိုက်ရှာခဲ့တယ် ခင်ဗျားတို့ မရှာနိုင်တော့ လူတစ်ချို့ကို ငွေတစ်သောင်းပေးပြီး ရှာခိုင်းခဲ့တယ်၊ အဲဒီလူတွေဟာ ကျင်းယိုဝူးနေတဲ့ နေရာကို သတင်းရပြီး လိုက်ရှာခဲ့ကြပါတယ်. . ဒါပေမယ့် သူတို့ သီသီကလေး နောက်ကျသွားတယ်. . အဲဒီသုံးယောက် ရောက်လာတော့ ကျင်းယိုဝူးက ထွက်သွားနှင့်ပြီ. ."

ရှောင်လွေ၏အသံက အေးဆေးတည်ငြိမ်နေသည်။ သူနှင့် မသက်ဆိုင်သည့် ကိစ္စရပ် တစ်ခုကို ပြောပြနေသည့်အလားပင်။ သို့သော် သူ့မျက်လုံးများကမူ ကြေကွဲဝမ်းနည်းနေသည်။

လုံဆုရယ်က. .

"သူဒီကိစ္စကို တကယ်ပဲ ပြောပြခဲ့သလား. ."



"ပြောပြခဲ့တယ်. ."

"ဒီလျှို့ဝှက်ချက်ကို ပြောပြတဲ့အတွက် မင်းက သူ့ကို မိတ်ဆွေအစစ်အဖြစ် အသိအမှတ် ပြုလိုက်တာကိုး. ."

ရှောင်လွေက ဘာမှမပြောဘဲ ငြိမ်နေသည်။

"ဒီလိုဆိုရင် တို့လူသုံးယောက် မင်းဆီရောက်လာတဲ့အခါ လူမှားနေမှာ မင်းသိထားပြီပေါ့. ."

"သိထားပြီပေါ့. ."

"ဘာဖြစ်လို့ ရှင်းမပြလိုက်တာလဲ. ."

"ဟင်း. . ခင်ဗျားကို ဒီလိုအချိန်မျိုးမှာ ကျွန်တော် ဘယ်လိုမှ ရှင်းမပြဘူး. . ရှင်းပြချင်စိတ် မရှိဘူး. ."

ထိုအခါ တစ်ချိန်လုံး ငြိမ်သက်စွာ နားထောင်နေသည့် အိုယန်ကျိက ဝင်ပြောလာ၏။

"အင်း. . မင်းဟာ သာမန်လူသားမဟုတ်တဲ့ သူရဲကောင်း ဖြစ်ချင်ဖြစ်. . ဒါမှမဟုတ် တကယ်အသုံးမကျတဲ့သူ ဖြစ်ချင်ဖြစ် လိမ့်မယ်. ."

ရှောင်လွေက အိုယန်ကျိ၏ မှတ်ချက်ချသံကို ပြန်လှန်ချေပခြင်း မပြုပါ။ ဒေါသထွက်ခြင်းလည်း မရှိပါ။ အိုယန်ကျိက ဆက်ပြောပြ၏။

"နောင်ကြီးလုံဆုရယ်က ကျင်းချန်းခေါ် ကျင်းယိုဝူးကို သားအရင်းလို သဘောထားခဲ့တယ်. . အာမခံပစ္စည်း သယ်ယူပို့ဆောင်ပေးတုန်းက တစ်ခုခု ချွတ်ယွင်းတယ်ဆိုရင် သူဟာ လုံဆုရယ်ဆီကိုပဲ ပြန်လာရမယ်. . အကျိုးအကြောင်း ပြောပြရမယ်. ."

"သူ့မှာ အကြောင်းတစ်ခုခု ရှိနိုင်တာပေါ့. ."

ရှောင်လွေ၏ လက်သုံးစကား။

www.burmeseclassic.com

www.burmeseclassic.com



အိုယန်ကျို ခေါ်ခေါ်၏။

"နောင်ကြီးလုံဆုရယ်. . . ဘာကြောင့် တစ်ခေါင်းလုံးဖြူဖွေး သွားတယ်ဆိုတာ သိရဲ့လား. . . ငွေရှစ်သိန်းကို ဘယ်လိုလျော်ပေးနိုင်မှာလဲ. . . အာမခံဌာနလေးခုက လူတွေ အားလုံးကြိုးစားချွေတာပေး တောင် ဒီငွေကို အကြေလျော်ပေးနိုင်မှာ မဟုတ်ဘူး. . ."

ရှောင်လွေက အိုယန်ကျိုအား ပြန်မေးလိုက်၏။

"ခင်ဗျားက သူ့ကို သစ္စာဖောက်သွားပြီလို့ အပ်ကျမတ်ကျ ယူဆထားပြီလား. . ."

အိုယန်ကျိုက နာကြည်းစွာ ရယ်မောလေ၏။

"ကျားကိုက်ပါတယ်ဆိုမှ နာတာရှည်လားလို့ မေးနေရသေးသလား . . သစ္စာမဖောက်ရင် သူ့ကို သားအရင်းလို ချစ်တဲ့ ဦးလေးတစ်ယောက်လုံး စိတ်သောကရောက်နေတဲ့ အလုပ်မျိုး လုပ်ပါ့မလား. သူပြန်လာမှာပေါ့. ."

"ဒါက သူနဲ့ခင်ဗျားတို့ သေသေချာချာ ရင်ဆိုင်တွေ့ပြီးမှ ဆုံးဖြတ်ရမယ့် ကိစ္စပါ. . ကျွန်တော့်ကိစ္စမှာလည်း အဲဒီလိုပဲပေါ့၊ သူ့ကို သေသေချာချာ တွေ့ပြီးမှ သစ္စာဖောက် မဖောက်ဆိုတာကို ဆုံးဖြတ်ရမယ်. . ."

လုံဆုရယ်နှင့် အိုယန်ကျိုတို့သည် ထူးခြားစိတ် ရှိသည့် ရှောင်လွေကို ငေးကြည့်နေမိကြလေ၏။

* * *



## အခန်း(၂၂)

## ကျေးစူးကြွေးနှင့် သွေးကြွေး

တည်ခိုခန်း၏ရှေ့၌ အာမခံဌာန၏ လှည်းများကို နေရာအနှံ့ အပြား တွေ့ရသည်။ လှည်းပေါ်၌ပါသည့် ငွေသေတ္တာများကိုမူ တည်းခိုခန်း၏ အရှေ့ဘက်ထောင့်ရှိ အခန်းသုံးခန်း၌ အစောင့်အကြပ် ထူထပ်စွာဖြင့် သိုလှောင်ထားရှိ၏။ အတွေ့အကြုံ ရင့်ကျက်သော ဌာနခွဲမှူးများ၊ အာမခံသိုင်းဆရာများသည် သုံးဆိုင်းခွဲ၍ နေ့ည အဆက်မပြတ် စောင့်ရှောက်နေကြ၏။

အာမခံဌာနတွင် ပိုးသားဖြင့် ချုပ်လုပ်ထားသည့် ရွှေနဂါးပုံ ဖော်ထားသော လေးရှောင်ခြယ်အလံသည် တဖျပ်ဖျပ် လူးလွန့်နေသည်။ နဂါးသည်ပင် ကောင်းကင်သို့ ပျံတက်မည့်နှယ် ရှိနေပြန်၏။ ဤအာမခံဌာနကို ပုန်းရင် အာမခံဌာနဟုခေါ်သည်။ သို့သော် ဤအာမခံဌာနကို အောင်မြင်အောင် ပျိုးထောင်ခဲ့သည့် ဖုန်းတာရင်အော့ ကျင်းစန်းတို့ကား တစ်ယောက်ပြီးတစ်ယောက် ကွယ်လွန်သွားခဲ့လေပြီ။ သူတို့၏ညီ လုံဆုရယ်ခေါ် လုံကန်း တစ်ယောက်တည်းသာ သိုင်းလောက၌ ကျန်ရစ်ခဲ့သည်။ သူ မအိုသေးပါ။ သို့သော် ယုံကြည်အားထားရသူ သစ္စာဖောက်ခံရသည့်အတွက် စိတ်ဓါတ်ကျမိသည်။

သူတပည့် ဓါးသမားများသည် ကျင်းယိုဗူးထက် ပို၍သစ္စာရှိကြသည်။ သူတို့အားလုံး လူလွတ်များ ဖြစ်ကြသည်။

www.burmeseclassic.com

www.burmeseclassic.com



လူလွတ်များ မဖြစ်လျှင်လည်း အာမခံသိုင်းသမား လုပ်ရန် မသင့်ပေ။ သူတို့ မိန်းမများ ယူခဲ့လျှင် မုဆိုးမဖြစ်ရန် သေချာသလောက် ဖြစ်ရမည်။ သို့သော် သိုင်းသမားများ၏ ဘဝသည် သူရဲကောင်းဆန်လှ ရကား မိန်းမပျိုလေးများကား သိုင်းသမားများကို ချစ်မြတ်နိုးကြသည်။ ဤသို့ဖြင့် စွဲမက်လွမ်းဆွတ်ဖွယ်ကောင်းသော ဇာတ်လမ်းများ ဖြစ်ပေါ်ခဲ့ ရပေသည်။

ထိုတည်းခိုခန်း၏ အနောက်ဘက် အခန်းတစ်ခန်းမှ ပြတင်း ပေါက် တစ်ပေါက်သည် ပွင့်နေသည်။ ထိုအခန်းထဲ၌ လုံကန်းခေါ် လုံဆု ရယ်နှင့် အိုယန်ကျိတို့ မျက်နှာချင်းဆိုင်ထိုင်ကာ အရက်သောက်နေကြ သည်။ စိတ်လှုပ်ရှားဖွယ် အဖြစ်အပျက်များကြောင့် သူတို့နှစ်ယောက် အရက်အတော်များများ သောက်ပြီးကြလေပြီ။ အိုယန်ကျိသည် တည်းခို ခန်း ပတ်ဝန်းကျင်၌ ရပ်ထားသော လှည်းများကို အကဲခတ်ပြီး. . .

"နောင်ကြီး. . ကျွန်တော်တို့ ဒီမှာ တည်းတာ လေးရက်တိ တိ -ရှိသွားပြီ. . ."

လုံဆုရယ်က ခေါင်းခါ၏။

"အင်း. . . လေးရက်ရှိပြီ. . ."

"ဒီအတိုင်းဆက်နေရင် ကျွန်တော်တို့ လူတွေ တက်ကုန် တော့မယ်. ."

လုံဆုရယ်က ပြုံးလိုက်၏။ အိုယန်ကျိ၏ စိတ်ဓါတ်ကို သူ ကောင်းစွာသိသည်။ အိုယန်ကျိသည် စိတ်မြန်လက်မြန်သမားဖြစ်သည်။

"တခြားလူတွေ မင်းလိုသွားချင်နေတယ်လို့ ထင်နေသ လား. . ."

"အာမခံပစ္စည်းတွေ သတ်မှတ်ထားတဲ့ နေရာမရောက်မချင်း သူတို့ အရက်ဖြောင့်ဖြောင့် သောက်နိုင်မှာ မဟုတ်ဘူး. . သူတို့ မြန်မြန်



သွားချင်ပေမယ့် မပြောဝံ့လို့ ငြိမ်နေကြတာပေါ့"

အိုယန်ကျိသည် အရက်ခွက်ကို ကောက်မော့လိုက်သည်။

"နောက်ပြီး အလုပ်ရှင်ကလည်း ပြောခဲ့တယ်မဟုတ်လား၊ သူ့ ပစ္စည်းတွေ လမကုန်ခင် အရောက်ပို့ ရလိမ့်မယ်. . နောက်ကျရင် သယ် ဆောင်ခထဲက ငါးထောင်ဖြတ်မယ်လို့ ဘာမဟုတ်တဲ့ သုံး လေးရက်က လေးနဲ့ ငါးထောင်ဖြတ်ခံရရင် ကျွန်တော်တို့ဌာန သိပ်နစ်နာတာပေါ့ ကိုတော့ထားပါတော့. နာမည်ပျက်တာကို ပိုနှမြောဖို့ကောင်းပါတယ်"

လုံဆုရယ်က လေးလေးစားစား ခေါင်းညိတ်သည်။ အိုယန်ကျိ သည် အာမခံဌာနကိစ္စကို သူ့ကိစ္စနှင့်ထပ်တူ သဘောထားသူဖြစ်သည်။

"မင်းပြောတာ ငါသဘောပေါက်ပါတယ်. . . ဒါပေမယ့်"

အိုယန်ကျိက ချက်ချင်း ဝင်ထောက်သည်။

"ရှောင်လွေရဲ့ဒဏ်ရာ မပျောက်မချင်း ကျွန်တော်တို့ မသွား သေးဘူး ဆိုပါတော့. . ."

လုံဆုရယ်က သက်ပြင်းချသည်။

"ငါတို့အတွက်ကြောင့် ဒဏ်ရာရခဲ့တာ ဆိုတာလည်း မမေ့ ဦး. . ."

"ထားပါတော့. . အခု သူ့ဒဏ်ရာတွေ အတော်သက်သာ နေပြီပဲ. . သွားမယ်ဆိုရင် သွားလို့ရပြီပဲ. . . ဘာဖြစ်လို့. . ."

"မင်း. စိတ်ချပါ၊ သူသွားချင်နေတာ မင်းမြင်တဲ့အတိုင်းပဲ တစ်ရက်နှစ်ရက်လောက် စောင့်လိုက်ရင် သူလူကောင်းပကတိ ဖြစ် သွားမှာပါ. . ."

ထိုအချိန်တွင် အိုယန်ကျိ၏ မျက်လုံးများသည် ပြတင်းပေါက်မှ နေ၍ အောက်မြေပြင် ခြံဝင်းထဲသို့ စူးစိုက်ကြည့်နေသည်။ လုံဆုရယ် လည်း လိုက်ကြည့်မိသည်။ လူတစ်ယောက် တည်းခိုခန်း၏ အနောက်

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



ဘက်မှ ထွက်လာပြီး အနောက်ဘက် တံခါးဆီသို့ သွားနေသည်။ ထိုလူသည် ခပ်ဖြည်းဖြည်း လမ်းလျှောက်သော်လည်း ကိုယ်ကို ခပ်မတ်မတ်ထားသည်။ ထိုလူသည် မည်သည့်အခါမှ ခါးညွတ်မည့် လူစားမျိုး မဟုတ်ပါ။ လုံဆုရယ်က ပြုံး၍ ပြောလိုက်၏။

"ကဲ.. တွေ့ပြီလား.. ငါတားမှာစိုးလို့ ငါမရှိခင် နောက်ပေါက်က ထွက်နေပြီ.. သူသွားတော့မယ်..."

ဗိုယန်ကျိသည် ရုတ်တရက် ပြတင်းပေါက်သို့ ထသွား၏။ လုံဆုရယ်က ချက်ချင်းဆွဲလိုက်သည်။

"မင်း ဘာလုပ်မလို့လဲ.. သူ့ကို ခေါ်မလို့လား.."

"ဆွဲထားမလို့တော့ မဟုတ်ပါဘူး.. စကားလေး တစ်ခွန်းနှစ်ခွန်းလောက် မေးချင်လို့ပါ.."

"ဘာမေးမလို့လဲ..."

"နောင်ကြီးက သူ့အပေါ် ဘယ်လောက်ကောင်းခဲ့သလဲ ဒါပေမယ့် သူ နှုတ်မဆက်ဘဲ ထွက်သွားတယ်.. ဒါဟာ မိတ်ဆွေပီသတဲ့ အပြုအမူ မဟုတ်ဘူး..."

လုံဆုရယ်က သက်ပြင်းချ၍ ပြောသည်။

"သူက ငါ့ကို မိတ်ဆွေအဖြစ်မှ အသတ်အမှတ် မပြုသေးတာ သူ ပြောင်ပြောင်ပဲ ပြောထားတာပဲ.."

"နောင်ကြီး မှားတာပဲ.. သူက ဧကရာဇ်သားတော်လည်း မဟုတ်ဘူး၊ ဘာဖြစ်လို့ သူ့ကို ဒီလောက် ကောင်းကောင်း ဆက်ဆံမှာလဲ၊ ကျွန်တော်တို့မှာသာ အများကြီး လစ်ဟင်းရတယ်"

လုံဆုရယ်သည် ခြံတံခါးကိုကျော်ဖြတ်ပြီး အဝေးသို့ရောက်သွားပြီဖြစ်သည့် ရှောင်လွေ၏ ကျောပြင်ကိုငေးကြည့်ပြီး ခပ်တိုးတိုး ပြောသည်

"သူလို လူမျိုးဟာ သိင်းလောကမှာ အလွန်ရှားတယ်..



သူတို့ဟာ ကျော်ကြားချင်မှ ကျော်ကြားမယ်.. ဒါပေမယ့် သစ္စာနဲ့ ခန အလွန်ကြီးတဲ့ လူတွေဖြစ်တယ်.."

"နောင်ကြီးကို သူက မိတ်ဆွေအဖြစ်မှ လက်မခံတာ.. ဘာဖြစ်လို့ ကိုယ်က အတင်းလိုက်ပေါင်းနေရမှာလဲ..."

"အမှန်တော့ သူ ငါ့ကို မိတ်ဆွေအဖြစ် လက်မခံချင်လို့ မဟုတ်ပါဘူး.. သူ့ဘဝဟာ ပင်လယ်ထဲ တွယ်ရာမဲ့မျောနေတဲ့ လူလို ဖြစ်နေတယ်.. တခြားလူတွေဟာ အဲဒီလိုမျောတဲ့အခါ ကောက်ရိုးတစ်မျှင်တွေလည်း လှမ်းဆွဲရမှာပဲ.. သစ်ကိုင်းတစ် ကိုင်းတွေလည်း လှမ်းဆွဲရမှာပဲ.. သစ်တုံးတစ်တုံးတွေလည်း လှမ်းဆွဲရမှာပဲ.. သူကတော့ တခြားလူတွေလို မဟုတ်ဘူး.. သူ့တွယ်လိုက်မှ တွယ်လိုက်တဲ့အရာတွေ နစ်သွားစိုးနေတယ်.. သူ့ဘာသာပဲ အသေခံချင်တယ်.. တခြားလူတွေကို သူက အဖော်ခေါ် မသွားချင်ဘူး.. ဒါကြောင့် သူကငါ့ကို မိတ်ဆွေအဖြစ် လက်မခံတာပါ..."

ဗိုယန်ကျိသည် လူများ၏ အတွင်းသဘော မနောကို ဤမျှ သိ၍ချေ။ သူသိသည်မှာ ခုတ်မည်၊ ထစ်မည်၊ တိုက်ခိုက်မည်၊ ဒါပဲဖြစ်သည်။ လုံဆုရယ်၏ စကားကိုကြားမှ ရှောင်လွေအား လေးစားသလိုလို ဖြစ်လာသည်။

"သူ့အဖြစ်က အတော် ဝမ်းနည်းစရာ ကောင်းတယ်.. ငါတို့နဲ့တွေ့တာ လေးငါးရက် ရှိနေပြီပဲ.. သူ့အဖြစ်အပျက်ကို တစ်ခွန်းမှ ထုတ်မပြောဘူး.. မင်းတွေ့သားပဲ.."

ဗိုယန်ကျိက...

"သူက နောင်ကြီးကို ဒုက္ခမပေးချင်ပေမယ့် သူ့ကို ကယ်ဖို့ တစ်ချက်တည်းနဲ့ မယ်တော်ဘုရားကျောင်းမှာ သွေးမိုးဂိုဏ်းနဲ့ ... ဖွဲ့ခဲ့ပြီးပြီ.. ဒါကို သူသိသင့်တာပေါ့.."

BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



"တစ်ချို့ကိစ္စတွေ သူမသိတာဘဲ ကောင်းပါတယ်ကွာ"

"သွေးမိုးဂိုဏ်းဟာ ဆွေမျိုးစဉ်ဆက် တစ်လျှောက်လုံးလိုက်ပြီး လက်စားချေတယ်ဆိုတာ နောင်ကြီး မသိဘူးလား. ကျွန်တော်တို့ အတွက် အများကြီး ပြဿနာရှုပ်လာနိုင်တယ်. . ."

"သူ့ကြောင့် ရှုပ်တယ်လို့တော့ ပြောမရပါဘူးကွာ. . ."

"ဗျာ. . . ဘယ်လို. . ."

အိုယန်ကျိ အံ့ဩသွား၏။ ထို့ကြောင့် ချက်ချင်း ပြန်မေး သည်။ လုံဆုရယ်က တစ်ခွန်းချင်း ပြောလေ၏။

"အစ်ကိုကြီး ဖုန်းစာတို့ ဘယ်သူ့ကြောင့် သေရသလဲဆိုတာ မင်းသိသလား. ."

အိုယန်ကျိသည် ဆက်မမေးနိုင်တော့ပေ။ ဒေါသရိပ်များ တလျှံလျှံထနေသည့် လုံဆုရယ်၏ မျက်လုံးများကို ကြည့်ကာ ကြက်သီးထ လာသည်။ ချက်ချင်းလိုလို နားလည်သဘောပေါက် လာသည်။

"နောင်ကြီး . . ဆရာကြီးဖုန်းတ သေတာ သွေးမိုးဂိုဏ်းရဲ့ လက်ချက . . . ဟုတ်လား. . ."

လုံဆုရယ်က မဖြေပါ။ လက်ထဲမှ အရက်ခွက်ကို ချေမွပစ် လိုက်သည်။ အိုယန်ကျိက. . .

"နောင်ကြီး ဘယ်လိုသိသလဲ . . ဘာဖြစ်လို့ ခုမှအသိပေးရ တာလဲ . ."

လုံဆုရယ် အံကြိတ်၍ ပြောလေ၏။

"မင်း ဘယ်လိုပြောလို့ ဖြစ်မလဲ. . မင်းက စိတ်မြန်လက်မြန် သမားပဲ . . ငါပြောတာနဲ့ မင်း ချက်ချင်းသွားပြီး လက်စားချေမှာပေါ့ အဲဒီတော့ ငါ့လက်ရုံးတစ်ဖက် ပြတ်ရတော့မှာပေါ့"

အိုယန်ကျိ အံကြိတ်သည်။



"ကျွန်တော်တို့ လက်စားချေရမယ်. . ."

လုံဆုရယ်က စားပွဲကို လက်သီးဖြင့် ထုချေပြီ။

"မင်း ရူးနေသလား . . ကျေးဇူးရှိတာကို အရင်မဆပ်ဘဲနဲ့ လက်စားချေတဲ့ကိစ္စကို အရင်လုပ်လို့ ဖြစ်မလား. . ."

အိုယန်ကျိသည် တုန်တုန်ယင်ယင် ဖြစ်လာပြီး ထိုင်ခုံပေါ်၌ ပစ်ထိုင်ကျသွားသည်။ သူ့နဖူး၌ ချွေးသီးချွေးပေါက်များ စီးကျလာ သည်။ လုံဆုရယ်က လက်ဝါးကို ဖြန့်လိုက်၏။ ဖန်ကွဲဖန်စများတို့ ကျသွား၏။ လက်ဝါးတစ်ခုလုံး သွေးခြင်းခြင်း နီနေသည်။

လုံဆုရယ်က သူ့လက်ဝါးမှ သွေးများကို ကြည့်၍ တစ်လုံးချင်း ပြောလေ၏။

"သွေးကြွေးကို သွေးနဲ့ဆပ်ရမယ်ဆိုတာ မှန်တယ်. . ဒါ ပေမယ့် ငါတို့ဌာနခွဲရဲ့ ကျေးဇူးရှင်တွေကို မေ့ထားလို့ ဖြစ်မလား. သွေးမိုးဂိုဏ်းကို ငါမကြောက်ပါဘူး. . ဒါပေမယ့် ကျေးဇူးရှင်တွေရဲ့ ကျေးဇူးကို အရင်ဆပ်ရဦးမယ်. . ."

အိုယန်ကျိ ဆတ်ခနဲ ထလိုက်၏။

"နောင်ကြီး. . ကျွန်တော် နားလည်ပါပြီ . . ကျေးဇူးကို အရင်ဆပ်ပြီးမှ သွေးကြွေးကို ဆပ်ဖို့ စဉ်းစားပါတော့မယ်. ."

လုံဆုရယ်က နာကျင်သလို ပြုံးလိုက်ပြီး အိုယန်ကျိ၏ပခုံးကို ဆုပ်ကိုင်လိုက်၏။

"ငါ့ညီ. . မင်း နှလုံးရည်ပါ ပြည့်လာပြီ. . ."

အိုယန်ကျိ မျက်ရည်များ ဝဲလာ၏။

* * *

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၂၃)

### သူရဲကောင်း၏ ထူးခြားသောစိတ်ထား

နှုတ်ဆက်ခြင်း မရှိ ကျေးဇူးတင်ခြင်း မရှိဘဲ ရှောင်လွှသည် တည်းခိုခန်းကို ကျောခိုင်း ထွက်သွားလေ၏။

ဒဏ်ရာများ အတော်အတန် သက်သာသွားသည် မှန်သော်လည်း ရှင်းရှင်းလင်းလင်း ပျောက်ကင်းသည်တော့ မဟုတ်သေးပေ။ ဒဏ်ရာများ အတော်အတန် ပျောက်ကင်းသည် မဟုတ်သော်လည်း ခါးကုန်း၍လျှောက်မည်ဆိုပါက အတော်အတန် အနာအကျင် လျော့ပါးနိုင်၏။

သို့သော် ရှောင်လွှသည် ရင်ကော့၍ လျှောက်သည်။ စမ်းချောင်းကလေးသို့ ရောက်သည်။ မက်မန်းတောကို ဖြတ်ကျော်သည်။ မီးသွေးတိုင်များ ကိုးတိုးကွဲတဲဖြင့် ပြာပုံအတိ ဖြစ်နေပြီဖြစ်သော သူ့အိမ်သို့ ပြန်လည်ရောက်ရှိလာလေ၏။

သူ ပြန်လည်ရောက်ရှိလာသည့် ရည်ရွယ်ချက်မှာ လောက ကျွမ်းပြာကျသွားရှာပြီဖြစ်သည့် မိဘနှစ်ပါးကို ဂါရဝပြုရန်သာ ဖြစ်သည်။ သားသမီး တာဝန် ကျေပွန်ရုံသာ ဖြစ်သည်၊

သူ့ဖခင်သည် တစ်ချိန်က အများလုပ်ကောင်း လုပ်ခဲ့ပါလိမ့်မည်။ သို့သော် သူ့အပေါ် စေတနာထားသော ဖခင်ကား ဖြစ်ခဲ့သည် သာ။



သို့ရာတွင် ယခုအခါတွင်ကား အများလည်း မရှိတော့။ အရာရာသည် ပြီးဆုံးသွားခဲ့လေပြီ။

ရှောင်လွှ အံ့ဩသွားသည်။ မီးလောင်မြေပြင်သည် ရှင်းလင်းနေ၏။ မီးလောင်မြေနှင့် မလှမ်းမကမ်းရှိသော မက်မန်းတောစပ် တောင်ကုန်းထက်၌ မြေပုံနှစ်ခုရှိနေသည်။

မြေပုံရှေ့၌ အရက်နှစ်ခွက်နှင့် အမွှေးတိုင်များ ထွန်းထားသည်။ မည်သူ့ကျို့သို့ လာရောက် ဂါရဝပြုလေသနည်း။

ရှောင်လွှသည် အံ့အားသင့်စွာ ကြည့်နေစဉ် သစ်ပင်များအကြားမှ အဘိုးအိုတစ်ဦး ထွက်လာ၏။ သူ့လက်ထဲ၌ ဖယောင်းတိုင်များ ရှိနေသည်။

ထိုအဘိုးအိုကား သူ့ချမ်းချမ်းနှင့် ကျင်းချန်းတို့ ချိန်းတွေ့လေ့ရှိသော အရက်ဆိုင်ရှင် အဘိုးအိုပေတည်း။ သူ့ဒဏ်ရာများကို အရက်ဖြင့် လောင်း၍ ကုသပေးခဲ့သည့် အဘိုးအိုပေသည်။

အဘိုးအိုသည် ငူငူငိုင်ငိုင် ရပ်နေသော ရှောင်လွှကို တွေ့ရှိသွား၏။ သူ့ထံသို့ ဖြည်းညင်းစွာ လျှောက်လာသည်။ သူ့ပခုံးကို အသာအယာပုတ်၍ ပြောသည်။

"မင်း ပြန်လာပြီကိုး. . ကောင်းတယ်. . . မင်း ရောက်အောင်ပြန်လာနိုင်သားပဲ. . ."

ရှောင်လွှက အံတင်းတင်း ကြိတ်လိုက်၏။

"ကျွန်တော်. . ."

အဘိုးအိုက ခေါင်းညိတ်၏။

"မင်း ဘယ်လိုခံစားနေရမယ်ဆိုတာ ငါသိပါတယ်ကွာ. . မင်း ဘာမှမပြောပါနဲ့. . . အခု ငါ့ကို ဘာမှ ကျေးဇူးတင်စကားလည်း မပြောပါနဲ့. . . အခု ဒီမှာလုပ်ပြီးတဲ့ ကိစ္စတွေက ငါလုပ်ထား

www.burmeseclassic.com



တာ မဟုတ်ဘူး. . ."

ရှောင်လွှေ အံ့အားသင့်သွား၏။ အဘိုးအို မလုပ်လျှင် မည်သူက လုပ်လေသနည်း။

"အဘိုး မဟုတ်ရင် ဘယ်သူလဲ. . ."

"သူ့နာမည်ကို မင်းကို ပြောပြရင် သူကြိုက်မှာ မဟုတ်ဘူး. . . ဘာဖြစ်လို့လဲဆိုတော့ အဲဒီလူက ထူးဆန်းတယ်. . . ကျော်ကြားချင်တဲ့လူ မဟုတ်ဘူး. . . ဒါ. . . ဒါပေမယ့်. . ."

အဘိုးအိုက သက်ပြင်းချလိုက်သည်။

"ဒါပေမယ့် ငါပြောပြပါ့မယ်. . ငါ့ကို ခွင့်လွှတ်တန် ကောင်းပါရဲ့. . . ဒီလို ရဲရင့်ပြီး စိတ်စေတနာကောင်းရှိတဲ့ သူရဲကောင်းမျိုးကို ငါမတွေ့ဖူးဘူး. . . ဒီလိုမိတ်ဆွေမျိုးရဲ့ အမည်ကို မင်းသိထားသင့်တယ်လို့ ငါ ယူဆလို့ ပြောပြရတာပါ. . ."

ရှောင်လွှေက အဘိုးအို၏ လက်မောင်းကို ဆုပ်ကိုင်ကာ မေးလိုက်သည်။

"သူ. . သူ ဘယ်သူလဲဗျ. ."

"ဆံပင်တွေ တစ်ခေါင်းလုံးဖြူနေတဲ့ သူရဲကောင်းလေး နာမည်က လုံဆုရယ်တဲ့. ."

ရှောင်လွှေ၏ လက်များ ပြုတ်ကျသွားသည်။

"လုံဆုရယ်. . ဟုတ်လား. . ."

အဘိုးအို သက်ပြင်းချလိုက်၏။

"သူ ငါ့ဆီမှာ မင်းအကြောင်း စုံစမ်းတယ်. . သူ့ကို ငါ အားလုံးပြောပြလိုက်တယ်. . မင်း မိဘတွေ သင်္ဂြိုလ်ဖို့ကိစ္စကို ငါ့ကို တာဝန်ပေးတယ်. . . အခကြေးငွေပေးပြီး ခိုင်းတာဆိုပါတော့"

ရှောင်လွှေသည် ကောင်းကင်ကို မော့ကြည့်ပြီး တီးတိုးရေ



ရွတ်နေလေ၏။

"သူ. . . သူ ဘာဖြစ်လို့ ဒါတွေလုပ်နေတာလဲ. . ."

အဘိုးအိုက ရှောင်လွှေကို ကြည့်ကာ. . .

"မင်းရဲ့စိတ်ဓါတ်ကို သူ သဘောကျပုံရတယ်. . . သူက စကားများများ ပြောတဲ့လူကို သိပ်ကြိုက်ပုံ မရဘူး. . ."

ရှောင်လွှေသည် လက်သီးကို ကျစ်ကျစ်ပါအောင် ဆုပ်ထားလိုက်၏။ သူကိုယ်သူ မည်သို့ထိန်းချုပ်ရမည်မှန်း မသိတော့ပေ။

မျက်ရည်များ အလိုအလျောက် စီးကျလာလေတော့သည်။

သူသည် အဘိုးအိုကို ဘာမျှမပြောတော့ပေ။ အဘိုးအိုထံမှ ဖယောင်းတိုင်များကို ယူကာ သူ့မိဘ၏ မြေပုံနှစ်ခုရှေ့၌ ဒူးထောက်ထိုင်ချလိုက်၏။ မှတ်တိုင်၌ သူ့မိဘနာမည်များ ရေးထိုးထားဟန် ရှိသော်လည်း သူ ပီပီပြင်ပြင် မမြင်တော့ပါ။ မျက်ရည်များက သူ့အမြင်ကို ပေဝါးစေပါသည်၊ အဘိုးအိုက သူ့ဘေးမှ ရပ်ကြည့်ပြီး အားပေးစကား ပြောလေ၏။

"ငိုစမ်းပါ. . ငိုချလိုက်စမ်းပါ. . . တကယ့် ယောကျ်ားဟာ ရဲရဲဝံ့ဝံ့ ငိုတတ်ပါတယ်. . ."

ရှောင်လွှေသည် မြေကြီးကို လက်ဖြင့်ဆုပ်၍ သည်းထန်စွာ ငိုကြွေးလေ၏။

သူသည် သူ့မိဘကို လွမ်းဆွတ်ခြင်း၊ တမ်းတခြင်းဖြင့်လည်း ငိုကြွေးသည်။ အထီးကျန်ရခြင်း အတွက်လည်း စိတ်မကောင်းဖြစ်ပြီး ငိုကြွေးသည်။ ထိုစဉ် လေတစ်ချက် ဝှေ့တိုက်လိုက်ရာ ဖယောင်းတိုင်မီးများ ငြိမ်းသွားလေ၏။ အဘိုးအိုသည် ရှောင်လွှေ၏နောက်နား၌ ရပ်၍ စဉ်းစားနေသည်။

"အင်း. . အခုတော့ မီးလောင်ပြင်ကြီးပေါ့၊ ဒီအနီးအနား

www.burmeseclassic.com

www.burmeseclassic.com



မှာ ဘာအဆောက်အဦးမှ မရှိတာလည်း ကောင်းပါတယ် ဒါပေမယ့် နောင်နှစ် နောင်နှစ်တွေမှာ ဒီမီးလောင်မြေပေါ်မှာ သစ်ပင်ပန်းမန်တွေ ပြန်ပေါက်လာဦးမှာလည်း သေချာပါတယ်"

အဘိုးအိုက အသစ်တစ်ဖန် ပြန်လည် မွေးဖွားလာမည့်ကိစ္စကို စဉ်းစားနေခြင်းသာ ဖြစ်သည်။ သူသည် ရှိုက်ကြီးတငင် ငိုကြွေးနေသော ရှောင်လွှေကို ကြည့်ပြီး စဉ်းစားနေခြင်း ဖြစ်၏။

"ငိုလိုက်ပါ လူကလေး. . ငါသိပါတယ်၊ အဲဒီမျက်ရည်ဟာ ကုန်သွားမှ မင်းဘဝ အသစ်တစ်ဖန် ပြန်စလို့ရမှာ ဘာဖြစ်လို့လဲဆို တော့ မင်းဘဝမှာ မင်းအသက်ပဲ ကျန်ရစ်တော့လို့ပဲ၊ မင်းရဲ့ အိမ် ဟာလည်း မရှိတော့ဘူး၊ မင်းရဲ့မိဘတွေလည်း မရှိတော့ဘူး. မင်းရဲ့ ချမ်းသာကြွယ်ဝခြင်းဆိုတာ ကုန်ဆုံးသွားပြီး၊ မင်းရဲ့ချစ်သူလည်း မ တော့ဘူး၊ မင်းရဲ့မိတ်ဆွေစစ်ဆိုတဲ့ လူငယ်လည်း မရှိတော့ဘူး၊ မင်း ဝမ်းနည်းကြေကွဲခြင်းနဲ့ အထီးကျန်ခြင်း ဆိုတာပဲ ကျန်တော့တယ်၊ ငိုသင့်ပါတယ် လူကလေး . . မင်း ငိုလိုက်စမ်းပါ. . ."

အဘိုးအို စိတ်ထဲမှ ပြောနေသည့် စကားကို ရှောင်လွှေ ကြား လိမ့်မည် မဟုတ်ပါ။ လေတဟုန်ဟုန် တိုက်ခတ်လာသဖြင့် အဘိုးအို ဆံပင်များ လေထဲ၌ လွင့်မြူးလှုပ်ရှားသွားသည်။

မြေပုံနှစ်ခု၊ ငိုကြွေးနေသော လူငယ်၊ ကြေကွဲစွာ ရပ်ကြည့်နေ သော အဘိုးအို၊ မြင်ကွင်းသည် ကြေကွဲဖွယ်ရာ မြင်ကွင်းသာ ဖြစ်နေ တော့သည်။

* * *



## အခန်း(၂၄)
## တဲနှင့် ရွှေအုံ

ချမ်းချမ်းနှင့် ကျောင်းချန်းတို့သည် စားပွဲတစ်လုံးခြားကာ မျက်နှာချင်းဆိုင် ထိုင်နေကြသည်။ သူတို့ရှေ့တွင် အရက်ခွက်များ ရှိသည်။ တန်ဖိုးကြီးသော အရက်များဖြစ်၍ အရသာရှိသည်။ ဖြည်းဖြည်းချင်းမှ မူးပါသည်။

ချမ်းချမ်းက သူမ၏ ဖြူသွယ်လှပသော လက်ချောင်းကလေးများဖြင့် အရက်ခွက်ကို ဟိုရွှေ့သည်ရွှေ့ လုပ်နေသည်။ တကယ်တော့ သူမ အကြီးအကျယ် စိတ်လှုပ်ရှားနေခြင်းသာ ဖြစ်ပါသည်။

ကျောင်းချန်း၏ မျက်လုံးအစုံသည် အလွန်တရာ လှပသော ချမ်းချမ်း၏ ဖော့ဖယောင်း လက်ကလေးများဆီသို့ စိုက်ကြည့်နေ၏။ သူ့အကြည့်မှာ ပိုင်စိုးပိုင်နင်း နိုင်ပေသည်။

ချမ်းချမ်း၏ ခန္ဓာကိုယ်ပေါ်မှာ အလွန်တရာ လှပသစ်လွင်သော ဝတ်စုံရှိနေသည်။ စိမ်းဖန့်ဖန့်အင်္ကျီကို ကျောက်စိမ်းရောင် အနားဖြင့် ကွပ်ထား၏။ ပိတ်သားက တန်ဖိုးရှိသလို ချုပ်ခကလည်း ဈေးကြီးလှ၏။

လက်ရာသေသပ်သဖြင့် ဈေးကြီးပေးရခြင်း ဖြစ်သည်။

သည်ရက်များအတွင်း၌ ချမ်းချမ်း အဝတ်အထည် အတော်များများ ဝယ်သည်။ ကျောင်းချန်းကလည်း ကြည်ဖြူစွာ ဝယ်

www.burmeseclassic.com

www.burmeseclassic.com



ပေးသည်။

သူမ ဝယ်ရာတွင် ကျောင်းချန်း၏ ငွေများကို အသုံးပြုရခြင်း ဖြစ်သည်။ ထို့ကြောင့် ကျောင်းချန်းကို နှင်ထုတ်ရန်မှာ အလွန်တရာ မလွယ်ကူသော ကိစ္စ ဖြစ်နေပါသည်။

အထူးသဖြင့် ယနေ့ညသည် ချမ်းချမ်း၏အခန်းထဲ၌ မနေ မဖြစ်နေတော့ရန် သန္နိဋ္ဌာန်ချထားဟန် တွေ့နေရသည်။

မည်သူမဆို တစ်ခုခု လိုအပ်လျှင် ထိုက်သင့်သော တန်ဖိုး ပေးရသည့်ချည်းသာ။ ချမ်းချမ်းလည်း ထိုက်သင့်သော တန်ဖိုး ပေးရ ပါလိမ့်မည်။

ချမ်းချမ်းသည် မသိမသာ သက်ပြင်းချမိ၏။ သူမ အနေဖြင့် ထိုက်သင့်သော တန်ဖိုးကိုပေးရန် ဆုံးဖြတ်ထားပြီး ဖြစ်သည်။

သို့သော် လောလောဆယ်တော့ မဟုတ်သေးပေ။

သူမသည် အိမ်ဖော်မိန်းမငယ် ဆိုသော်လည်း သာမန် အိမ်ဖော်မျိုး မဟုတ်ပေ။ သခင်မကြီး၏ အထူးချစ်ခင်မှုကို ခံရသော မိန်းကလေးဖြစ်၏။ စိတ်ထားလည်း သူများထက် ကောင်းသည်။ မာနလည်း ရှိသည်။

ကျောင်းချန်းအား ထိုက်သင့်သော တန်ဖိုးပေးချေရန် ဆုံးဖြတ် ထားရခြင်းမှာ ရှောင်လွေ့ သူမအား ရက်စက်လွန်းသောကြောင့် ဖြစ်၏။ မီးရောင်သည် ကျောင်းချန်း၏ မျက်လုံးများပေါ်သို့ ထိုးကျနေ သည်။ အမှန်တကယ်အားဖြင့် ကျောင်းချန်သည် အလွန် ကြည့်ကောင်း သော ယောကျ်ားတစ်ယောက် ဖြစ်၏။ မိန်းမသားများ ကျနိုင် လောက်သည့် ရုပ်ရည်ပိုင်ရှင်ဖြစ်၏။

ထို့ပြင် သန့်ပြန့်စွာ နေတတ်သည်။ ယဉ်ကျေးသိမ့်မွေ့စွာ စကားဆိုတတ်သည်။ အထက်တန်းစား တစ်ယောက်၏ ရုပ်ရည်နှင့်



အပြုအမူမျိုး အပြည့်အဝ ရှိသည်။ သို့သော် သူ့အသည်းနှလုံးသည် မည်သို့သော အသည်းနှလုံး ဖြစ်သနည်း။

ဖြူစင်သော အသည်းနှလုံးလား၊ မည်းညစ်သော အသည်း နှလုံးလား ချမ်းချမ်း မစဉ်းစားချင်ပါ။ စဉ်းစားလျှင် အော့နှလုံးနာမိ မည် ဖြစ်သည်။ ကျောင်းချန်းသည် သူမ အလွန်ချစ်သော ရှောင်လွေ့၏ သူငယ်ချင်းဖြစ်သည်။

သူမသည် ရှောင်လွေ့၏ ချစ်သူဖြစ်၏။ သူမအား ရိုးရိုးသား သား စောင့်ရှောက်သင့်ပါလျက် သူမအား အပိုင်စီးရန် ကြံစည်နေ သည်။ ထိုအချက်ပင် သူ့နှလုံးသား မည်းညစ်ကြောင်း သိနိုင်ပါသည်။

ချမ်းချမ်း၏ မျက်လုံးများသည် ကျောင်းချန်း၏ခါးသို့ ရောက်ရှိ သွား၏။ ထိုခါးတွင် ပိုက်ဆံအိတ်တစ်အိတ် ရှိနေသည်။ ထိုအိတ်ထဲမှ ငွေများ တရဟော ထွက်လာသည်။ ကျောင်းချန်း ဤမျှ ချမ်းသာသည် ကို သူမသိပါ။ ထိုချမ်းသာမှုကို ချမ်းချမ်း မမက်မောပါ။

ကျောင်းချန်းအား မြွေမသေ တုတ်မကျိုး ဆက်ဆံနေရခြင်းမှာ မိမိ၏ဝမ်းကြာတိုက်၌ လွယ်ထားရသည့် ရင်သွေးကလေးအတွက် အမည်ခံ ဖခင်တစ်ဦး လိုနေသောကြောင့် ဖြစ်ပါသည်။

အကယ်၍ ရှောင်လွေ့သာ မိမိအား မရက်စက်ခဲ့လျှင် ကျောင်း ချန်းသည် မိမိအနီးသို့ ကပ်နိုင်လိမ့်မည် မဟုတ်ပါ။

မိမိသည်, ရှောင်လွေ့ကို အရမ်းချစ်သည်။ အသည်းနှင့် အောင် ချစ်သည်။ သူနှင့်ဆိုလျှင် မြင်းဇောင်းထဲတွင် အိပ်နိုင်သည်။ နွားခြေရာခွက်ထဲမှ ရေကို သောက်နိုင်သည်။ မည်သည့် အမျိုးသမီး မဆို မိမိချစ်သူနှင့်ဆိုလျှင် တူနှစ်ကိုယ် တဲအိုပျက်မှာ နေရနေရဆို သော စိတ်ထားမျိုးရှိသည်သာ။

သို့သော် မိန်းကလေးများ မချစ်တော့ပြီဆိုလျှင် အချစ်မှအပ

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်သော တန်ဖိုးအကြီးစားများသည် မိန်းကလေးများအတွက် အလွန်တရာ လိုအပ်လာပြီ ဖြစ်သည်။ တဲအိုပျက်မလို ရွှေဘုံလိုလာသည်။

ချမ်းချမ်းသည် ဖန်ခွက်ကို ရွှေ့ပြောင်းရင်း စဉ်းစားခန်းဝင်နေမိသဖြင့် သူ့ရှေ့၌ ကျင်းချွန်း ရှိနေသည်ကိုပင် မေ့လျော့နေမိသည်။ ကျင်းချွန်းသည် အရက် လုံးဝမရှိဘဲဖြစ်နေသည့် ချမ်းချမ်း၏ အရက်ခွက်ကို ကြည့်ကာ လှမ်းပြောသည်။

"မင်း ဘာတွေစဉ်းစားနေတာလဲ. . ငါ့ကို မောင်းထုတ်ဖို့ စဉ်းစားနေတာ မဟုတ်လား. . ."

ချမ်းချမ်း လန့်သွား၏။ သို့သော် အမူအရာမပျက်စေဘဲ ခပ်အေးအေးပင် ပြောသည်။

"ကျွန်မက ဘာဖြစ်လို့ ရှင့်ကို မောင်းထုတ်ရမှာလဲ. . . တစ်ခုတော့ ရှိတာပေါ့လေ. ."

"ဘာတစ်ခုလဲ. ."

"ကျွန်မ ထင်တာတော့ မိန်းကလေးနဲ့ ယောကျ်ားကလေး အိမ်ထောင်ပြုတယ်ဆိုတာ တကယ်ကြီးကျယ်တဲ့ကိစ္စပဲ. . ဒီလိုကိစ္စမျိုးကို ကရော်ကမယ် စဉ်းစားလို့ သင့်ပါ့မလား. . ရှင့်အိမ်က မိဘတွေကို အကြောင်းကြားသင့်တယ်လို့ ရှင် တစ်ခါမှ မတွေးမိဘူးလား"

ကျင်းချွန်း တိတ်ဆိတ်နေသည်။ ချမ်းချမ်း ဆက်ပြောမည့် စကားကိုသာ နားထောင်နေသည်။

"ကျွန်မကို ကြီးကျယ်တယ်လို့ ရှင်ထင်ကောင်း ထင်လိမ့်မယ်. . တကယ်တော့ ကျွန်မ ကြီးကျယ်တာ မဟုတ်ဘူး. . ဆွေမရှိ မျိုးမရှိ တစ်ကောင်ကြွက် မိန်းကလေးပါ. . အဲဒါကြောင့် ကျွန်မမှာ အစစ အရာရာ စဉ်းစားနေရတာပါ. . ."

ချမ်းချမ်းက နှုတ်ခမ်းလေးကို ကိုက်၍ ပြောလေ၏။



"အခုအချိန်မှာတော့ ရှင်က ကျွန်မကို အစစ အရာရာ အလိုလိုက်နေတာပဲ. . အိမ်ထောင်ပြုပြီးတဲ့ အခါကျတော့ ရှင် စိတ်ပြောင်းချင် ပြောင်းသွားမယ်. . ကျွန်မကို အနိုင်ကျင့်ကောင်းကျင့်မယ်. . တကယ်လို့ ရှင့်မိဘတွေကို အသိပေးပြီးမှ လက်ထပ်မယ်ဆိုရင် ကျွန်မအတွက် အများကြီး အာမခံချက် ရှိတာပေါ့"

ချမ်းချမ်း၏ စကားသည် လွန်စွာ သင့်မြတ် လျော်ကန်ပါ၏။ သနားစဖွယ်လည်း ဖြစ်ပါသည်။ သူမက ရှင်းလင်းစွာ ပြောနေခြင်းဖြစ်သည်။

"ကျွန်မဆိုလိုတာ ရှင် ကျွန်မကို လိုချင်ရင် ရှင့်မိဘတွေကို အသိပေးပါ. . ကျွန်မကို အတိအလင်း လက်ထပ်ယူရမယ် ဒါပါပဲ"

မိန်းကလေးတစ်ယောက် တောင်းဆိုသည့် အချက်အလက်များ အနေဖြင့်ဆိုလျှင် ထိုအချက်နှစ်ချက်သည် လွန်လွန်မင်းမင်း တောင်းဆိုသည့် အချက်များ မဟုတ်ပါ။ မည်သည့် မိန်းကလေးမဆို ဤမျှလောက်တော့ တောင်းဆိုလိမ့်မည် ဖြစ်ပါသည်။

ကျင်းချွန်းသည် အတန်ကြာ တိတ်ဆိတ်နေသည်။ ပြီးမှ သက်ပြင်းချသည်။

"ဟင်း. . ငါ့ဘဝအကြောင်း မင်းကို ပြောမပြရသေးဘူးနဲ့ တူတယ်. ."

"ပြောမပြရသေးပါဘူး ရှင်. ."

"ငါလည်း ပြောမလို့ပါဘဲ၊ တကယ်တော့ ငါဟာ မင်းလိုပဲ မိဘမဲ့နေတဲ့ လူတစ်ယောက်ပါ. မိတ်ဆွေဆောင် သိပ်ရှိလှတာ မဟုတ်ပါဘူး. ."

ချမ်းချမ်းသည် သူမ တစ်ကိုယ်လုံး မဟာပထဝီ မြေကြီးထဲသို့ တစ်ကိုယ်လုံး နစ်ဝင်နိမ့်ကျသွားသည်ဟု ထင်မှတ်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



သူမသည် ပင်လယ်ထဲ၌ နစ်နေသည်။ ကြီးမားသော သစ်တုံးကြီးတစ်တုံးကို လှမ်းဖက်လိုက်သည်။ တကယ်တမ်းတော့ ထိုသစ်တုံးကြီးသည် အမြင်မှားနေခြင်းသာဖြစ်၏။ ကောက်ရိုးမျှင်ကလေးသာ ဖြစ်နေသည်။

ကျင်းချမ်းသည် ချမ်းချမ်းကို စိုက်ကြည့်လိုက်၏။ သူ့မျက်လုံးထဲ၌ ကောက်ကျစ်စဉ်းလဲမှုများ ရှိနေသည်။ သူပြုံးနေသည်။ ထိုအပြုံးသည် သင်တုန်းဓါးသွားထက်၌ သုတ်လိမ်းထားသော ပျားရည်သာဖြစ်သည်။

"တို့နှစ်ယောက်စလုံးဟာ ဆွေမရှိမျိုးမရှိ လူတွေမို့ တစ်ယောက်ကိုတစ်ယောက် အပြန်အလှန် အားကိုးသင့်တယ် မဟုတ်လား.."

ကျင်းချမ်းက ချိုသာစွာ ပြော၏။ ထိုစဉ် တည်းခိုခန်းအပြင်၌ မြင်းခွာသံများ၊ ခြေသံများ ကြားလိုက်ရလေ၏။

* * *



## အခန်း(၂၅)
## မြူစားကလေး

ချမ်းချမ်း ရင်ခုန်လာ၏။ ယမန်နေ့က ကျင်းချမ်းအပြင်သွား တ်တွင် သူမသည် အဝတ်အစား တစ်စုံထွက်ဝယ်ခဲ့သည်။

ထိုစဉ်က ထိုသူကို မြင်တွေ့ရခြင်း ဖြစ်သည်။ စင်စစ် ထိုသူ စ်ယောက်တည်း မဟုတ်ပေ။ အုပ်စုကြီးနှင့် ဖြစ်၏။ ထိုအုပ်စုထဲတွင် သူသည် အငယ်ဆုံးဖြစ်သော်လည်း လူအားလုံးက ရိုရိုသေသေ က်ဆံကြသည်။ ထိုအုပ်စုကို ကြည့်လိုက်သည်နှင့် ထိုအုပ်စု၌ ထိုသူ ည်သာ သခင်ဖြစ်ကြောင်း သိနိုင်သည်။

ထိုသူသည် အခြားသူများထက် တန်ဖိုးရှိသော အဝတ်အစား းကို ဝတ်ဆင်ထားသောကြောင့်ချည်း မဟုတ်ပေ။

သူ မြင်းကုန်းနှီးပေါ်မှ ပတ္တမြားကျောက်စီထားသော ဓားဆောင် ကြောင့်ချည်းမဟုတ်ပေ။ ထိုလူ၏ဥပဓိရုပ်က ထူးခြားနေသော င့်တည်း။ အချို့လူများသည် မွေးကတည်းက တခြားလူများထက် ားသော ဥပဓိရုပ် ရှိတတ်ကြရာ ထိုလူငယ်သည်လည်း ထို အမျိုး ားထဲကပင် ဖြစ်တော့သည်။

သူ့အရပ်သည် အလွန်မြင့်၏။ ရှောင်လွှထက်ပင် မြင့်သေး ည်။ လူအုပ်ထဲတွင် ရပ်နေလျှင် စာသူငယ်ကြား လင်းတငှက်ကဲ့သို့ ဖြစ်နေ၏။

www.burmeseclassic.com

www.burmeseclassic.com



သူလှုပ်ရှားမှုများသည် ကျင်းချန်းထက် သိမ်မွေ့၏။ သို့သော် ဟန်နှင့်မာန်ကား အပြည့်ရှိ၏။ ထိုဟန်နှင့်မာန်ကို မည်သူမျှ တုရှိမရ နိုင်ချေ။ ထိုလူငယ်သည် အထည်ဆိုင်မှ ထွက်လာသော သူမအား မြင်သည်နှင့် သူ၏မျက်လုံးကို သူမ၏ခန္ဓာကိုယ်မှ မခွာတော့ကြောင်း ချမ်းချမ်းသိသည်။

သူမသည် ရင်တထိတ်ထိတ်ဖြင့် တည်းခိုဆောင်သို့ ပြန်လာ ရာ သူ့နောက်မှ တစ်စုံတစ်ဦး လိုက်လာကြောင်း စိတ်ထဲမှ အလိုလိုသိ လိုက်၏။ ထိုလူသည် ထိုအုပ်စုထဲ သခင်မဟုတ်ပေ။ ထိုလူငယ်၏ နောက်လိုက် တစ်ဦးဦးသာ ဖြစ်ရမည်။

သူမ ဆိုင်ထဲဝင်လိုက်သောအခါ ထိုနောက်လိုက်သည် ဆိုင် ရှင်အား မေးမြန်းစုံစမ်းနေကြောင်း တွေ့ရသည်။ မိမိအကြောင်းကို စုံစမ်းခြင်းမှလွဲ၍ အခြား မဖြစ်နိုင် ကြောင်း ချမ်းချမ်း သိရှိလိုက်မိသည်။

ယခု မြင်းခွာသံများ မြူးသံများ ကြားရလေပြီ။

မိမိတို့ နေထိုင်သည့် တည်းခိုဆောင်ရှေ့ အထည်ဆိုင်မှ တွေ့ ရသော အုပ်စု ဆိုက်ရောက်လာပြီ ဖြစ်ကြောင်း သိရှိလိုက်မိသည်။

ထို့ကြောင့် ချမ်းချမ်း ရင်ခုန်လာခြင်း ဖြစ်၏။ ကျင်းချန်းသည် ထိုအသံများကို ကြားသည်နှင့် ဆတ်ခနဲ ထရပ်လိုက်၏။ ရုတ်တရက် လျှောက်သွားပြီး ပြတင်းတံခါးကို ပိတ်သည်။ အခန်းတံခါးများကို မ တုတ်ချသည်။ သူ့မျက်နှာ ဖြူဖတ်ဖြူရော် ဖြစ်သွားသည်။ ချမ်းချ ရိပ်မိလိုက်သည်။

ဗဟုသုတရှိသော ကျင်းချန်းသည် ထိုလူ မည်သူမည်ဝါ မည်ကို မုချသိရှိရပေမည်။ ထို့ကြောင့်သာ မျက်နှာပျက်ခြ ဖြစ်ပေမည်။ ကျင်းချန်း ဘာကို စိုးရိမ်နေသနည်း။

ဘာကို ကြောက်လန့်နေသနည်း။



တစ်ချက်တော့ ရှိသည်။

သူ တည်းခိုဆောင် ပြန်ရောက်ခိုက် တည်းခိုဆောင်ပိုင် ရှင်နှင့် ဝမ်းသူတို့ တီးတိုးပြောနေသည့် စကားတချို့ကို သူမ ကြားခဲ့ရသည်။

မြို့စားကလေးဟူသော စကားကို နှစ်ကြိမ်မျှ ကြားခဲ့ရ သည်။ ယခု ရောက်ရှိလာသော လူအုပ်စု၏ သခင်လေးသည် တကယ်ပင် မြို့စားကလေး ဖြစ်လေသလား။ ဆိုင်အောက်ထပ်၌ မြင်းများ၊ လူများ သောသောကျသွားဟန်ဖြင့် ငြိမ်သက်သွားသည်။

ကျင်းချန်း၏ မျက်နှာသည် ထိုအခါကျမှ သွေးရောင်လွှမ်းလာ ၏။ သူသည် ခွက်ထဲသို့ အရက်များထည့်၍ မော့ချလိုက်သည်။

ဖြူဖွေးနေသည့် မျက်နှာသည် ချက်ချင်း သွေးရောင်လွှမ်းလာ ၏။ သူသည် ချက်ချင်း ချောင်းဟန့်ပြီး. . .

"ငါ. . ခုနက မေးတဲ့ စကားကို ဘာကြောင့် မဖြေတာလဲ"

"ရှင်. . . ရှင်. . . ဘာတွေ မေးလို့လဲ. . ."

"မင်းနဲ့ငါတို့လို ဆွေမဲ့မျိုးမဲ့ အချင်းချင်း အပြန်အလှန် အားကိုး ခ့်တယ်ဆိုတာလေ. . . ငါကလွဲလို့ မင်းကို ဘယ်သူက ကြင်နာမှာ . . ပြုစုယုယမှာလဲ . ."

ကျင်းချန်းသည် ပြောပြောဆိုဆို ချမ်းချမ်း၏ လက်ကို ဖမ်း ကိုင်လေသည်။ ချမ်းချမ်း ထိတ်လန့်သွားပြီး သူမ၏ လက်ကို ပြန် ၏။ မည်သို့သော အခြေအနေ ဖြစ်ပေါ်နေပါစေ၊ ချမ်းချမ်းသည် ၏ ခန္ဓာကိုယ်ကို တစ်ပါးသူ၏ ရင်ခွင်ထဲသို့ မထည့်လိုသေးပါ။ းချန်းသည် ချက်ချင်း တိုးကပ်လာပြီး ချမ်းချမ်း၏ ခါးကိုဖက်သည်။

"မင်းသိရဲ့လား၊ မင်းကို ငါစတွေ့ကတည်းက ချစ်နေတာပါ."

အပြုအမူ ကြမ်းတမ်းသော်လည်း လေသံက ချိုနေသည်။ သော် ရမ္မက်သံ ဖုံးလွှမ်းနေသည်။

www.burmeseclassic.com

www.burmeseclassic.com



"စတွေ့ကတည်းက မင်းကို ငါမမေ့ခဲ့ပါဘူး. . အိပ်မက်ထဲမှာလည်း မင်းပဲ စိုးမိုးနေတာပဲ. . မင်းကို လက်လွှတ်ရရင် ငါ့အသည်းတွေ ကွဲကုန်လိမ့်မယ်. . ."

ချမ်းချမ်းက အတင်းရုန်းကန်နေသည်။

"ဒါဖြင့် ရှင့်စိတ်ထဲမှာ ကျွန်မနဲ့ ရှောင်လွှဲကို မြန်မြန်ကွဲစေချင်တာပေါ့. . . ဒါမှ ရှင်ကျွန်မကို ရမှာပေါ့. . . တော်တော် သစ္စာရှိတဲ့ သူငယ်ချင်းပဲ. . ."

ကျောင်းချမ်းမှာ ကွက်ခနဲ မျက်နှာပျက်သွား၏။ ကျောင်းချမ်းက မချိုမပြုံး၍ ပြော၏။

"မင်းပဲ ငါ့ကို ကတိပေးခဲ့တယ်လေ၊ သူ့အကြောင်း ဘယ်တော့မှ မပြောရဘူး . . သူ့ကို ဘယ်တော့မှ သတိမရတော့ဘူးဆို"

ချမ်းချမ်းသည် ရုန်းကန်းရင်းမှ ပြန်အော်သည်။

"ကျွန်မက သူ့ကို မစဉ်းစားပါဘူး၊ ရှင်သစ္စာမဲ့တဲ့ အကြောင်းကို ရှင်က စပြောလို့ ကျွန်မ သူ့ကို သတိရလာတာ. . ရှင် ခုလို အကြမ်းဖက်သင့်ဘူး၊ ကျွန်မ စိတ်သက်သာရာရမယ့် အချိန်ကို စောင့်သင့်တယ်"

ကျောင်းချမ်းမှာ ပါးရိုက်ခံလိုက်ရသကဲ့သို့ မျက်နှာပျက်သွား၏။ ချမ်းချမ်းသည် သာမန်အားဖြင့် သူ့အား ဤမျှမဆန့်ကျင့်လိုပါ။ သူမ၏ ဧည့်ဝတ်နေရေး၊ ကလေး၏ နောင်ရေးအတွက် သူ့ကို အားထားရန်သာ ရှိနေသဖြင့် သူကသာ နူးညံ့ပျော့ပျောင်းစွာ ကြိုး စားလျှင် လက်ခံလိုက်မည်သာ ဖြစ်ပေသည်။

ယခုကဲ့သို့ အကြမ်းဖက်ခြင်း မျိုးစုံကိုမူ သူ လုံးဝမလိုလားပါ။ သူ့ လက်ခုပ်ထဲကရေလို အထင်ခံရခြင်းမျိုးကို သူမ လုံးဝမလိုလားပါ။

သူမ သူ့ကို အားကိုးခြင်းမှာ ရှောင်လွှဲအား အမိက လက်ထပ်ပေးခဲ့ချေရန်သာ ဖြစ်ပါသည်။ ကျောင်းချမ်းသည် ချမ်းချမ်းကို ပို၍ပို၍ အကြမ်း



ကိုင်လာသည်။ သူ့မျက်လုံးများသည် ဒေါသကြောင့် အနီရောင်သမ်းလာသည်။

"မင်း ဘာဖြစ်လို့ ဒီလောက်တောင် ရုန်းကန်နေရတာလဲ မင်းမှာ ငါ့အပြင် အားကိုးစရာ ရှိသေးလို့လား. . ."

ချမ်းချမ်း ဒေါသထွက်သွား၏။

"ရှင်. . . ဘာဂကားပြောတာလဲ. . . ကျွန်မကိုယ် ကျွန်မ အားကိုးနိုင်တယ်ရှင့်. . . သိရဲ့လား. . ."

"ဒီလိုဆိုရင် မင်းက ငါ့ကို ဘာဖြစ်လို့ ဖြားယောင်းနေရတာလဲ. . ."

"ရှင်စကား ပြန်ပြင်ပြောပါ. . ရှင်ကကော ဘာဖြစ်လို့ ကျွန်မနားမှာ ကပ်နေရတာလဲ၊ ကျွန်မနဲ့ ဝေးတဲ့နေရာကို သွားပါလား . ."

ချမ်းချမ်း သိလာလေပြီ။ ကျောင်းချမ်းသည် သူမ အားကိုးနိုင်မည့် ယောက်ျားမျိုး မဟုတ်ချေ။ မရခင်သာ ဖျာလိုလိပ် ထိပ်ပေါ်တင်ထားသော လူစားမျိုး ဖြစ်သည်။

ရပြီးလျှင် မိမိဘဝမှာ ဖွတ်သည်းထက် ညစ်ရပေတော့မည်။ ကျောင်းချမ်းက ရှုတ်တရက် ရယ်မောလေ၏။

"ငါဘာမှ မသိဘူးလို့များ မင်း ထင်နေသလား. ငါ့ကိုင်အူလို့ ထင်နေသလား၊ မင်းရဲ့ ဖြားယောင်းမှု စက်ကွင်းထဲမှာ ငါ့ကို မိနေပြီလို့ မင်းထင်သလား. ."

ချမ်းချမ်းသည် သူ့အားကြည့်လိုက်၏။

တစ်ကြိမ်တစ်ခါမျှ မတွေ့ဖူးသော သူစိမ်းတစ်ယောက် အား ကြည့်နေသည့်အလား။ သူမအသိ နောက်မကျခဲ့ချေ။ ဤသန့်ပြန့်သော ရုပ်ရည်ရှိသည့် ကျောင်းချမ်း၏ ရင်ထဲမှ အသည်းနှလုံးသည် မည်းညစ်နေကြောင်း သူမ သိခဲ့ပြီ။ ပထမဆုံးအကြိမ်အဖြစ် တိကျစွာ သိရှိခြင်း ဖြစ်ပေ

www.burmeseclassic.com

www.burmeseclassic.com



တော့သည်။

သူမ၏ ခန္ဓာကိုယ်သည် မညစ်နွမ်းသေး။ တော်ပေသေး
သည်။ သူမ၏လက်ကို ဆောင့်ရုန်းထွက်လိုက်၏။ သူမ တဖြည်းဖြည်
နောက်ဆုတ်လာ၏။ သူမ ထွက်သွားရန်မှတစ်ပါး အခြားမရှိတော့ချေ
မိန်းကလေး ကစ်ယောက်အနေဖြင့် ဤလောကထဲ လူလူသူသူ နေနိ
ရန်မှာ လွန်စွာ ခက်ခဲလှကြောင်း ချမ်းချမ်းသိပါသည်။

သို့သော် ဤအချိန်၌ သူမ၏မာနကို ပြရမည်။ ဤအချိန်
သူမ၏ မာနကို မပြနိုင်လျှင် နောင် မည်သို့မျှ ပြနိုင်ခွင့် ရှိတော့မည်
မဟုတ်ချေ။ ကျောင်းချန်းသည် အနန်းတံခါးဝသို့ တဖြည်းဖြည်း ဆုတ်
သွားနေသည့် ချမ်းချမ်းကို ကြည့်ကာ သရော်ပြုံးပြုံးလိုက်လေ၏။

"ဘာလဲ. . . မင်း ဒီက ထွက်သွားမလို့ပေါ့ ဟုတ်လား"

ချမ်းချမ်း မကြောက်တော့ပါ။

သူမ၏မာနကို တုတ်မော်ပြတော့မည်ဟု ဆုံးဖြတ်ပြီးကတည်
က ကြောက်လန့်ခြင်း မရှိတော့ပါ။

သို့သော် ကျောင်းချန်းသည် သူမကို လက်လွှတ်မခံတော့
သူ၏ မည်းညစ်သော အသည်းနှလုံးကို ချမ်းချမ်း သိသွားပြီ
တော့ မထူးတော့ဟူသောသဘောဖြင့် တစ်ဟုန်ထိုး ရှေ့တိုးလာ
ချမ်းချမ်းကို ပွေ့ဖက်တော့၏။

"မင်းအခုမှ ငါ့ကို ခေါက်လှန့်လို့ ဘာရမလဲ. . ."

"လွှတ်. . လွှတ်. . ကျွန်မကို လွှတ်. ."

ကျောင်းချန်းသည် ချမ်းချမ်း၏ အစိမ်းရောင် ဝတ်စုံရှည်ကြီး
ချွတ်ရန် ကြိုးစားသည်။ သူ၏လက်များကလည်း ချမ်းချမ်း၏ တစ်ကိုယ်
လုံးကို ပွတ်သပ်နေသည်။

"လွှတ် . ကျွန်မကို ဒီလိုလုပ်လို့ မရဘူး၊ ကျွန်မဟာ မိန်း



ကောင်း"

ချမ်းချမ်းသည် အတင်းရုန်းကန်သည်။ ကျောင်းချန်းက ပို၍
ကြမ်းလာသည်။ ဤသို့ဖြင့် ချမ်းချမ်း ရေတိမ်နစ်ရတော့မည်။

"ဝုန်း. . ."

တံခါးမင်းတုတ်သည် ကျိုးပျက်သွား၏။ တံခါးရွက်နှစ်ခုသည်
နံရံကို ပြင်းထန်စွာ ရိုက်ခတ်သွား၏။ တံခါးဝ၌ လူတစ်ယောက် မား
မားမတ်မတ် ရပ်နေသည်။

အဖိုးတန်သော အဝတ်အစားများကို ဝတ်ဆင်ထားသည့်
အရပ်မြင့်မားသော လူတစ်ယောက်သည် တံခါးဝ၌ရပ်ပြီး ကျောင်းချန်း
အား စက်ဆုပ်ရွံရှာစွာ ကြည့်နေလေသည်။

ထိုသူ၏ အမူအရာမှာ လွန်စွာအေးဆေး၏။ လက်နှစ်ဖက်ကို
နောက်ပစ်၍ ရပ်နေသည့် သူ့အမူအရာမှာ ဘာကိုမျှ ဂရုမစိုက်သည့်
အမူအရာ ဖြစ်၏။ သူ့ခါးစည်း၌ ကျောက်သံပတ္တမြားများ စီခြယ်ထားသော
ခါးပတ်တစ်ခု ပတ်ထားသည်။

"သူပြောတဲ့ စကားကို မင်းကြားတယ် မဟုတ်လား. . ."

ကျောင်းချန်းသည် ချမ်းချမ်းကို အလန့်တကြား လွှတ်ပေး
လိုက်မိ၏။

"မြို့စားကလေး. ."

သူ့နှုတ်မှလည်း တီးတိုးရေရွတ်မိသည်။

မြို့စားကလေးက အသာအယာ ခေါင်းညိတ်သည်။ သူမသည်
မြို့စားကလေး၏ ဥပမိရုပ်ကောင်းခြင်း၊ ချောမွေ့ခြင်း၊ တန်ခိုးကြီးမာ
ရှိခြင်း စသည့် ဟန်ပန်တို့ကို တွေ့လိုက်ရပါ၏။

သို့သော် တစ်ပြိုင်တည်းမှာပင် ခေါင်းမာခြင်း၊ ပြက်သွားခြင်း၊
မာန်မာနရှိခြင်းတို့ လွှမ်းခြုံနေသည့် ရှောင်လွှက်သည်း သူမ၏

www.burmeseclassic.com

www.burmeseclassic.com



မျက်ဝန်းထဲ၌ မြင်လ ာမိသည်။သူမအား ရက်စက်စွာထားခဲ့သည့် ရှောင်လွှကို သူမ အလွန်မုန်းတီးသည်။ သို့သော် မေ့၍ မရခဲ့ချေတကား။

သူမသည် ကမ္ဘာပေါ်၌ ရှိရှိသမျှသော ချမ်းသာခြင်းတို့ကို ပိုင်ဆိုင်ထားသည် ဖြစ်စေ၊ ရှောင်လွှ ရောက်လာပြီး လက်ယပ်ခေါ်သည်နှင့် သူမသည် ထိုချမ်းသာခြင်း အဝဝကို အမှိုက်များသဖွယ် ပစ်ချပြီး ရှောင်လွှ နောက်သို့ လိုက်သွားမည် ဖြစ်သည်။

"မစဉ်းစားဘူး. . မစဉ်းစားဘူး. . . သူ့ကို မုန်းတယ်. . သူ့ကို ဘယ်တော့မှ သတိမရတော့ဘူး. . .

ချမ်းချမ်းသည် သူမ၏ခေါင်းကို ခါယမ်းလိုက်သည်။ မျက်ရည်များ လွှင့်စဉ်သွားသည်။ သူမသည် မြို့စားကလေး နောက်နား၌ ပြေး၍ရပ်မိလေ၏။

"သူ. . သူ. . . ကျွန်မ. . ကျွန်မကို. . "

မြို့စားကလေးက အေးချမ်းစွာ ခေါင်းငုံ့နားထောင်သည်။

"မင်း ဘယ်လိုဖြစ်စေချင်သလဲ မိန်းကလေး. . . "

"သူ. . . သူ့ကို ချက်ချင်းထွက်သွားခိုင်းပါရှင်. . . "

မြို့စားကလေးက အေးချမ်းစွာ ခေါင်းညိတ်ပြလေ၏။

* * *



## အခန်း(၂၆)

### ခွေးတစ်ကောင်နှင့် လူတစ်ယောက်

မြို့စားကလေးသည် ကျင်းချန်းအား သံမဏိမျက်လုံးများဖြင့် ကြည့်လိုက်၏။

"သူပြောတာ ကြားတယ် မဟုတ်လား. . "

မြို့စားကလေးက ဒါပဲပြောသည်။ သူ့စကားများက အေးစက်လှသည်။ အမြဲတမ်း တည်ကြည်စွာ ပြောတတ်သည့် လေသံ၌ အေးစက်မှုကို ဖြည့်စွက်လိုက်သောအခါ ကျောချမ်းစိမ့်စေသော အသံမျိုးဖြစ်လာသည်။ ကျင်းချန်းသည် ဒေါသဖြစ်ခြင်း၊ မုန်းတီးခြင်း၊ နာကျင် ခြင်းတို့ ပြည့်လျှမ်းနေသည့် မျက်လုံးအစုံဖြင့် ချမ်းချမ်းကို လှမ်းကြည့် သည်။ ချမ်းချမ်းက ထိုအကြည့်ကို မခံနိုင်သည့်အလား မြို့စား ကလေး၏ နောက်ကျောသို့ ပိုတိုးသွား၏။

မြို့စားကလေးက အေးစက်စွာ ထပ်ပြော၏။

"သူ ဘာပြောတယ်ဆိုတာ မင်း မကြားလိုက်ဘူးနဲ့ တူတယ်"

ကျင်းချန်းက မကျေနပ်သော လေသံဖြင့် ပြန်ပြော၏။

"ကျုပ် ကြားပါတယ်. . "

"မင်း သူ့စကားအဓိပ္ပာယ်ကို သေသေချာချာ မသိပါဘူး"

"ကျုပ်သိတယ်. . "

"သိရင် ဘာဖြစ်လို့ အခန်းထဲမှာ ဆက်နေရတာလဲ. .

www.burmeseclassic.com

www.burmeseclassic.com



မင်းကို သူက အခန်းထဲက ထွက်သွားစေချင်တယ်. . "

ကျင်းချွန်း တစ်ကိုယ်လုံး တုန်ခါနေသည်။ သူ့နောက်ကျောမှ တစ်စုံတစ်ဦးက ဓါးဖြင့်ထိုးလိုက်သည့်အလား ခံစားရသည်။ သူမသည် သူ့ကို ဟုတ္တိပတ္တိ လက်ခံမလို လုပ်ပြီးမှ လှည့်စားသည် ဟု ယူဆသည်။

"သူက မင်းကို ထွက်သွားခိုင်းနေတယ်. . မင်းက ဘာဖြစ်လို့ ထွက်မသွားတာလဲ. . ."

ကျင်းချွန်းသည် လက်သီးနှစ်ဖက်ကို ကျစ်ကျစ်ပါအောင် ဆုပ်ထားမိ၏။ သူသည် မြို့စားကလေး၏ မျက်နှာကို လက်သီးနှင့် ထိုးလိုက်ချင်သည်။ ကိုင်ပေါက်ပြီး လက်ကို လိမ်ချိုးပစ်လိုက်ချင်သည်။ သို့သော် သူ မလုပ်ရဲချေ။

ပဒ္ဒအုံကို တုတ်နှင့်ထိုးသည်ကမှ တော်ပေဦးမည်။ သူလုပ်ချင်တိုင်း လုပ်၍ရနိုင်သည်ဟု တစ်ဖက်သတ် မှတ်ယူထား၍လည်း ဖြစ်သည်။ စစ်သူကြီး စစ်သေနာပတိကြီး၏ သားသမီးများသည် အနည်းနှင့်အများ သိုင်းပညာတတ်ကျွမ်းသည်သာဖြစ်၏။

သိုင်းပညာမတတ်သဖြင့် သူလုပ်သမျှ ခံသည်ဆိုစေဦး၊ သူ့အဖို့ မည်သည့်အခါမျှ နောက်ကြောင်းအေးတော့မည် မဟုတ်ချေ။ ထို့ကြောင့် သူသည် လက်သီးကို ကျစ်ကျစ်ပါအောင် ဆုပ်ရုံသာဆုပ်ထားရတော့သည်။ မြို့စားကလေးသည် သူ့အား လှည့်ပင် မကြည့်တော့ချေ။ ချမ်းချမ်းဘက်သို့ လှည့်သွားတော့သည်။ သူမ၏ နွမ်းလျသည့် မျက်နှာကလေးကို တွေ့လိုက်ရသည်နှင့် သူ၏မာကျောသော မျက်လုံးများသည် ရုတ်တရက် ချက်ချင်း နူးညံ့ပျော့ပျောင်းသွားလေတော့၏။ သူမသည် နာကြည်းခြင်းတစ်ဖက်၊ ချစ်ခြင်းတစ်ဖက်ဖြင့် ရှောင်လွှဲကို သတိရနေခြင်း ဖြစ်သည်။ အတိဒုက္ခရောက်နေချိန်၌ ချစ်သူကို သတိရတတ်သည်မှာ လူ့သဘာဝတစ်ခုပါပေ။



သို့သော် သူမ၏ မျက်ရည်များသည် ဤအခန်းထဲမှ လူမသာကြောင့် ကျဆင်းရခြင်း ဖြစ်သည်ဟုသာ မြို့စားကလေး ထင်မှတ်နေသည်။ အလွန်တရာ လှပသော၊ အလွန်တရာ နူးညံ့သော ဤမိန်းကလေး၏ အတိဒုက္ခကို မြို့စားကလေးသည် လွန်စွာ စာနာသနားမိသည်။ မြို့စားကလေးသည် ခါးကြားမှ ပိုးလက်ကိုင်ပုဝါကို ထုတ်ကာ သူမ၏ မျက်ရည်များကို သုတ်ပေးလေ၏။ သူ့ နောက်၌ ကျင်းချွန်းရှိနေသည်ကို လုံးဝ မသိရှိသယောင် မြို့စားကလေးက လုပ်ဆောင်နေပေ၏။ ကျင်းချွန်းသည် အံကြိတ်လိုက်၏။

"ကောင်းပြီ. . ကျုပ်သွားပါ့မယ်. . "

မြို့စားကလေးက လှည့်မကြည့်ဘဲ ပြော၏။

"မင်း သွားသင့်နေတာ ကြာလှပြီ. . "

ကျင်းချွန်းသည် မြို့စားကလေး၏ နောက်ကျောမှ ခေါင်းငုံ့ ထွက်သွား၏။ မြို့စားကလေးကလည်း သူ့အား လှည့်မကြည့်။ ချမ်းချမ်းကလည်း လှည့်မကြည့်ချေ။ သူသည် တည်းခိုဆောင်မှ ထွက်လာလေ၏။ တည်းခိုဆောင်၏ လှေကား၌ အေးစက်သော မျက်လုံးများဖြင့် စောင့်ကြည့်နေသည့် တပ်သား ဆယ့်နှစ်ယောက်ကို တွေ့ရသည်။ မြို့စားကလေး၏ နောက်လိုက်များဖြစ်ကြောင်း ကျင်းချွန်း သိရှိပါသည်။

ယခုအချိန်၌ သူသည် လူများများ ရှိနေသည့် နေရာသို့ မသွားလိုပေ။ သူသည် အေးအေးဆေးဆေး ထိုင်၍ စဉ်းစားလိုသည်။ ထို့ကြောင့် လူသူကင်းရှင်းသည့် ပန်းခြံတစ်ခုသို့ လျှောက်လာခဲ့၏။ ပန်းခြံသို့ ရောက်သောအခါ သူသည် ခုံတန်းရှည်တစ်ခု၌ ထိုင်လိုက်၏။ သူသည် ချမ်းချမ်းကို လွန်စွာ နာကြည်းနေ၏။ သူ့ကို သစ္စာဖောက်သွားသည်ဟု ယူဆပြီး လွန်စွာ မုန်းတီးမိသည်။ သို့သော် သူက သူငယ်ချင်းဖြစ်သူ ရှောင်လွှဲကို သစ္စာဖောက်သည့်အဖြစ်ကိုတော့ သူ မေ့လျော့နေ

www.burmeseclassic.com

www.burmeseclassic.com



သည်။ သူ့ကိုယ်သူတော့ သူတော်စင် တစ်ပါးနှယ် မှတ်ထင်နေ၏။ ယခုအဖြစ်အပျက်သည် သူ့စိတ်နှလုံး အား လွန်စွာ ပူလောင်စေခဲ့၏။ သူ့မာနကို ထိခိုက်စေခဲ့၏။ သူသည် မြို့စားကလေး၏ ရှေ့မှ ခွေးလေ ခွေးလွင့် တစ်ကောင်နှယ် အမြီးကုပ် ထွက်ခဲ့ရသည် မဟုတ်ပါလော။ ဤအမှုကို မည်သူပြုသနည်း။

သူသည် ဘယ်သူမပြု မိမိမှု ဟူသောစကားကို မေ့လျော့နေ၏။ သူသည် ဉာဏ်ကောင်းသော်လည်း လူရိုးလူဖြောင့် မဟုတ်ချေ။ သူသည် ခါးမှသားရေအိတ်ကို လက်ဖြင့် စမ်းမိသောအခါ တင်းမာနေသည့် မျက်နှာထား ပြောင်းသွားသည်။

"ငါ့မှာ ဒါတွေရှိနေသေးတာပဲ. . ."

သူသည် သားရေအိတ်ကို ဖြုတ်ယူ၍ လက်ဖြင့်နှိုက်ကြည့်၏။ အိတ်ထဲတွင် အလွန်တရာ တန်ဖိုးကြီးလှသော ပုလဲကုံးများအပြင် အသစ်ကျပ်ချွတ် ငွေလဲလက်မှတ်များ ရှိနေ၏။ သူသည် တန်ဖိုးကြီးလှသော ပုလဲကုံးများနှင့် ငွေလဲလက်မှတ်များကို အရသာရှိစွာ ပွတ်သပ်ကိုင်တွယ်နေသည်။ ထိုပစ္စည်းများကို အိတ်ထဲထည့် သိမ်းထားခြင်းပင်သည် လွန်စွာ နှမြောတသဖွယ် ကောင်းသည်ဟု သူ ထင်နေမိ၏။

ချမ်းချမ်း. . . ဒီခွေးမ ဂရုမစိုက်တော့ကော ဘာဖြစ်လဲ သူ ထက်လှတာတွေ ဝယ်ယူ၍ရသည်ဟု ကျင်းချွန်း တွေးနေမိ၏။ သူ ပြုံးလိုက်သည်။ လောက၌ ငွေသည် အရာရာကို လွှမ်းမိုးသည်သာဟု တွေးရင်း ပြုံးမိခြင်းဖြစ်လေ၏။

* * *



## အခန်း(၂၇)
## အချစ်၏ကျေးကျွန်

ရှောင်လွေသည် သည်းထန်စွာ ငိုကြွေးနေရာမှ ထရပ်လိုက်၏။ သူ့ကိုယ်သူပင် ဤမျှ သည်းထန်စွာ ငိုကြွေးမည်ဟု မထင်ခဲ့ချေ။ သူသည် အရက်ဆိုင်မှ အဘိုးအို ရှိနေသေးသည်ဟု ထင်မှတ်ကာ လှည့်ကြည့်သည်။ သို့သော် အဘိုးအိုကား မရှိတော့ပေ။

သူ ခေါင်းပြန်လှည့် လိုက်သောအခါတွင် အဖြူရောင် ဝတ်စုံကို ဝတ်ဆင်ထားပြီး မျက်နှာ၌ ဇာပုဝါလွှမ်းထားသည့် မက်မန်းပွင့်သည် သူ့မိဘနှစ်ပါး၏ မြေပုံထိပ်၌ ရောက်ရှိနေသည်ကို တွေ့လိုက်ရတော့သည်။ မက်မန်းပွင့်. . .

သူမကား မက်မန်းပွင့်ပင် ဖြစ်တော့သည်။

သူမသည် ရှောင်လွေကို ကြင်နာမှု မရှိသော အကြည့်ဖြင့် အေးတိအေးစက် ကြည့်နေလေသည်။

"ရှင် ငိုလို့ဝပြီလား. . ."

ရှောင်လွေသည် ရန်သူတော်ဟောင်း၏ သမီးအား နာကြည်းသော အကြည့်ဖြင့် လှမ်းကြည့်လိုက်၏။

"ရှင်ဟာ တိရစ္ဆာန်တစ်ကောင်လို ငိုတတ်လိမ့်မယ်လို့ ကျွန်မ ဘယ်တုန်းကမှ မထင်ခဲ့ဘူး. . ."

ရှောင်လွေက ဒေါသထွက်သွား၏။ ရှောင်လွေက ရုတ်တရက် ခုန်ဝင်သွားပြီး သူမ၏ လည်ပင်းကို ညှစ်လေ၏။ သူမက ရှောင်

www.burmeseclassic.com

www.burmeseclassic.com



တိမ်းခြင်း မရှိပါ။ ရှောင်လွှေ၏လက်ထဲ၌ အမိခံပါသည်။

"ရှင်က ကျွန်မကိုလည်း စော်ကားသေးတယ်. . လည်ပင်းလည်း ညှစ်သတ်ချင်သေးတယ်. . ရှင်ဟာယောကျ်ားကောင်းပဲ. ရှင်ကြိုက်သလို လုပ်ပါလေ. . ."

သူမ ဒါပဲပြောသည်။ သူမ၏စကားက သူ့ကို လှောင်ပြောင်သလို သရော်လိုက်ခြင်းသာ ဖြစ်သည်။ ရှောင်လွှေသည် သူမ၏လည်ပင်းကို ဆက်မကိုင်တော့ဘဲ အလန့်တကြား နောက်ဆုတ်သွားလေတော့၏။ မက်မန်းပွင့်က အေးစက်စက် ရယ်လိုက်၏။

"ကျွန်မ လည်ပင်းကို ရှင်လာကိုင်မိလို့ ကျွန်မ ဘာမှမတတ်နိုင်တော့ဘူး ထင်နေသလား. . ."

ရှောင်လွှေ ငိုင်သွားသည်။

"ရှင့်ကို ကျွန်မ သတ်နိုင်တယ်ရှင့် သိရဲ့လား. . . ဒါပေမယ့် ကျွန်မရှင့်ကို မသတ်ချင်ဘူး. . . သိပ်သနားတယ်. . . သူများက ခုတင်ပေါ်မှာ တခြားယောကျ်ားနဲ့ ပျော်မြူးနေချိန်မှာ ရှင်ဟာ ဒီမှာ ခွေးတစ်ကောင် အူသလို ဒီမှာငိုနေတယ်. . . ကျွန်မ အမြင်မှာ ရှင်အခု သိပ်သနားစရာ ကောင်းတယ်. . ."

ရှောင်လွှေမှာ တဆတ်ဆတ် တုန်လာ၏။

"မင်း. . မင်း. . ဘယ်သူ့ကို ရည်ရွယ်ပြောနေတာလဲ"

"ဘယ်သူ့ကို ပြောတယ်ဆိုတာ ရှင်သိပါတယ်. ."

"မင်း. . မင်း. . သူ့ကို တွေ့လိုက်သလား ဟင်. ."

မက်မန်းပွင့်က မှုံပြုံးပြုံးလိုက်သည်။ ဇာပုဝါ ကာထားသဖြင့် သူမ မှုံပြုံးပြုံးသည်ကို ရှောင်လွှေ မမြင်နိုင်ချေ။

"သူတို့ကို မြင်တာမမြင်တာ ကျွန်မ မပြောလိုဘူး. . ကျွန်မ မြင်တာကတော့ ရှင်ရဲ့ညစ်ပတ်တဲ့လက်ပဲ."



သူမ၏ လည်ပင်းကို သွားညှစ်မိသည့် အတွက် သူမက သူ့ကို ရွံချနေခြင်း ဖြစ်ကြောင်း ရှောင်လွှေ ရိပ်မိလာသည်။

ရှောင်လွှေက ခြောက်ကပ်စွာ ဆက်၍မေး၏။

"ပြော. . . ပြောစမ်းပါ. . မင်း. . မင်း သူတို့ကို တွေ့ခဲ့တယ် မဟုတ်လား. . ."

မက်မန်းပွင့် နှစ်ခြိုက်စွာ ရယ်မောလေတော့၏။

"ကောင်းပြီ. . . ကျွန်မ သူတို့ကို တွေ့တယ်. ."

ရှောင်လွှေသည် သူ့လက်ကို မြှောက်လိုက်၏။ မက်မန်းပွင့်၏ ပါးကို ရိုက်ရန် မြှောက်လိုက်ခြင်းဖြစ်၏။ သို့သော် သူမရိုက်ဖြစ်ပါ။

လက်ကို ပြန်ချပြီး ချာခနဲ လှည့်ထွက်သွားတော့သည်။

မက်မန်းပွင့်သည် တဖြည်းဖြည်း ဝေးကွာသွားသော ရှောင်လွှေ၏ ကျောပြင်ကိုကြည့်ကာ မျက်ရည်ဖြိုင်ဖြိုင် ကျဆင်းလာလေ၏။

"ရှင်က ကျွန်မ အသားကို မထိချင်ဘူး ဆိုပါတော့လေ၊ ဒါပေမယ့် ကျွန်မနာမည်ကိုတော့ ရှင် မေးသင့်ပါတယ်. ကျွန်မဟာ မိန်းကလေး တစ်ယောက်ပါ. . . ရှင့်အဖေရဲ့ ဓါးချက်နဲ့ ဘဝပျက်နေရတဲ့ မိန်းကလေးတစ်ယောက်ပါ. . ရှင့်ကို လူတကာက သူရဲကောင်းလို့ သဘောထားကြတယ်. . ကျွန်မနဲ့ ပတ်သက်ရင်တော့ ရှင်ဟာ သာမန်လူတစ်ယောက်ထက်တောင် နိမ့်ကျတဲ့ စိတ်သဘောနဲ့ ဆက်ဆံတယ်. ဘာဖြစ်လို့ ရှင်က ဒီလိုဆက်ဆံ ရတာလဲ. . ရှင့်အဖေနဲ့အမေ သေခဲ့တဲ့အတွက် ရှင်ဒီလို ဆက်ဆံတာလား. ."

"ကျွန်မ မျက်နှာက ဒဏ်ရာ. . ကျွန်မအဖေရဲ့ လက်ပြတ်တဲ့ ကိစ္စ၊ လွန်ခဲ့တဲ့ ဆယ့်သုံးနှစ်က သေဆုံးသွားခဲ့ရတဲ့ ရှင့်အဖေရဲ့ ရက်

www.burmeseclassic.com

www.burmeseclassic.com



စက်မှုတွေကိုတော့ ရှင် ထည့်မတွက်တော့ဘူးလား၊ ရှင်က သူ့ရဲ့ ကောင်း ဖြစ်ချင်ဖြစ်မယ်. . . ဒါပေမယ့် ရှင်ဟာ အလွန်ညံ့ဖျင်းတဲ့ သူ့ရဲ့ကောင်းပဲ ဖြစ်လိမ့်မယ်. . ."

သူမသည် မျက်ရည်ဖြိုင်ဖြိုင် ကျရင်း ထိုစကားများကိုပြောမိ၏၊ ရင်ထဲမှ လှိုက်လှဲစွာ ထွက်ပေါ်လာသော စကားများ ဖြစ်ပါ၏။ သူမ၏ အသည်းနှလုံးထဲမှ ထွက်ပေါ်လာသော စကားများဖြစ်ပါ၏။

သူမ၏အသည်းနှလုံးသည် ရှောင်လွှေအား နာကြည်း မုန်းတီးနေပါသလော။ ဤသို့လည်း ဖြစ်နိုင်လိမ့်မည် မဟုတ်ပါ။ ရှောင်လွှေအား နာကြည်းမုန်းတီးနေလျှင် သူမသည် ရှောင်လွှေ ရောက်လေရာ နေရာတကာသို့ ရောက်ရှိလာလိမ့်မည် မဟုတ်ပါ။ ယခု သူမသည် ရှောင်လွှေနှင့် ပတ်သက်သမျှတို့ကို အကုန်သိနေ၏။ ရှောင်လွှေ၏ အရိပ်ဖြစ်နေ၏။ သူမသည် ရုတ်တရက် မိုးပေါ်သို့ မော့ကြည့်သည်။ ကောင်းကင်၌ ရှောင်လွှေ၏ မျက်နှာကို မြင်နေရ၏။

သူမက ကျယ်လောင်စွာ အော်လိုက်သည်။

"ကျွန်မ. . ကျွန်မဟာ လူသားတစ်ယောက်ပါ ရှောင်လွှေ ကျွန်မမှာ အသည်းနှလုံးရှိပါတယ်. . ကျွန်မမှာ နာမည်ရှိပါတယ် ကျွန်မနာမည်ကို ရှင်မသိဘူး မဟုတ်လား. ကျွန်မနာမည်ဟာ တင်းကျန်ယန် ဖြစ်ပါတယ်ရှင်. . ."

သူမ၏ အသံများကို မိုးသားတိမ်လိပ်ကလေးနှင့်အတူ ရှောင်လွှေထံသို့ သယ်ဆောင်သွားလျှင် ကောင်းလေစွ။ တင်းကျန်ယန် တွေးနေမိလေသည်။

* * *



## အခန်း(၂၈)
## တကယ့်လူ

အာမခံဌာန၏ အလံများသည် ထမင်းဆိုင်ရှေ့တွင် တလူလူ လွင့်နေ၏။ အာမခံဌာန သိုင်းသမားများ ခရီးတစ်ထောက် နားနေခြင်း ဖြစ်၏။ သူတို့၏ မြင်းများ၊ လှည်းများကို ထမင်းဆိုင်ရှေ့ သစ်ပင်ကြီးအောက်တွင် စခန်းချ ရပ်နားထားသည်။

အာမခံဌာန သိုင်းသမားများအားလုံး ဒရက်ခွက်ကိုယ်စီနှင့် ဖြစ်နေကြ၏။ ထမင်းဆိုင်မှ ထမင်းပွဲများ ပြင်မပေးသဖြင့် စောင့်နေကြခြင်း ဖြစ်သည်။ လုံဆုရယ်သည် အဝေးသို့ ငေးနေသည်။ သူ့အဖို့ တွေးစရာ၊ ငေးစရာများလှသဖြင့် အိုယန်ကျိုသည် လုံဆုရယ် စိတ်အနှောင့်အယှက် မဖြစ်စေရန် စကားမပြောဘဲနေသည်။

အိုယန်ကျိုသည် လွန်စွာ ဝမ်းသာသွား၏။

"လာ. . ညီလေး. . ထိုင်. ."

ရှောင်လွှေ မထိုင်ပေ။

"ကျွန်တော်တို့ ညီအစ်ကို မဟုတ်ပါဘူး. . ."

ရှောင်လွှေ၏ စကားကြောင့် လုံဆုရယ် အပြုံးပျက်သွားသင့်သည်။ သို့သော် အပြုံးမပျက်ပေ။

"ဟုတ်ပါတယ်. . . ဟုတ်ပါတယ်. . . တို့ဟာ ညီအစ်ကိုလည်းမဟုတ်ပါဘူး. . . မိတ်ဆွေလည်း မဟုတ်ပါဘူး. . . ဒါပေမယ့် အရက်သောက်ဖို့ ငါက ဖိတ်ခေါ်ပါတယ်. . ."

www.burmeseclassic.com

www.burmeseclassic.com



ရှောင်လွှကြ ထိုင်ခုံ၌ ဝင်ထိုင်၏။

"ကျွန်တော် ခင်ဗျားကို လိုက်ရှာနေတာ. ."

"ဘာဖြစ်လို့လဲကွ. ."

"ခင်ဗျားရဲ့ အကြွေးတွေ ကျွန်တော့် အပေါ် တင်နေတယ် ကျွန်တော် ဆင်းရဲနေချိန်မှာ အကြွေးတင် မခံနိုင်ဘူး. ."

လုံဆုရယ်က ခေါင်းတခါခါ လည်တခါခါဖြင့် ပြောလေသည်။

"မင်းအပေါ်မှာ ငါ့အကြွေး မရှိပါဘူးကွာ. ."

"ရှိပါတယ်. ."

"မရှိပါဘူး. ."

"ရှိတယ်ဗျ. ."

လုံဆုရယ်က ရှောင်လွှအား စိုက်ကြည့်၏။ ရှောင်လွှကလည်း ပြန်ကြည့်သည်။

"ကျွန်တော့်အိမ်က သေတဲ့လူတွေကို ခင်ဗျားလိုက်ပြီး သင်္ဂြိုလ်စရာ မလိုပါဘူးဗျာ. . အဲဒီမရှိတဲ့ ကျွန်တော့် အခြေအနေကို ပေါ်လွင်အောင် လုပ်ပေးသလို ဖြစ်နေတယ်. . ."

လုံဆုရယ်က စိတ်ပျက်စွာ ခေါင်းခါယမ်းလိုက်၏။

"ဪ. . အဘိုးကြီးက မင်းကို ပြောလိုက်တာကိုး. . လှူ့ဒါန်းစကားကို လှူ့ဒါန်းပေးနိုင်တဲ့လူ အင်မတန် ရှားနေပြီပဲ"

အိုယန်ကျိသည် ရှောင်လွှအား အလွန်စိတ်ဆိုးသွား၏။ အဖြစ်သည်းလွန်းသည်ဟု ယူဆသည်။

"ဒီမှာ ရှောင်လွှ. . နောင်ကြီး လုံဆုရယ်က မင်းအိမ်က အလောင်းတွေကို သင်္ဂြိုလ်ပေးတာ ကျေးဇူးတင်စရာပါကွ. . အခု မင်းက အပြစ်လာတင်နေရသလား. . ."

ရှောင်လွှက အေးစက်စော်ဖြင့် ပြော၏။



"နောက်တစ်ခါ ခင်ဗျား အိမ်ကလူတွေ ဘယ်လောက်ပဲ သေသေ ကျွန်တော် လာသင်္ဂြိုလ်ပေးမယ်. . ."

အိုယန်ကျိ မျက်နှာကြီး ရဲခနဲ ဖြစ်သွား၏။

အိုယန်ကျိက ဒေါသဖြင့် ပြော၏။

"ကဲ. မင်းက ဘာလုပ်ချင်သလဲ၊ ငါတို့ လူလေးငါးယောက်ကို သနိုင်းပြီး မင်းကို သင်္ဂြိုလ်နိုင်းမှ ဒီအကြွေးကျေမှာလား"

"ညီလေး အိုယန်ကျိ. . တိတ်တိတ်နေစမ်း. ."

လုံဆုရယ်က ဝင်ဟန့်လိုက်၏၊ ရှောင်လွှက အိုယန်ကျိကို မပြောပါ။ လုံဆုရယ်ကိုသာ ပြောသည်။

"ခင်ဗျားရဲ့ ကျေးဇူးတွေ ကျွန်တော့်အပေါ် တင်နေတယ် ကျေးဇူးဆိုတာကတော့ ဆပ်ရခက်တာ ပေါ့ဗျာ၊ ဒါပေမယ့် ခင်ဗျား ...န်ကျခဲ့တဲ့ အဖိုးအခရှစ်ရာကိုတော့ ပေးရမခက်လှပါဘူး၊ လော ...ာဆယ် ကျပ်မှာပေးစရာ မရှိဘူး။ ခင်ဗျားကို လာတွေ့တာပါ"

လုံဆုရယ်သည် စုတ်ပြတ်ပေရေပြီး သူတောင်းစား တစ်ယောက်နှယ် ဖြစ်နေသည့် ရှောင်လွှအား ငေးကြည့်နေသည်။ ...လူငယ်ကား သေသည့်တိုင် သူ့မာနကို ချမည်မဟုတ်ပေ။

"ကျွန်တော့်ကို ကြိုက်တာခိုင်းပါ. . ခိုင်းသမျှ ကျွန်တော် ...ပ်ပေးမယ်. ."

လုံဆုရယ်က ခေါင်းခါလိုက်၏။

"မင်းအပေါ်မှာ ငါ့ကျေးဇူး ဘာမှမရှိဘူး. . ငါလုပ်ခဲ့တဲ့ အလုပ် ...ဟာ မင်းကို ကျေးဇူးတင်အောင် လုပ်တာ မဟုတ်ဘူး ငါ့စိတ် ငါ့ ...ဘောနဲ့ ငါလုပ်ချင်ရာ လုပ်တာပဲ. . ကဲဒါလေ. . အသေးအဖွဲ တိုး ...ဘွ ဘေးဖယ်ထားလိုက်စမ်းပါ. ."

လုံဆုရယ်က ဓားပွဲထိုးအား ထပ်မံ အမိန့်ပေးလိုက်၏။

"ဟေ့. . . အရက်အိုးကြီးကြီး ယူခဲ့စမ်း. . ."

www.burmeseclassic.com

www.burmeseclassic.com



ရွှောင်လွေသည် မျက်ရည်များဝဲလျက် လုံဆုရယ်အား ကြည့်နေမိသည်။ တကယ့်လူဆိုသည်မှာ သူတစ်ပါးအကျိုး ဆောင်ရွက်ရာ၌ ပျော်မွေ့၍ မိမိအကျိုးကို သူတစ်ပါးအား ပြုစေ ရက်တတ်သူပင် ဖြစ်သည်။

သူတစ်ပါးအား ကျေးဇူးပြုရခြင်းသည် မိမိအဆင့်အတန်း မြင့်မြတ်ကြောင်း၊ သူတစ်ပါး၏ ကျေးဇူးပြုခံရခြင်းသည် မိမိ အဆင့် အတန်း နိမ့်ကျကြောင်း ဖော်ပြခြင်းပင် ဖြစ်တော့သည်။

လုံဆုရယ်သည် အရက်အိုးထဲမှ အရက်များကို ခွက်ထဲသို့ လောင်းထည့်ပြီး ရွှောင်လွေထံသို့ ထိုးပေး၏။ ရွှောင်လွေသည် တစ်ခွက် ပြီးတစ်ခွက် မရပ်မနားသောက်ရာ ဆယ့်သုံးခွက်တိတိ ရှိသွားလေ၏။ အရက်ဆယ့်သုံးခွက်ဆိုသည်မှာ နည်းနည်းနောနော အလေးချိန်မဟုတ် ပေ။ ရွှောင်လွေသည် ဤမျှ အရက်သောက်သော်လည်း မျက်နှာ တစ်ချက် မရှုံ့မဲ့ခဲ့ချေ။ အိုယန်ကျိသည် ရွှောင်လွေ အရက်သောက်ပုံကို ကြည့်၍ အံ့သြနေ၏။ စိတ်ထဲမှာလည်း ခိုးကျုံးနေမိသည်။ စားပွဲကို တစ်ချက်ပုတ်ပြီး ပြောလိုက်၏။

"ကောင်းတယ်ဟေ့၊ အရက်ကို ဒီလိုသောက်မှယောက်ျား ကောင်း ပီသတာ. . မင်းကို ဂုဏ်ယူတဲ့အနေနဲ့ ငါလည်း သုံးခွက် ထပ် သောက်မယ်. . ."

အိုယန်ကျိသည် တစ်ခွက်ပြီး တစ်ခွက် တဂွပ်ဂွပ်ဖြင့် သောက် ချလိုက်၏။

လုံဆုရယ်က အိုယန်ကျိအား ပြုံးကြည့်လိုက်သည်။

"မင်း. ငါ့ညီ. . မင်းဟာ ဘယ်သူ့ကိုမှ စိတ်ထဲတွေ့တာမဟုတ် ဘူး. . ရွှောင်လွေ အရက်ဆယ့်သုံးခွက် သောက်တော့မှ စိတ်တွေ့တော့ တယ်. ."

အိုယန်ကျိ ရက်ပြုံးပြုံးလေး၏။ သူသည် အရက်ကြိုက်သ



သာတည်း။

"ကျွန်တော်က စိတ်ထဲရှိတာ ဘွင်းဘွင်းပဲ ပြောတတ်တယ် သဘောကျရင်ကျတယ်. . . မကျရင်မကျဘူး. . . ဒါပဲ. . ."

လုံဆုရယ် ခေါင်းညိတ်၏။

"ကောင်းတယ်. . ပွင့်လင်းတဲ့ မင်းရဲ့စိတ်သဘောထား ကို ဂုဏ်ပြုတဲ့အနေနဲ့ ငါကလည်း အရက်သုံးခွက်သောက်ပြီး ဂုဏ် ပြုပါ့မယ်. ."

လုံဆုရယ်ကား အရက်ကို ဆင်ဆင်ခြင်ခြင် သောက်သူ ဖြစ်သည်။ ယခုတစ်ကြိမ်တွင်မူ အရက်သုံးခွက်ကို မရပ်မနား တဂွပ်ဂွပ် သောက်ချလိုက်တော့သည်။ သူတို့ သောက်နေစဉ်၌ ရွှောင်လွေက ရပ်နားနေခြင်း မရှိပါ။ တစ်ခွက်ပြီး တစ်ခွက်သောက်နေခြင်း ဖြစ်ပါ သည်။ သိုင်းလောကသားများသည် မပူးလေအောင် သောက်နိုင်သော ကြွက်တွင်းများကို လွန်စွာ လေးစားကြ၏။ ရွှောင်လွေ သောက်ပုံကို ကြည့်ပြီး အားလုံးဝိုင်းလာကြသည်။

ထိုစဉ် အဘိုးအို တစ်ယောက်သည် အဝါရောင်စက္ကူဖြင့် ပြုလုပ်ထားသည့် ရှည်ရှည်မျောမျော အရာတစ်ခုကို ကိုင်၍ သိုင်းသမား များအကြား တိုးဝင်လာသည်။ အာမခံဌာနလူများသည် အတွေ့အကြုံ ရင့်ကျက်သူများ ဖြစ်၍ ချက်ချင်းလှမ်းမေးသည်။

"မိတ်ဆွေ. . ဘာကိစ္စရှိသလဲ. . ."

အဘိုးအိုက မာမာထန်ထန် ပြော၏။

"ဘာလဲ. . ငါ မလာရဘူးလား. ."

"ခင်ဗျား အထုပ်က ဘာအထုပ်လဲ. . ."

"ဘာအထုပ် ဖြစ်ဖြစ်ပေါ့ကွ. . ."

အဘိုးအို၏ မချေမငံစကားကြောင့် အာမခံ သိုင်းဆရာ

www.burmeseclassic.com

www.burmeseclassic.com



တစ်ယောက်သည် ဒေါသထွက်သွားပြီး အဘိုးအို၏ လည်ဂုတ်ကို လှမ်းဆွဲလိုက်၏။

"ဒါကြောင့် မင်းတို့ အာမခံဌာနတွေကို ဓါးပြတွေနဲ့ အတူတူပဲလို့ ပြောကြတာ. . . မင်းတို့လိုချင်ရင် ငါလက်ဆောင်ပေးလိုက်ပါ့မယ်. . ."

အဘိုးအိုသည် ရှည်ရှည်မျောမျော အရာကို စားပွဲပေါ်တင်ပြီး ခုန်ထွက်သွားလေ၏။ အာမခံဌာနမှ သိုင်းဆရာများက လိုက်ရန်ဟန်ပြင်သည်။ လုံဆုရယ်က လက်မြှောက်တားလိုက်၏။

"သွားပါစေ. . အထုပ်ထဲမှာ ဘာပါသလဲ ဆိုတာသတိစိုက်ရယ်နဲ့ ကြည့်ကြ. . ."

အာမခံသိုင်းဆရာများသည် ချက်ချင်း စုပြုံလာကြ၏။ ထိုအထဲမှ တစ်ယောက်က ထိုရှည်ရှည်မျောမျော အရာကို ကောက်ယူကာ ပတ်ထားသည့် စက္ကူကို ဖြေချသည်။ ထိုစက္ကူထဲမှ ဖုန်များ လွင့်ပျံ့လာသဖြင့် သိုင်းဆရာ နှစ်ယောက် နှာတချွဲချွဲချေကြသည်။

ထိုသိုင်းဆရာသည် အထူးသဖြင့် လုံဆုရယ်နှင့် အိုယန်ကျင့်တို့ကို ထိုပစ္စည်းကို မြင်စေရန် ဂရုပြု ဆောင်ရွက်သည်။ စက္ကူများရှင်းသွားသောအခါ ပိတ်ကားတစ်ချပ်ကို လိပ်ထားထားကြောင်း တွေ့ရ၏။ သူသည် ထိုပိတ်ကားကို ဖြေချလိုက်သည်။ ပန်းချီကား တစ်ချပ်ထွက်ပေါ်လာသည်။ ပန်းချီကားကို မြင်လိုက်ရသော လုံဆုရယ်သည်ကွက်ခနဲ မျက်နှာပျက်သွားလေ၏။

မည်သို့သော ပန်းချီကားနည်း။

* * *



အခန်း(၂၉)

လားသတ္တဝါ၏စိတ်ထား

ပန်းချီကားချပ်ပေါ်၌ အစိမ်းရောင် ဝတ်ရုံရှည်ကို ဝတ်ဆင်ထားသော ဆံပင်များ ဖြူဖွေးနေသည့် အဘိုးအို တစ်ယောက်သည် စက္ကူထီးတစ်လက်ကို ကိုင်၍ တောင်တက်လမ်းကို လျှောက်နေလေ၏။ ကောင်းကင်၌ မိုးသားတိမ်လိပ်များ အလိပ်လိုက်ရှိနေပြီး မိုးစက်မိုးပေါက်များ ကျနေပုံကိုလည်း ရေးဆွဲထားလေသည်။

မိုးတိမ်များ အကြားမှ နဂါးခြေသည်း တစ်ဖက်နှင့် နဂါးမြီးတစ်ပိုင်းပေါ်ထွက်နေသည်။ နဂါးမြီးမှ သွေးနီစက်များသည် တောင်တက်လမ်း အဘိုးအို၏ စက္ကူထီးအပေါ် ကျရောက်နေကြောင်းရေးဆွဲထားသည်။ထိုပန်းချီကားထဲ၌ပါရှိသော အဘိုးအို၏ ရုပ်သွင်နှင့် စောစောက သူတို့ဆီဝင်လာပြီး ပန်းချီကားကို ပစ်ပေးသည့် အဘိုးအို၏ ရုပ်သွင်သည် လွန်စွာတူလှသည်။

ပန်းချီကားကို ကြည့်နေသူအားလုံး ထိုအချက်ကို သိလိုက်ကြ၏။ လုံဆုရယ်က မဲ့ပြုံးပြုံးပြီး ပြောလေ၏။

"ကောင်းတယ်. . သူတို့ရောက်လာကြပြီပေါ့. . စောစောအတော် စောတယ်. . ."

လုံဆုရယ် ဘာသဘောနှင့် ပြောသည်ကို အာမခံ သိုင်းဆရာအချို့ သဘောမပေါက်ကြပေ။ ထိုစဉ် စောစောက နှာချေကြသည့်

www.burmeseclassic.com

www.burmeseclassic.com



သိုင်းသမား နှစ်ဦးသည် တဝုန်းဝုန်းလဲကျ သေဆုံး သွားကြလေ၏။ အာမခံ သိုင်းဆရာအားလုံး ထိတ်လန့်သွားကြ၏။ ဘာမသိညာမသိ သေဆုံးရခြင်းမှာ အမှန်တကယ် ကြောက်စရာ ကောင်းလှပေသည်။

အိုယန်ကျိသည် အကြီးအကျယ် ထိတ်လန့်သွား၏။ သူ တစ်စုံတစ်ခု ပြောမည်အလုပ်တွင် လုံဆုရယ် တားဆီးလိုက်သည်။

"သူတို့ကို လှည်းတွေဆီ မယူသွားလိုက်. . . ဟိုထဲကျ ဘာဖြစ်သလဲ ဆိုတာ စစ်ဆေးကြည့်မယ်. . ."

အိုယန်ကျိ သဘောပေါက် သွားသည်။ ထို့ကြောင့် ဘာမှ မပြောဘဲ ငြိမ်နေလိုက်တော့သည်။

လုံဆုရယ်တို့ အာမခံဌာန သိုင်းသမား တစ်သိုက် ရုတ်ရုတ်သဲသဲ ဖြစ်နေကြသော်လည်း ရှောင်ရှေ့မှာ အရက်သောက် မပျက်ဘဲ ရှိနေသည်။ လုံဆုရယ်က သူ့လူများကို လူစုခွဲပစ်လိုက်၏။

အိုယန်ကျိနှင့် ရှောင်ရှေ့တို့ချည်း ကျန်သောအခါမှ ရှောင်ရှေ့ကို ပြောသည်။

"ရှောင်ရှေ့. . မင်း အရက်သောက် နိုင်တာကတော့ တကယ့်ကို ချီးကျူးလောက်ပါပေတယ်. . ဒါပေမယ့် ငါတို့ကတော့ မင်းနဲ့ဆက်ပြီး အဖော်လုပ် မသောက်နိုင်တော့ဘူး. . ."

လုံဆုရယ်က ခပ်အေးအေးပင် ပြောသည်။ ရှောင်ရှေ့သည် အရက်အိုးထဲမှ လက်ကျန်အရက်ကို ငုံ့ထည့်လိုက်ပြီး အရက်အိုးကို အဝေးသို့ ပစ်ပေါက်လိုက်၏။ လုံဆုရယ်က ဆက်ပြော၏။

"မင်း ဆက်သောက်နေချင်သေးရင်တော့ ဆက်သောက်နေခဲ့ပါ. . ငါတို့ကတော့ ရှေ့ခရီးဆက်တော့မဲ့ အခြေအနေကို ရောက်နေပြီ. . ."

ရှောင်ရှေ့က ပြတ်သားစွာ ပြော၏။



"ကိစ္စမရှိဘူး၊ ကျွန်တော်လည်း ခင်ဗျားတို့နဲ့ လိုက်မယ်"

လုံဆုရယ်က အေးစက်စက် ရယ်လိုက်၏။

"ငါ့ညီ မင်းရဲ့ဒုက္ခက အပြီးမသတ်သေးပါဘူး. . ငါတို့နဲ့ လိုက်လာရင် မင်းနောက်ထပ် ဒုက္ခထပ်တွေ့လိုက်ဦးမယ်. . စောစောက ပန်းချီကားကို တွေ့တယ်မဟုတ်လား. . . အဲဒါ သေမင်းတမန် ပန်းချီကားပဲ. ."

"ဘာဖြစ်လို့လဲ ကျွန်တော့် စိတ်နဲ့ကျွန်တော် လိုက်တာပဲ"

"မလိုက်ပါနဲ့ ငါ့ညီ. . ငါတို့ဟာ ခရီးကြမ်းကို လျှောက်ရတော့မှာပါ. . မင်းမှာ ဖြေရှင်းစရာ ကိစ္စတွေ အများကြီး ရှိသေးတယ်ဆိုတာ ငါသိပါတယ်. ."

ရှောင်ရှေ့ ခေါင်းခါ၏။

"ဘာပဲဖြစ်ဖြစ် ခင်ဗျားတို့နဲ့ လိုက်မယ်ဗျာ. ."

"ရှောင်ရှေ့ မင်းမိဘတွေကို သင်္ဂြိုလ်ပေးတဲ့အတွက် အခအား သဘောမျိုး ဝင်လုပ်ပေးဖို့ မလိုဘူး. . ငါက ကျေးဇူးတင်ခံချင်လို့ လုပ်တာလဲမဟုတ်ဘူး. ."

"အဲဒီလို မဟုတ်တော့ပါဘူးဗျာ. . ကျွန်တော့်မှာ လားသုတ္တဝါရဲ့ စိတ်ထားမျိုး ရှိနေလို့ပါ. ."

လုံဆုရယ်က ခေါင်းခါ၏။

"ဟင့်အင်း. . လားသုတ္တဝါရဲ့ စိတ်ထားမျိုးဟာ မကောင်းပါဘူး၊ ဘယ်သူတွေက လားတွေကို ချီးကျူးကြဖူးလို့လဲ"

အိုယန်ကျိကလည်း စိတ်လှုပ်ရှားစွာ ဝင်ပြော၏။

"လားသုတ္တဝါဆိုတာက စံနမူနာယူရမယ့် တိရစ္ဆာန်မှမဟုတ်တာပဲ. . ."

ရှောင်ရှေ့က ခေါင်းခါ၏။

www.burmeseclassic.com

www.burmeseclassic.com



"ခင်ဗျားတို့ ပြောသလိုတော့ မဟုတ်သေးဘူး. . လားတွေမှာ ကောင်းတဲ့အချက် တစ်ခုတော့ ရှိပါတယ်ဗျာ. ."

"ဘာများကောင်းတဲ့ အချက်ရှိလဲကွာ. . ."

လုံဆုရယ်က မေးလိုက်၏။

ရှောင်လွှေက လေးနက်စွာ ပြောသည်။

"လားဆိုတဲ့ တိရစ္ဆာန်ဟာ မိတ်ဆွေကို သစ္စာမဖောက်ဘူးဗျ။ မိတ်ဆွေ အန္တရာယ်နဲ့ တွေ့နေချိန်မှာ ဘယ်တော့မှ ထွက်မပြေးဘူး၊ သူ့ကို ကျားပွတ်နဲ့ ရိုက်အာတောင် မသွားဘူး သိကြရဲ့လား"

လုံဆုရယ်က ရှောင်လွှေအား စူးစိုက်ကြည့်သည်။

မျက်လုံးထဲ၌ မျက်ရည်များ ဝဲလာ၏။

သူလက်တစ်ဖက် မြှောက်လိုက်သောအခါ ရှောင်လွှေက သူ့လက်ဖြင့် တင်းကျပ်စွာ ဆုပ်ကိုင်လိုက်၏။ လက်ဖဝါးနှစ်ခု၏ ပူနွေးမှုမှတစ်ဆင့် သူတို့နှစ်ယောက်စလုံး ကြက်သီးဖြန်းဖြန်း ထသွားကြ၏။ ရှောင်လွှေသည် သူ့အား မိတ်ဆွေအဖြစ် အသိအမှတ် ပြုလေပြီဟု လုံဆုရယ် သိရှိလိုက်သည်။

သူတို့နှစ်ယောက် တစ်ဦးနှင့်တစ်ဦး ထပ်မံစကားမပြောကြတော့ပါ။ သူတို့နှစ်ယောက်၏ မိတ်ဆွေဖွဲ့မှုကို မည်သည့် စကားလုံးကမျှ အဓိပ္ပာယ်ပြည့်ဝစွာ ဖော်ပြနိုင်မည် မဟုတ်ပါ။

လားသတ္တဝါ၏ စိတ်ထားမျိုးရှိသော ရှောင်လွှေသည် သိုင်းပညာ ထူးချွန်သော လူငယ်တစ်ယောက် ဖြစ်ပါသည်။

* * *



## အခန်း(၃၀)
## သေမင်းစရိုးလမ်း

အစိမ်းရောင် ဝတ်ရုံရှည်ကြီးကို ဝတ်ဆင်ထားသည့် ဆံဖြူအဘိုးအို တစ်ယောက်သည် တောင်ကြားလမ်း တစ်ခုဆီသို့ ဦးတည်လျှောက်နေလေ၏။ သူပြုံးနေသည်။ အပြုံးဟူသည် အဓိပ္ပာယ်အမျိုးမျိုးရှိရာ ထိုအဘိုးအိုပြုံးသော အပြုံးမှာ ကောက်ကျစ်သော အပြုံးဖြစ်ပါသည်။ ထိုအချိန်၌ မိုးသားတိမ်လိပ်များ တလိပ်လိပ်တ ါလာပြီး လျှပ်ရောင်များလည်း တဝင်းဝင်း တလက်လက် ဖြစ်နေသည်။ မိုးရွာတော့မည်မှာ သေချာသလောက် ဖြစ်နေသည်။

"ဂျိမ်း. . ."

မိုးကြိုးပစ်သံတစ်ချက် ပေါ်လာပြီး လောကကြီးတစ်ခုလုံးလိုလို ဖြူဖွေး ဝင်းလက်သွားသည်။ မြင်းကြီးများမှာ လန့်ဖျပ်ဟီလိုက်သံသည့် မိုးချိမ်းသံ ပြီးဆုံးသည်နှင့် ချက်ချင်းလိုလို ထွက်ပေါ်လာသည်။ အာမခံဌာန၏ မြင်းများ။ မြင်းလှည်းများအားလုံး ရုတ်တရက် ရပ်ဆိုင်းသွားသည်။

ရှေ့ဆုံးက လုံဆုရယ်၊ အိုယန်ကျိနှင့် ရှောင်လွှေတို့ပါလာကြရာ အားလုံး မြင်းများကို ထိန်းသိမ်းလိုက်ကြသည်။

ထိုစဉ် မိုးတဖြောက်ဖြောက် ရွာချလာပြီး မြင်းလှည်းထဲ၌ လိုက်ပါစောင့်ရှောက်ရသော သိုင်းသမားအချို့မှအပ အားလုံး ရွှဲရွှဲစိုစိုကုန်တော့သည်။ လုံဆုရယ်သည် တစ်စက်စက်ကျနေသော မိုးရေ

www.burmeseclassic.com

www.burmeseclassic.com



များကို မျက်နှာပြင်ပေါ်မှ သပ်ချလိုက်ပြီး ရှေ့မလှမ်းမကမ်း၌ ရပ်နေသော ဝတ်ရုံစိမ်းနှင့် အဘိုးအိုကို ကြည့်လိုက်သည်။

အဘိုးအိုသည် သူတို့ဘက်သို့ မလှည့်ချေ။

ကျောပေးထားသည်။ ထို့ပြင် မိုးစက်မိုးပေါက်များ ကျနေသည့် ကောင်းကင်ကြီးကို မော့ကြည့်ပြီး အားလုံးကြားလောက်အောင် အော်ဟစ်ရေရွတ်လိုက်တော့သည်။

"ကောင်းကင်မှာ နဂါးရှိတယ်လို့ ပြောနေကြတယ်. . . ငါကတော့ ဘယ်နဂါးမှ မတွေ့ပါလား. . . နဂါးက ဘယ်မှာများ သွားသေနေလဲ မသိဘူး. . ."

"နဂါးက ဘာလို့ သေရမှာလဲ၊ နဂါးဟာ ဘယ်တော့မှ မသေဘူး"

သူသည် မြင်းကို ရှေ့သို့ တိုးသွားစေပြီး အဘိုးအိုကို ကျာပွတ်ဖြင့် လှမ်းရိုက်လေ၏။

အိုယန်ကျိ ဒေါသထွက်သည်ကို အဆိုးမဆိုသာပါ။ ၎င်းတို့၏ အာမခံဌာန အမှတ်အသားမှာ လေထဲ၌ ပျံဝဲနေသော ရွှေနဂါးတစ်ကောင်ဖြစ်နေသည် မဟုတ်ပါလား။

အဘိုးအိုနှင့် အိုယန်ကျိ သိပ်မကွာဝေးပါ။ အိုယန်ကျိ၏ ကျာပွတ်သည် အဘိုးအို၏ လည်ပင်းကို ကောင်းစွာရစ်ပတ်နိုင်သည့် အကွာအဝေးဖြစ်ပါသည်။

"ရှမ်း. . ."

အသံထွက်ပေါ်လာသည်နှင့် အဘိုးအိုက သူ၏ ဆီစိမ် စက္ကူထီးကို မြှောက်လိုက်၏။ လည်ပင်းကို ရစ်ပတ်ရမည့် ကျာပွတ်သည် အဘိုးအို၏ ဆီစိမ်စက္ကူထီးကို သုံးလေးပတ်မျှ ရစ်ပတ်သွားသည်။

"ဖြန်း. . ."

အဘိုးအိုသည် ဆီစိမ်စက္ကူထီးကို ဖြန်းခနဲဖွင့်လိုက်ရာ အို



ယန်ကျိ၏ ပျော့ပျောင်းသော ကျာပွတ်သည် ခုနစ်ပိုင်းမျှ ပြတ်ထွက်သွားတော့၏။ အိုယန်ကျိ၏ မျက်နှာမှာ စက္ကူဖြူတစ်ရွက်နှယ် ဖွေးဖွေးဖြူသွားသည်။ သူ့အား ဤသို့ အံ့တုယှဉ်ပြိုင်သော ရန်သူကို မတွေ့ခဲ့ရသည်မှာ ငါးနှစ်မျှ ရှိခဲ့ပြီးလေပြီ။

လုံဆုရယ် ကိုယ်တိုင်လည်း အံ့ဩသွားသည်။

အိုယန်ကျိသည် သာမန်သိုင်းသမား မဟုတ်ပေ၊ အဆင့်မြင့်ဌာနမှူး တစ်ယောက်ဖြစ်ပေသည်။

အဘိုးအိုသည် မြေပြင်၌ အပိုင်းပိုင်း ဖြစ်နေသော ကျာပွတ်များကို ကြည့်ပြီး အများကြားအောင် အော်ဖော်ပြလိုက်သည်။

"ဒီနဂါးတော့ သေချင်ပြီနဲ့တူတယ်. . ."

အိုယန်ကျိ အံကြိတ်လိုက်၏။

"မသေသေးပါဘူး. . . ဒီတစ်ခါ ကြည့်ပါဦး. . ."

အိုယန်ကျိ၏ လက်များသည် တဝှစ်ဝှစ် လှုပ်ရှားသွား၏။ အလင်းတန်းကလေးများသည် အဘိုးအိုရှိရာသို့ ပြေးထွက်သွားသည်။ ကျူးဝမ်းနယ် အာမခံဌာန လေးခု၏ ဌာနမှူးသည် အဆင့်မြင့် သိုင်းသမားဖြစ်ရုံသာမက လက်နက်ပုန်း ပစ်ခတ်ရာ၌လည်း ပထမတန်းစား ဖြစ်ပါသည်။

လက်နက်ပုန်းပစ်သည့် သိုင်းသမားများသည် လက်နက်ပုန်းမျိုးစုံကို ပစ်ခတ်လေ့မရှိပါ။ တစ်မျိုးတစ်စားတည်းကိုသာ အသုံးပြုတတ်ကြသည်။ လက်နက်ပုန်းလေးမျိုးကို တစ်ပြိုင်တည်း ပစ်ခတ်နိုင်သော စွမ်းရည်မှာ ရှာမှရှားသော စွမ်းရည်ဖြစ်ပါသည်။

ပစ်သူပင် မလွယ်ကူလျှင် ရှောင်တိမ်းရသူ အဖို့ကား ဆိုဖွယ်ရာ မရှိတော့ချေ။ အဘိုးအိုအနေဖြင့် သူ့တစ်ကိုယ်လုံး အနှံ့ဝိုင်းဝင်လာသော လက်နက်ပုန်းများကို ရှောင်တိမ်းရန် အလွန် ခက်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



သို့သော် အဘိုးအို မရှောင်တိမ်းပါ။ သူ့လက်ထဲမှ ဆီစိမ် စက္ကူထီးကြီးကိုသာ ဝေ့ယမ်းလှုပ်ရှားလိုက်သည်။

"ချွမ်း. . . ချွမ်း. . . ချွမ်း. . ."

အသံများနှင့်အတူ အလင်းတန်းများသည် အဘိုးအိုထံမှ ပြန်လည် လွင့်ထွက်သွား၏။ အိုယန်ကျိ၏ လက်နက်ပုန်းများသည် ရန်သူ့ထံသို့ နည်းအမျိုးမျိုးဖြင့် သွား၏။

အချို့က လည်၍သွား၏။ အချို့က တစ်သမတ်တည်း တစ်ဟုန်ထိုးသွား၏။ အချို့က မြန်၏။ အချို့က နှေး၏။ အချို့ကို နောက်ကျမှ ပစ်လွှတ်သော်လည်း ထိုလက်နက်ပုန်းက အလျင်ဦးစွာရောက်၏။ အချို့က လေထဲ၌ အချင်းချင်းတိုက်ခိုက်ပြီးမှ ရှေ့တိုးသွား၏။ နည်းအမျိုးမျိုးဖြင့် ပြေးဝင်လာသော လက်နက်ပုန်းများသည် ပစ်ခတ်လိုက်သည့် ဆီစိမ်စက္ကူထီးနှင့် တွေ့လိုက်ရသည်နှင့် ချက်ချင်း လွင့်စဉ်ထွက်သွားကြသည်။

အချို့သော လက်နက်ပုန်းများသည် ပစ်ခတ်လိုက်သည့် အိုယန်ကျိထံသို့ပင် ပြန်လည်ရောက်ရှိလာသည်။ အိုယန်ကျိသည် အဘိုးအို၏ အစွမ်းထက်လှသော ဆီစိမ်စက္ကူထီးကို ငေးနေမိတော့သည်။ လုံဆုရယ်မှာမူ မျက်နှာတစ်ပြင်လုံး ညိုမည်းနေသည်။

"ခင်ဗျားက သေမင်းထီး ချိုဝေလု ဖြစ်နေတာကိုး. . ."

အဘိုးအိုက ပြုံး၍ပြန်ဖြေ၏။

"အခုမှ သိတယ်လို့ဆိုရင်တော့ ခင်ဗျား ညံ့တယ်လို့ ဆိုရမှာပဲ. . ."

လုံဆုရယ်က မဲ့ပြုံးပြုံးသည်။

"အရင်က ချိုဝေလုဟာ တစ်ကိုယ်တော်ပဲ. . အခု ဘယ်နှယ့် သွေးမိုးဂိုဏ်းထဲ ရောက်နေရတာလဲ. . ကျုပ်တော့ တွေးတောင်မတွေးမိပါဘူးဗျာ. . ."



သေမင်းထီး ချိုဝေလုက တဟားဟား ရယ်၏။

"ခင်ဗျား မတွေးမိတဲ့ ကိစ္စဟာ အများကြီး ရှိသေးတာပဲဗျာ."

ချိုဝေလုသည် တောင်နံရံ တစ်ခုကို ညွှန်ပြလိုက်သည်။

"ကြည့်စမ်း. . သူ ဘယ်သူလဲလို့."

အခြား တောင်ကမ်းပါးယံမှ လက်နက်တစ်ခုသည် ဗိုးခနဲမြည်ကာ ချိုဝေလု ညွှန်ပြသည့် ကျောက်သားပြင်သို့ လာရောက် ထိမှန်၏။ မီးပွင့်များပင် ထွက်သွားသည်။ ကြီးမားသော ရဲတင်းကြီးတစ်လက်သည် ကျောက်သား ပြင်၌ နက်ရှိုင်းစွာ စိုက်ဝင်နေ၏။ ထိုရဲတင်း၏ လက်ကိုင်၌ ကြိုးတစ်ချောင်း ပါလာရာ ကြိုးတန်းသည် တောင်ကမ်းပါးယံနှစ်ခုကို သွယ်တန်းထားသလို ဖြစ်နေတော့သည်။

မကြာမီ ထိုကြိုးတန်းကို တွဲလွဲခိုလျက် တစ်ယောက်ပြီး တစ်ယောက် လျှောခနဲ လျှောခနဲ ဆင်းလာကြရာ လူပေါင်းလေးယောက်တိတိ ဖြစ်သွားလေတော့၏။ လေးယောက်စလုံး ရုပ်ရည် ကြမ်းတမ်းလှသည်။ ထိုလေးယောက်သည် သေမင်းထီးချိုဝေလု၏ နောက်၌ ခါးထောက်၍ ရပ်နေကြလေသည်။

အိုယန်ကျိက မဲ့ပြုံးပြုံး၍ ပြောလိုက်လေ၏။

"သြော်. . . သေမင်းငါးယောက်စလုံးက သွေးမိုးဂိုဏ်းထဲ ရောက်နေကြတာကိုး. . . သူတစ်ပါးရဲ့ နောက်လိုက်လုပ်ချင်တဲ့ ခင်ဗျားတို့ရဲ့ စိတ်ဓါတ်ကို ကျုပ်တို့ အများကြီး နှိုးကျူးပါတယ်ဗျာ"

ချိုဝေလုနှင့် သူ့အပေါင်းပါ လေးယောက်တို့သည် တောင်ကြားလမ်းတစ်ခုလုံး ပဲ့တင်ထပ်သွားသည့် အထိ တဟီးဟီး တဟား ဟားရယ်မောကြလေတော့သည်။

* * *

www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၃၁)
## သေမင်းငါးယောက်

ချို့ဝေလုက ရယ်ရှိန်သပ်ပြီး ဂုဏ်ယူစွာ ပြောလေ၏။

"သေမင်းထီးကို တွေ့မှတော့ သေမင်းရဲတင်း၊ သေမင်းကြိုး၊ သေမင်းမဲးနဲ့ သေမင်းခါးပတ်တို့ကို တွေ့ရတော့မှာပေါ့. . . ခင်ဗျားတို့ အားလုံး သေမင်းရဲ့ နယ်နိမိတ်ထဲ ဝင်ရောက်လာပြီဆိုတာလည်း သိထားရမှာပေါ့. . ."

အိုယန်ကျိုက ရယ်မောလိုက်၏။

"အဲဒီသေမင်းတွေ အားလုံး ငရဲပြည်ကို သွားကြပြီလား လူပြည်မှာ သေမင်းဒီလောက်များများ မလိုပါဘူး. . ."

လုံဆုရယ်က ချောင်းတစ်ချက် ဟန့်ပြီး ဝင်မေး၏။

"ထားပါတော့. . . ခင်ဗျားတို့က ဘာလာလုပ်ကြတာလဲ"

"ခင်ဗျားတို့ အာမခံဌာနရဲ့ အလံရယ်. . . အာမခံပစ္စည်းတွေပါတဲ့ လှည်းရယ်. . ."

"ဒါပဲလား. . ."

"မဆုံးသေးဘူးလေ. . ."

"ဆက်စမ်းပါဦး. . ."

"လူတိုင်းလူတိုင်း လက်တစ်ဖက်စီ သို့မဟုတ် ခြေတစ်ဖက်စီ ထားခဲ့ရမယ်. . . အဲဒီလို ထားခဲ့ပြီးရင် ခင်ဗျားတို့နဲ့ သွေးမိုး



ဂိုဏ်းရဲ့ ရန်ငြိုးဟာ ပြီးဆုံးသွားပါပြီ. ."

"ဟာ. . တန်ဖိုးက တကယ်ကြီးပါလား. ."

အိုယန်ကျိုက ဝင်၍လှောင်၏။ လုံဆုရယ်က. .

"အဲဒီလို မလုပ်ဘူးဆိုရင်ကော. ."

ချို့ဝေလု၏ မျက်နှာက သုန်မှုန်သွား၏။

"ကျုပ်က လျော့လျော့ပေါ့ပေါ့ အခွင့်အရေး ပေးတာကို လက်မခံရင် ခင်ဗျားတို့ ခြောက်ယောက်စလုံးရဲ့ ဦးခေါင်းတွေ ထားပစ်ခဲ့ရမယ်. ."

အိုယန်ကျိုက တဟားဟား အော်ရယ်လေတော့သည်။

"ခေါင်းတွေကို ဖြတ်ချထားခဲ့ရမယ် ဆိုရင် လည်ပင်းတွေကတော့ လက်ခံမှာ မဟုတ်ဘူး. ."

ထိုအချိန်၌ သေမင်းသည် အာမခံ သိုင်းဆရာများ အတွင်းသို့ ကျားရဲတစ်ကောင်အလား ဝင်ရောက်တိုက်ခိုက်နေပေပြီ။ အာမခံ သိုင်းသမား ငါးယောက် လဲကျသေဆုံးသွားရရှာလေပြီ။

သူတို့သည် သူတို့အတွက် တိုက်ခိုက်ရာ၌ တစ်ပန်းသာစေခဲ့သော တိုက်ပွဲစစ်မြေပြင်ကို အသေအချာ ရွေးချယ်ထားခဲ့သဖြင့် လူအင်အားနည်းပါးသော်လည်း လုံဆုရယ်ကို အသာစီးမှ ထိုးနှက်တိုက်ခိုက်နိုင်ခဲ့ခြင်း ဖြစ်သည်။

လုံဆုရယ်အဖို့ ကြီးစွာသော အခက်ကြုံခဲ့ရသည်။ အိုယန်ကျိုမှာလည်း သူ့လူများကို မကူညီနိုင်ဘဲ ရှိနေသည်။

ရှောင်လွေ တစ်ယောက်သာ မြင်းပေါ်မှာ ထိုင်ကြည့်နေသည်။ အဘယ်သို့ဖြစ်မည် မသိ။ မည်သည့် သေမင်းတစ်ယောက်ကမှ ရှောင်လွေအား တိုက်ခိုက်ခြင်း မရှိကြပေ။ သူ့အား အထင်သေးခြင်းကြောင့် တိုက်ခိုက်ဘဲနေခြင်းလားတော့ မပြောနိုင်ပေ။

www.burmeseclassic.com

www.burmeseclassic.com



သို့သော် ထိုအချိန်သည် တစ်ဒင်္ဂမျှသာ ဖြစ်၏။

သေမင်းခါးပတ်၏ ခိုင်ခံ့သော သားရေခါးပတ်သည် ငါ ခနဲ မြည်ပြီး ရှောင်လွှ၏ လည်ပင်းဆီသို့ ပြေးဝင်လာသည်။

ထိုအခါ လုံတံတစ်လက်သည် ရုတ်တရက် လက်ခနဲပြ သွားပြီး ခါးပတ်ကို ရိုက်ထုတ်လာသည်။ လုံဆုရယ်၏ အော်သံ လည်း ချက်ချင်းလိုလို ထွက်ပေါ်လာ၏။

"မလုပ်နဲ့. . . သူက ငါတို့အာမခံဌာနက မဟုတ်ဘူးကွ

ရှောင်လွှအား ကြားဝင်ခုခံ ပေးလိုက်ရသဖြင့် သူနှင့် တိုက် နေသော သေမင်းထီးအဖွဲ့ အခွင့်အရေး တစ်ခုရသွားလေ၏။

သူ့ထီးဖြင့် လုံဆုရယ်၏ ခြေထောက်အား ဒဏ်ရာရသွားစေ ခဲ့သည်။ အကယ်၍ လုံဆုရယ်သာ အတွေ့အကြုံ မများပါက သူ ခြေထောက်တစ်ဖက်ကို ဖြတ်ပစ်ရသည်အထိ ဒဏ်ရာရသွားနိုင် သည်။ ယခုမူ ဒဏ်ရာရရုံလောက်သာ ဖြစ်သွားသည်။

ရှောင်လွှလည်း အားလုံးကို မြင်သည်။

သူသည် ရုတ်တရက် မြင်းပေါ်မှ ထရပ်လိုက်ပြီးနောက် ကျွမ်းပစ်ကာ လှည်းဘီးပေါ် တက်သွား၏။ ထိုလှည်းကား အာမခံ ဌာန၏ အလံတိုင် စိုက်ထားသည့် လှည်းပေတည်း။

အလံသည် အာမခံဌာန၏ အသက်ဖြစ်သည်။ ဂုဏ်သိက္ခာ ဖြစ်သည်။ အရှက်ဖြစ်သည်။ ထိုအလံ ရန်သူ့လက်ထဲ ပါသွားပါက အာမခံဌာန အသက်သေဆုံးသည်မည်၏။ ဂုဏ်သိက္ခာကျဆုံးသည် မည်၏။ အရှက်ကွဲသည်မည်၏။ အလံကို ကာကွယ်နေသည့် ဌာနရှိ မှုးမှာ အလုံထက် သူ့အသက်ကို ပထမကာကွယ်နေရသဖြင့် အလံ သည် ရန်သူ့လက်ထဲသို့ ပါလုနီးနီး ဖြစ်နေချေပြီ။

ရှောင်လွှသည် အလံတိုင်အား ရစ်ပတ်နေသည့် ကြိုးကို



လက်ဝဲဘက်ဖြင့် ဖမ်းဆုပ်ကိုင်ပြီး လက်ယာလက်ဖြင့် ဆတ်ခနဲ ဆောင့်ဆွဲလိုက်သည်။ သေမင်းကြီးမှာ မမျှော်လင့်သည့် တိုက်ကွက် ကြောင့် သူကိုင်ထားသည့် ကြိုးမှတစ်ဆင့် အားလှိုင်းတစ်ခု အဝင်ခံ လိုက်ရသည်။ သူကြိုးကိုလည်း အလွှတ်မပေးနိုင်သဖြင့် ကြိုးဆောင့်ဆွဲ ရာသို့ ငိုက်ခနဲ ပါလာတော့သည်။

ရှောင်လွှကား အလွန်လျင်မြန်၏။ ဒဏ်ရာရထားခြင်း မရှိဘဲ အပြည့်အဝ အနားရထားပါက ယခုထက် ဖိတိုက်နိုင်မည် ဖြစ်သော်လည်း သူသည် တိုက်ပွဲစည်းထဲသို့ တိကျစွာ ပါဝင်လာသည်။ သေမင်းကြီး ရှေ့သို့ ငိုက်ဆင်းလာချိန်တွင် ရှောင်လွှသည်လည်း အလံတိုင်ကို လက်တစ်ဖက်မှ ကိုင်၍ ခုန်ချလာပြီး ဖြစ်သည်။ သူသည် အလံတိုင်ဖြင့် သေမင်းကြီး၏ အကြောတစ်ခုကို ဖမ်းထောက်၏။ လက်ဝဲဘက်က သေမင်းကြီး၏ လက်ကောက် ဝတ်ကို ဖမ်းဆုပ်လိုက် သည်။

ချက်ချင်း အကြောပိတ်ထိုးလိုက်ရာ သေမင်းကြီးသည် သူ့ လက်ထဲ၌ အကျဉ်းသားတစ်ဦး ဖြစ်သွားရလေတော့၏။

ရှောင်လွှက အာမခံဌာန၏ အလံကို လေထဲ၌ ဝှေ့ယမ်း ပြီး အားလုံးကြားအောင် အော်လိုက်၏။

"သေမင်းတွေ. . . ငါ့လက်ထဲမှာ ဘယ်သူရောက်နေသလဲ ဆိုတာ ကြည့်စမ်း. . ."

တိုက်ပွဲသည် အံ့သြဖွယ် ကောင်းလောက်အောင် ရုတ်ခြည်း နိဂုံးချုပ်သွားသည်။ သေမင်း လေးယောက်သည် သူတို့၏ သွေး သောက်ညီတစ်ယောက် ရန်သူ့လက်ထဲ၌ သုံ့ပန်းအဖြစ် ဖြစ်နေသည် ကို မြင်ရသောအခါ မျက်နှာပျက်သွားကြသည်။

သူတို့ တိုက်ပွဲဝင်ခဲ့သည်မှာ ကြာပြီ။ မည်သည့်အခါကမျှ

www.burmeseclassic.com

www.burmeseclassic.com



ရန်သူလက်တွင်း အမိမခံဖူးခဲ့ကြပေ။

သူတို့အဖို့ အခံရခက်သည်မှာ သူတို့က ခွေးလေခွေး
တစ်ကောင်ကဲ့သို့ သဘောထားသည့် လူတစ်ယောက်က သူတို့လူ
ဖမ်းဆီးထားခြင်း ဖြစ်သည်။

အာမခံအလံသည် လေထဲ၌ တဖျပ်ဖျပ် လူးလွန့်နေ
အလံပေါ်မှ နဂါးကြီးသည် လေဆဲ၌ အောင်မြင်စွာ ပျံသန်းနေဆဲ
သည်။ ဤကလေကချေ တစ်ယောက်၌ ဤမျှအောင်မြင်သည့်
ပညာရှိမှုန်း သေမင်းထီး ချိုဝေလု လုံး၀ မထင်မှတ်ခဲ့ပါ။

“ကောင်းပြီ . . သူ့ကို လွှတ်လိုက်၊ မင်းသွားလိုရာသွား
တယ် . .”

“ကျုပ်သွားချင်တယ်ဆိုရင် အစောကြီးကတည်းက ထွ
သွားခဲ့ပြီးပြီပေါ့ . .”

ရှောင်လွှေ၏ ပြန်ကြားသံက အေးစက်လှချေ၏။

* * *



## အခန်း(၃၂)
## သွေးမျက်ရည် မိတ်ဆွေ

သေမင်းထီးက ခြောက်ကပ်စွာ မေးလိုက်၏။

“မင်းက အခု ဘယ်လိုလုပ်ချင်လို့လဲ . . .”

ရှောင်လွှေက သူ့လက်ထဲမှ သေမင်းကြိုးကို မေးငေါ့ပြ
လိုက်ပြီး . .

“ခင်ဗျားတို့လူရဲ့ အသက်ကို လိုချင်ရင် ကျုပ် ပြန်ပေးလိုက်
ယ်၊ အခုဖြစ်ပျက်ခဲ့တဲ့ အကြောင်းတွေကို မေ့ပစ်လိုက်တော့၊ ခင်ဗျားတို့
နဲ့တော့၊ ဒီဘက်က သေတဲ့လူတွေ အတွက်လည်း ကျုပ်တို့ မေ့ပစ်လိုက်
ယ် . . .”

သေမင်းထီးက . .

“လက်မခံနိုင်ဘူး . .”

ရှောင်လွှေက ခေါင်းညိတ်၏။

“ကောင်းပြီ . . .”

သူသည် ဝါကျင့်ကျင့် မျက်နှာရှိသော သေမင်းရဲတင်းဆီသို့
ျပ်တစ်ပြက် ခုန်ဝင်သွား၏။ သူ့လက်ထဲရှိသော သေမင်းကြိုးလည်း
သွားသည်။

“ဗိုး . . .”

သေမင်းရဲတာင်းမှာ ထိတ်လန့်သွားသည်။ သူတို့အား ပိုက်ခိုက်

www.burmeseclassic.com

www.burmeseclassic.com



လျှင် အခြားသူအားလုံး တစ်ပြိုင်နက်ပိုင်းတိုက်မည်ဟု သင်ထားခဲ့သည်။ ယခုမှာမူ ရှောင်လွှေက တစ်ယောက်တည်း ခုန်ဝင်လာသည်။

သူ့ရဲတင်းကို လွှဲခုတ်လိုက်၏။

"ဒိုး. . ဒုတ်. . ."

ရဲတင်းသည် ခန္ဓာကိုယ်ထဲသို့ စိုက်ဝင်သွား၏။ သေမင်းကြီးမှာ အကြောပိတ်ခံ...ားရသဖြင့် မအော်နိုင်ရှာပေ။ သို့သော် သူ့ခန္ဓာကိုယ်ကြီးမှာ ဆတ်ဆတ်ခါသွားသည်။ ရှောင်လွှေသည် အံ့အားသင့်နေသည့် သေမင်းရဲတင်း၏ ရင်အား လက်လေးချောင်းဖြင့် ထိုးသွင်းလိုက်၏။

"အင့်. . ." "ဝေါ့. . ."

သေမင်းရဲစာင်းမှာ သူ့အပိုင်နိုင်ဆုံးသော ရဲတင်းလွတ်ကျသွား၏။ သူ့အချစ်မြတ်နိုးဆုံးသော အသက်လည်း သူ့ ခန္ဓာကိုယ်မှထွက်ခွာသွားသည်။ ဤတိုက်ပွဲ၏အစမှာ ဤသို့တည်း။

ရှောင်လွှေက သေမင်းကြီးပါ တစ်ပါတည်း တွဲခေါ် ကာခုန်ဝင်သည်။ သေမင်းရဲတင်းက ရှောင်လွှေအား ရဲတင်းဖြင့်ခုတ်သည်။ ရှောင်လွှေက လျှပ်တစ်ပြက် သေမင်းကြီးကို ထိုးခံပေးလိုက်ခြင်းဖြစ်သည်။ ထိုအခါ သေမင်းနှစ်ယောက်စလုံး ငရဲပြည်သို့ ရောက်ရှိသွားကြလေတော့၏။ ရှောင်လွှေသည် တစ်ဆက်တည်းပင် သေမင်းဓါးထဲသို့ ခုန်ဝင်ပြန်၏။ သေမင်းဓါးသည် ရှောင်လွှေအား ဓါးဖြင့် လှမ်းထိုးသည်။ ထိုဓါးချက်သည် သေကွင်းသို့ မဝင်ကြောင်း ရှောင်လွှေ သိသည်။ ဓါးသည် ယက်ဝဲပန်းဆီ ဦးတည်လာနေ၏။

ထိုအခါ ရှောင်လွှေ မရှောင်တော့ပေ။ ထိုဓါးချက် အထိုးခံရပြီး သေမင်းဓါး၏ ရင်ဝသို့ လက်သီးဖြင့် ထိုးချလိုက်သည်။

ဓါးအဝင်ခံရချိန်နှင့် လက်သီးဝင်ချိန်တို့မှာ မရှေးမနှောင်းပင်တည်း။ ဓါးထိုးခံရသူ မသေသော်လည်း လက်သီးထိုးခံရသူမှာမူ



...လုံးကွဲကြေပြီး သေဆုံးသွားရ၏။ သေမင်းဓါးသည် သူ့ဓါးကို မလွှတ်ဘဲ ...င်းတင်းဆုပ်ထား သဖြင့် လဲကျသွားသောအခါ ဓါးရှည်သည်လည်း ...ှောင်လွှေ၏ ပန်းထဲမှ ပြန်ထွက်သွားလေ၏။ ထိုအခါ သွေးစိမ်းရှင်ရှင် ...း ထွက်လာလေတော့၏။ သူ၏ညစ်ပတ်နေသော အင်္ကျီသည် အနီ ...ောင် ပြန်ဖြစ်သွားလေ၏။

ရှောင်လွှေ၏ အံ့မှယ်သရဲ တိုက်ကွက်သည် သေမင်းထီး နှင့် ...သေမင်းဒါးပတ်တို့ကို အကြီးအကျယ် ထိတ်လန့်သွားစေသည်။

ယခုပင် သုံးယောက်လျော့ပါးသွားပြီ။ ကျန်နှစ်ယောက် ...ည်းနှင့် ဤအာမခံဌာနအုပ်စုအား မည်သို့မျှ နိုင်အောင် မတိုက် ...က်နိုင်ချေ။ သို့သော် သူတို့ပြေး၍ မလွတ်မှန်းလည်း သိပ်မိနေသည်။

သူတို့သည် ရှောင်လွှေကို လွန်စွာ အံ့သြနေသည်။ သူတို့ ...သြခြင်းမှာ ရှောင်လွှေ၏ လျင်မြန်မှုကို မဟုတ်ပေ။ အသက်ကို ...ာမထားဘဲ ဝင်တိုက်မှုကို ဖြစ်သည်။ ရှောင်လွှေသည် သူ့ပန်းမှ ...သွေးကြောများကို သူ့ဘာသာ ထိုးပိတ်လိုက်၏။

"ကဲ. . ခင်ဗျားတို့ ဘယ်လို လုပ်ချင်ကြသေးလဲ. . ."

သေမင်းထီးကို ရှောင်လွှေက မေးလိုက်ခြင်း ဖြစ်သည်။

"မင်းက ဘာဖြစ်လို့ ငါတို့ကို တိုက်ရတာလဲ. ."

"ခင်ဗျားတို့ကို မတိုက်ပါဘူးလို့ ဘယ်တုန်းကများ ကတိ...ပြုခဲ့ဖူးလို့လဲ. ."

"အခု မင်း ဘာလုပ်ချင်သလဲ. . ."

"ခင်ဗျားတို့ ဘာလုပ်ချင်သေးသလဲလို့ ကျုပ်မေးနေတယ်"

သေမင်းထီးက လှိုဆုရယ်နှင့် သံမဏိမျက်လုံးများဖြင့် သူတို့ ...ယောက်အား ကြည့်နေသည့် အာမခံဌာန သိုင်းဆရာများကို ...ချက်လှမ်းကြည့်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ငါတို့ ဆုတ်သွားချင်တယ်. . ."

ရှောင်လွှကခေါင်းညိတ်၏။

"အဲဒါ အကောင်းဆုံးပဲ. . စောစောကတည်းက ခင်ဗျား တို့ငါးယောက်စလုံးကို ပြန်သွားခိုင်းခဲ့တာပဲ. . ခင်ဗျားတို့က ခေါင်းမာချင်တာကိုး. ."

သေမင်းထီးသည် ရှောင်လွှ၏ ကတိစကားတစ်ခုတည်းနှင့် မလုံလောက်ဟု ယူဆဟန်ဖြင့် လုံဆုရယ်ထံသို့ လှည့်မေးပြန်လေ၏။

"လုံဆုရယ်၊ ကျုပ်တို့သွားတော့မယ်၊ ခင်ဗျား သဘောတူလား"

လုံဆုရယ်က အေးစက်စက် ပြောလေ၏။

"သူက ခင်ဗျားတို့ကို သွားနိုင်တယ်လို့ ပြောနေတာပဲ. . သူပြောသမျှကို ကျုပ် လက်ခံတယ်. . ."

ချီဝေလုသည် သေမင်းခါးပတ်ကို လှည့်၍ပြောသည်။

"ငါတို့ သွားကြစို့. ."

"ခင်ဗျားတို့ ဝေးဝေးသွားလေ ကောင်းလေပါပဲဗျာ. ."

ချီဝေလု သက်ပြင်းချသည်။

"ဒီနယ်မှာ လုံဝူဆိုတဲ့ သိုင်းသမား ရှိတယ်ဆိုတာ ငါ မကြားမိပါကလား၊ အထူးသဖြင့်ဒီအာမခံဌာနရဲ့ အထဲရောက်နေတယ်ဆိုတာပေါ့"

"ဘယ်ကြားဖူးမလဲ. . ကျုပ်က အညတရပဲ. ."

"ကောင်းပြီ. . ငါသွားတော့မယ်. . လုံဝူ. ."

"မြန်မြန်သွားလေ. . ကောင်းလေပဲ. ."

သေမင်းထီးနှင့် သေမင်းခါးပတ်တို့သည် တောင်ကြားလမ်းအတိုင်း ပြေးဆင်းသွားလေတော့၏။ ရှောင်လွှ၏ မျက်လုံးများတဖြည်းဖြည်း ဝေဝါးလာပြီး အူခွေကျသွားသည်။ သူ စိတ်လျှော့လိုက်ပြီ ဖြစ်ပါသည်။ ရန်သူရှေ့၌ သူစိတ်တင်းပြီး ရပ်နေခဲ့ခြင်း ဖြစ်သည်။ လုံဆုရယ်



သည် လှံတံကို ပစ်ချပြီး ရှောင်လွှကို ပွေးတွဲလေ၏။ မျက်လုံးများ၌ မျက်ရည်များ ဝဲနေလေပြီ။ ရှောင်လွှ၏ မျက်နှာ၌ သွေးရောင် မရှိတော့ပါ။ သို့သော် နဖူးမှ ချွေးသီးချွေးပေါက်များကတော့ ကျနေသည်။

လုံဆုရယ်က ရှောင်လွှ ထနိုင်အောင် ဖေးမသည်။

"ညီလေး. . လှည်းထဲ ဝင်လှဲနေမလား. . ."

"ဟင့်အင်း. . ရပါတယ်. ."

အိုယန်ကျိသည် ဖက်ကြေမဆေးလုံး သုံးလုံးကို ယူလာပြီး လုံဆုရယ်၏ လက်ထဲသို့ ထည့်ပေးလေ၏။ လုံဆုရယ်က ရှောင်လွှ၏ ပါးစပ်ထဲသို့ ပစ်ထည့်လိုက်သည်။ ရှောင်လွှ မျိုချလိုက်၏။

"ညီလေး. . ငါ့ကို မိတ်ဆွေလို သဘောထားပြီး အသက်စွန့်ကူညီတာကို ကျေးဇူးတင်ပါတယ်ကွာ. ."

ရှောင်လွှသည် မျက်နှာတစ်ချက် မဲ့သွား၏။ ဒဏ်ရာကြောင့် ဖြစ်ပါသည်။

"ကျွန်တော်တို့ မိတ်ဆွေမှ မဟုတ်ဘဲ. . ."

ထိုစကားသည် လုံဆုရယ်အား မိုးကြိုးပစ်သကဲ့သို့ ခံစားရစေသည်။ လုံဆုရယ်နှင့် အိုယန်ကျိတို့ နှစ်ယောက်စလုံး မျက်နှာမှာ ဖြူဖွေးသွား၏။ လုံဆုရယ်က ကြေကွဲစွာ ပြော၏။

"ဖြစ်ပါတယ်လေ. . ငါ့ညီပြောတဲ့ အတိုင်းဖြစ်ပါတယ်"

ရှောင်လွှကလုံဆုရယ်အား ရီဝေစွာကြည့်ပြီး ချည့်နဲ့စွာပြော၏။

"ကျွန်တော်တို့ မိတ်ဆွေတွေလို့ ဘယ်သူပြောသလဲ. . ကျွန်တော့်နာမည် လုံဝူ. ."

လုံဆုရယ် ရုတ်တရက် ကြောင်သွားသည်။ အတန်ကြာမှ သဘောပေါက်ပြီး ရှောင်လွှ၏ ပခုံးကို ဖက်လေ၏။ သူ့မျက်ဝန်းများဆီမှ မျက်ရည်များ ဖြိုင်ဖြိုင်ကျလာတော့သည်။ သူသည် မျက်ရည်များ

www.burmeseclassic.com

www.burmeseclassic.com



ကျလျက်မှ တဟားဟား အော်ရယ်ပြန်၏။

"ဟုတ်တယ်. ဟုတ်တယ်. ငါက အရူးပဲ၊ တို့ဟာ မိတ်ဆွေတွေ မဟုတ်ဘူး၊ ညီအစ်ကိုတွေ သွေးသောက်ညီအစ်ကိုတွေ"

လုံဆုရယ်၏ မျိုးရိုးအမည်မှာ လုံဖြစ်သည်။ တစ်အူတုံ့ ဆင်းဆွေမျိုးရင်းချာများမှသာ မျိုးရိုးအမည်တစ်လေ့ရှိရာ ရှောင်လွေက ခပ်စောစောကတည်းက လုံဆုရယ်နှင့် သူညီအစ်ကို ဖြစ်ကြောင်း ပြောလိုသဖြင့် 'လုံဝူ' ဟုပြောခဲ့ပြီးဖြစ်သည်။ လုံဆုရယ် သဘောပေါက်ခဲ့ခြင်း ဖြစ်သည်။ အိုယန်ကျိုကလည်း မျက်ရည်များ ဝဲလာပြီး ရှောင်လွေကို လာကူတွဲ၏။ ရှောင်လွေသည် နာကျင်သော ဝေဒနာခံစားနေရာမှ အိုယန်ကျိုအား ပြုံးပြလေ၏။ ထို့နောက် သတိလစ်သွားလေတော့၏။

"ငါ့မှာ ညီအစ်ကို မရှိခဲ့ဘူးလို့ အထင်မှားခဲ့တယ်. . . ငါ့မှာ ပျောက်ဆုံးနေတဲ့ ညီလေးတစ်ယောက် ရှိနေပါသေးကလား"

လုံဆုရယ်က ပြောလိုက်ခြင်း ဖြစ်ပါ၏။ အာမခံဌာနမှ မြင်းသမားများသည်-သူတို့ကို ကြည့်ရင်း မျက်ရည်များ အိုင်လာသည်။ ရှောင်လွေသာ ဝင်မကူလျှင် ဤတိုက်ပွဲသည် အဖြေတစ်မျိုး ထွက်ကောင်း ထွက်နိုင်သည်။ သည်အချက်ကို သူတို့သိကြသည်။

ထို့ကြောင့် ရှောင်လွေကို ကျေးဇူးတင်ကြသည်။ လေးစားခင်မင်သော မျက်လုံးများဖြင့် ငေးကြည့်ကြသည်။ သို့သော် သူတို့ မျက်ရည်များ ဝဲနေကြသည်။ သူတို့ အာမခံဌာနသည် မိတ်ဆွေတစ်ယောက်ကို အမှန်တကယ် ရရှိခဲ့လေပြီ။ ထိုမိတ်ဆွေကို သူတို့သည် သွေးနှင့် မျက်ရည်ထဲမှ ရရှိခြင်းသာ ဖြစ်ပါလေ၏။ သင့်ဘဝ၌ သွေးနှင့်မျက်ရည်ထဲမှ ရအပ်သော မိတ်ဆွေမျိုး ရှိခဲ့ဖူးပါသလား။

* * *



## အခန်း(၃၃)

## အသတ်ကယ်သမားတော်

ရှောင်လွေ သတိလစ်နေခဲ့သည်မှာ သုံးရက်တိတိ ရှိသွားလေပြီ။ သူ့တစ်ကိုယ်လုံး ခြစ်ခြစ်တောက်ပူလျက် ရှိနေသည်။

သူသည် လူနှစ်ယောက်၏ နာမည်ကို အကြိမ်ပေါင်းများစွာ ယောင်ယမ်းခေါ်နေခဲ့၏။

တစ်ယောက်၏ အမည်မှာ ချမ်းချမ်းဖြစ်ပြီး၊ အခြား တစ်ယောက်၏ အမည်မှာ လုံဆုရယ် ဖြစ်သည်။

လုံဆုရယ်နှင့် အိုယန်ကျိုတို့သည် ထိုအမည်များကို အကြိမ်ပေါင်းများစွာ ကြားခဲ့ရ၏။ အရေအတွက်ကို သူတို့မမှတ်မိကြတော့ချေ။ လုံဆုရယ်၏ မျက်နှာသည် ထိုသုံးရက်အတွင်း၌ ပို၍အိုစာသွား၏။ သုံးရက်စလုံး လုံဆုရယ် မအိပ်ပါ။ ရှောင်လွေ၏ ဘေး၌ ထိုင်စောင့်နေသည်။

သူတို့ အတွေးကိုယ်စီဖြင့် ငေးနေကြည့်ခိုက် ရှောင်လွေ အလန့်တကြားအော်ပြီး ရုန်းကန်ထလာ၏။

သူ့အသားများ ခြစ်ခြစ်တောက် ပူလျက်ရှိပြီး ချွေးများ ရွှဲရွှဲစိုနေသည်။ လုံဆုရယ်နှင့် အိုယန်ကျိုတို့က အတင်းမပွေ့ ပြန်ပို့ကြရသည်။ အိပ်ရာထက် ပြန်အိပ်ခိုင်းကြရသည်။

ရှောင်လွေ၏ မျက်လုံးများသည် သုံးရက်အတွင်း ပထမ

www.burmeseclassic.com

www.burmeseclassic.com



ဆုံးအကြိမ် ပြန်ဖွင့်လာ၏။ သို့သော် မျက်လုံးထဲ၌ သွေးခြည်ဥများ သမ်းနေသည်။

"ငါ့ကိုလွှတ်. . . ငါ့ကိုလွှတ် ငါ ချမ်းချမ်းကို သွားရှာမယ်"

လုံဆုရယ်သည် ရှောင်လွှေ ကယောင်ကတန်း ပြောနေမှန်း ရိပ်မိ၏။

ရှောင်လွှေသည် ထိုစကားကို ရေရွတ်ပြီး မျက်လုံးများပြန်ပိတ်သွား၏။ တစ်ဖန် အိပ်ပျော်သွားပြန်လေ၏။

လုံဆုရယ်သည် ဘေးရှိထိုင်ခုံ၌ ပြန်ထိုင်လိုက်လေ၏။ သူ့ရဲ့ကောင်းကြီးသည် မိတ်ဆွေအတွက် မျက်ရည်ကျရပြန်လေသည်။ အိုယန်ကျိ သက်ပြင်းချ၍ ပြော၏။

"နောင်ကြီး လုံဆု ပြောတာမှန်တယ်. . . သူ့ရင်ထဲမှာ ချမ်းချမ်းအတွက် ဝေဒနာ ခံစားနေရတယ်. . . ကျွန်တော်ကတော့ သူ့အတွက် အတော်စိုးရိမ်မိတယ်. . ."

လုံဆုရယ်က အိုယန်ကျိကို ပြန်မေး၏။

"ဘာကို စိုးရိမ်တာလဲ. . ."

"သူဟာ မသေနိုင်တဲ့ လူမျိုးပါ. . . ဒါပေမယ့် စိတ်ထဲမှာ မသေချင် စိတ်ရှိမှဖြစ်မယ်. . . သူသေချင်ရင် ဘယ်သူမှ တားထားလို့ ရမှာ မဟုတ်ဘူး. . ."

လုံဆုရယ်က ဒေါသတကြီး အော်လိုက်၏။

"သူ ဘယ်နည်းနဲ့မှ မသေရဘူး. . ."

အိုယန်ကျိက ခေါင်းခါ၏။

အိုယန်ကျိက တုန်ယင်စွာ ပြောလေ၏။

"သွေးအားလည်း သိပ်နည်းနေတယ်. . . အဖျားကလည်း ကြီးနေတယ်. . . ဒဏ်ရာကလည်း ကောင်းကောင်း မကျက်သေး



ဘူး. . . ဒီကြားထဲမှ စိတ်ဝေဒနာ အကြီးအကျယ် ခံစားနေရတယ် သူ့ရောဂါကို ကောင်းကောင်း ကုနိုင်ရင် အဲ့ဒီလူဟာ တစ်ယောက်တည်းဖြစ်လိမ့်မယ်. . ."

လုံဆုရယ်က မေးလေ၏။

"ဘယ်က သမားတော်လဲ. . ."

"သမားတော် မဟုတ်ပါဘူး ချမ်းချမ်းပါ. . ."

လုံဆုရယ်သည် အိုယန်ကျိ အနီးသို့ တိုးကပ်လာ၏။

"ညီလေး. . . မင်း ငါမသိဘဲနဲ့ အဲဒီမိန်းကလေးကို စုံစမ်းနိုင်ခဲ့သလား. . . အဲဒီမိန်းကလေးကို မြင်ခဲ့ဖူးသလား. . . သူ့ကို တွေ့အောင် ရှာနိုင်မလား. . ."

အိုယန်ကျိ သက်ပြင်းချပြီး ခေါင်းခါလိုက်လေ၏။

"ကျွန်တော် မတွေ့ဖူးပါဘူး. . . ချမ်းချမ်းကို သူတောင်မှ တွေ့အောင်မရှာနိုင်တာ. . . ကျွန်တော်က ဘယ်လိုတွေ့အောင် ရှာနိုင်မှာလဲ. . ."

လုံဆုရယ်၏လက်များ ပြေလျော့ကျသွား၏။ သူ့အလွန် စိတ်ပျက်သွားသည်။

"ချမ်းချမ်းကို မတွေ့ရင် သူ့ကို အသက်ရှင်အောင် မကုနိုင်တော့ဘူးလို့ မင်းဆိုလိုတာ မဟုတ်လား အိုယန်ကျိ. . ."

အိုယန်ကျိ ခေါင်းငုံ့ပြီး ငြိမ်နေသည်။ ထိုစဉ် အခန်းပြင်မှ အသံတစ်သံကို ကြားလိုက်ကြရသည်။

"ချမ်းချမ်းက ဘာဆေးပညာတတ်လို့လဲ. . . ချမ်းချမ်းကို ဘာမှ အထင်ကြီးစရာ မလိုဘူး. . . သူ့ကိုရှာမတွေ့လည်း အရေးမကြီးဘူး၊ ရှောင်လွှေကို ကုသနိုင်တဲ့ လူတစ်ယောက်ရှိသေးတယ်"

လုံဆုရယ်သည် အခန်းပြင်သို့ လှမ်းကြည့်သည်။ တံခါး

www.burmeseclassic.com

www.burmeseclassic.com



စေ့ထားသဖြင့် အသံရှင်ကို မမြင်ရသေးချေ။

သို့သော် သူက အရေးတကြီး လှမ်းမေးသည်။

"ဘယ်သူလဲ. . . ရှောင်လွေကို ဘယ်သူကုပေးနိုင်မလဲ"

"ကျွန်မပေါ့. . ."

စေ့ထားသော တံခါးသည် ကျွီခနဲ ပွင့်သွား၏။ တည်းခိုခန်း၌ တည်းခိုနေကြသဖြင့် လုံဆုရယ်သည် တံခါးကို မင်းတုတ်ချ၍ မပိတ်ထားပေ။ တံခါးဝ၌ အဖြူရောင် မျက်နှာဖုံး ဇာပုဝါ ဆင ယင်ထားသည့် မိန်းကလေးတစ်ယောက် ပေါ်လာ၏။

လှပသော မိန်းကလေးဟု ခန့်မှန်း၍ရသည်။ မက်မန်းပွင့် ဖြစ်ကြောင်း လုံဆုရယ် မသိနိုင်ခဲ့ချေ။

လုံဆုရယ်သည် ထိုင်ရာမှ ထသည်။ အိုယန်ကျိလည်း ထသည်။ သူတို့ ပြိုင်တူ မေးမိကြသည်။

"မင်းဘယ်သူလဲ. . ."

တင်းကျန်ယန်က. . .

"လူတစ်ယောက်ရဲ့ အသက်ကို ဒါနပြုတဲ့အနေနဲ့ ကယ် တင်ချင်လို့ လာခဲ့တဲ့သူပါ. . ."

လုံဆုရယ်က. . .

"မင်း တကယ်ကုနိုင်မလား. . ."

"ဟင်း. . . ရှင်က ဘယ်လိုမေးလိုက်တာလဲ. . . မကုနိုင် ရင် ကျွန်မ ဘာဖြစ်လို့ ဒီကိုလာရမှာလဲ. . ."

လုံဆုရယ် ဝမ်းသာသွားသည်။

"မိန်းကလေးကသာ သူ့ကို ကုသပေးနိုင်တယ်ဆိုရင် ကျုပ် မှာ ရှိသမျှ စည်းစိမ်တွေကို အကုန်လုံး ပုံပေးလိုက်မယ်. . ."

"တကယ်ပြောတာလား. . ."



"ကျုပ် ဘယ်တုန်းကမှ မညာခဲ့ပါဘူး. . . တိတိကျကျ မှန်မှန်ကန်ကန်ပဲ ပြောတတ်တယ်. . ."

တင်းကျန်ယန်က ခေါင်းညိတ်၏။

"အင်း. . . ရှင့်ကြည့်ရတာ သူ့ရဲ့မိတ်ဆွေစစ် ဖြစ်တယ်လို့ ယုံကြည်ရလောက်ပါတယ်. . . ဒါပေမယ့် ရှင့်ရဲ့ မလောက်လေး မလောက်စား ဥစ္စာပစ္စည်းတွေကို ကျွန်မ မမက်မောပါဘူး. . ."

လုံဆုရယ် နာသာခံခက် ဖြစ်သွား၏။

"မင်းက ဘာလိုချင်လို့လဲ. . . ငါ့အသက်ကိုများ လိုချင် နေလို့လား. . ."

တင်းကျန်ယန်က ရယ်၍ပြော၏။

"အဲဒီ ရှောင်လွေကတော့ သူ့အသက်ကို လုံးဝတန်ဖိုးမ ထားဘူးရှင့်. . . ရှင့်အသက်ကကော ဘယ်လောက် တန်ဖိုးရှိသလဲ"

အိုယန်ကျိ ဒေါသထွက်သွား၏။

"မိန်းကလေး ရှင်းရှင်းပြောစမ်းပါ. . . မင်းက ဘာလိုချင် တာလဲ. . . ပစ္စည်းလား အသက်လား. . ."

တင်းကျန်ယန်က ပြုံး၏။

"သူ့ကို ကျွန်မ လက်ထဲအပ်ပါ. . . ကျွန်မ ဘယ်လိုကု တယ်ဆိုတာ ရှင်တို့သိဖို့ မလိုပါဘူး. . ."

လုံဆုရယ်ကော အိုယန်ကျိပါ အကြီးအကျယ် မျက်နှာ ပျက်သွားကြလေသည်။ လုံဆုရယ်သည် ဖြည်းညင်းစွာ နောက် ဆုတ်သွားပြီ သူ့ထိုင်ခုံ၌ ပြန်၍ထိုင်ချလိုက်လေ၏။ သူ့လက်ချောင်း ကို ဆံပင်ထဲထိုးဖွပြီး ခေါင်းငုံ့စဉ်းစားနေလေတော့၏။

* * *

www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၃၄)
## သမားတော်၏အစွမ်း

လုံဆုရယ်သည် အချိန်အတော်ကြာ စဉ်းစားပြီးမှ ခေါင်းမော့လာ၏။

"မင်း သူ့ကို ဘယ်ခေါ်သွားမလို့လဲ. . ."

တင်းကျန်ယန်က မျက်နှာထားတင်းတင်းဖြင့် ပြန်ပြောသည်။

"ဒါက ကျွန်မကိစ္စ. . . ရှင်သိဖို့ မလိုဘူး. . ."

သူ့အဖို့ ဆုပ်လည်းစူး စားလည်းရှူး ဆိုသော အခြေအနေသို့ ရောက်ရှိနေလေပြီ။ သူ့အဖို့ ဆုံးဖြတ်ရခက်နေလေပြီ။

လုံဆုရယ်က ခပ်တိုးတိုး မေး၏။

"မိန်းကလေးရဲ့ မျိုးရိုးနာမည်က. . ."

တင်းကျန်ယန် ခပ်မာမာ ပြောသည်။

"တင်း. . . ပဲ. . ."

"နာမည် အပြည့်အစုံတောင် မပြောနိုင်တော့ဘူးလား"

"ကျွန်မ နာမည် ချမ်းချမ်း မဟုတ်တာတော့ သေချာပါတယ်"

လုံဆုရယ်၏ မျက်လုံးထဲ၌ မသက်သော အရိပ်အယောင်များ ပေါ်လာသည်။

"မိန်းကလေးက ကျူပ်ညီ ရှောင်လွေ့အကြောင်း တော်တော်ကလေး သိထားပုံရတယ်. . ."



တင်းကျန်ယန်က ရယ်သည်။

"ရှင့်အကြောင်းလည်း ကျွန်မ သိထားတာ မနည်းပါဘူး"

"မိန်းကလေးက ကျူပ်ညီကို သိထားတယ် မဟုတ်လား"

"ရှင့်ကိုလည်း ကျွန်မသိတာပဲ. . ရှင့်နာမည်က လုံကန်း (ခေါ်) လုံဆုရယ်. . သိုင်းလောကထဲမှာ ကျွန်မမသိတဲ့ အကြောင်းအရာ နည်းနည်းပဲရှိတယ်. . ."

လုံဆုရယ်၏ မသက်သာမှုသည် ပို၍ကြီးထွားလာသည်။

"မိန်းကလေးနဲ့ ကျူပ်ညီ ရန်ငြိုးတစ်ခုခု ရှိခဲ့ဖူးရမယ်. . ဟုတ်တယ် မဟုတ်လား. ."

တင်းကျန်ယန်က လုံဆုရယ်အား မျက်လုံးပြူး ကြည့်လိုက်သည်။

"ဘာလဲ. . ရှင့်စကားက ကျွန်မက ရန်ငြိုးကြောင့် သူ့ကို လိမ်ညာခေါ်ပြီး သတ်မယ် ထင်နေလို့လား. ."

လုံဆုရယ်မှာ ဝန်ခံရခက်သွား၏။ သူမ၏စကားက သူ့စိတ်ရင်းအမှန်ကို ဖော်ထုတ်လိုက်ခြင်းပင် မဟုတ်ပါလော။

"ကျူပ်. . . ကျူပ်. . ."

တင်းကျန်ယန် မဲ့ပြုံးပြုံးလိုက်ပြီး ဆက်ပြောသည်။

"ကျွန်မသာ သူ့ကို သတ်ချင်ရင် ဒီကိုလာပြီး ခေါ်စရာတောင် မလိုဘူး. . ကျွန်မ မလာရင် သူ့ဘာသာသူ အသက်ထွက်သွားမှာပဲ. . ရှင့်တို့လည်း ထိုင်ကြည့်နေရုံကလွဲပြီး ဘာလုပ်တတ်တာမှတ်လို့. . ဒီမှာ ကျွန်မ တစ်ခုပြောပြမယ်. . သူ့အသက်ရှင်နေတာဟာ ကျွန်မ မသတ်ချင်လို့ ရှင်သိရဲ့လား. ."

လုံဆုရယ်သည် ရှောင်လွေ့အား လှမ်းကြည့်လိုက်သည်။ ရှောင်လွေ့သည် ချောင်းတစ်ချက် နှစ်ချက်ဆိုးပြီး ဆက်အိပ်ပျော်သွား၏။ တင်းကျန်ယင်က. . .

"ကဲ. . ကြာတယ်. . . ကျွန်မ ရှင်းရှင်းပဲ မေးမယ်. . သူ့ကို

www.burmeseclassic.com

www.burmeseclassic.com



ကျွန်မလက်ထဲကို အပ်မလား . . မအပ်ဘူးလား . . မအပ်ရင် ကျွ
ပြန်တော့မယ် . . . ”

လုံဆုရယ် သက်ပြင်းချသည်။

“မိန်းကလေး . . သွားချင်ရာ သွားနိုင်ပါတယ် . . ”

တင်းကျန်ယန် မျက်နှာပျက်သွား၏။

“ဘာ . . ကျွန်မကို သွားခိုင်းတယ် မဟုတ်လား . . သူ
တာကို ရှင်တို့ ထိုင်စောင့်ကြည့်မယ် . . ဟုတ်လား . . ”

လုံဆုရယ် သုန်မှုန်သွားသည်။

“မိန်းကလေးကို ကျုပ်က ခုမှပဲ မြင်ဖူးတယ်၊ ကျုပ်ည
သူစိမ်းတစ်ယောက်ရဲ့လက်ထဲ ဘယ်လိုလုပ် ပုံအပ်နိုင်တော့မှာ

တင်းကျန်ယန်က ပြတ်သားစွာ ပြောလေတော့၏။

“ကောင်းပြီ . . ဒါဆိုရှင်တို့ သူ့အတွက် ခေါင်းသာ
ထားပေတော့ . . ”

သူမသည် စကားဆုံးသည်နှင့် ချာခနဲ လှည့်ထွက်သွား
၏။ လုံဆုရယ်က အိုယန်ကျွဲအား မျက်ရိပ်ပြလိုက်သည်။ သူတို့
ယောက် ပူးတွဲတိုက်ခိုက်ခဲ့ကြသည်မှာ နှစ်ပေါင်းသုံးဆယ်ကျော်ခဲ့
ချက်ချင်းလိုလိုပင် နှစ်ယောက်စလုံးသည် တင်းကျန်ယန်ကို ခုန်အု
လေ၏။ အိုယန်ကျွဲက တင်းကျန်ယန်၏ပခုံးကို လှမ်းကုတ်ဆွဲလေသ
လုံဆုရယ်က သူမနောက်ကျောရှိ တင်းကြန့်ယင်းမင်နှင့်ဝင်းထန်
ကြောသုံးခုကို ဖောက်လိုက်သည်။

သို့သော် တင်းကျန်ယန်သည် နောက်ကျော၌ မျက်စိ
သည့်ပမာ လုံဆုရယ်တို့ ခုန်ဝင်လာသည်နှင့် သူမက ခေါင်မိုးထုပ်
ပေါ်သို့ ကိုယ်ဖော့ပညာသုံး၍ ခုန်တက်သွားသည်။

ချက်ချင်းလိုပင် ရှောင်လျှေ၏ ခုတင်အနီးသို့ ခုန်ချသွာ
ရှောင်လျှေ၏ လည်ပင်းသွေးကြောကို ထောက်၍ တိုင်လိုက်သ



သူမက အေးစိမ့်သော လေသံဖြင့် ပြောသည်။

“ကဲ . တွေ့လား . . ကျွန်မ သတ်ချင်ရင် သူ့ကို လွယ်လွယ်က
လေး သတ်လို့ရတယ် . . မြင်တယ် မဟုတ်လား . . ”

လုံဆုရယ်နှင့် အိုယန်ကျွဲတို့မှာ မှန်းချက်နှင့် နှမ်းထွက်မကိုက်
ရုံမျှမက ယာယီကျက်ကိန်းပါ မြင်လိုက်ရသောအခါ အကြီးအကျယ်
မျက်နှာပျက်သွားကြတော့သည်။ နှစ်ယောက်စလုံး စကားမပြောနိုင်
ကြတော့ပါ။

“ရှင်တို့မို့လို့ ကျွန်မကို အလစ်ဖမ်းနိုင်ဖို့ ကြံကြတယ်၊ အတင်း
အကျပ်ဖမ်း အတင်းဆေးကုခိုင်းလို့ ကျွန်မက ကုပေးမယ်ထင်သလား”

တင်းကျန်ယန်သည် ရှောင်လျှေ၏ လည်ပင်း၌ တင်ထားသည့်
သူမ၏လက်ကို ရုပ်သိမ်းလိုက်သည်။ ထို့နောက် စကားတစ်ခွန်းမျှ
မပြောတော့ဘဲ လုံဆုရယ်ဘေးမှ ဖြတ်သန်းကာ အခန်းအပြင်သို့
ထွက်သွားတော့သည်။ လုံဆုရယ်က ခေါ်ခေါ်လိုက်၏။ သူ့အသံက
ခြောက်ကပ်နေသည်။

“မိန်းကလေး . . ကျေးဇူးပြုပြီး ခဏစောင့်ပါ . . ”

တင်းကျန်ယန် မရပ်တော့ပေ။ ဆက်သွားမြဲ သွားနေ၏။
လုံဆုရယ် ပြေး၍လိုက်ရသည်။

“မိန်းကလေး . . ကျုပ်တောင်းပန်ပါတယ်၊ ခဏ စောင့်ပါ
ဦးဗျာ . . . ”

တင်းကျန်ယန် ရပ်သွား၏။

“ရှင် စောစောကတည်းက ရှင့်လူနာကို ကျွန်မလက်ထဲ
အပ်လိုက်ဖို့ ကောင်းတယ် . . . ”

သူမက ဒါပဲပြောသည်။

✱ ✱ ✱

www.burmeseclassic.com

www.burmeseclassic.com



# အခန်း(၃၅)

## နှင်သူလော ချစ်သူလော

လုံဆုရယ်နှင့် အိုယန်ကျိတို့ ကိုယ်တိုင် အိပ်ရာပြင်ဆင်ထားသည့် မြင်းရထားကြီးပေါ်သို့ ရှောင်လွှေကို ပွေ့ချီတင်ပေးလိုက်ကြသည်။ တင်းကျန်ယန်၏ အဖော်ဖြစ်ဟန်ရှိသော မိန်းမပျိုလေးတစ်ယောက်က မြင်းရထားတံခါးကို ဖွင့်ပေးသည်။

လုံဆုရယ်သည် အိပ်နေသည့် ရှောင်လွှေ၏ အေးစက်နေသော လက်ကိုကိုင်ကာ ငိုင်နေ၏။

အချိန်အတော်ကြာသည် အထိ ငိုင်တွေနေသဖြင့် တင်းကျန်ယန်က စိတ်တိုသလို မေးလိုက်သည်။

"ရှင်က စိတ်မချဘဲ ဖြစ်နေပြန်ပြီလား..."

လုံဆုရယ်က သက်ပြင်းချပြီး လက်ကိုလွှတ်လိုက်သည်။ ရထားအပြင်သို့ နောက်ဆုတ်သွားသည်။

"ကျုပ်ရဲ့ညီကို မိန်းကလေး လက်ထဲ အပ်လိုက်ပါပြီ"

တင်းကျန်ယန်သည် လုံဆုရယ်၏ ရှောင်လွှေ အပေါ်ထားသည့် သံယောဇဉ်ကို တွေ့လိုက်ရသောအခါ လွန်စွာ လေးစားသွား၏။

"စိတ်ချပါရှင်... ကျွန်မ ကောင်းကောင်း ကုပေးပါ့မယ် သူ့ဒဏ်ရာတွေ ပျောက်သွားရင် ရှင်တို့ ပြန်ဆုံခွင့် ရကြမှာပါ..



လုံဆုရယ် ခေါင်းညိတ်၏။

"ကျေးဇူးတင်ပါတယ်... မိန်းကလေးရယ်..."

လုံဆုရယ် လက်ခုပ်တီးလိုက်သောအခါ အာမခံဌာနမှ သိုင်းသမားတစ်ဦးသည် မဟူရာမြင်းနက်ကြီးကို ဆွဲလာလေ၏။ တင်းကျန်ယန်သည် မြင်းကြီးကို ကြည့်ပြီး အံ့းကျူးလိုက်လေသည်။

"ကောင်းလိုက်တဲ့ မြင်းကြီးပါလား..."

လုံဆုရယ်က မချိပြုံးပြုံးပြီး...

"ကျုပ်ညီက ဒီမြင်းနဲ့ တကယ်ထိုက်တန်ပါတယ်..."

"ကျွန်မ သိပါတယ်... ဒီမြင်းကြီး ပေးလိုက်ရင် ရှင့်ညီဟာ ကျန်းမာလာတာနဲ့ ရှင့်ဆီ ချက်ချင်း ပြန်လာနိုင်မယ်လို့ ယူဆထားတယ် မဟုတ်လား..."

"မဟုတ်ပါဘူး... သူ့အဖို့ ဒီမြင်းမျိုး လိုအပ်နေတာ တခြားကိစ္စပါ... သူ့ဒဏ်ရာ ပျောက်သွားရင် တခြားလူတစ်ယောက်ကို သွားရှာ..."

လုံဆုရယ် ရပ်သွား၏။ ထိုမိန်းကလေးသည် ချမ်းချမ်း၏ အမည်ကို မကြားချင်ကြောင်း ရိပ်မိသောကြောင့် ဖြစ်၏။ တင်းကျန်ယန်သည် လုံဆုရယ်၏ စကားအသွားအလာကို ချက်ချင်း ရိပ်မိလိုက်၏။

ထို့ကြောင့် ခက်ထန်စွာ ပြောပြန်သည်။

"ကျွန်မက သူ့ကိုကုပေးတာ စေတနာနဲ့ ကုပေးတာရှင့်.. သူ့ဒဏ်ရာ ပျောက်လို့ သွားချင်ရင် အဝီစိထိသွားနိုင်တယ်.. သူ့သဘောပဲ... ကျွန်မနဲ့ ဘာမှမဆိုင်ဘူး..."

လုံဆုရယ် နောက်ဆုတ်သွား၏။

"ကျုပ်ညီကို မိန်းကလေးလက်ထဲ လုံးဝအပ်လိုက်ပါပြီ"

www.burmeseclassic.com

www.burmeseclassic.com



တင်းကျန်ယန်ကား မြင်းရထားပေါ် တက်ပြီး မြင်းရထား ထွက်ရန် အချက်ပေးလိုက်၏။

လုံဆုရယ် မြင်းကြီးကို ကျောခိုင်းလိုက်၏။

မြင်းရထား ထွက်သောအခါ မြင်းနက်ကြီးလည်း ရထား နောက်မှ ကြိုးတန်းလန်းဖြင့် ပါသွားလေတော့သည်။

လုံဆုရယ် ကိုယ်တိုင်လည်း မျက်ရည်များ ကျလျက်၊

ကျစ်ဆံမြီးနှင့် မိန်းကလေးက ရှောင်လွှေအား ကြည့်လျက် တင်းကျန်ယန်အား လှမ်းပြောသည်။

"မမ . . . ဒီလူဟာ အရင်တုန်းက ရုပ်ချောတယ် မဟုတ် လား . . ."

"ဟုတ်တယ် . . . သူဟာ အစကတော့ အတော့်ကို ချော တယ် . . ."

"သူ့ကိုယ်ပေါ်မှာ ဒဏ်ရာတွေ အများကြီးပဲနော် . . . ဒီ လောက် ဒဏ်ရာများတဲ့လူကို တစ်ခါမှ မတွေ့ဖူးသေးဘူး . . ."

ကျစ်ဆံမြီးနှင့် မိန်းကလေးသည် တင်းကျန်ယန်ကို သေ ချာစွာကြည့်ပြီး မေးလေ၏။

"မမက တကယ်ကုနိုင်လို့လား ဟင် . . ."

"မကုနိုင်ပါဘူး . . ."

မိန်းကလေးမှာ မျက်လုံးပြူးသွား၏။

"ကုလို့မရဘဲနဲ့များ ဘာဖြစ်လို့ ခေါ်လာရတာလဲ မမရယ် ဖြစ်မှဖြစ်ရလေ . . ."

တင်းကျန်ယန်သည် မြင်းရထား ပြတင်းပေါက်မှ အပြင် သို့ ငေးနေပြန်သည်။ အတန်ကြာမှ . . .

"သူသေတာကို ကြည့်ချင်လို့ . . ."



"ဘုရားရေ . . . ဖြစ်မှဖြစ်ရလေ မမရယ် . . ."

ကျစ်ဆံမြီးနှင့် မိန်းကလေးက ရင်ဝကို လက်နှင့်ဖိကာ လန့်တကြား အော်ဟစ်မိလေသည်။ သူမသည် သူမ၏ သခင်မ နားမလည်နိုင်ဘဲ ဖြစ်သွားရှာသည်။

ဤလူနာကို လုံဆုရယ် အမည်ရှိသော အာမခံဌာနကြီး ကက မပေးချင်ပေးချင်ဖြင့် သူတို့လက်ထဲသို့ ပေးခဲ့ခြင်းဖြစ် ကြောင်းကို သူမ ကောင်းကောင်းကြီး သိခဲ့သည်။

သူမ၏ သခင်မ မည်မျှအာမခံခဲ့ကြောင်းကိုလည်း သူမ သိခဲ့သည်။ ဤမျှ အာမခံ၍ ခေါ်ယူခဲ့ရသူ၏ သေဖွဲကို ကြည့်ရှုလို းမှာ လွန်စွာ လူမဆန်သူဟု သူမထင်မြင် ယူဆမိသည်။

သို့သော် သခင်မဖြစ်သူကို အိမ်ဖော်မျှသာ ဖြစ်သူက ဘယ်သို့ အပြစ်တင်နိုင်စွမ်း ရှိပါမည်နည်း။

သူမသည် ရှောင်လွှေအတွက် အလွန်စိတ်မကောင်းဖြစ် းသဖြင့် စကားဆက်မပြောတော့ဘဲ ခေါင်းငုံ့နေလိုက်မိတော့ ည်။ ထိုစဉ် တင်းကျန်ယန်၏ စကားသံ ထွက်လာသည်။ သူမ၏ သံက တုန်ရင်လှိုက်လှဲနေပါသည်။ ငိုသံပါနေသည်။

"သူဟာ သေတော့မယ် . . . တခြားသူ လက်ထဲမှာ သူ့ကို သေမခံနိုင်ဘူး . . . သေခြင်းသေရင် ငါ့မျက်စိရှေ့မှာ သေရမယ်"

ကျစ်ဆံမြီးနှင့် မိန်းကလေးသည် တင်းကျန်ယန်ကို အထိတ် တလန့် မော့ကြည့်မိသည်။

* * *

www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၃၆)
## အိပ်မက်ဘဝ

ချမ်းချမ်းသည် သူမ၏ ကနုကမာ ဖိနပ်ကို ငုံ့ကြည့်နေလေသည်။ ဖိနပ်သည် ဝတ်ရုံရှည်ကြီးအောက်တွင် စွန်းထွက်နေသည်။

တောက်ပပြောင်လက်နေသော ဖိနပ်သည် လွန်စွာတန်ဖိုးကြီးသော ဖိနပ်ဖြစ်လေသည်။ ဖိနပ်၏ ထိပ်၌ရှိသော ပုလဲတစ်ကုံးစီ၏ တန်ဖိုးကပင် သာမန်လူသား တစ်ဦးအတွက် အိမ်တစ်ဆောင်လောက် ဖြစ်နေပေသည်။

သူမ၏ ရှည်လျားသော ပန်းရောင်ဝတ်ရုံရှည်ကြီးကလည်း လှတကာ အမြင်တွင် အသွေးအရောင် တောက်ပသည့် ကြာပွင့်ကြီးသဖွယ် လှပနေသည်။

ချမ်းချမ်းမှာ နဂိုကတည်းက လွန်စွာ ချောမောလှပသူဖြစ်၍ အဝတ်အစား အဆင်တန်ဆာနှင့် မှုန့်နံ့သာများ ခြယ်သလိုက်သောအခါ တုလွှတ်ကင်းသည့် နတ်မိမယ်ကဲ့သို့ ရင်သပ်ရှုမောဖွယ် ဖြစ်လာတော့သည်။ အစိမ်းရောင် တူညီဝတ်စုံ ဝတ်ဆင်ထားသော အိမ်ဖော်မလေးရှစ်ယောက်တို့သည် သူမနှင့် မနီးမဝေးနေရာ၌ စီတန်း၍ ရပ်နေကြသည်။

ချမ်းချမ်းသည် အိပ်မက်မက်နေသူကဲ့သို့ပင် ဖြစ်နေ၏။ အိပ်မက် မဟုတ်ကြောင်း သေချာစေရန် သူသည် စားပွဲပေါ်မှ



ရေနွေးပန်းကန်ကို ဖြည်းညင်းစွာ လှမ်းယူလိုက်၏။ တကယ်တော့ ရေနွေးပန်းကန်ထဲမှ ရေနွေးသည် ရေအေးအဖြစ် ပြောင်းလဲခဲ့သည်မှာ ကြာပြီ။

သူပတ်ဝန်းကျင်တွင် ပြိုးပြိုးပြက်ပြက် လင်းလက်နေသည့် အသုံးအဆောင် ပရိဘောဂများ၊ ဝိုင်းဝိုင်းလည်နေသော အစေခံများ၊ အိမ်ဖော်များကိုကြည့်ပြီး အတွေးများခဲ့သည်မှာ ကြာပြီဖြစ်၍ ရေနွေးသည် ရေအေးဘဝသို့ ပြောင်းလဲခဲ့ရခြင်း ဖြစ်ပေသည်။

သူမက လက်ကို ဆန့်ထုတ်လိုက်သည်နှင့် တစ်စုံတစ်ယောက်၏ လက်က လျှင်မြန်ဖျတ်လတ်စွာ ရောက်ရှိလာပြီး ရေနွေးပန်းကန်ကို ကမ်းပေးလေ၏။ အိပ်မက် မဟုတ်သည်ကတော့ သေချာလေပြီ။ ဤဘဝသည် ယစ်မူးဖွယ်ကောင်း၏။ သို့သော် ချမ်းချမ်းသည် ဤအိပ်မက်ဆန်သောဘဝ၏ "တစ်ဖက်ကမ်း၊ ယခင်ဘဝသို့ သာ ပြန်ရောက်လိုပေသည်။ အိပ်မက်ဆန်သောဘဝ၏ တစ်ဖက် ကမ်း။ ဟိုမှာဘက်ကမ်း။

သူမသည် စိမ်းလဲ့သော မြက်ခင်းပြင်ပေါ်၌ ခြေဗလာဖြင့် ပြေးလွှားနေ၏။

မြက်အချို့၏ ဖျားများကမူ သူမ၏ ခြေထောက်များကို ထိခိုက်၍နေသော်လည်း သူမ မမှုပါ။ အကြောင်းမှာ အသက်နှင့်ထပ်တူ ချစ်မြတ်နိုးရသော ချစ်သူနှင့် တွေ့ဆုံရန် ပြေးလွှားနေသောကြောင့် ဖြစ်ပါသည်။

သို့သော် ထိုအဖြစ်များသည် ကျန်ရစ်ခဲ့လေပြီ။ အတိတ်ကာလ၌ ကျန်ခဲ့ပါပြီ။ ထိုအဖြစ်များကို ပြန်တွေးမိတိုင်း ရင်ကျွမ တတ် နာကျင်ရသည်။

"ငါ သူ့ကို လက်စားချေပြမယ်၊ သူ နောင်တရစေရမယ်"

www.burmeseclassic.com

www.burmeseclassic.com



သူမ တီးတိုးရေရွတ်သည်။

သူမဘေး၌ လွန်စွာ ရည်မွန်ဟန်ရှိသော အမျိုးသမီးကြီး တစ်ယောက်သည် မျက်လုံးများ မြင့်တက်သွားပြီး ပြန်ပြောနေလေ၏။

"မိန်းကလေး ဘာပြောလိုက်တာလဲ ဟင်. . ."

ချမ်းချမ်းသည် ပန်းအိုးထဲမှ ပန်းတစ်ပွင့်ကို လှမ်းယူပြီး လက်ထဲ၌ ချေမွပစ်လိုက်၏။ ထို့နောက် လွှင့်ပစ်လိုက်သည်။

နုဖတ်သော ပွင့်ဖတ်ကလေးများ ပြန့်ကြဲသွားသည်။

ထို့နောက် ရုတ်တရက် ခေါင်းမော့လိုက်ပြီး. . .

"သူ ကိုယ်တိုင်လာပြောပါစေ. . . ဘယ်စကားမျိုးမဆို သူ ကိုယ်တိုင်လာပြောမှ ကျွန်မ သဘောကျတယ်လို့ ပြောလိုက်ပါ. ."

သူမ၏စကားသံသည် မခက်ထန်ပါ။ သို့သော် နူးညံ့ခြင်း တော့မရှိပါ။

* * *



## အခန်း(၃၇)
## ဗက္ကတ္တိဝက်၊ နဒီဝတ်

အိုယန်ကျိုသည် ဝါးခမောက်ကြီးကို ဆောင်းလျက် မြင်းကို ဒုန်းစိုင်းနှင်နေ၏။ မြင်းရထား လမ်းကြောင်းကို အထင်အရှား မြင်နေရသည့် အတွက် သူ စိတ်အေးနေရသေးသည်။

အိုယန်ကျို၏ စိတ်အစဉ်သည် တည်းခိုဆောင်မှ သူ့နောင် ကြီးဆီသို့ ပြန်လည် ရောက်ရှိသွားသည်။

တင်းကျန်ယန် ထွက်သွားပြီး နာရီဝက်ခန့်ကြာသောအခါ တွင် လုံဆုရယ်က မြင်းတစ်စီးဖြင့် တင်းကျန်ယန် နောက်သို့လိုက် ရန် အမိန့်ပေးလာလေ၏။

"ညီလေး. . . သူတို့ မြင်းရထားက မင်းရဲ့မြင်းလောက် မြန်မြန် မပြေးနိုင်ပါဘူး. . . သူတို့ နောက်ကို မျက်ခြေမပြတ် အောင်လိုက်ပါ. . . သူတို့ ဘယ်မှာစခန်းချတယ်ဆိုတာ စုံစမ်းခဲ့ ပါ. . ."

အိုယန်ကျိုသည် သူ လွန်စွာ လေးစားချစ်ခင်သည့် လုံဆု ရယ်၏ စကားများကို ကြားယောင်လာသည်။ မျက်ရည်ကျမလာ စေရန် အံကြိတ်ပြီး မြင်းကို ဒုန်းစိုင်းစီး ပြန်လေတော့သည်။

မကြာမီ မြို့ကလေးတစ်မြို့သို့ ဝင်လာ၏။ စားသောက် ဆိုင် တစ်ဆိုင်ရှေ့တွင် ကြီးမားသော မြင်းရထားကြီးနှင့် မြင်းရထား

www.burmeseclassic.com

www.burmeseclassic.com



နောက်မှ ကြိုးချည်ထားသည့် မဟူရာမြင်းနက်ကြီးကို တွေ့လိုက်ရသည်။

အိုယန်ကျိသည် ရုပ်ဖျက်ထားပြီး ဖြစ်သော်လည်း သတိဝီရိယထားသည်။ သူ့အား တင်းကျန်ယန် မမြင်စေရန် ခပ်လှမ်းလှမ်း၌ မြင်းကို ရပ်သည်။

သူသည် သစ်ပင်တစ်ပင် အောက်မှစောင့်ကြည့် နေရာ မကြာမီ မြင်းလှည်းမောင်းသမား တစ်ယောက်ထွက်လာ၏။ ထိုမြင်းလှည်းသမားသည် တင်းကျန်ယန်၏ မြင်းလှည်း သမား မဟုတ်ကြောင်း အိုယန်ကျိ မြင်ရုံဖြင့်သိ၏။

သို့သော် ထိုမြင်းလှည်းသမားသည် တင်းကျန်ယန်၏ မြင်းရထားပေါ်တက်ရန် ဟန်ပြင်နေသည်။

အိုယန်ကျိသည် လျင်မြန်စွာ ချဉ်းကပ်သွားပြီး မြင်းရထားမှ ခန်းဆီးများကို ဖယ်ရှားပစ်လိုက်သည်။

"ဟာ. . ."

အိုယန်ကျိ ထိတ်လန့်သွား၏။

မြင်းရထားထဲ၌ သေလုမျောပါး ရောင်လွှ ရှိမနေတော့ချေ။ အိုယန်ကျိ လွန်စွာ ပူပန်သွား၏။ မြင်းလှည်းမောင်းသမား၏ လည်ဂုတ်ကို ဆွဲကိုင်ဆုပ်ခါလိုက်ရာ မြင်းလှည်းသမားမှာ မျက်လုံးပြူး မျက်ဆံပြူး ဖြစ်သွားသည်။

"ခင်. . . ခင်ဗျား ဘာ. . . ဘာလုပ်တာလဲ. . ."

"ဒီထဲကလူတွေကော. . ."

"ဘယ်သူတွေလဲ. . ."

"ဒီမြင်းရထားထဲက လူတွေပေါ့. . ."

"မိန်းကလေး နှစ်ယောက်လား. . ."



"လူနာတစ်ယောက် ပါသေးတယ်. . ."

"သူတို့နဲ့ ဒီမြို့ထဲဝင်ခါနီးမှာ ဆုံကြပါတယ်. . ."

"သူတို့က ကျုပ်မြင်းလှည်းနဲ့ သူတို့မြင်းရထားကို လဲချင်တယ်လို့ ပြောလို့. . ."

အိုယန်ကျိမှာ သူ့ခေါင်းကို သူထုချင်စိတ် ပေါက်သွားသည်။

"ဒါနဲ့လဲလိုက်ရော ဆိုပါတော့. . ."

"လဲရတာပေါ့ ဆရာလေးရယ်. . . ကျုပ် မြင်းလှည်းက အစုတ်ကြီးပဲ ဥစ္စာ. . . နောက်ပြီး သူတို့က မြင်းကြီးတစ်ကောင်တောင် အပိုလက်ဆောင် ပေးလိုက်သေးတယ်. . ."

"ခင်ဗျား မညာနဲ့. . . ဒီလောကမှာ ဒီလောက်အမယ့်လူမျိုး မရှိနိုင်ဘူး. . ."

"တကယ်ပါဗျာ. . . ကျုပ် ညာပြောရင် သေချင်းဆိုးနဲ့သေပါစေဗျာ. . ."

အိုယန်ကျိသည် မြင်းလှည်းသမားအား လွှတ်ပေးလိုက်ပြီး မျက်နှာကို အကဲခတ်သည်။ မျက်နှာ၌ ရိုးသားသည့် အရိပ်အယောင်များကို တွေ့မြင်ရသည်။ အိုယန်ကျိသည် အတွေ့အကြုံများသော သိုင်းလောကသားဖြစ်၍ လူကဲခတ် မညံ့ပါ။

"ဒါဖြင့် ပြောစမ်း. . . သူတို့ ဘယ်ကို သွားကြသလဲ. . ."

"ဒါတော့ ကျုပ်လည်း မသိပါဘူးဗျာ. . . ကျုပ်က မြင်းရထား အကောင်းစားကြီးလည်းရ. . . မြင်းကောင်းတစ်စီးလည်း အပိုရဆိုတော့ သူတို့လူနာကို ယူပြီးတာနဲ့ ကျုပ်လည်း တစ်ခါတည်း တန်းမောင်းပြေးတာပါပဲဗျာ. . ."

မြင်းလှည်းသမားက အမှန်အတိုင်း အမှန်ကိုပြောပြရာသည်။ အိုယန်ကျိက. . .

www.burmeseclassic.com

www.burmeseclassic.com



"ဒါဖြင့် ပြောစမ်း. . . ခင်ဗျား မြင်းလှည်းပုံစံက ဘယ်လိုလဲ. . ."

"မြင်းလှည်းကတော့ ခပ်ဟောင်းဟောင်း ခပ်စုတ်စုတ်ပါဗျာ. . . ဒါပေမယ့် မြင်းလှည်းရဲ့ဘေးမှာ ကြက်ဖကြီး တစ်ကောင်ပုံတော့ ဆွဲထားပါတယ်. . ."

"ကောင်းပြီ. . . ခင်ဗျား မတရားရထားတာ များနေပြီ ဒီတစ်ခါ ကျုပ်မြင်းနဲ့ ဟောဒီမြင်းရထား နောက်က မဟူရာမြင်းနက်ကြီးကို ကျုပ်လဲယူမယ်. . ."

အိုယန်ကျိသည် မြင်းရထားနောက်မှ မဟူရာမြင်းနက်ကြီး၏ ဇက်ကြိုးကို ဆွဲဖြုတ်ကာ တစ်ဟုန်ထိုး စီးထွက်သွားတော့၏။ မြင်းလှည်းသမားမှာ နှမြောတသစွာ ကျန်ရစ်ရှာလေသည်။

"သွားပြီ. . . ဒီတစ်ခါတော့ ငါရှုံးပြီ. . ."

သူ့စကား မှန်လှသည်။ အိုယန်ကျိသည် မြို့ကလေးတစ်မြို့သို့ ရောက်ရှိလာပြီး ကြက်ဖပုံ ရေးဆွဲထားသော မြင်းလှည်းကိုရှာသည်။

ထိုမြို့မှ ပြန်အထွက်တွင် မြင်းနက်ကြီးသည် ရုတ်တရက် ရှေ့သို့ ဒူးထောက်ကျသွားလေ၏။

အိုယန်ကျိ ကိုယ်တိုင် လွင့်စဉ်ကျရာ သိုင်းသမား ဖြစ်၍ အကျတော်ပေ့သည်။

ချက်ချင်းထရပ်ပြီး မြင်းကြီးကို စစ်ဆေး၏။ မြင်းကြီးသည် စောင်းလျက် လဲကျသွားပြီး ပါးစပ်မှ အမြှုပ်တစီစီ ထွက်လာ သည်။

အိုယန်ကျိ ထိတ်လန့်စွာ ကြည့်နေစဉ်မှာပင် မြင်းကြီးသည် မပီမသ တစ်ချက်ဟီပြီး နောက်ဆုံး သေဆုံးသွားလေတော့၏။ သိုင်းလောက၌ အလွန်တရာ ကျော်ကြားခဲ့သော မြင်းနက်



ကြီးကား ထစ်စုံတစ်ယောက်၏ အဆိပ်ခတ်ခံရမှုကြောင့် သေဆုံးသွားခဲ့ရချေပြီ။

လုံဆုရယ်၏ တည်းခိုဆောင်သို့ အိုယန်ကျိ ပြန်ရောက်လာချိန်တွင် လုံဆုရယ်သည် အိပ်နေရာမှ ဆတ်ခနဲ ထလာပြီး မေးခွန်းထုတ်တော့၏။

"သူတို့ဘယ်မှာ စခန်းချတယ်ဆိုတာ သိခဲ့ပြီးလား. . ."

"မတွေ့ခဲ့ပါဘူး. . ."

အိုယန်ကျိ ခြေဆောင့်လိုက်၏။

"ညီလေး မင်း ငါ့ကို မိန့်ပါဦး. . ."

သူ့စကားမဆုံးမီ အိုယန်ကျိက ဖြတ်ပြောလေ၏။

"ကျွန်တော် လိုက်လာတာကို သူတို့ သိနေကြတယ်. . . အဲဒီလို ဖြစ်လိမ့်မယ်လို့ သူတို့ မျှော်လင့်ပြီးသားပါ. . . မိန်းကလေးက ကျွန်တော့်ကို ပြောလိုက်ပါတယ်. . . သူက ရှောင်လွှဲကိုပျောက်ကင်းသွားအောင် သေသေချာချာ ကုသပေးပါ့မယ်တဲ့. . . ကျွန်တော်တို့ အနေနဲ့ သူ့နောက်ကို နောက်ယောင်ခံလိုက်ဖို့ မကြိုးစားနဲ့တဲ့. . ."

သူသည် သူ အလွန်ရိုသေလေးစားသော နောင်ကြီးလုံဆုရယ်ကို ပထမဆုံးအကြိမ် လိမ်ညာလိုက်ရသည့် အတွက် အသည်းနှလုံးများ ကွဲကြေသွားမတတ် နာကျင်စွာ ခံစားလိုက်ရသည်။

သူ မလိမ်၍ မဖြစ်ပါ။ လုံဆုရယ်သည် စိတ်ထောင်းကိုယ်ကြေဖြစ်လျက် ရှိနေပါပြီ။ အဖြစ်မှန်အတိုင်းသာ သိသွားလျှင် ဤနေရာ၌ သွေးအန်ပြီး ဗုန်းဗုန်းလဲကျမည်မှာ သေချာသည်။

"စေတနာနဲ့ လိမ်ရတဲ့အတွက် ကျွန်တော့်ကို ခွင့်လွှတ်ပါ နောင်ကြီးရယ်. . ."

www.burmeseclassic.com

www.burmeseclassic.com



အိုယန်ကျိုမှာ စိတ်ထဲမှ တောင်းမန်လိုက်သည်။ လုံဆုရယ်သည် ထိုအခါကျမှ သက်ပြင်းချသည်။

"အင်း. . . သူကျန်းမာသွားရင် ငါ့မြင်းကြီးဟာ သူ့အတွက် ကောင်းကောင်း အသုံးဝင်ပါလိမ့်မယ်. . ."

အိုယန်ကျိုသည် မျက်ရည်မကျအောင် စိတ်ထိန်းထားရသည်။ အပြစ်မရှိသော မြင်းကြီးကိုပင် အဆိပ်ခတ် သတ်ဝံ့သော မိန်းကလေးသည် အခြားမလုပ်ရဲသော အလုပ်ဟူ၍ ရှိပါဦးမည်လား။ သို့သော်. . .

ရှောင်လွေသည် သေလုမျောပါး ဖြစ်နေ၏။ သတ်ရန်ပင် မလိုချေ။ တစ်ရက်မျှ စောင့်ကြည့်နေရုံဖြင့် ရှောင်လွေသေသွားမည်။ ထိုမိန်းကလေးသည် သေလုဆဲဆဲ လူတစ်ယောက်အား အဘယ်ကြောင့် လိမ်ညာလှည့်ဖြား ယူဆောင်သွားပါသနည်း။

သူသည် သိုင်းပညာ အကြောင်းသာ နားလည်သည်။ မိန်းကလေး တစ်ယောက်၏ စိတ်သဘောကို အမှန်တကယ် နားမလည်နိုင်ပါချေ။

* * *



## အခန်း(၃၈)
## ရန်ငြိုးနှင့်အချစ်

တောင်ခြေရင်း၌ အနီရောင် အုတ်နံရံကာရံထားသည့် ခြံဝင်းတစ်ခုရှိသည်။ အိမ်ကလေး သုံးလုံးသည် ထိုခြံကြီး အတွင်း၌ တည်ရှိနေသည်။

"တင်းတင်း. . . ရေကော. . ."

"လာပါပြီ မမ. . ."

ရှည်လျားသော ကျစ်ဆံမြီး ရှိသည့် တင်းတင်းသည် ရေပုံးနှစ်ပုံးဆွဲ၍ ပြေးလာ၏။

ရှောင်လွေ၏ ခုတင်ဘေး၌ တင်းကျန်ယန် ရှိနေသည်။

သူမသည် ရှောင်လွေ၏ ဒဏ်ရာများကို ဂွမ်းစဖြင့် ဆေးကြောပေး၊ သုတ်သင်ပေးနေသည်။

တင်းကျန်ယန် မျက်နှာပေါ်၌ ဇာပုဝါ မရှိတော့ချေ။ ပါးပေါ်မှရှိသော မါးဒဏ်ရာကြီးသည် သူမ၏ တုနှိုင်းမရသော အလှကို အကြီးအကျယ် ဖျက်ဆီးလျက်ရှိနေသည်။

"ဒီလူက တော်တော်ချောတာပဲနော် မမ. . ."

တင်းကျန်ယန် မျက်နှာမှာ ညှိုးနွမ်းနေသည်။

"သေသွားရင်တော့ ဘယ်သူမှ ကြည့်မကောင်းတော့ပါဘူးကွယ်. . ."

www.burmeseclassic.com

www.burmeseclassic.com



ရှောင်လွေသည် ခုတင်ပေါ် အိပ်နေရာမှ လူးလွန့်လှုပ်ရှား လာသည်။ ပထမဆုံးအကြိမ် လှုပ်ရှားလာခြင်း ဖြစ်ပေ၏။

"ချမ်း... ချမ်း... မင်း... မင်း..."

ထိုအသံ ကြားလိုက်ရသည့်အခါ တင်းကျန်ယန်၏ မျက်နှာမှာ ညှိုးမည်းသွားသည်။ တင်းတင်းက မသိမသာ ဆိုးရွားစွာ မေးသည်။

"ချမ်းချမ်းဆိုတာ ဘယ်သူလဲ ဟင်... ဘာဖြစ်လို့ ဒီနာမည်ကို ခဏခဏ ယောင်နေတာလဲဟင်..."

တင်းကျန်ယန်သည် ရှောင်လွေကို အကြိတ်၍ စောင့်ကြည့်နေသည်။ တင်းတင်း ပြောသည့်စကားများကို တင်းကျန်ယန် မကြားပါ။

"ချမ်း... ချမ်းချမ်း..."

ရှောင်လွေ၏ ခေါ်သံသည် တိုးသွားသည်။ နှုတ်ခမ်းမှာ ပြုံးယောင်သမ်းလာသည်။

အိပ်မက်ထဲ၌ ချမ်းချမ်းနှင့် တွေ့ဆုံနေသည့်အလား။

"ဖြန်း... ဖြန်း..."

တင်းကျန်ယန်သည် ရှောင်လွေကို ဘယ်ပြန်ညာပြန် ပါးရိုက်ပစ်လိုက်သည်။

"ချမ်းချမ်းလို့ ထပ်ခေါ်ဝံ့ခေါ်စမ်း... ခေါ်ရင် ရှင့်ကို သတ်မယ်..."

ရှောင်လွေ၏ ဖြူဖွေးသော ပါးပြင်ပေါ်၌ လက်ဝါးရာကြီး ထင်လာသည်။ သို့သော် သူ လုံးဝ သတိရမလာပါ။

ကြားထဲမှ တုန်လှုပ်ချောက်ချားရသူမှာ တင်းတင်းပင် ဖြစ်ပါသည်။

"မမ.. သူ သေတော့မယ်၊ မမ ဘယ်လိုလုပ်လိုက်တာလဲ"



"ပါးရိုက်လိုက်တာလေ.. ဘာဖြစ်သလဲ.. ဒီခွေးမ နာမည်ကို ထပ်ပြောရင် သူ့ကို ဓါးနဲ့ထိုးဦးမယ်..."

"မမရယ်.. သူ ယောင်ပြီး ပြောနေတာပါ.."

တင်းတင်းက မျက်ရည်များ ဝဲလျက်ကြားမှ တောင်းပန်နေ၏။ ထိုစဉ် ရှောင်လွေ ယောင်ယမ်း ပြန်လေ၏။

"ချမ်းချမ်း... ချမ်းချမ်း..."

တင်းကျန်ယန်သည် ခါးကြားထဲမှ ဓါးမြှောင်ကို ဆွဲထုတ်လိုက်သည်။ တင်းတင်းက တင်းကျန်ယန်၏လက်ကို ပြေးဆွဲ၏။

"မမ.. မလုပ်ပါနဲ့၊ ကျွန်မ... ကျွန်မ ရှိခိုးပြီး တောင်းပန်ပါတယ် မမရယ်..."

တင်းကျန်ယန်သည် တင်းတင်းကို လက်ပြန်ရိုက်ချလိုက်ရာ တင်းတင်းမှာ လွင့်စဉ်ထွက်သွား၏။

"ဒီခွေးမနာမည်ကို ခေါ်ဦး..."

တင်းကျန်ယန်သည် ရှောင်လွေ၏ပခုံးထဲသို့ သူမ၏ ဓါးမြှောင်ကို စိုက်ချလိုက်သည်။ ရှောင်လွေ၏ ခန္ဓာကိုယ်သည် ဆတ်ခနဲ တုန်ပြီး ရုတ်တရက် မျက်လုံးပွင့်လာ၏။

ဘာကိုမျှ မြင်ဟန်မရှိတော့ပေ။

ချက်ချင်းလိုလိုပင် မျက်လုံးများ ပြန်ပိတ်သွားပြီး သတိမေ့သွားပြန်လေ၏။ တင်းကျန်ယန်သည် ဓါးကို ဆွဲထုတ်လိုက်သည်။ နီရဲသော သွေးများကို ကြည့်ကာ မျက်ရည်ပေါက်ကြီးများ လိမ့်ဆင်းလာပြန်သည်။

"ရှင်.. ရှင် သိပ်ရက်စက်တယ်.. သူ့နာမည်ကျတော့ သတိမေ့နေရက်တောင် တမ်းတမ်းတတ ခေါ်နေတယ်၊ ကျွန်မနာမည်ကို တော့ ဘယ်သူလဲလို့တောင် မေးဖေါ်မရဘူး.. ရှင်.. ရှင်"

www.burmeseclassic.com

www.burmeseclassic.com



သူမသည် စကားဆုံးသည်နှင့် သူမ၏ လက်ဝဲဘက် ပခုံးပေါ်သို့ ခေါင်းမြှောင်ဖြင့် စိုက်ချပြန်သည်။ နီရဲသော ခသွေးများကျလာသည်။

"ဪ. . မမ၊ မမက သူ့ကို သိပ်ချစ်တာကိုး၊ လုံဆုရယ် ပေးလိုက်တဲ့ မြင်းကြီးကို အဆိပ်ခတ်သတ်ပစ်လိုက်တာ ချမ်းချမ်းဆိုတဲ့ အမျိုးသမီးဆီကို သူ မသွားနိုင်အောင် လုပ်လိုက်တာကိုး. ."

တင်းတင်း၏ စကားသံသည် တင်းကျွန်ယန်၏ နားထဲသို့ မိုးကြိုးပစ်သံကဲ့သို့ ဝင်လာ၏။

"ညည်း ထွက်သွားစမ်း. . ."

တင်းတင်း မျက်ရည်များ သုတ်ပြီး. . .

"ကောင်းပါပြီ၊ ကျွန်မ ထွက်သွားပါ့မယ်၊ ဒါပေမယ့် မမအနေနဲ့ ကိုယ့်ကိုကိုယ် မနှိပ်စက်သင့်ဘူး၊ သူ့ကိုလည်း မနှိပ်စက်သင့်ပါဘူး"

"ညည်း ထွက်သွား. . . ငါ့ကို ဘာမှထပ်မပြောနဲ့. . ."

တင်းတင်းသည် ငိုရှိုက်လျက် ထွက်ပြေးသွား၏။

တင်းကျွန်ယန်သည် ရှောင်လွေ၏ ခန္ဓာကိုယ်ပေါ် မှောက်ချကာ ပါးချင်းအပ်လျက် သည်းထန်စွာ ငိုကြွေးမိလေ၏။

ရှောင်လွေ၏ ဖြူဖွေးသော မျက်နှာသည် ရုတ်တရက် နီရဲလာပြီး တစ်ကိုယ်လုံးလည်း ခြစ်ခြစ်တောက် ပူလာပြန်၏။

သူ၏မျက်လုံးများ ရုတ်တရက် ပွင့်လာပြီဖြစ်သဖြင့် တင်းကျွန်ယန်သည် ပါးချင်းကပ်ထားရာမှ ခွာလိုက်သည်။

"ချမ်းချမ်း. . ချမ်းချမ်း. . . မင်း ပြန်လာပြီကိုး. . မင်းပြန်လာမယ်ဆိုတာ ငါသိပါတယ် အချစ်ရယ်. ."

"ချမ်းချမ်း. . ချမ်းချမ်း. . မင်းပြေးဖို့ စိတ်မကူးပါနဲ့ ငါ့ကို ပစ်မသွားပါနဲ့တော့. . ."



တင်းကျွန်ယန်သည် ရှောင်လွေ၏ လက်မောင်းကို ပါးစပ်ဖြင့် ကိုက်လိုက်၏။

"လွှတ်. . လွှတ်စမ်း. . ချမ်းချမ်း သေသွားပြီ. . သူ့ကို တွေ့ဖို့ စိတ်မကူးနဲ့တော့. ."

ရှောင်လွေသည် ကယောင်ကတမ်းဖြင့် တင်းကျွန်ယန်အား တင်းကျပ်စွာ ပွေ့ဖက်ထားတော့သည်။

တင်းကျွန်ယန်မှာ ခွန်အားများ ရုတ်တရက် ပျောက်ဆုံးသွားသလို ခံစားလိုက်ရ၏။ နှုတ်ခမ်းကို သွားဖြင့် ဖိကိုက်ကာ ရှိုက်ကြီးတငင် ငိုနေမိသည်။

"ဟုတ်တယ်. . ကျွန်မ. . ကျွန်မ ချမ်းချမ်းပါပဲရှင်. . ကျွန်မ ပြန်လာပါပြီ. . ရှင့်အသက်ကို ကယ်ဖို့ ကျွန်မ ပြန်လာပါပြီ ဘာဖြစ်လို့ ဒီထက်ပိုပြီး တင်းတင်းကျပ်ကျပ် ဖက်မထားတာလဲ ဟင်. ."

တင်းကျွန်ယန်သည် မျက်ရည်လည်ရွဲဖြင့် ထိုစကားများကို ပြောလိုက်မိသည်။

လူတစ်ယောက်သည် သူ့ကိုယ်တိုင်မှ အသက်မရှင်လိုလျှင် မည်သူတစ်ဦး တစ်ယောက်မျှ သူ့အား ကယ်တင်နိုင်မည် မဟုတ်ပါ။ ရှောင်လွေလို လူစားမျိုးက ပိုဆိုးသည်။

သူ့အသက်ရှင်လိုပါကလည်း မည်သူမျှ သူ့အား သတ်ပစ်နိုင်မည် မဟုတ်ပါ။ သူ့အတွက် စိတ်အာဟာရသည် အရေးအကြီးဆုံး ဖြစ်၏။ တင်းကျွန်ယန်သည် အငြိုးကြီးသူ၊ အချစ်ကြီးသူ၊ အရာအရာကို သိမြင်သူ မိန်းကလေးသာ ဖြစ်ပါလေ၏။

* * *

www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၃၉)
## မိန်းမပျော်ကလေး၏ လျှို့ဝှက်စကား

ရှောင်လွေသည် ထူးခြားစွာ အဖျားကျပြီးနောက် ထူးခြားလှစွာ သတိရလာသည်။ သတိရလျှင်ရချင်း သူသည် စိတ်မဝေဒနာခံစားရတော့သည်။ ရှောင်လွေသည် နဝေတိမ်တောင်ဖြင့် အခန်းပတ်လည်ကို လှမ်းကြည့်သည်။

"ချမ်းချမ်း. . . မင်း ဘယ်မှာလဲ. . ."

အခန်းအပြင်မှ ပေါ့ပါးသော ခြေလှမ်းများ ကြားလိုက်ရပြီး မကြာမီ အခန်းအတွင်းသို့ တင်းကျန်ယန် ဝင်လာသည်။ တင်းကျန်ယန်၏မျက်နှာမှာ ဖြူဖျော့နွမ်းလျနေသည်။ သူမ မည်မျှအိပ်ရေးပျက်ထားသည်ကို ရှောင်လွေ မသိနိုင်ပါ။ ရှောင်လွေသည် သူမကို မြင်သည်နှင့် အံ့အားသင့်သွားသည်။

"ဟင်. . မင်း. . မင်း ဘယ့်နှယ် ရောက်နေတာလဲ"

ရှောင်လွေ၏ အသံသည် ခင်မင်ရင်းနှီးမှု မရှိပေ။ အသံသည် တိုးညင်းနွမ်းဖျော့ လှသော်လည်း သူ့စိမ်းတစ်ရံဆန်နေသဖြင့် မာထန်သည်ဟု တင်းကျန်ယန် ထင်မှတ်မိလေ၏။ တင်းကျန်ယန်သည် လက်ထဲမှ ရေတာကောင်းကို စားပွဲ ပေါ် အသာတင်လိုက်၏။

"ဒါ ကျွန်မ အခန်းပဲ. . . ဘာဖြစ်လို့ မလာရမှာလဲ. . ."

ရှောင်လွေမှာ အကြီးအကျယ် အံ့အားသင့်သွားသည်။



"ဘာ. မင်းရဲ့အခန်း ဟုတ်လား၊ ငါက ဘယ့်နှယ်လုပ် ဒီအခန်း ရောက်နေရတာလဲ. ."

"ရှင် မမှတ်မိဘူးလား. ."

ရှောင်လွေ စဉ်းစားသည်။ အရက်အိုး၊ လုံဆုရယ်၊ ဆီစိမ်ထီးစက္ကူ သေမင်းငါးယောက်၊ တစ်ဒင်္ဂ အချိန်အတွင်း၌ အဖြစ်အပျက်များကို ပြန်လည် သတိရလာ၏။

"ရှင် မှတ်မိပြီလား. ."

"လုံဆုရယ်. . နောင်ကြီး လုံဆုရယ် ဘယ်မှာလဲ. ."

"ဘယ်က လုံဆုရယ်လဲ. . ."

"လုံကန်းလို့ခေါ်တဲ့ လုံဆုရယ်ပဲ. . ."

"ကျွန်မ မသိဘူး. ."

"မင်း. . သူ့ကို မတွေ့ဘူးလား. ."

"တွေ့လည်း သိမှာ မဟုတ်ဘူး. ."

"ငါ သူ့လက်ထဲမှာ မေ့သွားတာပဲ. ."

"ကျွန်မ ရှင့်ကို တွေ့တုန်းကတော့ ရှင်ဟာ တစ်ယောက်တည်းပဲ. ."

"ငါ့ကို ဘယ်နေရာမှာ တွေ့ခဲ့တာလဲ. ."

"လူသေအလောင်းပုံထဲမှာ. . သူများက ရှင့်ရဲ့ အလောင်းကို မြှုပ်ပေးမလို့ လုပ်နေတဲ့ အချိန်မှာ. ."

"လုံဆုရယ်က မြှုပ်ပေးမလို့ လုပ်နေတာ မဟုတ်လား"

"မဟုတ်ဘူး. ."

"အံ့ဩစရာပဲ. သူက ဘာဖြစ်လို့ ငါ့ကို ပစ်ထားပြီး သွားတာလဲ မသိဘူး. ."

တင်းကျန်ယန်က မဲ့ပြုံးပြုံးလိုက်၏။

"သူက ဘာဖြစ်လို့ ရှင့်ကို ပစ်မသွားရမှာလဲ. . သေတဲ့

www.burmeseclassic.com

www.burmeseclassic.com



လူက သူ့ကို ဘယ်လိုကူညီ တိုက်ခိုက်နိုင်မှာလဲ. . ဒီတော့ ရှင်က သူ့အတွက် ဘာအသုံးကျတော့မှာလဲ. . ”

ရှောင်လွေ ငြိမ်သွားသည်။ တင်းကျန်ယန်က ခပ်တိုးတိုး မေး၏။

“ရှင့်မှာ မိတ်ဆွေများများ ရှိပုံမရဘူး. . ”

ရှောင်လွေက နွမ်းလျစွာ ဖြေ၏။

“ဟုတ်တယ်. . မများပါဘူး. . . ”

“ဒါပေမယ့် ရှင်ဟာ မိတ်ဆွေမရှိဘဲနဲ့လည်း အသက်ရှင် နိုင်စွမ်း ရှိနေတာပဲ. . ”

“ကံကောင်းလို့ ဖြစ်ပါလိမ့်မယ်. . ”

“နောက်တစ်ခါ သူများနဲ့ သတ်ပုတ်တဲ့အခါ ရှင် သတိထားပါ”

“ဘာဖြစ်လို့လဲ. . ”

“ရှင့်အသက် ကျွန်မကို ပေးဆပ်ဖို့ အကြွေးရှိတယ်ဆိုတာ ရှင် မမေ့ပါနဲ့. . ”

သူမသည် ပြောပြောဆိုဆို ရေတကောင်းထဲမှ အရည်တစ်ချို့ ကို ခွက်တစ်ခုထဲသို့ လောင်းထည့်လိုက်သည်။ ရှောင်လွေသည် သူမကို မကြည့်ပါ။ တင်းကျန်ယန်၏ ပခုံးပေါ်မှကျော်၍ တံခါးဝကို ကြည့်နေ၏။ တံခါးဝ၌ ကျစ်ဆံမြီးနှင့် မိန်းကလေးတစ်ယောက် ရပ်နေ၏။

ထိုမိန်းကလေးက တင်းကျန်ယန်၏ နောက်ကျောကို လက် ညှိုးထိုးပြကာ မျက်နှာရှုံ့မဲ့ပြနေ၏။ ကိုစဉ် တင်းကျန်ယန်က လေသံမာ မာဖြင့် လှမ်းအော်လေ၏။

“တင်းတင်း. . ဘာဖြစ်လို့ အခန်းထဲ ဝင်မလာတာလဲ”

တင်းတင်း၏ မျက်နှာလေးမှာ ကြောက်ရွံ့မှုကြောင့် ဖြူဖွေ့ သွားသည်။

“ကျွန်မ. . ကျွန်မ ဘာမှမလုပ်ဘူး. . ”



“အထဲကို ဝင်ခဲ့. . သူ့ဒဏ်ရာပေါ်က ဆေးပတ်တီးတွေ အသစ်လဲပေးစမ်း. . ”

ရေတကောင်းထဲမှ အရည်များသည် မည်းညစ်နေသော် လည်း ရနံ့က မွှေးကြိုင်နေ၏။ တင်းတင်းသည် ရှောင်လွေ၏ နံ ဘေး၌ လာထိုင်၏။ သူမသည် မည်းညစ်နေသော ဆေးရည်များကို ကြည့်ပြီး တစ်စုံတစ်ရာကို စိုးရိမ်သည့် အမူအရာများ ဖြစ်ပေါ်လာ သည်။ ရှောင်လွေက မေးလိုက်၏။

“မိန်းကလေး. . မင်း တစ်ခုခုကို ကြောက်နေပုံရတယ် ဘာကို ကြောက်နေတာလဲ. . ”

တင်းတင်းသည် အံကလေး ကြိတ်လိုက်၏။ တင်းကျန် ယန်ကို လှမ်းကြည့်သည်။ တင်းကျန်ယန်သည် သူတို့ကို ကြည့်မနေ ချေ။ ဆေးရည်များကိုသာ လောင်းထည့်နေသည်။ သို့သော် နား စွင့်ထားပုံရသည်။ နားမစွင့်လည်း သူမ ပြောသည့်စကားကို ကြားမည်သာ ဖြစ်သည်။ တင်းတင်းက. .

“ရှင့်ကို ကြောက်နေတာ. . ”

ရှောင်လွေ အံ့ဩသွား၏။

“ငါက လူနာပဲ. . ငါ့ကို ဘာဖြစ်လို့ ကြောက်နေရတာလဲ ငါက ဘယ်သူ့ကိုမှ အန္တရာယ် မပေးနိုင်ပါဘူး. . ပေးချင်းပေးရင် သူများသာ အန္တရာယ် ပေးနိုင်တာပါ. . ”

တင်းတင်း၏ မျက်နှာကလေးမှာ ဖွေးခနဲ ဖြစ်သွားသည်။

တင်းကျန်ယန်ကတော့ သူမကို မကြည့်ပါ။ တင်းတင်း ထစ်ထစ်ငေါ့ငေါ့ဖြင့် ပြော၏။

“ကျွန်. ကျွန်မ တစ်သက်မှာ ဒီလောက် ဒဏ်ရာများများ ရတဲ့လူမျိုးကို မတွေ့ဖူးလို့ ကြောက်လန့်နေမိတာပါရှင်. . ”

✱ ✱ ✱

www.burmeseclassic.com

www.burmeseclassic.com



အခန်း(၄၀)

ပေါက်တူးဖျဉ်အဆိပ်

ညသည် အလွန်အေး၏။

သို့သော် လူနာရှောင်လွှေ၏ စိတ်ထဲ၌မူ ပူလောင်နေသည်။ သူသတိရလာသောအခါတွင် သူ့ပါးစပ်ထဲ၌ ဆေးရည်များ သူ့ဒဏ်ရာများပေါ်တွင် ဆေးပတ်တီးများရှိနေကြောင်း တွေ့နေရ၏။ တင်းကျွန်ယန်နှင့် တင်းတင်းသည် သူ့ကို ကောင်းစွာပြုစုနေကြောင်း ရှောင်လွှေ ရိပ်မိလာ၏။

ယခုအချိန်တွင် သူ့တစ်ကိုယ်လုံး ပူစပ်ပူလောင် ဖြစ်နေသည်။ အထူးသဖြင့် ဒဏ်ရာများမှာ ပိုးကောင်ကိုက်သည့်အလား တစစ်စစ် နာကျင်နေသည်။ ဆေးပတ်တီးများကို ရှောင်လွှေ ခွာပစ်ချင်နေသည်။ အခန်းထဲ၌ မိမိမှတစ်ပါး မည်သူမျှမရှိကြောင်း တွေ့ရသည်။ အဘယ်ကြောင့် တင်းကျွန်ယန်လက်ထဲသို့ မိမိကျရောက်နေရသည်ကို ရှောင်လွှေ မတွေးတတ်ဘဲ ဖြစ်နေသည်။ နောင်ကြီးလုံဆုရှယ်ကတော့ မိမိအား တင်းကျွန်ယန်လက်ထဲသို့ ထိုးအပ်လိမ့်မည်မဟုတ်ဟု ရှောင်လွှေ ယုံကြည်နေ၏။

တင်းကျွန်ယန်သည် အခန်းထဲ၌ မရှိပါ။ မည်သည့်နေရာသို့ ရောက်ရှိနေပါသနည်း။ ရက်စက်ပြီး မာနကြီးသော ဤမိန်းကလေးသည် မည်သည့်နေရာတွင် တိတ်တဆိတ် သွားငိုလေနေသနည်း။



ရှောင်လွှေသည် သူမ အကြောင်းကို မစဉ်းစားချင်ပေ။

ထိုစဉ် အခန်းတံခါး ပွင့်သွား၏။ တင်းကျွန်ယန် မဟုတ်ပါ။ တင်းတင်း ဖြစ်ပါသည်။ သူမ ဝင်ရောက်လာပုံမှာ ခိုးကြောင် ခိုးဝှက်နိုင်ပါသည်။ သူခိုးတစ်ယောက် ဝင်လာသည်နှင့် တူနေသည်။

"မိန်းကလေး . . မင်း ဘာကြောက်နေတာလဲ . ."

တင်းတင်းက နှုတ်ခမ်းကို လက်ညှိုးနှင့်ပိတ်၍ ရှူးခနဲလုပ်၏။

"ရှူး . . တိုးတိုး စကားကို တိုးတိုးပြောပါ . . နို့မို့ရင် ကျွန်မတို့ နှစ်ယောက်စလုံး သေသွားလိမ့်မယ် . ."

"ဒါလောက်တောင်ပဲလား . ."

"ဒါ့ထက်ဆိုးတယ် . . ရှင် လမ်းလျှောက်နိုင်မလား . ."

"ဘာဖြစ်လို့လဲ . ."

"လမ်းလျှောက်နိုင်ရင် ဒီနေရာက နည်းနည်းလေးမှ မဆိုင်းဘဲနဲ့ အမြန်ဆုံး ထွက်သွားပါ . ."

"အကျိုးအကြောင်း ပြောဦးမှပေါ့ ဒီနေ့ည မသွားရင်မဖြစ်ဘူးလား . ."

"မဖြစ်ဘူး . ."

"ဘာဖြစ်လို့လဲ . ."

"ဒီနေ့ညမှ ရှင်မသွားရင် နောက်ဘယ်တော့မှ သွားနိုင်မှာ မဟုတ်တော့လို့ပဲ . ."

"ဟင် . ."

"မဟင်နဲ့ မနေ့က ရှင့်အနာကို စည်းပေးတဲ့ ဆေးတွေ ဘာဆေးတွေလဲဆိုတာ သိသလား . ."

"မသိဘူး . . . အနံ့ကတော့ သိပ်မဆိုးပါဘူး . . ."

"အဆိပ်ဆိုတာ ချိုလည်းမချိုဘူး . . အနံ့လည်း မသင်းဘူး ဆိုရင် ဘယ်သူက လုပ်ကြံတဲ့နေရာမှာ သုံးတော့မလဲ . ."

www.burmeseclassic.com

www.burmeseclassic.com



ဤမိန်းကလေးသည် ဤနေရာ၌ ဤဒွာန၏ လျှို့ဝှက်ချက် အတော်များများကို သိထားပုံရသည်ဟု ရှောင်လွှ တွက်ချက်မိ လေ၏။

"အဲဒါ တကယ်အဆိပ်ပဲလား. ."

"အဲဒီအဆိပ်ကို ပေါက်တူးဖျဉ်အဆိပ်လို့ ခေါ်တယ်၊ ဒဏ်ရာ သေးသေးလေးပဲဖြစ်ပါစေ၊ဒီဆေးလိမ်းလိုက်တာနဲ့ ငါးရက်အကြာမှာ ပေါက်တူးနဲ့ပေါက်လိုက်သလို ကြီးကျယ်တဲ့အနာကြီး ဖြစ်သွားတော့တာပဲ"

ရှောင်လွှ၏ ခြေလက်များ အေးစက်သွား၏။

"ဒါကြောင့်. . ငါ့ဒဏ်ရာတွေက တစစ်စစ် ကိုက်နေတာကိုး"

တင်းတင်းက ခေါင်းညိတ်ပြီး ရှင်းပြ၏။

"မနေ့တုန်းက ရှင်က ဘာကြောက်နေတာလဲလို့ မေးတယ် မဟုတ်လား . . ကျွန်မက ဒီဆေးမြင်ကတည်းက ကြောက်နေတာ ဒါပေမယ့် မပြောရဲဘူးလေ. . ."

"သူ ဘာဖြစ်လို့ ဒီလိုလုပ်တာလဲ . ."

"သူ ရှင့်ကို ချစ်နေတယ်လေ. . ."

"မင်းက သူ့အဖော်ပဲ. . ငါ့ကို ဒီလိုလာ မပြောသင့်ဘူး၊ အခု သူ့ကို သစ္စာဖောက်သလို ဖြစ်သွားပြီ. . သူသိသွားရင် မင်းကို ခွင့်လွှတ်မှာ မဟုတ်ဘူး. ."

"ကျွန်မ သူနဲ့မနေချင်တော့ပါဘူးရှင်. . သူဟာ ရူးနေပါပြီ. ကျွန်မ ရှင်နဲ့လိုက်ခဲ့ပါ့မယ်. . ."

"ငါနဲ့လိုက်ရင် မင်းဒုက္ခရောက်မယ် မိန်းကလေး. ."

"ဘာဖြစ်လို့. ."

"ငါ့မှာ ဘယ်မှသွားစရာ မရှိဘူး. . ငါ လူကောင်းဖြစ်နေရင်တောင် အကြောင်း မဟုတ်ပါဘူး. ."

"ဘာခက်လို့လဲ. . လုံဆုရယ်ဆီ သွားပေ့ါ. ."

ရှောင်လွှ ခေါင်းကို ခါယမ်းလိုက်သည်။



"သူ့ကို ဘယ်မှာလိုက်ရှာလို့ ရမှာလဲ. . သူတို့က ခြေထောက်မှာ တွေပါနေတဲ့ လူတွေ. ."

"နေပြည်တော်က သံခြသေ့်လမ်းမှာ လုံဆုရယ်နေတာပဲဥစ္စာ. ရှင်က ဘယ်သွားချင်လို့လဲ. ."

"ဟော. . မင်း ဘယ်လိုလုပ် သိနေတာလဲ. . ."

"သူကိုယ်တိုင် ပြောခဲ့တာပဲ. ."

"ဒါဖြင့် မင်းသူ့ကို တွေ့ဖူးတာပေ့ါ. ."

"ကျွန်မလည်း တွေ့ဖူးတယ်. . သခင်မလေးလည်း တွေ့ဖူးတယ်. . မနေ့တုန်းက သူပြောတာတွေ လိမ်ပြောနေတာတွေ"

ရှောင်လွှ၏ မျက်လုံးများ အရောင်တောက်လာ၏။ သူသည် နောင်ကြီး လုံဆုရယ်၏ခင်မင်မှုအပေါ် မည်သည့်တစ်ခါကမျှ သံသယ မရှိခဲ့ပေ။

"လုံဆုရယ်ဆိုတဲ့ လူကြီးဟာ ရှင့်ရဲ့ အစ်ကိုအရင်းပဲလားဟင်"

ရှောင်လွှက ခေါင်းညိတ်ပြ၏။

"သူဟာ ရှင့်အပေါ်မှာ သိပ်သံယောဇဉ်ကြီးတယ်. . သခင်မလေးကသာ အာမခံချက်ကောင်းကောင်း မပေးရင်ရှင့်ကို သူ ဘယ်တော့မှ ထည့်ပေးလိုက်မှာ မဟုတ်ဘူး. ."

ရှောင်လွှသည် သူ ယုံကြည်ထားသည့်အတိုင်း ဖြစ်လာသဖြင့် အလွန်တရာ ပီတိဖြစ်သွား၏။

"ကျွန်မတို့ဆီက ထွက်ခါနီးမှာ ရှင်ကောင်းတာနဲ့ သူ့ဆီ ပြန်ပို့ဖို့ နောက်ပြီး ရှင်သွားချင်တဲ့နေရာ သွားနိုင်ဖို့ မြင်းကြီးတစ်ကောင် ထည့်ပေးလိုက်သေးတယ်. . ."

ရှောင်လွှ၏ ရင်ဝ၌ သွေးများဆူပွက်လာသည်။ ခုတင်ပေါ်မှ တံတောင်ဖြင့် ထောက်ကာ ထရန်ကြိုးစားရင်း မေးသည်။

"မဟူရာမြင်းနက်ကြီး မဟုတ်လား. . ."

www.burmeseclassic.com

www.burmeseclassic.com



တင်းတင်းက ခေါင်းညိတ်၏။

ရှောင်လွှက အငမ်းမရ မေးလေ၏။

"မြင်း. . မြင်းကြီးကော. . ."

"သခင်မလေး အဆိပ်ခတ်ပြီး သတ်လိုက်ပြီ. . ."

"ဘာ. . ."

ရှောင်လွှေ၏ မျက်လုံးများထဲ၌ လူသတ်လိုသည့် အရိပ် အယောင်များ ပေါ်လာ၏။ သူအားမရှိတ်သံသည် ခေါင်မိုးကို ပွင့်သွားစေလောက်မတတ် ကျယ်လောင်လှသည်။ သူ့ခန္ဓာကိုယ် တဆတ်ဆတ် တုန်နေချေပြီ။ တင်းတင်းက ဆက်ပြော၏။

"ကျွန်မကတော့ ကျွန်မ သခင်မလေးရဲ့ သဘောကို တဖြည်းဖြည်းနဲ့ နားမလည်တော့ဘူး. . . သူဟာ ရှင့်ကို မိတ်မရှိ ဆွေမရှိ အထီးကျန် ဖြစ်စေချင်ပုံရတယ်. ."

ရှောင်လွှေသည် အံကြိတ်ပြီး ထထိုင်လိုက်၏။

"ကောင်းပြီ. . တို့သွားကြစို့. ."

"ရှင် တကယ်လျှောက်နိုင်လို့လား. ."

"ငါ မေ့လဲလု ဖြစ်နေတာတောင် သေမင်းထီးဆိုတဲ့ အဘိုးကြီးကို တိုက်ခဲ့သေးတယ်. . ငါ လမ်းမလျှောက်နိုင်ဘူးဆိုတာတောင် လေးဘက်ထောက်ပြီး အဲ့ဒီခြသေ့်လမ်းကို ရောက် အောင်သွားနိုင်တယ် မင်း ယုံရဲ့လား. ."

"ရှင်က သိပ်ပြတ်သားတာပဲ. . ကျွန်မ ယုံပါတယ်. ."

တင်းတင်း၏ စကားသံ အဆုံးတွင် မာကျောခက်ထန်သည့် စကားသံတစ်ခု ထွက်ပေါ်လာ၏။

"ကျွန်မကတော့ မယုံဘူး. ."

* * *



## အခန်း(၄၁)

### ဓားကိုပေးလိုသူ

ချမ်းချမ်းသည် ခေါင်းငုံ့လျက် ထိုင်နေ၏။ လက်နှစ်ဖက်ကို ဒူးနှစ်လုံးပေါ်တင် ထားပြီး ခါးကိုမတ်ထားသည်။ အလွန်လှပသော အနေအထား ဖြစ်သည်။

မြို့စားကလေးသည် တံခါးဝ၌ ရပ်နေ၏။ သူ့အား တစ်စုံတစ်ယောက် အထူးသဖြင့် ချမ်းချမ်းက ခရီးဦးကြိုပြုလိမ့်မည်ဟု မှတ်ယူထားသည်။ သို့သော် သူမသည် ပြတင်းတံခါးအနီး၌ ခေါင်းငုံ့ ထိုင်နေသည်။

မြို့စားကလေးသည် အတန်ကြာ စောင့်ဆိုင်းသော်လည်း ချမ်းချမ်းက လာမကြိုသဖြင့် ချမ်းချမ်း နောက်နား၌ ခေါက်တုံ့ခေါက်ပြန် နှစ်ပတ်လောက် လျှောက်လိုက်သေးသည်။ ပြီးမှ. . .

"မင်း. . . ကျုပ်ကို တွေ့ချင်တယ်ဆို. . ."

ချမ်းချမ်းက ခေါင်းညိတ်ပြ၏။ မြို့စားကလေးက. . .

"ကဲ. . . ကျုပ်ရောက်လာပြီလေ. . ."

ချမ်းချမ်းသည် ထိုင်လုံးတစ်လုံးကို ဆွဲပြီး ရှေ့သို့တိုးပေးလိုက်၏။

"ထိုင်ပါ. . ."

မြို့စားကလေးက ရှေ့မှာ ထိုင်ချလိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



"ကျုပ်ကို ဘာကိစ္စနဲ့ တွေ့ချင်တာလဲ. . ."

နောက်ဆုံး သူက စတင်ပြောရတော့သည်။

"ခုနက စွန်တာလျှံ လာပြောတယ်. . . ရှင်က ကျွန်မကို နေပါဦးလို့ မှာလိုက်တယ်ဆို. . ."

"ဟုတ်တယ်. . ."

"ကျွန်မကို ဘာကိစ္စနဲ့ နေခိုင်းရတာလဲ. . ."

"စွန်တာလျှံ ဘာမှမပြောဘူးလား. . ."

"ရှင်ကိုယ်တိုင် ပြောတာကို ကျွန်မ ကြားချင်တယ်. . ."

"ရှင် ကျွန်မကို လက်ထပ်မယ် မဟုတ်လား. . ."

"ဟုတ်တယ်. . ."

"ရှင့်မှာ မိန်းမရှိပြီးသား မဟုတ်လား. . ."

မြို့စားကလေး နှုတ်ပိတ်သွားသည်။

"ထားပါ. . ကျွန်မကို အတိအလင်း လက်ထပ်ယူမှာလား"

မြို့စားကလေး ငြိမ်နေသည်။ သူ့အဖို့ ချမ်းချမ်းကို တိတိကျကျ ပြောကြားရန် အခက်အခဲ ရှိနေသည်။ ချမ်းချမ်းက သက်ပြင်းချလိုက်၏။

"ရှင်မပြောလည်း ကျွန်မ သိပါတယ်. . . ကျွန်မက အညတရ မိန်းကလေး တစ်ယောက်ပဲ. . . ရှင်က မှူးမတ်မျိုးရိုးပဲ. . . ကျွန်မက ရှင့်ဇနီးဖြစ်ဖို့ မထိုက်တန်ပါဘူး. . ."

"ဒါကတော့. . ."

မြို့စားကလေးမှာ သူ့စကားကို ဆုံးအောင် ဆက်မပြောနိုင်ပါချေ။ ချမ်းချမ်းက သူမ၏စကားကို ဆက်ပြော၏။

"ရှင့်စေတနာကို ကျွန်မ ကျေးဇူးတင်ပါတယ်. . . ကျွန်မ အတိဒုက္ခ ရောက်တော့မယ် အချိန်မှာ ရှင်ဟာ ကျွန်မ အပေါ် စိတ်



ကောင်း စေတနာကောင်းနဲ့ အိမ်ကြီးတစ်လုံး ထိုးအပ်နေခိုင်းခဲ့တာ တကယ်ကြီးမားတဲ့ စေတနာပါပဲရှင်. . . ဒါပေမယ့် ကျွန်မ ဒီမှာ ဆက်မနေလိုတော့ပါဘူးရှင်. . ."

သူမသည် ခေါင်းပေါ်မှာ ဆံထိုးမှအစ၊ ဖိနပ်အဆုံး တန်ဖိုးရှိသမျှ ပစ္စည်းအားလုံးကို ဘေးနားရှိ စားပွဲပေါ် တင်ထားလိုက်၏။

မြို့စားကလေးက အံ့သြစွာ မေးလေ၏။

"အဲဒါ ဘာလုပ်တာလဲ. . ."

ချမ်းချမ်းက. . .

"ဒီပစ္စည်းတွေက ရှင့် ပစ္စည်းတွေလေ. . . အဝတ်အစားကိုတော့ ခဏဝတ်ထားပါရစေ. . . အညံ့ဆုံးအဝတ်ကို ဝတ်ထားတာပါ. . . နောင်တစ်ချိန်မှာ ကျွန်မ ပြန်ပေးပါ့မယ်. . ."

သူမသည် စကားဆုံးသည်နှင့် တံခါးဝသို့ ခြေဝလာဖြင့် စတင်လျှောက်တော့သည်။ မြို့စားကလေးသည် လွှားခနဲ ခုန်ထွက်ကာ တံခါးဝ၌ ပိတ်ရပ်လိုက်လေ၏။

"မင်း ထွက်သွားမယ် ဟုတ်လား. . ."

ချမ်းချမ်းက ခေါင်းညိတ်ပြသည်။ မြို့စားကလေးက. . .

"ဘာဖြစ်လို့ ထွက်သွားရတာလဲ. . . ဘာစိတ်အနှောင့်အယှက် ဖြစ်စရာ ရှိလို့လဲ. . ."

"ကျွန်မက အညတရ မိန်းကလေးပဲ. . . ဒါပေမယ့် အောက်တန်းကျတဲ့ မိန်းကလေးတော့ မဟုတ်ဘူး. . . အတိအလင်း လက်ထပ်ခြင်း မရှိဘဲနဲ့ ကျွန်မကို ရှင် ထောက်ပံ့နေတော့ တစ်ချို့က ကျွန်မကို အမြင်တစ်မျိုး ရှိသွားလိမ့်မယ်. . . ကြာရင် တိတ်တိတ်ပုန်း မိန်းမဘဝ ရောက်ချင်ရောက်သွားလိမ့်မယ်. . . ကျွန်မဟာ ရှင့်ရဲ့ ပထမအိမ်သူ မဖြစ်ချင်နေ. . . အတိအလင်း

www.burmeseclassic.com

www.burmeseclassic.com



လက်ထပ်တဲ့ မိန်းမတော့ ဖြစ်ရမယ်. . ."

သူမ၏စကားများက ပြတ်သားလှသည်။

မြို့စားကလေးသည် သူမကို ကြည့်ပြီး လွန်စွာ အံ့ဩနေ၏။ နွဲ့နှောင်းလှပချောမောသော ဤမိန်းကလေး၏ နှုတ်ဖျားမှ ပြတ်သားသော စကားများ ထွက်လာလိမ့်မည်ဟု သူလုံးဝ မထင်ခဲ့ချေ။

"ကဲ. . . ကျွန်မ သွားနိုင်ပြီလား. . ."

ချမ်းချမ်းက မြို့စားကလေးအား ပြောလိုက်၏။

"မင်း မသွားရဘူး. . ."

"ရှင် ဘာပြောချင်သလဲ. . ."

"မင်းကို ရွှေဆယ်ပိဿာ ပေးထားပါ့မယ်. . ."

ချမ်းချမ်း အံ့ကြိတ်သည်။ ထို့နောက် မျက်ရည်များ ကျလာ၏။

"ရှင့်စိတ်ထဲမှာ အဖိုးတန် ပစ္စည်းတွေရှိရင် ဘယ်မိန်းမကို မဆို ဝယ်နိုင်တယ်လို့ ရှင်ထင်နေသလား. . . ဒီပြင် မိန်းကလေးကို ဝယ်ချင်ဝယ်နိုင်မယ်. . . ကျွန်မကိုတော့ ရှင် မဝယ်နိုင်ဘူး. . ."

ချမ်းချမ်းသည် မျက်ရည်များကို သုတ်လိုက်၏။

"ကျွန်မကို ခွင့်ပြုပါ. . ."

"မပြုဘူး. . ."

ချမ်းချမ်းသည် မြို့စားကလေးကို ပါးရိုက်လိုက်၏။ မြို့စားကလေးက လျှင်မြန်စွာ သူမ၏လက်ကို တားဆီးလိုက်နိုင်၏။

သူသည် ချမ်းချမ်းကို စိတ်ဆိုးခြင်း မရှိပေ။ ထို့နောက် တိုးညင်းစွာ ပြော၏။

"မင်းကို ထွက်သွားဖို့ ကျုပ်ခွင့်မပြုနိုင်တော့ဘူး. . . ဘာဖြစ်လို့လဲဆိုတော့ မင်းဟာ အတော်ရှားပါးတဲ့ မိန်းကလေး ဖြစ်နေလို့ပဲ. . . မင်းကို ထွက်သွားခွင့်ပြုလိုက်ရင် ကျုပ်ဟာ နောင်တရ



မဆုံး ဖြစ်နေလိမ့်မယ်. . ."

"ရှင်. . ."

ချမ်းချမ်း အံ့ဩသွား၏။ မြို့စားကလေးက ပြတ်သားစွာ ပြောလေ၏။

"မင်းကို ကျုပ် အတိအလင်း လက်ထပ်ယူပါ့မယ်. . ."

ချမ်းချမ်း အံ့ဩသွားပြန်သည်။

"ကျွန် . . . ကျွန်မ. . . ကျွန်မဟာ အညတရ မိန်းကလေးပါ ရှင်နဲ့မထိုက်တန်ပါဘူး. . ."

"ကျောက်ဖြူနီးတွေထဲက အဖိုးတန်ကျောက် မရနိုင်ဘူးလို့ ဘယ်သူက ပြောသလဲ. . ."

ချမ်းချမ်း မျက်ရည်ကျလာသည်။ သူသည် ရှောင်လွှဲကို နာကြည်းသည်။

ရှောင်လွှဲ, နောင်တရသွားစေရန် အရေးအခင်းသည် ဤမျှနှင့် လုံလောက်သည်ဟု သူမ ယူဆသည်။ သူမသည် အံကြိတ်၍ တိုးတိုးပြောလေ၏။

"ရှင် နောင်တရစေမယ်. . ."

★ ★ ★

ချစ်ခြင်း၊ မုန်းခြင်း သံသရာ

တင်းကျန်ယန်သည် တစ်လှမ်းချင်း ဝင်လာ၏။ စားပွဲပေါ်မှ မီးစာကို မြှင့်လိုက်သည်။ အခန်းထဲ၌ လင်းကျင်းသွားသည်။

ရှောင်လွှဲ မျက်နှာလွှဲထားသည်။ တင်းတင်းကတော့

www.burmeseclassic.com

www.burmeseclassic.com



ချောင်ထဲ၌ ကုပ်နေသည်။ တင်းကျန်ယာန်သည် တင်းတင်းအား ခါးထောက်၍ ကြည့် လိုက်၏။

"ငါ သူ့ကို လိမ်းပေးတဲ့ဆေးကို ပေါက်တူးပျဉ် အဆိပ်လို့ ညည်းပြောခဲ့တယ် မဟုတ်လား. . ."

တင်းတင်းက ကြောက်ကြောက်ရွံ့ရွံ့ဖြင့် ခေါင်းညိတ်၏။ တင်းကျန်ယန်က ရှောင်လွေဘက်သို့ လှည့်လိုက်၏။

"ရှင် ယုံသလား. . ."

ရှောင်လွေ မဖြေပါ။ တင်းကျန်ယန်က. . .

"သူပြောတာ မှန်တာတွေ ရှိပါတယ်. . . ကျွန်မက ရှင့်ကို ဘယ်မှမသွားစေချင်ဘူး. . . လုံဆုရယ်ကို တွေ့ခဲ့တာလည်း မှန်တယ် မဟုရာမြင်းကို သတ်တာလည်း မှန်တယ်. . . ဒါပေမယ့် အဲဒီ ပေါက်တူးပျဉ်အဆိပ် ဆိုတာကတော့. . ."

တင်းကျန်ယန်သည် သူမ၏အင်္ကျီပခုံးကို ပြိခနဲ ဆွဲဖြပ်လိုက်၏။ သူမ၏ပခုံး၌ ပတ်ထားသော ဆေးပတ်တီးကို ဆွဲဖြေလိုက်၏။

ပတ်တီးသည် မည်းညစ်နေသည်။ ထိုပတ်တီးကို ရှောင်လွေထံ ပစ်ပေးလိုက်၏။

"ရှင့် ကြည့်စမ်း. . . အဲ့ဒါ ဘာဆေးလဲ. . ."

ရှောင်လွေ ယူကြည့်ရန်မလိုပါ။ ဆေးနံ့ ထောင်းခနဲထွက်လာသဖြင့် မနေ့က သူ့အား လိမ်းပေးသည့် ဆေးများဖြစ်ကြောင်း သိလိုက်ရသည်။ သူမ၏ဒဏ်ရာကိုလည်း ပေါက်တူးပျဉ်ဆေးဖြင့် သုတ်လိမ်း၍ ပတ်တီးစည်းထားချေတကား။ ထို့ကြောင့် ရှောင်လွေ အံ့အားသင့်သွားရသည်။

တင်းကျန်ယန်သည် နှမ်းလျစွာ ထိုင်လိုက်၏။ သူမမျက်နှာ



၌ စိတ်ထိခိုက်သော အမူအရာများ ပေါ်လာ၏။

"တင်းတင်း. . မင်းကို ငါ ဘယ်တုန်းကများ နှိပ်စက် ညှဉ်းပန်းခဲ့လို့လဲကွယ်. . . ငါ မင်းအပေါ်မှာ ဘာများ မကောင်းတာ လုပ်ခဲ့ဖူးလို့လဲကွယ်. . ဘာဖြစ်လို့ ငါ့ကို ဒီလိုပဲ ပြောရတာလဲကွယ်."

တင်းတင်းလည်း မျက်ရည်ကျနေ၏။ သူမသည် ရုတ်တရက် ခုန်ထလာပြီး. . .

"ဟုတ်တယ်. . . ကျွန်မ လိမ်ပြောတယ်. . . ရှင့်အကြံကို ဖျက်ဆီးချင်လို့ ဒီလိုလိမ်ပြောရတာ. . . ဘာဖြစ်လို့ ဖျက်ဆီးချင်သလဲလို့ မမေးနဲ့. . . ရှင့်ကို မုန်းလို့သိရဲ့လား. . . ရှင့်ကို မုန်းလို့. . ."

"မင်း. . . မင်း ငါ့ကိုမုန်းတယ်. . . ဟုတ်လား. . ."

"မုန်းတယ်၊မုန်းတယ်. . . ကျွန်မ ဒီမှာမနေချင်တော့ဘူး. ကျွန်မက ဒီမှာ အကျဉ်းသားလို တစ်သက်လုံး နေရတော့မှာလား. ကျွန်မ သွားမယ်. . . သွားတော့မယ်. . ."

တင်းတင်းသည် ငိုယိုပြီး ပြေးထွက်သွားလေ၏။ တင်းကျန်ယန် ငိုင်၍ကြည့်နေ၏။ သူမက တင်းတင်းကို မတားမြစ်ပါ။

ရှောင်လွေမှာမူ ဖြူဖပ်ဖြူရော် မျက်နှာဖြင့် ငေးကြည့်နေမိသည်။ တင်းတင်း လိမ်ညာပြောလိမ့်မည်ဟု သူ လုံးဝမထင်ခဲ့ပါ။

တင်းကျန်ယန် ဟင်းခနဲ သက်ပြင်းချသည်။

"ကျွန်မ သူ့ကို အပြစ်မတင်ပါဘူး. . . သူ လိမ်ပြောရခြင်းရဲ့ ရည်ရွယ်ချက်ကတော့ ဒီတောင်ခြေစခန်းလေးထဲမှာ သူမနေချင်တော့လို့ ဆိုတာ သူ့စကားအရ ရှင်းနေတာပဲ. . . အပြင်လောကကြီးကို ဘယ်မိန်းကလေးမဆို သွားကြည့်ချင်တာပဲ. . ."

ရှောင်လွေသည် အမြဲတမ်းလိုလို တင်းမာခက်ထန်သူ မိန်းကလေးထံမှ နူးညံ့မှုကို တွေ့လိုက်ရသဖြင့် လွန်စွာအံ့ဩသွားလေ၏။

www.burmeseclassic.com

www.burmeseclassic.com



"မင်းတကယ် သူ့ကို အပြစ်မတင်ဘူးလား. . . သူ့ကို မမုန်းဘူးလား. . ."

"သူက ကလေးတစ်ယောက်ပဲ. . ."

"သူကတော့ မင်းကိုမုန်းနေတာပဲ. . ."

တင်းကျန်ယန် စိတ်မကောင်းစွာ ပြော၏။

"ဒီလိုအဖြစ်မျိုး လောကမှာ အများကြီး ရှိနေတာပဲလေ ရှင့်ကိုမုန်းနေတဲ့ လူကို ရှင်က မုန်းချင်မှ မုန်းမှာပါ. . . ရှင့်ကို ချစ်နေတဲ့ လူကိုလည်း ရှင်က ချစ်ချင်မှ ချစ်မှာပါ. . ."

သူမ၏အသံသည် တဖြည်းဖြည်း တိမ်ဝင်သွား၏။ ရှောင်လွေ သည် ပထမဆုံးအကြိမ် သူမအား စာနာသော အတွေးဖြင့်တွေး၍ သနားသွားလေ၏။

"ဟုတ်တယ်. . . လောကမှာ ရတာမလို လိုတာမရတဲ့ အဖြစ်တွေ အများကြီးပါပဲ. . ."

ရှောင်လွေ၏ နူးညံ့သောစကားသည် တင်းကျန်ယန်အား မျက်ရည်ဝဲသွားစေ၏။ ရှောင်လွေက တင်းကျန်ယန်အား အသံ အမှတ်မဲ့သလို ပြောသည်။

"ဘာပဲဖြစ်ဖြစ်လေ. . . မင်းက ငါ့အသက်ကို ကယ်ခဲ့တာ တော့ အမှန်ပါပဲ. . ."

"ဟင့်အင်း. . . ကျွန်မ မကယ်ခဲ့ပါဘူး. . ."

"မင်း မကယ်ခဲ့ဘူး ဟုတ်လား. . ."

"ကျွန်မ မကယ်ခဲ့ပါဘူး. . . တကယ် ကယ်တာက ရှင့် ကိုယ်တိုင်ပါပဲ. . ."

"ကျုပ်ကိုယ်တိုင် ဟုတ်လား. . ."

"ဟုတ်ပါတယ်. . . ရှင်ကိုယ်တိုင်က သေချင်နေတယ် ဆို



ရင် ဘယ်သူကမှ ရှင့်အသက်ကို ကယ်နိုင်မှာ မဟုတ်ဘူး. . . ရှင့် မှာ အသက်ရှင်သန်လိုစိတ် ပြင်းထန်နေလို့သာ ရှင်ဟာ အသက် ပြန်ရှင်လာတာပါ. . . ရှင့်ကိုယ်ရှင် ကယ်လိုက်တာပါ. . ."

"ဘာပဲဖြစ်ဖြစ် ရှင် ပြန်ကျန်းမာလာတာကို ကျွန်မ ကျေနပ်ပါတယ်. . . ဝမ်းသာတယ်လို့တော့ မပြောချင်ပါဘူး. . ."

"ကျုပ်. . . ကျုပ် တကယ်သွားရတော့မှာလား. . ."

"သွားပါ. . . ရှင်ကြိုက်တဲ့ အချိန်မှာ ထွက်သွားပါတော့"

တင်းကျန်ယန်သည် တပေါက်ပေါက် စီးကျလာသော မျက်ရည်များကို မတားဆီးတော့ပေ။ ရှောင်လွေကို နောက်ဆုံး အကြိမ် စူးစူးစိုက်စိုက် ကြည့်ပြီး ဖြည်းညင်းစွာ လှည့်ထွက်သွား လေတော့သည်။

ရှောင်လွေမှာ စကားမပြောနိုင်ဘဲ ငေးမောကျန်ရစ်ခဲ့လေ ၏။

* * *

www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၄၂)
## ဓါးသီးသော အရသာ

နေရောင်ခြည်သည် ပြတင်းပေါက်မှ တစ်ဆင့် ရှောင်လွှ၏ ခုတင်ပေါ်သို့ ကျလာ၏။

နံနက်ခင်း၏ လေပြည်လေညင်းသည် သင်းပျံ့သော ရနံ့များ သယ်ဆောင်လာသည်။

ရှောင်လွှသည် ခုတင်ပေါ်မှ ဆင်းလိုက်၏။ သူ့ဒဏ်ရာများ မပျောက်သေးသဖြင့် တစစ်စစ် နာကျင်နေသည်။ သို့သော် သူ့လမ်းလျှောက်နိုင်ပါသည်။

မီးဖိုတစ်ခု၏ရှေ့၌ အဖြူရောင်ဝတ်စုံ ဝတ်ဆင်ထားသော အမျိုးသမီးသည် ချက်ပြုတ်ကြော်လှော်နေသည်။

ရှောင်လွှက တိတ်ဆိတ်ခြင်းကို ဖြိုခွင်းလိုက်၏။

"တင်းတင်းရော..."

အမျိုးသမီးက လှည့်မကြည့်ပါ။

"မင်း သူ့ကို အပြစ်မယူ ခွင့်လွှတ်တယ်ဆိုရင်..."

သူ့စကားမဆုံးမီ အမျိုးသမီးသည် သူ့ဘက်လှည့်လာသည်။

"ရှင် ဘယ်သူနဲ့ စကားပြောနေတာလဲ..."

အမျိုးသမီးသည် ဒယ်အိုးတစ်ဖက် ဇွန်းတစ်ဖက် ကိုင်



လျက် ရှောင်လွှအား ရင်ဆိုင် စကားပြောသည်။

ထိုအမျိုးသမီးသည် တင်းကျန်ယန်နှင့် ကိုယ်လုံးကိုယ်ပေါက်၊ ဝတ်စုံဖြူ အစရှိသည့်တို့ ဆင်တူသော်လည်း ရုပ်ရည်ကမူ လွန်စွာ ကွဲပြားသည်။

ယခု သူ့အား စကားပြောနေသည့် အမျိုးသမီးသည် လွန်စွာအကျည်းတန်နေသည်။ ထိုအမျိုးသမီးက မေးလေသည်။

"ရှင်က ဘယ်သူ့ကို လာမေးနေတာလဲ..."

ရှောင်လွှသည် တင်းကျန်ယန်၏ နာမည်ကို မမေးခဲ့သဖြင့် နာမည်ကို မသိပေ။ ထို့အတွက် တင်းကျန်ယန်ခမျာ ရှောင်လွှကို လွန်စွာ နာကြည်းခဲ့ရှာသည်။

"ကျုပ်...ကျုပ် သူ့နာမည်တော့ မသိဘူး...သူက ကျုပ်ကို ကယ်လာတာပဲ..."

အကျည်းတန်မက ပြုံးလိုက်၏။

"ဟင်း...ကိုယ့်ကို ကယ်တဲ့လူကိုတောင် ရှင် မသိဘူးဆိုတော့ အတော်ချီးကျူးစရာ ကောင်းနေတယ်..."

ရှောင်လွှ ဦးနှောက်ခြောက်သွားသည်။ တင်းကျန်ယန်ကိုလည်း မတွေ့ရ တင်းတင်းကိုလည်း မတွေ့ရသဖြင့် ထို အကျည်းတန်မနှင့် အပြေအလည် ဖြေရှင်းရန် မဖြစ်နိုင်တော့ပေ။

ရှောင်လွှသည် စားပွဲခုံပေါ်မှ စားသောက်စရာများကို လှမ်းကြည့်၏။ သူ့ဤအိမ်မှ ထွက်ရတော့မည် ဖြစ်၍ ဝမ်းဖြည့်ထားရန် လိုအပ်ကြောင်း ရှောင်လွှ သိထားသည်။

အကျည်းတန်မက လှမ်းမေး၏။

"ရှင် ဆာနေသလား..."

"ဆာတယ်..."

www.burmeseclassic.com

www.burmeseclassic.com



"ဒါဖြင့်. . . ထိုင်. . . ရှိတာတော့ ကျွေးနိုင်တယ်. . ."

"ကျေးဇူးတင်ပါတယ်. . ."

ရှောင်လွေသည် သူ့အား ခင်းကျင်းချပေးသည့် အစားအသောက်များအနက်မှ သင့်တင့်မျှတသော အစားအစာများကို ချင့်ချိန်၍ စားသုံးသည်။

စားပြီးသောအခါ ရှောင်လွေသည် အကျည်းတန်မအား ဦးညွှတ် ဂါရဝပြုနေ၏။

အကျည်းတန်မက တဟင်းဟင်း ရယ်၏။

"ရှင် စားလို့ဝပြီလား. . ."

"ဟုတ်ကဲ့. . . ဝပါပြီ. . ."

"တစ်လုတ်စားဖူး သူ့ကျေးဇူးဆိုတာ ရှင်သိရဲ့လား. . ."

"သိပါတယ်. . ."

"ရှင်ဘာနဲ့ ကျေးဇူးဆပ်မလဲ. . ."

"ပြောပါ. . . ကျုပ် ဘာလုပ်ပေးရမလဲ. . ."

"ရှင်က ဘာတတ်သလဲ. . ."

ရှောင်လွေသည် အတော်ကြာ တိတ်ဆိတ်နေသည်။ ပြီးမှ လေးကန်စွာ ပြောသည်။

"ကျုပ်ကတော့ ခါးခုတ်ခံတာ ကျွမ်းကျင်ပါတယ်. . ."

"ရှင်. . ."

အကျည်းတန်မ အကြီးအကျယ် အံ့ဩသွားတော့သည်။

ရှောင်လွေက ဆက်ပြော၏။

"ဆယ်ရက် မပြည့်သေးဘူး. . . ကျုပ် ခါးခုတ်ခံရတာ အတော်များနေပြီ. . . ကျုပ် ခန္ဓာကိုယ် တစ်ခုလုံးကို ကြည့်ပါလား ဒဏ်ရာတွေချည်းပဲ. . ."



"ခါးခုတ်ခံရတာ ဘာများ အသုံးကျလို့လဲ. . ."

"အခု အသုံးကျပြီလေ. . ."

"ဘယ်လို. . ."

"ခင်များ ကျွေးတဲ့ အစားအစာစားလို့ အကြွေးပြန်ဆပ်ဖို့ လိုလာပြီ. . . ဒီတစ်ခါ ကျုပ် ကျွမ်းကျင်တာက အသုံးဝင်သွားတာပေါ့. . . ကျုပ် ခါးခုတ်ခံလိုက်ရင် အကြွေးကျေသွားတာပဲ. . ."

အကျည်းတန်မက စဉ်းစား၏။

"ခါးခုတ်ခံနိုင်ရင် ခါးခုတ်နိုင်စွမ်းလည်း ရှိရမယ်. . . ရှင် လူမသတ်နိုင်ဘူးလား. . ."

ရှောင်လွေ ငြိမ်နေသဖြင့် အမျိုးသမီးက ဆက်ပြောရလေသည်။

"ကျွန်မအတွက် လူနှစ်ယောက် သတ်ပေးပါ. . . ရှင်နဲ့ ကျွန်မ စာရင်းရှင်းသွားတာပေါ့. . ."

သူမက ပေါ့တန်စွာ ပြောသည်။

ကြက်ဥနှစ်လုံး အကြွေးရှိသူထံမှ ကြက်ဥနှစ်လုံး အကြွေး ပြန်တောင်းသည့်နှယ်။ ရှောင်လွေက ပြုံးလိုက်၏။

"ဒီအစားအစာလေးအတွက် လူနှစ်ယောက်တောင် သတ်ပေးရမယ်ဆိုတာတော့ တန်ဖိုးက များလွန်းတယ်. . . မှတ်တယ်"

"များတာပေါ့. . . ဒီအစားအသောက်တွေထဲမှာ အဆိပ်ထည့်ထားတယ်. . . ကျွန်မ ခိုင်းတာ ရှင်မလုပ်ရင် ဖြေဆေးမရနိုင်ဘူး. . ."

ရှောင်လွေ အလန့်တကြား ထခုန်မည်ဟု သူမ ယူဆသည်။

သို့သော် ရှောင်လွေ လှုပ်ပင်မလှုပ်ပါ။

"ကျွန်မ အတွက် လူနှစ်ယောက်သာ သတ်ပေးပါ. . . ဒီလိုဆိုရင် ရှင် မသေနိုင်တော့ပါဘူး. . . သတ်ပေးမယ် မဟုတ်

www.burmeseclassic.com

www.burmeseclassic.com



လား. . ."

"မသတ်ဘူး. . ."

ရှောင်လွေက ပြတ်သားစွာ ပြောလေ၏။

"ဘာဖြစ်လို့ မသတ်ချင်တာလဲ. . ."

"ဘယ်သူ့ကို သတ်နိုင်းမှာကော ရှင် မသိချင်ဘူးလား"

"မသိချင်ဘူး. . . သိဖို့လည်း မလိုဘူး. . ."

အကျည်းတန်မက ခြေဆောင့်၍ ပြောလေ၏။

"ရှင်က သူတို့ကို မသတ်ရင် ရှင်သေမှာ. . ."

ရှောင်လွေသည် သူမကို မပြောတော့ဘဲ ထရပ်လိုက်သည်။

"ရှင် ဘယ်သွားမလို့လဲ. . ."

"သေဖို့ ပြန်စောင့်မယ်လေ. . ."

"ရှင်က အသေခံမယ်. . . ကျွန်မ ပြောတဲ့အလုပ်ကို လက်မခံဘူးပေါ့ ဟုတ်လား. . ."

ရှောင်လွေသည် ဘာမှပြန်မပြောတော့ဘဲ မူလထွက်လာသည့် သူ့အခန်းသို့ ပြန်လေတော့၏။

အခါးအရသာကို မကြောက်သူအတွက် အရသာသည် ချိုမြိန်ခြင်း တစ်မျိုးပင် ဖြစ်တော့သည်။ အကျည်းတန်မက ရှောင်လွေအား အံကြိတ်၍ လှမ်းမေးလေ၏။

"ရှင်. . . ဘယ်သူလဲ. . . လူလား. . . မြည်းလား. . . လားလား. . ."

"ကျုပ်က လားပါ. . ."

ရှောင်လွေက တစ်လုံးတည်း ပြောခဲ့ပါ၏။

* * *



## လှေသေခေါင်းထဲမှ ဇွေးစွန်းပွဲ

ရှောင်လွေသည် ခုတင်ပေါ် ပက်လက်လှန်လှဲရန် အိပ်ရင်း စဉ်းစားနေ၏။ ပိတုန်းကိုးကောင် ဂိုဏ်းသားများ လာရောက်တိုက်ခိုက်စဉ်က သူ့အိမ်သားအားလုံး သေခဲ့သည်။ သူကတော့ မသေပါ။

သွေးမိုးဂိုဏ်းမှ သေမင်းငါးယောက် လာရောက်တိုက်ခိုက်သောအခါ၌လည်း အာ့မခံသိုင်းသမား အချို့ သေဆုံးခဲ့သည်။

သူ အကြီးအကျယ် ဒဏ်ရာရခဲ့သည်။ သူကတော့ မသေခဲ့ပါ။ ထိုတိုက်ပွဲနှစ်ခုသည် အလွန် ကြီးကျယ်သည်။ ထိုကြီးကျယ်သောပွဲနှစ်ပွဲ၌ မသေဆုံးခဲ့သော သူသည် အစားကလေး အနည်းငယ် စားမိသည့် အတွက် သေရပေတော့မည်။

ရယ်စရာ မကောင်းပါသလော။

သူ့အနေနှင့် အကျည်းတန်မအား ဖမ်းချုပ်ပြီး ဖြေဆေးတောင်းလျှင် ရနိုင်ကောင်းပေသည်။ သို့သော် သူမလုပ်ချင်ပါ။ သေမှာကို မကြောက်ပါ။

သူမ သတ်လိုသည့် လူနှစ်ယောက်ဆိုသည်မှာ မည်သူတွေဖြစ်သနည်း။ မည်သို့သော ရန်ငြိုးရှိသနည်း။

သိလိုသဖြင့် တွေးနေခြင်း မဟုတ်ပါ။ စဉ်းစားစရာ မရှိ

www.burmeseclassic.com

www.burmeseclassic.com



ဘဲ ပျင်းရိနေသောကြောင့် တွေးနေခြင်းသာ။

ထိုစဉ် အခန်းအပြင်မှ တဒုန်းဒုန်း ရိုက်သံများကို ကြားလိုက်ရ၏။ ဘာတွေ ရိုက်နေမှန်း ရှောင်လွှ မသိပါ။

မကြာမီ ထုသံရိုက်သံများ ရပ်ဆိုင်းသွား၏။

အစိမ်းရောင်ဝတ်စုံ ဝတ်ထားသော လူတစ်ယောက်သည် ခေါင်းကြီးတစ်လုံးကို ထမ်း၍ ဝင်လာ၏။ ထိုခေါင်းကြီးကို သူ့ဘေး၌ ချထား၏။ ရှောင်လွှ မလှုပ်မယှက် အိပ်ဂနက်နေသည်ကို ကြည့်ပြီး လူသေအလောင်းဟု ထင်သွားသလား မသိ။ ဦးညွှတ်ဂါရဝပြုသွား၏။

ထိုလူထွက်သွား၏။ မကြာမီ နောက်ထပ် ခေါင်းတစ်လုံး ယူလာပြန်၏။ ခေါင်းနှစ်လုံးကို ယှဉ်ချထားကာ ထွက်သွားပြန်လေတော့၏။ ရှောင်လွှ အံ့သြသွား၏။

ရှောင်လွှကို ငုံ့ကြည့်သည်။ ရှောင်လွှက စကားမပြောလိုသဖြင့် မျက်လုံး ပိတ်ထားလိုက်သည်။ အကျည်းတန်မက. . .

"ခေါင်းကတော့ အသင့်ဖြစ်သွားပြီ. . . အကောင်းစားကြီးတော မဟုတ်ပါဘူး. . . ဒါပေမယ့် မရှိတာထက်စာရင်တော့ တော်သေးတာပေါ့. . ."

ရှောင်လွှ စကားမပြောပါ။ အကျည်းတန်မက. . .

"ရှင် မသေခင် အခေါင်းထဲ ဝင်နေလိုက်ပါလား. . . တော်ကြာ ရှင့်အလောင်းကြီးကို ခေါင်းထဲထမ်းချနေရဦးမယ်. . ."

သူမသည်လည်း တခြား ခေါင်းတစ်လုံးထဲ ဝင်၍လှဲအိပ်လေတော့၏။ သက်ရှိလူနှစ်ဦး ခေါင်းထဲဝင်အိပ်နေသည့် မြင်ကွင်းမှာ လွန်စွာ ထူးဆန်းလှသည်။ သို့သော် ထိုနှစ်ဦးအဖို့ကား ထူးဆန်းပုံ မရပေ။



အဘန်ကြာ ဘိတ်ဆိတ်နေပြီးမှ တိတ်ဆိတ်မှုကို အကျည်းတန်မက ဖြိုခွင်းလိုက်၏။

"ကျွန်မ စဉ်းစားနေတယ်. . ."

ရှောင်လွှထံမှ ဘာသံမျှ ထွက်မလာပေ။

"ကျွန်မတို့ နှစ်ယောက် သေနေတာကို တွေ့ရင် ချစ်ရေးအဆင်မပြေလို့ ကျွန်မတို့ နှစ်ယောက် ကိုယ့်ကိုယ်ကို သတ်သေလို့ ထင်ကြမှာပဲနော်. . ."

ရှောင်လွှ ငြိမ်မနေတော့ပါ။

"ခင်ဗျားက ဘာကြောင့် ကျုပ်နဲ့အတူတူ လာသေရတာလဲ. . ."

"ရှင့်ကြောင့် ကျွန်မ ဒုက္ခရောက်သွားလို့ပေါ့. . ."

"ရှင့်ကြောင့်လို့ ဘာဖြစ်လို့ ပြောရသလဲဆိုတာ ရှင်သိသလား. . ."

"မသိဘူး. . ."

"တကယ်လို့ ရှင်သာ ကျွန်မ သတ်ခိုင်းသလို လူနှစ်ယောက်ကို သတ်လိုက်ရင် ကျွန်မ မသေရတော့ဘူး. . . ခုတော့"

ရှောင်လွှ ပထမဦးဆုံးအကြိမ် စိတ်လှုပ်ရှား သွားရ၏။

"အဲ့ဒီ လူနှစ်ယောက်က ခင်ဗျားကို သတ်မလို့ မဟုတ်လား. . ."

"ဒါပေါ့. . . အပိုင်းပိုင်း ခုတ်ပြီး သတ်ကြလိမ့်မယ်. . . ဒါကြောင့် သူတို့ မလာခင် ကိုယ့်ဘာသာ သတ်သေဖို့ ပြင်ဆင်ထားရတာပေါ့. . ."

ရှောင်လွှ စိတ်မကောင်းပါ။

"ခင်ဗျားက ဘာဖြစ်လို့ ဒီနေရာကို သေဖို့ ရွေးချယ်ထား

www.burmeseclassic.com

www.burmeseclassic.com



ရတာလဲ. . .”

“မသေချင်လို့ ပြေးလာတာ ရှင့်. . .”

“ဘယ်လို. . .”

“ဒီကိုရောက်လာရင် ကျွန်မကို ကယ်မယ့်သူ ရှိမယ်ထင်လို့ရှင့်. . .”

“ဘယ်သူ ကယ်နိုင်မှာလဲ. . .”

“တင်းကျန်ယန်လေ. . .”

“ရှင်နဲ့သူ ဘယ်လို ပတ်သက်သလဲ. . .”

“ဘယ်လိုမှ မပတ်သက်ပါဘူး. . .”

“ဒါဖြင့် ရှင်က ဘာဖြစ်လို့ ဒီရောက်နေရတာလဲ. . .”

ဤအကြောင်းများကို ရှောင်လွှဲ ဇာတ်ကြောင်း ပြန်မနေချင်တော့ပေ။ တင်းကျန်ယန်ကိုလည်း သူ မုန်းသည်။ မိမိဖခင်ကိုလည်း သူ မုန်းသည်။

ထို့ကြောင့် သူသည် ဘာမျှပြန်မပြောတော့ဘဲ မျက်စိမှိတ်လိုက်သည်။ အချိန်သည် လျှင်မြန်စွာ ကုန်ဆုံးနေ၏။ တစ်နာရီခန့် ကြာသောအခါ ရှောင်လွှေသည် ခေါင်းထဲမှ ထထိုင်သည်။ သူ့ဘေးမှာ ခေါင်းထဲသို့ ကြည့်သည်။

“အလို. . .”

ခေါင်းထဲ၌ အကျည်းတန်မ မရှိတော့ချေ။

* * *



## အခန်း(၄၃)

### သွေးဖောမယ်တော်

မြို့စားကလေးသည် သဲခြင်္သေ့လမ်းမှ ထွက်လာသည်။

ထိုလမ်းနှင့် မနီးမဝေး တစ်နေရာ၌ ခန့်ညားလှပသော မြင်းရထားကြီး တစ်စီးရပ်ထားသည်။

မြို့စားကလေးသည် မြင်းရထားထဲသို့ လှမ်းဝင်လိုက်၏။

မြင်းရထားထဲ၌ အဖြူရောင်ဝတ်စုံ ဝတ်ထားသော အမျိုးသမီးတစ်ဦး ထိုင်နေ၏။ ထိုအမျိုးသမီးမှာ ရုပ်ဆိုးလှ၏။ သူမကား အကျည်းတန်မပင် ဖြစ်တော့သည်။ အမျိုးသမီးက လှမ်းမေး၏။

“လုံဆုရယ်ကို တွေ့ခဲ့သလား. . .”

မြို့စားကလေးက ခေါင်းညိတ်ပြလေ၏။ ထိုအချိန်၌ မြင်းရထားသည်လည်း စတင်မောင်းထွက်နေလေပြီ၊ လမ်းအကြမ်းအနုကိုလိုက်၍ မြင်းရထားထဲမှ လူများ ယိမ်းထိုးနေခဲ့ကြသည်။

အတန်ကြာ မောင်းနှင်ပြီးသောအခါ အမျိုးသမီးက လှမ်းပြောလေ၏။

“မြို့စားကလေး ကျွန်မ ဒီမှာဆင်းမယ်. . .”

မြို့စားကလေးက သူ့မြင်းရထားကို မရပ်နိုင်းပါ။ ထို့ကြောင့် အကျည်းတန်မသည် မြင်းရထားတံခါးကို ဖွင့်၍ [illegible]ဆင်းရန် ပြင်သည်။ မြို့စားကလေးက အကျည်းတန်မ၏ လက်ကောက်

www.burmeseclassic.com

www.burmeseclassic.com



ဝတ်ကို ဖမ်းဆုပ်လိုက်သည်။ ဖမ်းဆွဲလိုက်သည့် သဘောပါပေ။

"ကျုပ်ကို ပြောစမ်း၊ မင်း. ဘာဖြစ်လို့ ရှောင်လွှကို မသတ်ခဲ့တာလဲ"

အကျည်းတန်မက ပြုံးလိုက်သည်။

"ရှင်. . ချမ်းချမ်းကို တကယ်ချစ်ရင် ရှောင်လွှ အသက်ရှင်နေဖို့ သိပ်အရေးကြီးတယ်၊ ရှောင်လွှ သေသွားရင် ချမ်းချမ်းကို လက်လွှတ်ရလိမ့်မယ်. . ."

မြို့စားကလေးကို ခါးသီးစွာ ပြော၏။

"ကျွန်မစကားကို မယုံချင်နေပါ. . ကျင်းချန်းရဲ့စကားကိုတော့ ရှင် ယုံရလိမ့်မယ်. . ."

မြို့စားကလေးက မဲ့ရွဲ့၍ ပြော၏။

"အဲဒီလူရဲ့ စကားကို ငါက ပိုပြီး မယုံသေးတယ်. ."

မြို့စားကလေးသည် ကျင်းချန်း၏ စကားကို မယုံပါ။ စပျစ်သီးမစားနိုင်သော သူသည် စပျစ်သီး ချဉ်သည်ဟု ပြောမြဲထုံးစံရှိသည်မဟုတ်ပါလော။ ကျင်းချန်းသည် ဘာပြောခဲ့သနည်း။

"ချမ်းချမ်းရဲ့ ဘဝမှာ ယောကျ်ားဆိုလို့ ရှောင်လွှ တစ်ယောက်တည်းပဲ ရှိတယ်. . ."

ဆိုလိုသည်မှာ ချမ်းချမ်းသည် ရှောင်လွှ တစ်ယောက်တည်းသာ ချစ်သည်ဟု ဆိုလိုခြင်း ဖြစ်သည်။

အမှန်တကယ်အားဖြင့် မြို့စားကလေး၏ မသိစိတ်ထဲတွင် ကျင်းချန်း၏ စကားသည် စူးနစ်ဝင်နေခဲ့သည်။ ရှောင်လွှထက် များစွာသာသော သူ့အား ချမ်းချမ်းက မချစ်ဆိုသည်ကို သူ လုံးဝ လက်မခံနိုင်ပေ။

ထို့ကြောင့် သူသည် လုံဆုရယ်ထံသို့ ယခင်က တစ်ကြိမ်၊



ယခုတစ်ကြိမ် စုံစမ်းခဲ့ပြီး ဖြစ်သည်။ လုံဆုရယ်နှင့် တွေ့ပြီးသည်နှင့် ရှောင်လွှလို လူမျိုးကို ချမ်းချမ်းသာမက အခြားအခြားသော မိန်းကလေးများလည်း အရူးအမူး ချစ်ကြိုက်နိုင်ကြောင်း သူ သိလာရသည်။ အဘယ်ကြောင့်ဆိုသော် လုံဆုရယ်ကဲ့သို့သော သူရဲကောင်းတစ်ယောက်ကပင်လျှင် ရှောင်လွှအား လွန်စွာ ချစ်ခင်လေးစားနေသည်ကို တွေ့ခဲ့ရသောကြောင့်ပေတည်း။

မြို့စားကလေးသည် လုံဆုရယ်နှင့် ယခင်တစ်ကြိမ် တွေ့ဆုံပြီးနောက် ရှောင်လွှ မည်သည့်နေရာ၌ ရှိနိုင်သည်ကို သဲလွန်စရခဲ့၏။ ရှောင်လွှအား ခေါ်ဆောင်သွားသူမှာ တင်းကျန့်ယန့်ပင်ဖြစ်မည်ဟု သူတွက်သည်။ ထို့ကြောင့် သွေးအေးမယ်တော် ဟူသောလူသတ်သမား တစ်ဦးကို ကြေးကြီးပေး၍ ငှားရမ်းလိုက်သည်။

သွေးအေးမယ်တော်သည် ယောကျ်ားဖြစ်စေ၊ မိန်းမဖြစ်စေ အလွယ်တကူ သတ်ဖြတ်သည်။ ယောကျ်ားဆိုလျှင် ပိုသတ်သည်။ ယောကျ်ားကို သူမ ပိုမုန်းသည်။ အဘယ်ကြောင့်ဆိုသော် ယောကျ်ားများက သူမအား အကျည်းတန်မဟူ၍ ပစ်ပယ်ကြသောကြောင့် ဖြစ်ပေသည်။

မြို့စားကလေးသည် အလွန်တရာ စေ့စပ်သေချာသည်။ အခြား ကြေးစားလူသတ်သမားတစ်ယောက်ယောက်ကို ငှားလျှင် ပြဿနာပေါ်နိုင်သည်။ ရှောင်လွှ၏ အစွမ်းမသေးကြောင်း သူ သိထားသည်။ သွေးအေးမယ်တော်ကို ငှားလိုက်ခြင်းကပင် ပို၍ သေချာသည်ဟု သူ ယူဆသည်။ ရှောင်လွှ၏ လေးစားကြည်ညိုစရာ အချက်များသည် သွေးအေးမယ်တော်၏ နှလုံးသားကို မည်သို့အံ့ကိုင်လှုပ်ရှားနိုင်မည် မဟုတ်ဟု မြို့စားကလေး ယူဆသည်။ သွေးအေးမယ်တော်သည် တင်းကျန့်ယန့်ကိုလည်းကောင်း တင်း

www.burmeseclassic.com

www.burmeseclassic.com



တင်းကို လည်းကောင်း မတွေ့ရတော့ပေ။

သူမ သတ်ရမည့် ရှောင်လွှကိုတော့ ခုတင်ပေါ်၌ တွေ့ရသည်။ လူမမာပုံပေါက်နေသော ရှောင်လွှကို အလွယ်တကူ သတ်နိုင်ကြောင်း သူမ ယုံကြည်သဖြင့် မီးဖိုဆောင်ထဲ၌ အေးအေးဆေးဆေးပင် ချက်ပြုတ်ကြော်လှော်သည်။

ထို့နောက် ရှောင်လွှနှင့် ပထမဆုံးအကြိမ် တွေ့ဆုံခွင့်ရသည်။ စကားပြောခွင့်ရသည်။ ထိုအခါ သွေးအေးမယ်တော်၏ ဘဝ၌ ပထမဦးဆုံး လေးစားကြည်ညိုရမည့် ယောကျာ်းတစ်ဦး ရှိသွားလေတော့၏။ ထို ရှောင်လွှဆိုသူကား မဟုတ်တာ လုပ်ရမည်ကိုကြောက်ပြီး၊ သေရမည်ကိုမကြောက်သော အာဂယောကျာ်းသာတည်း။ ရှောင်လွှဆိုသူ၏ အပြောအဆို၊ အပြုအမူ အားလုံးသည် မိန်းမသားတိုင်း တအံ့တဩ လေးစားရမည့်အချက်များ ဖြစ်နေသည်ကို သွေးအေးမယ်တော် သိလာသည်။

ဤသို့ဖြင့် သူမ၏ဘဝ သက်တမ်းတစ်လျှောက်၌ ပထမဆုံးအကြိမ် အလုပ်ပျက်ကွက်သည့် အခြေအနေသို့ ရောက်ခဲ့ရတော့သည်။ ဤသို့ဖြင့် ရှောင်လွှလည်း အသက်ရှင် လွတ်မြောက်သွား၏။ မြို့စားကလေးမှာမူ လွန်စွာ နာကြည်းခံပြင်းသွားသည်။

ထိုအချိန်၌ သွေးအေးမယ်တော်သည် မြို့စားကလေး၏ လက်ကို ပုတ်ထုတ်ဖယ်ရှားပစ်လိုက်ပြီး အရှိန်ပြင်းစွာ ပြေးနေသော မြင်းရထားပေါ်မှ ခုန်ချသွားလေတော့သည်။

* * *



## အခန်း(၄၄)
## မှာကြားချက်အရ တွေ့ဆုံရသူ

အမှောင်ထဲ၌ လူနှစ်ယောက် ရပ်နေ၏။ တစ်ယောက်ကား သွေးမိုးဂိုဏ်းချုပ်ကြီး စုတုလိန်ပင် ဖြစ်သည်။ အရိုးစုအင်္ကျီဝတ်ဆင်ထားသည့် ကိုယ်ရံတော် ဆယ်ယောက် ရောက်ရှိလာသည်။

တစ်ဦးက ရှေ့သို့ ထွက်ပြီး ဂါရဝပြု၏။

"ဂိုဏ်းချုပ်ကြီး. . . ခင်ဗျား. . . ရှောင်လွှ မသေသေးပါဘူး. . ."

စုတုလိန်က ရယ်မောလိုက်သည်။

"ကောင်းတယ်. . ."

သူသည် အမှောင်ထဲမှ အခြားသူကို လှည့်ပြောလိုက်သည်။

"ကျုပ်တို့ အရောင်းအဝယ် လုပ်လို့ရပြီ. . . ရှောင်လွှကို မသတ်ရသေးဘူး. . ."

မှောင်ထဲမှလူက. . .

"သူ အသက်ရှင်နေပါစေ. . . သုံးရက်အတွင်း ကျောက်စိမ်းခါးပတ် အရောက်ပို့ ပေးလိုက်ပါ့မယ်. . ."

"ကောင်းပြီ. . ."

စုတုလိန်သည် ထိုမျှသာ ပြောပြီး သူ့ကိုယ်ရံတော် ဆယ်

www.burmeseclassic.com

www.burmeseclassic.com



ယောက်နှင့်အတူ အမှောင်ထဲသို့ ဝင်ရောက်ပျောက်ကွယ်သွားလေတော့၏။ တစ်ယောက်ကား မှောင်ထဲ၌ ငူငူငိုင်ငိုင်ကြီး ရပ်ကျန်သည်။ ထိုစဉ် သံခြသေ့်လမ်းဘက်မှ အမျိုးသမီး တစ်ယောက် လမ်းလျှောက်ထွက်လာသည်။ မှောင်ထဲမှလူက လှမ်းမေးလိုက်၏။

"ရှောင်လွှေ မသေသေးတာ အမှန်ပဲလား..."

သွေးအေးမယ်တော်က ခေါင်းညိတ်၏။

"မသေပါဘူး... သူတို့က ဘာကြောင့် မသတ်သလဲ မပြောတတ်ဘူး... ကိုယ်ရံတော် ဆယ်ယောက်စလုံး နည်းနည်းကလေးမှ မလုပ်ကြဘူး..."

"ကျုပ်က အရောင်းအဝယ် တစ်ခု လုပ်လိုက်တာကိုး"

"ဘယ်လိုအရောင်းအဝယ်လဲ..."

"ကျုပ်တို့ မိသားစု အစဉ်အဆက် ထိန်းသိမ်းခဲ့တဲ့ ကျောက်စိမ်းခါးပတ်နဲ့ ရှောင်လွှေရဲ့ အသက်ကို ဝယ်လိုက်တယ်..."

သွေးအေးမယ်တော်က ညင်သာစွာ ခေါင်းညိတ်၏။

"အင်း... တော်တော် တန်ဖိုးကြီးပါကလား... သူ့အသက် ဒီလောက် တန်ဖိုးကြီးလိမ့်မယ်လို့ သူထင်ထားမှာ မဟုတ်ဘူး..."

"ကျုပ်အဖို့တော့ တန်ပါတယ်..."

မြင်းရထားတစ်စီးသည် သူတို့အနီးသို့ ထိုးရပ်လာ၏။

နှစ်ယောက်စလုံး ရထားပေါ်သို့ တက်လိုက်ကြ၏။ မြင်းရထားသည် အာမခံဌာနရှေ့မှ အရှိန်ပြင်းစွာဖြင့် ဖြတ်သန်းမောင်းနှင်သွားလေတော့၏။ အာမခံဌာနထဲ၌ကား...

လုံဆုရယ်သည် အသက်မျှင်မျှင်သာ ရှိတော့သည်။ အိုယန်ကျိ၏ ညာဘက်လက်လည်း သုံးမရအောင် ဖြစ်သွားလေပြီ။



အိုယန်ကျိနှင့် ရှောင်လွှေတို့သည် တစ်ဖက်တစ်ချက်စီ လုံဆုရယ်ကို ပွေ့ထားကြသည်။ ရှောင်လွှေ မျက်ရည်ကျနေသည်။

"နောင်ကြီး... ကျွန်တော် နောက်ကျသွားတယ်..."

လုံဆုရယ်၏ မျက်နှာ၌ ပြုံးယောင်သန်းနေသည်။ အိုယန်ကျိ၏ လက်တစ်ဖက်နှင့် ရှောင်လွှေ၏ လက်တစ်ဖက်စီကို တင်းကျပ်စွာ ဆုပ်ကိုင်လိုက်သည်။

"မင်းရောက်လာတာကိုပဲ ငါ ကျေနပ်လှပါပြီ ညီလေးရာ"

"ကျွန်တော် စောစောလာသင့်ပါတယ်... ဒါပေမယ့်.."

"မင်းစိတ်ထဲမှာ လာဖို့ဆန္ဒ ရှိနေရင် ပြီးတာပဲ... ငါသေမှ ရောက်လာလည်း နောက်မကျပါဘူး ညီလေးရာ... ငါတို့က ညီအစ်ကိုတွေပဲ..."

"ဟုတ်တယ်... နောင်ကြီးက လုံဆု... ကျွန်တော်က လုံဝူ..."

"ဟုတ်တယ်.. ငါတို့ဟာ ညီအစ်ကိုတွေ ဟားဟားဟား"

လုံဆုရယ်၏ ရယ်သံသည် တဖြည်းဖြည်း တိမ်ဝင်သွားသည်။ နောက်ဆုံး ရပ်တန့်သွားတော့သည်။

လုံဆုရယ် သေသွားလေပြီ။ သို့သော် သူ့မျက်နှာ၌ အရိပ်အယောင်များ ပေါ်လွင်နေ၏။

ရှောင်လွှေသည် အလောင်းကို ဖက်၍ငိုကြွေး၏။

"နောင်ကြီးလုံဆု ကျွန်တော်တို့ကို ခွဲသွားပြီးလား..."

အိုယန်ကျိလည်း မျက်ရည်တွေ ကျနေ၏။

အတန်ကြာမှ သူတို့ ကြွေဆယ်နိုင်ကြသည်။

ရှောင်လွှေက...

"သူတို့ သွေးမိုးဂိုဏ်းကလား..."

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ်. . ."

"နေဦး. သူတို့ကို မတွေ့နဲ့ဦး. . . နောင်ကြီး လုံဆုရယ်က မင်းကိုစောင့်နေတာ. . လူတစ်ယောက်ကို သွားတွေ့ပြီး ပြောမလို့"

"ဘယ်သူလဲ ချမ်းချမ်းလား. . ."

"မဟုတ်ဘူး. . . မြို့စားကလေး. . ."

ရှောင်လွေ့ အံ့သြသွားသည်။

"အဲဒီလူကို သွားတွေ့နိုင်းရတဲ့ အကြောင်းရင်းကို သိသလား. . ."

အိုယန်ကျိုက ခေါင်းခါလိုက်၏။

"ငါ. . . မသိဘူး. . ."

အိုယန်ကျိုသည် သွေးမိုးဂိုဏ်း၏ တိုက်ခိုက်မှု ရုတ်တရက် ရပ်တန့်သွားသည့် ကိစ္စကို ချက်ချင်း သတိရသွားသည်။ မည်သို့ ပြောင်းလဲသွားသနည်း။ သူတွေးနေသော်လည်း အဖြေမရဘဲ ရှိသည်။

နောက်ဆုံး၌ အိုယန်ကျိုနှင့် ရှောင်လွေ့တို့သည် လုံဆုရယ်၏ အလောင်းနှင့် အာမခံဌာနမှ သူရဲကောင်း သိုင်းသမားများ၏ အလောင်းများကို မြေမြှုပ်သင်္ဂြိုလ်ကြရသည်။

နံနက်လင်းသော် မြို့စားကလေးထံမှ ဖိတ်စာတစ်စောင် ရောက်ရှိလာလေ၏။ ရှောင်လွေ့က အိုယန်ကျိုနှင့် တိုင်ပင်၏။ အိုယန်ကျိုမှာ ဘယ်လက်မောင်း တစ်ခုလုံးကို ဆေးပတ်တီးစည်းပြီး လည်ပင်း၌ စလွယ်သိုင်းထားရသည်။

"ငါလည်း လိုက်ခဲ့မယ် ညီလေး. . ."

ရှောင်လွေ့က ခေါင်းညိတ်၏။ သူသည် မြို့စားကလေးလို လူမျိုးနှင့် တွေ့ဆုံခြင်း မပြုလိုပါ။ သို့သော် လုံဆုရယ်က မှာကြား



ခဲ့သည်ဆိုသဖြင့် သူမသွား၍ မဖြစ်တော့ပါ။

ဤသို့ဖြင့် ရှောင်လွေ့နှင့် အိုယန်ကျိုသည် မြို့စားကလေး၏ ဂေဟာသို့ ရောက်ရှိသွားကြတော့သည်။

မြို့စားကလေးနှင့် ရှောင်လွေ့တို့သည် မြင်မြင်ချင်း နဂါးမှန်း ကျားမှန်း သိရှိသွားကြ၏။

သို့သော် မြို့စားကလေးက အားနာစရာ ကောင်းလောက်သည့် ယဉ်ဝတ်ကျေပွန်မှုမျိုးဖြင့် သူတို့နှစ်ယောက်အား ဧည့်ခံကြိုဆိုလေသည်။

သူတို့ကို ခမ်းနားသော ညစာဖြင့် ဧည့်ခံသည်။ စားသောက်ရင်း မြို့စားကလေးက လေးစားစွာဖြင့် ဖိတ်ကြား၏။

"မနက်ဖြန် ကျုပ်ရဲ့ လက်ထပ်မင်္ဂလာပွဲ ရှိပါတယ်. . . ခင်ဗျားတို့ နှစ်ယောက် မပျက်မကွက် ဆက်ဆက် တက်ရောက်ဖို့ ဖိတ်ကြားပါတယ်. . ."

ရှောင်လွေ့နှင့် အိုယန်ကျိုတို့ မျက်လုံးချင်း အချက်ပြလိုက်ကြ၏။ ရှောင်လွေ့က. . .

"ကျွန်တော်က ဒီပွဲက ပြန်တာနဲ့ ခရီးဆက်စရာ ရှိပါသေးတယ်. . . ဒါကြောင့် မင်္ဂလာပွဲ မတက်နိုင်တာကို ခွင့်လွှတ်ပါ. . ."

မြို့စားကလေးက. . .

"တစ်ရက် နှစ်ရက်ကလေးတောင် မစောင့်နိုင်ဘူးလားဗျာ. . ."

အိုယန်ကျိုက အားနာပါးနာ ဝင်ပြောလိုက်ရသည်။

"သူက လူတစ်ယောက်ကို အရေးတကြီး လိုက်ရှာရမှာမို့ပါဗျာ. . . ဒါကြောင့်မို့ပါ. . ."

မြို့စားကလေးက ယဉ်ကျေးသိမ်မွေ့စွာ ထပ်၍တောင်း

www.burmeseclassic.com

www.burmeseclassic.com



ပန်သည်။

"တစ်ရက်ပါဗျာ. . နက်ဖြန်တစ်ရက်တည်း ဆိုင်းရမှာပါ. ကျုပ် မင်္ဂလာပွဲပြီးတာနဲ့ ခင်ဗျား ရှာချင်တဲ့လူကို သွားရှာပေါ့. . ကျုပ် မင်္ဂလာပွဲကို ခင်ဗျားတို့ တက်စေချင်လွန်းလို့ပါဗျာ. ."

ရှောင်လွေ့နှင့် အိုယန်ကျိုတို့သည် တစ်ယောက်မျက်နှာ တစ်ယောက် ကြည့်ပြီး သက်ပြင်းချမိကြ၏။ နောက်ဆုံး၌ ရှောင်လွေ့မှာ မတတ်သာတော့ပဲ တက်ရောက်ပါမည်ဟု အာမခံ လိုက်ရတော့သည်။ အိုယန်ကျိုနှင့် ရှောင်လွေ့တို့သည် စိတ်ရွှင်လန်းခြင်း မရှိဘဲ မြို့စားကလေး၏ ညစာစားပွဲမှ ပြန်ခဲ့ကြလေ၏။ သူတို့နှစ်ဦး အလိုလို ရင်လေးနေကြလေသည်။

* * *



အခန်း(၄၅)

ပြင်ဆင်လိုက်သော အပေးအယူ

မြို့စားကလေး၏ ဂေဟာ၌ မင်္ဂလာ အခမ်းအနားကို ပြင်ဆင်နေ၏။ မင်္ဂလာရှိသော စကားများ လွှမ်းမိုးနေသည်။ ချမ်းချမ်းသည် ခေါင်းငုံ့၍ စဉ်းစားနေ၏။ မြို့စားကလေး၏ ကြင်ယာတော်ဖြစ်မည့်အတွက် သူမ ဝမ်းသာနေပါသလား၊ သူမဝမ်းမသာပါ၊သူမ ငိုင်နေမိသည်။ သူမ၏ ပခုံးပေါ်သို့ လက်တစ်ဖက် ရောက်လာ၏။

"ချမ်းချမ်း. . ."

ချမ်းချမ်း အထိတ်တလန့် မော့ကြည့်မိသည်။ မြို့စားကလေးသာတည်း။

"ကျွန်တော် သွားတွေ့မယ်. . ."

"ချမ်းချမ်း. . . မင်း ဘာစဉ်းစားနေတာလဲ၊ ရှောင်လွေ့ကို စဉ်းစားနေတာလား. . ."

ချမ်းချမ်း မျက်နှာပျက်သွား၏။

"ကျွန်မ ပြောပြီးပြီပဲ. . . ဒီလူကို မေ့လိုက်ပါပြီလို့. . ."

"တကယ်လား. . ."

"တကယ် မဆုံးဖြတ်ဘဲ အဲဒီအကြောင်းကို ကျွန်မက ရှင့်ကို ပြောပြပါမလား. . ."

"ကျုပ် ယုံပါတယ်. . . ဒါပေမယ့် တစ်ခုနဲ့ ရှတ်တရက်

www.burmeseclassic.com

www.burmeseclassic.com



သူ့ကို တွေ့ရင်. . ."

"ကျွန်မ သူ့ကို မတွေ့ချင်တော့ဘူး. . ."

ချမ်းချမ်းက ယတိပြတ်ပြော၏။

"သူ့ကို မသိသလိုဘဲ နေလိုက်မယ်. . ."

ရှောင်လွှေကတော့ တစ်ဦးတည်း ထိုင်နေသည်။ မြို့စားကလေးကို နှုတ်ဆက်ပြီးသည်နှင့် သူပြန်မည်ဟု ဆုံးဖြတ်ထားသည်။

ထိုစဉ် အိမ်ဖော်တစ်ယောက် ရောက်ရှိလာ၏။

"မြို့စားကလေးက ဖိတ်ကြားလိုက်ပါတယ်. . . ကျေးဇူးပြုပြီး အနောက်ဘက် အဆောင်ကို ကြွပါတဲ့. . ."

ရှောင်လွှေ ထရပ်လိုက်၏။ အိမ်ဖော်မလေး နောက်မှ တွေ့ကောက်လိုက်ပါသွားသည်။

"တံခါးဝ တစ်ခုသို့ ရောက်သော် အိမ်ဖော်မလေး ရပ်တန့်သွားသည်။ ရှောင်လွှေ ဝင်နိုင်ပါသည်ဟူသော သဘောဖြင့် ဦးညွှတ်ဂါရဝပြု၏။

အခန်းထဲ၌ အမျိုးသမီးတစ်ဦး ထိုင်နေသည်။ သတို့သမီးဝတ်စုံဖြင့် ခေါင်းငုံ့ထိုင်နေသဖြင့် ရှောင်လွှေက သတို့သမီးကို မည်သူဖြစ်မှန်း မသိချေ။ ရှောင်လွှေသည် ယောင်ကန်းကန်းဖြင့်ဝင်လာပြီး အမျိုးသမီးရှေ့၌ ရပ်လိုက်၏။ သူမ၏ရှေ့၌ ခြေအစုံလာရပ်သဖြင့် သတို့သမီးလည်း ခေါင်းမော့ကြည့်လေ၏။ ချမ်းချမ်း. . .

ရှောင်လွှေ. . .

မျက်ဝန်း နှစ်စုံသည် အံ့သြခြင်း၊ မယုံကြည်နိုင်ခြင်းတို့ဖြင့် အံ့အားသင့်စွာ စိုက်ကြည့်မိကြသည်။ ရှောင်လွှေမှာ တုန်တုန်ယင်ယင်ဖြစ်လာသည်။

"ချမ်း. . . ချမ်း. . . ချမ်း. . ."



"ရှင်. . . ရှင်. . ."

ချမ်းချမ်းမှာ မျက်ရည်ပေါက်ပေါက် ကျရောက်လာလေတော့သည်။

"အဟမ်း. . . အဟမ်း. . ."

သူတို့နောက်မှ ချောင်းဟန့်သံ ပေါ်လာသဖြင့် နှစ်ယောက်စလုံး အခန်းဝသို့ ပြိုင်တူလှည့်မိကြသည်။

ချောင်းဟန့် ဝင်လာသူကား မြို့စားကလေးသာတည်း။ မြို့စားကလေး၏ မျက်နှာ၌ မည်သည့်ခံစားမှုမျှ မရှိပေ။

"ခင်ဗျား အရေးတကြီး လိုက်ရှာမယ့်သူဟာ သူလား. . . သူ့ကို ဘာပြောချင်လို့လဲ. . ."

ရှောင်လွှေမှာ အာစေးထည့်ခံထားရသူလို ဖြစ်နေသည်။

ချမ်းချမ်းက နာကြည်းစွာ ပြောသည်။

"မြို့စားကလေး. . . ရှင်. . . ရှင် သူ့ကို ဘာရည်ရွယ်ချက်နဲ့ ကျွန်မဆီ ခေါ်လာရတာလဲ. . ."

မြို့စားကလေးက ခေါင်းညိတ်၏။

"ကျုပ် သိချင်တာ တစ်ခုတည်း ရှိပါတယ်. . . မင်းသူ့ကို တွေ့ရင် သဘောထား ပြောင်းမလား. . . မပြောင်းဘူးလားဆိုတဲ့ အချက်တစ်ခုတည်းပါ. . ."

"ကျွန်မ သူ့ကို မုန်းတယ်. . ."

ချမ်းချမ်းက နာကြည်းစွာ ပြောသည်။

ရှောင်လွှေက နှုတ်ခမ်းကို ကိုက်ထားသည်။ သူ့ရင်ထဲ၌ လွန်စွာ နာကျင်နေသည်။

"ဩော်. . . ချမ်းချမ်း. . . ချမ်းချမ်း. . ."

မြို့စားကလေးက ရှောင်လွှေကို ကြည့်ပြီး. . .

"ကဲ. . . ခင်ဗျား သွားနိုင်ပါပြီ. . ."

www.burmeseclassic.com

www.burmeseclassic.com



ရှောင်လွှေ ခေါင်းညိတ်လိုက်၏။

သူ့ရင်ထဲ ဆို့နစ်နေသည်။ သူသည် တိတ်ဆိတ်စွာ ပြန်လှည့်လိုက်၏။

"နေဦး. . ."

ရှောင်လွှေ ရပ်သွား၏။

"ကျွန်မ သူ့ကို စကားတစ်ခွန်း မေးချင်သေးတယ်. . ."

ချမ်းချမ်းက ရှောင်လွှေရှေ့သို့ ကွေ့ပတ်လျှောက်သွားပြီး မေးမြန်းလေ၏။

"ရှင်က ကျွန်မကို ဘာကြောင့် အရေးတကြီး ရှာနေရတာလဲ"

ရှောင်လွှေက သက်ပြင်းချလိုက်သည်။

ထို့နောက်သူ အလွန်တစ်ရာ ရှင်းပြချင်သည့် စကားလုံးများကို တစ်လုံးချင်း ထုတ်ဖော်ပြောဆိုလိုက် လေတော့သည်။

"အဲဒီညက မင်းကို နာကြည်းအောင် မပြောလို့ရှိရင် မင်းဟာ ငါ့အနားက တဖဝါးမှ မခွာဘဲနေလိမ့်မယ်၊ အဲဒီအခါမှ ငါ့မိသားစုတစ်စုလုံး အသတ်ခံရသလို မင်းလည်း အသတ်ခံရလိမ့်မယ်၊ ငါ အဲဒါကို ရှင်းပြချင်လို့ မင်းကို လိုက်ရှာနေတာပါ"

ချမ်းချမ်းမှာ မူးမိုက်သွားပြီ ဒယီးဒယိုင် ဖြစ်သွားလေသည်။ ရှောင်လွှေ မဖေးမပါ။ မြို့စားကလေးက. . .

"ခင်ဗျား သူ့ကို လိုက်ရှာနေတာ ဒီစကားပြောဖို့ပဲလား"

ရှောင်လွှေက ခေါင်းညိတ်၏။

"ဒါပါပဲဗျာ. . ."

"ဟုတ်ရဲ့လား. . . တကယ်လို့ သူ ကျုပ်နဲ့ လက်မထပ်ရသေးဘူးဆိုရင်လည်း ဒီစကားပဲပြောမှာပဲလား. . ."

"ဒီစကားပဲ ပြောမှာပါပဲ. . ."



"ခင်ဗျားတို့ မိသားစု တစ်ခုလုံး အသတ်ခံရတယ်လို့ ပြောတယ်. . . ခင်ဗျားကျတော့ အသက်ရှင်လျက်ပါလား. . ."

ရှောင်လွှေက မချိုပြုံးပြုံးလိုက်သည်။

"ကျုပ် အသက်ရှင်နေတာက သူ့ကို ဒီစကားတစ်ခွန်း ပြောချင်လို့ပဲ ဖြစ်ပါလိမ့်မယ်. . ."

မြို့စားကလေးက ရယ်လေ၏။

"ခင်ဗျား လူပေါင်းမှားခဲ့တာကိုး. . . ကျင်းချန်းနဲ့မတွေ့ဘဲ ကျုပ်နဲ့အရင်တွေ့ရင် ခင်ဗျားနဲ့ကျုပ်ဟာ မိတ်ဆွေစစ်တွေ ဖြစ်နိုင်ပါတယ်. . ."

ရှောင်လွှေက ခေါင်းခါ၏။

"ကျွန်တော့်မှာ မိတ်ဆွေ တစ်ယောက်ပဲရှိခဲ့တယ်. . ခုတော့ သူသေသွားပါပြီ. . ."

"လုံဆုရယ် မဟုတ်လား. . ."

ရှောင်လွှေ ခေါင်းညိတ်ရုံ ညိတ်ပြသည်။

"သူပြင် တခြားတစ်ယောက်ယောက်က ခင်ဗျား အသက်ကို ကယ်တင်ခဲ့တယ်ဆိုရင်ကော အဲဒီလူဟာ ခင်ဗျားမိတ်ဆွေ မဖြစ်နိုင်ဘူးလား. . ."

ရှောင်လွှေ ပြုံးလိုက်၏။

"ကျုပ်အသက်ကို ကယ်လိုက်ရင် အဲ့ဒီလူ အကြီးအကျယ်မှားတာပဲဗျာ. . . ဘာဖြစ်လို့လဲ ဆိုတော့ ကျွန်တော့် အသက်ဟာ ဘာမှ တန်ဖိုးမရှိလို့ဘဲ. . ."

မြို့စားကလေးမှာ ပါးစပ်အဟောင်းသား ဖြစ်သွား၏။ အတန်ကြာမှ တိုးညင်းစွာ ပြောသည်။

"ဩော်. . . ဒါကြောင့် ခင်ဗျားကို ထူးဆန်းတယ်လို့ ပြောကြတာကိုး. . . ခင်ဗျားအသက် ဒီလောက်တောင် တန်ဖိုးမရှိမှန်း

www.burmeseclassic.com

www.burmeseclassic.com



သိရင် ကျုပ်ဘိုးဘွားတွေရဲ့ ကျောက်စိမ်းခါးပတ်နဲ့ ခင်ဗျားအသက်ကို မလဲခဲ့ပါဘူးဗျာ...”

ရှောင်လွေ အံ့အားသင့်သွား၏။

“ခင်ဗျား ဘာပြောလိုက်တယ်...”

“ခင်ဗျား သိအောင် ပြောပြလိုက်မယ်... သွေးမိုးဂိုဏ်းက လုံဆုရယ်ရဲ့ အာမခံဌာန တိုက်ခိုက်တဲ့ညမှာ ကျုပ်က စုတုလိန်နဲ့ အပေးအယူ လုပ်ခဲ့တယ်... ကျုပ်ရဲ့ ကျောက်စိမ်းခါးပတ်နဲ့ ခင်ဗျား အသက်ကို လဲခဲ့တယ်...”

“အံ့ပါဗျာ... ကျုပ်က အသက်ရှင်လိုစိတ် မရှိဘူး... ဒါပေမယ့် သူများတွေက ကျုပ်အသက်ကို ရှင်စေချင်ကြတယ်...”

“ဒါဖြင့် ရှင်သွားသေလိုက်ပါလား...”

ချမ်းချမ်းက ဒေါသတကြီး ဝင်အော်လေ၏။

ရှောင်လွေက ခေါင်းညိတ်ပြသည်။

“အခုအချိန်မှာ ငါ့အသက်ဟာ ငါ့အဖို့ပိုပြီး တန်ဖိုးမရှိတော့ပါဘူး...”

သူရှင်းပြချင်သည့် စကားကို သူရှင်းပြပြီးပြီ။ သို့အတွက် သေစေက သေစေတော့ဟု ရည်ရွယ်၍ပြောခြင်း ဖြစ်သည်။ ရှောင်လွေသည် တံခါးဝကို စိုက်စိုက် စိုက်စိုက်ဖြင့် လျှောက်သွားသည်။ မြို့စားကလေး၏ လက်တစ်ဖက်သည် ရှောင်လွေ၏ ပခုံးပေါ်သို့ ကျလာ၏။

“ခင်ဗျား ဒီလိုပဲ သွားတော့မလို့လား...”

“ဟုတ်တယ်...”

“ခင်ဗျား အသက်ဟာ တန်ဖိုးမရှိဘူးဆိုရင် ကျုပ်ရဲ့ ကျောက်စိမ်းခါးပတ်နဲ့ လဲစရာ မလိုတော့ဘူးပေါ့...”

“ဟုတ်ပါတယ်... မလိုတော့ပါဘူး...”



“တော်ပါသေးရဲ့... သုံးရက်ကြာရင် ကျောက်စိမ်းခါးပတ် ပို့လိုက်မယ်လို့ စုတုလိန်ကို ပြောထားတယ်... အခု ကျုပ်ကျောက်စိမ်းခါးပတ်ကို ကျုပ်မပေးတော့ဘူး... ဒါကြောင့် ခင်ဗျားအသက်ကို သူတို့ကို ပေးရတော့မယ်...”

ရှောင်လွေ နူးညံ့သိမ်မွေ့စွာ ပြော၏။

“အဲဒီအတွက် ခင်ဗျား ဘာမှမပူပါနဲ့တော့... ကျုပ်အခုပဲ စုတုလိန်ဆီ သွားလိုက်ပါ့မယ်... သူတို့ ကျုပ်ကို ကြိုက်သလို သတ်နိုင်ပါတယ်...”

မြို့စားကလေးက လေးနက်စွာ ပြော၏။

“ဒီနေ့ ခင်ဗျားတို့ နှစ်ယောက်ကို တွေ့ပေးတာ သူ့ကို အကဲခတ်ချင်လို့ပဲ... ခင်ဗျား ရှိနေသမျှ သူဟာ ခင်ဗျားကို မေ့မှာ မဟုတ်ဘူး...”

ရှောင်လွေ အနည်းငယ် စဉ်းစားလိုက်၏။

“တကယ်လို့ ကျုပ် သေသွားတယ်ဆိုရင်...”

“အဲဒီလိုဆိုရင် ကျုပ် သူ့ကို တကယ်ပိုင်မှာပဲ...”

“ကျုပ်သေရင် ခင်ဗျား သူ့ကို ကြင်ကြင်နာနာ စောင့်ရှောက်နိုင်မလား...”

“သူ့ကို လိုလေသေး မရှိအောင် ကျုပ် ထားပေးမယ်...”

ထိုအခါ ရှောင်လွေက မဆိုင်းမတွ ပြောသည်။

“ကဲ... ကျုပ်ကို သတ်ချင်ရင် သတ်ပေတော့...”

ချုပ်ထားသည့် မြို့စားကလေး၏ လက်ကိုလွှတ်ပေးလိုက်သည်။ မြို့စားကလေးက ရှောင်လွေ ရှောင်တိမ်းဦးမည်ဟု ယူဆသည်။ ထို့ကြောင့် ရှောင်မည်ဟု ထင်သည့် လက်ဝဲဘက် လှေခါးကိုယ်စာဆီသို့ မီးမြှောင်ဖြင့် မှန်း၍ထိုးချလိုက်လေသည်။

* * *

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၄၆)
## သေခံ့သူ

"ဦး. . . "

ရှောင်လွှေ ရှောင်တိမ်းခြင်း မရှိသဖြင့် ဓါးသည်လွဲချော်သွားတော့သည်။ မြို့စားကလေးသည် ဒုတိယအကြိမ် လက်ယာဘက် လူတစ်ကိုယ်စာ ထိုးစိုက်လိုက်ပြန်သည်။ လွဲသွားပြန်သည်၊ ရှောင်လွှေသည် ကျောက်စာတိုင်ကဲ့သို့ မြဲမြံစွာ ရပ်နေ၏။

ရှောင်လွှေ၏ မျက်လုံးများ ရီဝေနေသည်။ သူသည် လူ့လောကကို စိတ်ကုန်နေပေပြီ။ မြို့စားကလေးသည် အံကြိတ်ပြီး ရှောင်လွှေ၏ပခုံးကို ဓါးမြှောင်ဖြင့် ထိုးစိုက်လိုက်၏။ သည်တစ်ကြိမ်တွင်မူ အလယ်တည့်တည့်ကို ထိုးစိုက်လိုက်ခြင်းဖြစ်၍ ရှောင်လွှေ၏ပခုံးကို စွပ်ခနဲ သွားစိုက်သည်၊ နီရဲသောသွေးများ ပန်းထွက်လာတော့သည်။ ရှောင်လွှေသည် သစ်တုံးကြီးကဲ့သို့ ငြိမ်ခံနေ၏။ အာဂသတ္တိရှင်ပါပေ။ မြို့စားကလေးသည် မတုန်မလှုပ် ခံနေသော ရှောင်လွှေကိုကြည့်၍ အံ့အားသင့်သွား၏။

"ခင်ဗျားဟာ သေမှာကို တကယ်မကြောက်တဲ့လူပဲ. . . "

"ကျုပ်သေသင့်တာ ကြာပါပြီ၊ ကျုပ်ရဲ့အဖေနဲ့ အမေ သေပြီးကတည်းက ကျုပ် သေသင့်ပါတယ်. . . ကျုပ်ဟာ ကံကောင်းထောက်မပြီး ဆက်အသက်ရှင်ခဲ့တယ်၊တော်လောက်ပါပြီ. . .



ခင်ဗျား ကျုပ်ကို သေအောင် သတ်ပါတော့. . . "

မြို့စားကလေးသည် ရှောင်လွှေ၏ ရင်ဝသို့ ထိုးစိုက်ရန် လက်ကိုမြှောက်လိုက်၏။

"မလုပ်နဲ့. . . "

ချမ်းချမ်းက စူးစူးဝါးဝါး အော်လျက် ရှောင်လွှေအား ပြေးဖက်လိုက်သည်။ ချမ်းချမ်း၏ ကျောပြင်ကို ဓါးနှင့်ထိုးမိမလို ဖြစ်သွားသဖြင့် မြို့စားကလေးသည် သူ့လက်ကို ကမန်းကတန်း အရှိန်သတ်လိုက်၏။

"သူ့ကို မသတ်ပါနဲ့. . . "

"မင်း သူ့ကို မသေစေချင်တော့ဘူးပေါ့. . . ဟုတ်လား"

ချမ်းချမ်းသည် မြို့စားကလေးဘက်သို့ လှည့်လာ၏။ သူ့လက်များကမူ ရှောင်လွှေကို နောက်ပြန်ဖက်ထားသည်။

"အချက် တစ်ချက်ကလွဲပြီး အမှန်တွေအားလုံး ရှင့်ကို ကျွန်မ ပြောရဲ့တယ်. . . "

မြို့စားကလေးက အံကြိတ်၍ မေးလေ၏။

"မင်း ဘာတစ်ခုကို ချန်ခဲ့သလဲ. . . "

ချမ်းချမ်းက တိုးညင်းသော အသံဖြင့် ပြော၏။

"ကျွန်မမှာ ရှောင်လွှေနဲ့ ရထားတဲ့ ကိုယ်ဝန် ရှိနေတယ်"

မြို့စားကလေးမှာ တုန်ခါသွားသည်။ နောက်သို့ သုံးလေးလှမ်းမျှ ဆုတ်သွားပြီး ချမ်းချမ်းအား စိမ်းစိမ်းကြည့်လေ၏။

"မင်း. . . မင်း ဒါကို အစောကြီး ပြောသင့်တယ်. . . ဘာဖြစ်လို့ ခုမှပြောရတာလဲ. . . "

ချမ်းချမ်းက ခေါင်းညိတ်၏။

"ရှောင်လွှေနဲ့ သာမန်ခွဲရတာမျိုး ဆိုရင် ပြောမှာပါ၊ ကျွန်မက ရှောင်လွှေကို အထင်မှားခဲ့တယ်၊ သူ့ထက်သာတဲ့လူကို

www.burmeseclassic.com

www.burmeseclassic.com



ရအောင်ယူပြီး သူ့ကို နောင်တရအောင် လုပ်မယ်လို့ ဆုံးဖြတ်ခဲ့မိပါတယ်"

"အခု ငါက သူ့ထက်မသာတော့လို့ မင်း ယူဆပြန်ပြီပေါ့"

ချမ်းချမ်းသည် ရှောင်လွှေကို လွှတ်ပြီး မျက်နှာကို လက်ဝါးဖြင့် အုပ်၏။ သူမ ရှုံ့ပွဲချငိုလေပြီ၊ မြို့စားကလေးက နာကြည်းစွာ ပြော၏။

"ငါ မှားတယ်. . . ကျင်းချွန်းရဲ့ စကားကို ငါယုံသင့်တယ်"

ချမ်းချမ်းသည် မျက်ရည်လည်ရွှဲဖြင့် လှမ်းပြောသည်။

"ကျွန်မဟာ ရှောင်လွှေကို အမြဲတမ်း ချစ်ခဲ့ပါတယ်. . ."

ချမ်းချမ်း၏ သစ္စာစကားပင် ဖြစ်တော့သည်။ မြို့စားကလေးက သက်ပြင်းရှည်ကြီးကို ချလိုက်၏။ သူ့အဖို့ ပစ်ရမှာလည်း အဆီနှင့် တဝင်းဝင်း စားရမှာလည်း သဲနှင့် တရှပ်ရှပ် ဖြစ်ချေပြီ။

"ရှောင်လွှေ. . . ချမ်းချမ်းကို ခေါ်သွားပါတော့. . ."

မြို့စားကလေး၏ စကားအဆုံးတွင် ချမ်းချမ်းက ချာခနဲ လှည့်ကာ ရှောင်လွှေအား မေးလိုက်၏။

"ရှင် ကျွန်မကို တကယ်မမုန်းပါဘူးနော်. . ."

ရှောင်လွှေ၏ မျက်နှာ၌ ပထမဆုံးသော အပြုံးပေါ်လာသည်။

"မင်းကို ငါ ဘယ်တုန်းကမှ မမုန်းခဲ့ပါဘူးကွယ်. . ."

ချမ်းချမ်းသည် ရှောင်လွှေအား ဖက်လိုက်၏။

မြို့စားကလေးက သူတို့အား နှင်ထုတ်ရန် အချက်ပြလေသည်။

"ခင်ဗျားတို့ အမြန်ဆုံး ထွက်သွားပါ. . . နောက်ဘက် အပေါက်က ထွက်သွားရင် အကောင်းဆုံးပဲ. . ."

ချမ်းချမ်းသည် ရှောင်လွှေ၏ လက်ကိုဆွဲကာ အနောက်ဘက်အပေါက်သို့ ပြေးသွားလေတော့သည်။ သူမ၏ ငရဲခံရသည့် နေ့ရက်များ ကုန်ဆုံးသွားခဲ့ပါပြီ။

* * *



## အခန်း(၄၇)

### ချစ်ကံငယ်လေရှာ၊ လေလွင့်ရွက်ဝါ

"ကဲ. . ရှင် ယုံပြီလား. ."

မြို့စားကလေး၏ နောက်ကျောမှ အမျိုးသမီး တစ်ယောက်၏ အသံထွက်ပေါ်လာသည်။ မြို့စားကလေးက လှည့်မကြည့်ဘဲ ဝန်ခံလိုက်၏။

"ငါ ယုံပါပြီ. ."

"ရှင် သူတို့ကိုသွားခိုင်းတာကတော့ ဟုတ်ပါပြီ၊ မင်္ဂလာဧည့်ခံပွဲ ဖိတ်ထားတဲ့ လူတွေကို ရှင်ဘယ်လို မျက်နှာပြမလဲ. ."

မြို့စားကလေးက အေးအေးဆေးဆေးပင် ပြောသည်။

"ဆက်လုပ်ရမှာပေါ့. ."

"ရှင်. ရှင်ရူးနေသလား. . ရှင့်မှာ သတို့သမီး မရှိတော့ဘူး ဆိုတာ မသိတော့ဘူးလား. ."

"ငါ့မှာ သတို့သမီးရှိပါသေးတယ်. ."

"ဟင်. ဘယ်မှာလဲ. ."

"မင်းပဲပေါ့. ."

"ရှင်. ."

အမျိုးသမီးသည် အံ့ဩလွန်းသဖြင့် ရှင်တစ်ခွန်းတည်းသာ ပြောနိုင်တော့သည်။

www.burmeseclassic.com

www.burmeseclassic.com



သူမကား အလွန်တရာ အကြည်းတန်လှသည့် သွေးအေးမယ်တော်ပင်ကည်း။

"ကျွန်မ. . ကျွန်မ. . ."

သွေးအေးမယ်တော်မှာ စကားကို ဆုံးအောင် မပြောနိုင်ပဲ ဖြစ်နေသည်။

"ငါ မင်းကို လက်ထပ်ဖို့ ဆုံးဖြတ်လိုက်ပြီ. ရုပ်ချောတဲ့လူတွေဟာ အင်မတန် ကောက်ကျစ် စဉ်းလဲတာပဲကိုး. ."

"ကျွန်မ. . ကျွန်မ. . ."

"ညီသည်တွေဟာ သတို့သမီး ဘယ်သူလဲဆိုတာ မသိသေးပါဘူး. . ဘာလဲ မင်းက သဘောမတူဘူးလား. ."

"ကျွန်မ. . ကျွန်မ သိပ်ရုပ်ဆိုးပါတယ်. . အဲဒါကို စဉ်းစားပါဦး. . ."

သွေးအေးမယ်တော်က ဝမ်းသာဝမ်းနည်း တုန်ယင်စွာ ပြောရှာသည်။

"မလိုပါဘူးကွယ်. . ငါ လက်ထပ်မယ့် မိန်းကလေးဟာ ရုပ်အချောဆုံးရင်လည်း ဖြစ်ရမယ်. . ရုပ်အဆိုးဆုံးရင်လည်း ဖြစ်ရမယ်. . ငါသတ်မှတ်ခဲ့ဖူးပါတယ်. . တော်လောက်ပါပြီ. . ရုပ်ချောတဲ့ မိန်းကလေးတွေကတော့ ငါ့အဖို့ တော်လောက်ပါပြီ"

သွေးအေးမယ်တော်၏ မျက်နှာသည် ရဲရဲတွတ်သွားလေသည်။ သူမဘဝ တစ်သက်တာ၌ ဤမျှလောက် တစ်ကြိမ်မျှ ရှက်ကြောက်ခြင်း မဖြစ်ခဲ့ဖူးပါပေ။

သို့သော် သူမ ပြုံးနေပါသည်။သူမ၏အပြုံးကို မြို့စားကလေး ဖမ်းယူခံစားနိုင်ပါသည်။

အဘယ်ကြောင့်ဆိုသော် မြို့စားကလေးသည် အလွန့်



အလွန့် ချောမောလှသည့် အလှကို လွန်စွာ ကြောက်ရွံ့သွားသော ကြောင့် ဖြစ်ပါသည်။

"ရှောင်လွေ. . ရှင်ဟာ တကယ့်သူရဲကောင်း ဖြစ်ပါတယ် ရှင့်ဘဝကို ဥပေက္ခာပြုပြီး လုပ်ချင်ရာတွေ စွတ်လုပ်ခဲ့ပါတယ်. . ရှင့်ကို ကျွန်မ သိပ်လေးစားပါတယ်. . ရှင့်ကို ကျွန်မ သိပ်ကျေးဇူးတင်ပါတယ်. . ရှင့်ကြောင့် ကျွန်မရဲ့ ဖူးစာရှင်ကို ရခဲ့ပါတယ်"

သွေးအေးမယ်တော်သည် စိတ်ထဲမှ ဤသို့ရေရွတ်မိရှာသည်။

ရှောင်လွေနှင့် ချမ်းချမ်းတို့ ကြည်နူးနေချိန် မြို့စားကလေးနှင့် သွေးအေးမယ်တော်တို့ ကြည်နူးနေချိန်၌ အလွန်တရာ ချောမောပါလျက် ခါးခုတ်ရာကြီးကြောင့် မျက်နှာအလှပျက်ရှာသည့် ချစ်ကဲဆိုးမလေး တင်းကျန်ယန် တစ်ယောက်ကား ဘယ်သောင် ဘယ်ကမ်း လှမ်းနေလေသည် မသိရချေတကား။

ပြီးပါပြီ၊

တရွာသူများ၏ မေတ္တာကို စံယူလျက်၊

တက္ကသိုလ် နေလင်းအောင်

www.burmeseclassic.com